www.burmeseclassic.com

# နေမိုးခေါင်

ရေဖနုမလေး မေစံရှား နှင့်

# ကာမဘုံသားဆုံလည်ညှိနွား ယုန်သူငယ်များ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၁၃၀၃၁၁
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၁၃၀၅၁၁

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

| | | |
|---|---|---|
| ပထမအကြိမ် | ။ | ၂၀၁၁၊ ဇွန်လ |
| အုပ်ရေ | ။ | ၅၀၀ |
| မျက်နှာဖုံး | ။ | မြတ်မင်းဟန် |
| ကွန်ပျူတာစာစီ | ။ | *Welfare* |
| အတွင်းဖလင် | ။ | *Quality* |

■

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၁၅၀၀ကျပ်

၈၉၅ ・ ၈၃
နေဝိုးသော်
ရှေ့နေမလေးမေစံရှားနှင့်ကာမဘုံသားဆုံလည်နွား /
နေဝိုးသော် ။ -ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၁။
၂၆၁ - စာ ၊ ၁၂ ・ ၃ စင်တီ×၁၈ စင်တီ။
(၁) ရှေ့နေမလေးမေစံရှားနှင့် ကာမဘုံသားဆုံလည်နွား

## ဂုဏ်မကား

ပင့်ကူသည် မိမိပြုလုပ်သည့် ပင့်ကူအိမ်၌
ဖမ်းမိနေသကဲ့သို့ ရာဂ၌ တပ်မက်သောသူသည်
မိမိပြုလုပ်သည့် တဏှာ ရေအလျဉ်၌သာလျှင်
မျောပါ၍ နေရသည်။

[တဏှာဝဂ္ဂ]

www.burmeseclassic.com

ကာမဘုံသား ဆိုလည်ရွှား ယုန်သူငယ်ကျား နောက်ခံကား

## [ က ]

၁

ဦးကုံလုံ၏ရှေ့တွင် ရှိနေသော ပန်းကလေးတွေက အရောင်အသွေးစုံ၊ ပုံသဏ္ဌာန်စုံ၊ ရနံ့စုံမို့ ဦးကုံလုံရင်မှာ ကြည်နူးနေသည်။

တစ်ပွင့်သောပန်းကို ရွေးယူလိုက်သည်။

ဘာပန်းရယ်တော့ ဦးကုံလုံမသိ။

ပန်းနုသွေးနှင့် ခရမ်းရောစပ်ထားသည်၊ ပွင့်ချပ်လေးတွေက လှသည်။ ထိလိုက်တော့ နူးညံ့လိုက်သည့် ဖြစ်ခြင်း . . .။

ပန်းကလေးကို နှာဝမှာကပ်၍ နမ်းရှိုက်လိုက်သည်။

ရနံ့က ထုံထုံအီအီမဟုတ်။ သင်းသင်းကလေးဖြစ်၏။ ရင်ထဲကို စိမ့်ဝင်သွားကာ တစ်ကိုယ်လုံး လေဟုန်စီးရသလို လွင့်မျောသွားသည်ဟုပင် ခံစားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အရသာ။

လောကမှာ အလှတွေ၊ ရနံ့တွေက လူတို့၏ တပ်မက်ငြိတွယ်မှုကို ဖြစ်စေပါလားဟု ဦးကံ့လုံ့တွေးမိသည်။

သည်ပန်းကလေးလိုပါပဲ ...။

မိမိချစ်သော မြသီတာသည် ...

အဆင်းလှသည်။

ရနံ့မွှေးသည်။

အထိအတွေ့ နူးညံ့သည်။

ဦးကံ့လုံ့ရင်ကို တသိမ့်သိမ့် တငြိမ့်ငြိမ့် ခံစားမှုများပေးလျက် လေဟုန်မှာ လွင့်မျောစေသည်။

မြသီတာကို ပိုင်ဆိုင်ရခြင်းသည် ဘဝ၏ အဖိုးတန်သောလက်ဆောင်ကောင်းတစ်ခုဟု ဦးကံ့လုံ အတွေးမှာဝင်လာလျက် ပြုံးလိုက်မိပြန်၏။

ထိုအချိန်မှာ ...

ဦးကံ့လုံ့၏နောက်သို့ ဖွဖွသာသာချဉ်းကပ်လာသော ခြေထောက်အစုံကို ဦးကံ့လုံ့သတိမပြုမိ။

ထိုခြေထောက်ပိုင်ရှင်သည် ဦးကံ့လုံ့၏နောက် လက်တစ်ကမ်းအကွာတွင်ရပ်လိုက်ကာ လက်တွင်အုပ်ကိုင်လာသော ဓားမြှောင်ကို မြှောက်လိုက်၏။

ပြီးလျှင် ...

လက်နှစ်ဖက်ဖြင့် ဓားမြှောင်ကို မိမိရရဆုပ်ကိုင်ကာ အံကိုတင်းတင်းကြိတ်လျက် ဦးကံ့လုံ့၏နောက်ကျောကို ထိုးစိုက်ချလိုက်သည်။

"ဒုတ်"





"အား ..."

ဦးကံ့လုံ နာကျင်စွာအော်ညည်းလျက် ရှေ့သို့ ဟပ်ထိုးယိုင်လဲကျသွားခဲ့သည်။ ကျောမှာ ဓားတန်းလန်းနှင့်။

လဲကျနေရာမှ ဦးကံ့လုံ့သည် နာကျင်မှုကို အားတင်းခံယူရင်း သွေးရူးသွေးတန်း ရုန်းထဖို့ကြိုးစားသည်။

ခြေထောက်ကို အားပြုရပ်လိုက်သော်လည်း ကျောမှဝေဒနာကြောင့် မတ်မတ်ရပ်၍မရ။

ယိုင်ထိုးလျက်မှပင် ...

ဦးကံ့လုံ့သည် မိမိအားဓားနှင့်ထိုးသူကို လှည့်၍ကြည့်လိုက်သည်။

ဦးနှောက်တွေ ပွင့်ထွက်သွားသည် ထင်လိုက်ရ၏။

ရင်သည် နှစ်ခြမ်းကွဲကာ နှလုံးသည် သွေးအလိမ်းလိမ်းဖြင့်အပြင်သို့ ထွက်ကျသွားသည် ထင်လိုက်ရ၏။

မိမိနောက်ကျောကို ဓားနှင့်ထိုးသူသည် အောင်နိုင်စွာ မြိန်မြိန်ကြီးပြုံး၍ နေသည်။

သူကား ...

'သူ' မဟုတ်ပါ။ 'သူမ' ဖြစ်သည်။

မိမိချစ်သော မြသီတာ။

မိမိ၏ချစ်ဇနီးချောလေး မြသီတာ။

မျက်လုံးကြီးများပြူးကျယ်လာလျက် ဦးကံ့လုံ မြသီတာ၏ခြေရင်းသို့ ပုံလဲကျသွားတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၁ |

❑

ဖျတ်ခနဲ လန့်နိုးလာသည်။

ဝေါက်ခနဲ ထ,ထိုင်လိုက်သည်။

ဦးကုံလုံ ချွေးများနစ်နေသည်။ ရင်မှာ မောဟိုက်နေသည်။ စိတ်နှလုံးသည် မွန်းကျပ်ဆို့နစ်နေသည်။

အိပ်မက်။

အိပ်မက်က မလှပလိုက်တာ။

အိပ်မက်ဆိုးသည်ဆိုစေကာမူ အိပ်မက်မို့ တော်ပေသေးသည်။ အစစ်အမှန် အဖြစ်မှန်သာဆိုလျှင် မည်မျှ ခါးသီးအကျည်းတန်လိုက်လေမည်နည်း။





ဦးကုံလုံ ပင့်သက်မောကြီးကို ချလိုက်မိ၏။

ပြီးလျှင် ပြန်အိပ်မည်ဟု အိပ်ရာပေါ် ပြန်လှဲလိုက်သည်။

ထိုအခါတွင်မှ ...

အိပ်ရာတွင် မြသီတာရှိမနေသည်ကို ဦးကုံလုံတွေ့လိုက်ရ၏။

မြသီတာ ဘယ်သွားသနည်း။

သန့်စင်ခန်းပဲ သွားလေသလား။

အိပ်မပျော်၍ အပြင်တွင် ထွက်ထိုင်နေလေသလား။

ဗိုက်ဆာ၍ တစ်ခုခုထ,စားလေသလား။

ဦးကုံလုံ အိပ်ရာမှ ပြန်ထ,လိုက်ရပြန်သည်။ ပြီးလျှင် ခုတင်မှဆင်းသည်။ အခန်းမှ ထွက်သည်။

ထမင်းစားခန်းဘက်သွားကြည့်တော့ မြသီတာမရှိ။

သန့်စင်ခန်းသို့ သွားသည်။ သန့်စင်ခန်းက ပိတ်လျက်သား။ မြသီတာမရှိ။

သို့ဆိုလျှင် မြသီတာအပြင်မှာထွက်၍ ညအလှကို ခံစားနေသည်ပဲဖြစ်ရမည်။ မြသီတာက စိတ်ကူးယဉ်တတ်သည်။ ခံစားမှုကို ဦးစားပေးတတ်သည်။

ပြတင်းမှ လှမ်းမြင်နေရသော အပြင်မှညသည် လရောင်ဖြင့် ရွှန်းမြလှပနေသည်။ ဩော် ... ယနေ့ လပြည့်ညပေကိုး။

အိမ်နောက်ဘက်တံခါးကိုရောက်တော့ မိမိအထင် မှန်ကန်ကြောင်း သိလိုက်သည်။ တံခါးကပွင့်နေပြီး ပြန်စေ့ထားသည်။

မြသီတာ အိမ်ပြင်ထွက်သည်မှာ လုံးဝ သေချာနေပြီ။

ဦးကုံလုံ အိမ်ပြင်ထွက်လိုက်သည်။

တိုက်ဘေးမှပတ်၍ တိုက်ရှေ့သို့ ထွက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ရှေ့ပန်းခြံထဲမှ အပန်းဖြေခုံပေါ်တွင် မြသီတာရှိနေနိုင်သည်။

"မောင် ... မောင်ရယ် ..."

တိုးလျမောဟိုက်နေသောအသံက အကြားအာရုံတွင်းသို့ ဦးစွာတိုးဝင်လာသည်။ ဒါ မြသီတာအသံလား။

ရောက်နေသော ပန်းချုံ၏နောက်မှာ ဦးကုံလုံခြေလှမ်းတွေ တုံ့ခနဲ တန့်ရပ်သွားရသည်။

"ချစ်လို့ပါ ..."

နောက်တစ်သံ။ အလိုလောဘသံ၊ ဖောကပ်နေသံ။

"မောင်ချစ်တာကြီးက ကြောက်ဖို့တောင်ကောင်းတယ် ... အဟင့် ... ဟင့် ..."

ချွဲနွဲ့တုန်ခါနေသော ပီတိသံ။ မှန်၏။ မြသီတာအသံ။

ဦးကုံလုံရင်ထဲမှာ ပူခနဲဖြစ်သွား၏။

အသံလာရာကို ဦးကုံလုံအကြည့်က ရောက်သွားသည်။

ဦးကုံလုံတစ်ကိုယ်လုံး လေတွင် မြောက်တက်သွားသည် ထင်လိုက်ရ၏။ တစ်ကိုယ်လုံး မီးပုံကြီးထဲ ပြုတ်ကျသွားသည် ထင်လိုက်ရ၏။

လုံးဝ ...

လုံးဝ ... မထင်မှတ်ထားသော မြင်ကွင်း။

လရောင်ရွှန်းမြမြအောက်မှာ ...

လောကကို မေ့နေကြသူနှစ်ယောက်။

တဏှာရမ္မက်လှိုင်းပေါ်မှာ ပျော်မောစွာ လိုက်ပါနေကြသူနှစ်ယောက်။





အရှက်အကြောက် ကင်းမဲ့စွာ ...

အသိတရား ကင်းမဲ့စွာ ...

တစ်ယောက်မှာ မိမိကပန်းကလေးတစ်ပွင့်လို ယုယမြတ်နိုးနေခဲ့သော မိမိ၏ချစ်ဇနီးချောလေး မြသီတာ ...

နောက်တစ်ယောက်က မိမိနိုင်းစေထားသည့် ဒရိုင်ဘာ မောင်လှ။

ဦးကုံလုံရင်မှာ တစ်စစီ ပြိုကွဲကျသွားသည်။

ဦးကုံလုံမျက်လုံးတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံလာသည်။

"ရက်စက်လိုက်တာ မြသီတာရယ်"

ဦးကုံလုံနေရာမှ ချာခနဲ လှည့်ထွက်ခဲ့သည်။

နောက်မှာ ဖောက်ပြန်သူနှစ်ယောက်ကျန်ခဲ့သည်။

"ချစ်တယ် ..."

"ဟင့် ... ဟင့် ... မောင် ... မောင် ..."

အသံတို့က နောက်မှ ပြေးလိုက်လာလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၈ |

❑

နောက်တစ်ခွက်ထပ်မံမှာရန် အရက်ခွက်ကို မ,အယူတွင် တစ်စုံတစ်ယောက်က လက်ကို ဖမ်းဆွဲသည်။

ဦးကံ့လှံ မော့အကြည့်မှာ ...

ခက်ထန်စွာရပ်ကြည့်နေသူ အစ်ကိုဦးပြည့်စုံကို တွေ့လိုက်ရသည်။

"မင်း ဘာတွေဖြစ်နေတာလဲ ကံ့လှံ"

ဦးပြည့်စုံ၏ အမေး။

အဖြေမပေးနိုင်မီ ဦးကံ့လှံသည် ဦးပြည့်စုံကိုဖက်ကာ အားပါးတရ ငိုလိုက်သည်။





ဦးပြည့်စုံ ကြောင်သွားသည်။ ပိုရှုနားမလည် ဖြစ်သွားသည်။

"ညီလေး ... ပြောစမ်း။ မင်းဘာဖြစ်လို့ ဒီလောက်တောင် သောက်နေရတာလဲ"

ဦးပြည့်စုံ ထပ်မေးသည်။

ထိုအခါမှ ဖက်ထားသည်ကိုခွာကာ မျက်ရည်များသုတ်ရင်း–

"ကျွန်တော့်ရင်တွေ ကွဲထွက်ကုန်ပြီအစ်ကို"

ဦးကံ့လှံ ရှိုက်သံနှင့် ဦးစွာ ရင်ဖွင့်လိုက်မိ၏။

"ဘာဖြစ်လို့လဲ။ ရှင်းအောင် ပြောစမ်းပါဦး"

"မြ ... မြသီတာ ..."

"မြသီတာ ... ဘာဖြစ်လဲ"

"မြသီတာ ... ဖောက်ပြန်တယ်"

"ဘာ ..."

"မြသီတာ မောင်လှနဲ့ ဖောက်ပြန်နေတယ် အစ်ကို"

"ဟုတ်ရဲ့လားကွာ။ မဖြစ်နိုင်ပါဘူး"

"တကယ်ပါ"

"သူများပြောတာလား"

"ကျွန်တော်ကိုယ်တိုင် မျက်စိနဲ့မြင်တာပါ"

"ဟင် ..."

ဦးပြည့်စုံ ထိုင်ခုံမှာ ခြေပစ်လက်ပစ်ကျသွားသည်။

"မထင်ဘူးကွာ။ မယုံနိုင်စရာပဲ"

"ကျွန်တော်လည်း မယုံချင်ပါဘူးအစ်ကို။ ဒါပေမဲ့ မယုံချင်လို့မရဘူး။ ဒါက အဖြစ်မှန်ပဲ"

ဦးကံ့လှံ စောစောကပြန်ချလိုက်ရသော အရက်ခွက်ကို လှမ်း



www.burmeseclassic.com

www.burmeseclassic.com



**ယှုတာ တစ်ရှိန်ထိုး** မော့ချလိုက်သည်။ အရက်က လည်ချောင်းတွင် မှ **ဆင်းသွားသည်။** သို့သော် ရင်ထဲက အပူကိုမမီ။

ဤတစ်ကြိမ် အရက်ခွက်ကိုမူ ဦးပြည့်စုံမတား။

"ဒါဆို မင်းဘယ်လိုလုပ်မလဲ"

ဦးပြည့်စုံအမေး။

"ဘာလုပ်ရမှန်းမသိဘူး အစ်ကို။ အဲဒါကို မေ့ပစ်လိုက်ချင်တာပဲသိတယ်"

"မင်းသိနေတာကိုရော မြသီတာတို့က သိသွားပြီလား"

"ဟင့်အင်း ..."

"ဒါက ခွင့်မလွှတ်နိုင်စရာကိစ္စပဲ။ မင်း သူ့ကိုကွာပစ်လိုက်တော့"

"အစ်ကို ..."

"မင်း မကွာနိုင်ဘူးလား"

ဦးကံ့လုံ ငြိမ်နေသည်။ အဖြေမပေးနိုင်။

"မကွာနိုင်ရင်တော့ မင်းနွားဖြစ်နေမှာပဲ။ မင်းနွားဖြစ်နေပြီ ကံ့လုံ"

ဦးပြည့်စုံ၏ ကရုဏာဒေါသောအပြော။

"ကျွန်တော် မြသီတာကိုချစ်တယ်။ သူ့ကိုမခွဲနိုင်ဘူး အစ်ကို"

"သူက ဖောက်ပြန်နေတာလေ"

"အဲဒါ ကျွန်တော့်ချွတ်ယွင်းချက်တွေကြောင့် ဖြစ်မှာပါ။ ကျွန်တော်က သူ့ကိုပျော်ရွှင်အောင် မဖန်တီးနိုင်လို့ဖြစ်မှာပါ"

"သစ္စာဖောက်တာလေ။ မင်း ခွင့်လွှတ်နိုင်မလား"

"သူပျော်နေရင် ကျွန်တော်ကျေနပ်ပါတယ်"





"ဟာ ... မင်းကွာ"

"မြသီတာက ငယ်တယ်။ ကျွန်တော်က သူ့အလိုမလိုက်နိုင်လို့နေမှာပါ။ ပြီးတော့ ကျွန်တော်က စီးပွားရေးကိုအာရုံမဲ့နေတော့ သူ့ကို ပစ်ပယ်ထားသလိုနေလို့ဖြစ်မှာပါ"

"ဒါဆို သူတို့ကိုတော့ တားရမှာပေါ့။ မှားမှန်းသိတာဆိုရင် သူတို့ပြင်ရမှာပေါ့"

"တော်ကြာ ကျွန်တော်သိသွားလို့ ကြောက်ပြီး သူတို့ထွက်ပြေးသွားကြရင် ဘယ်လိုလုပ်မလဲ"

"ပြေးပစေပေါ့ကွာ ရှင်းသွားတာပေါ့"

"ကျွန်တော့်ဘေးကနေ မြသီတာကို ပျောက်မသွားစေချင်ဘူး အစ်ကို"

"ဘာလဲ မင်းက သူတို့ကို ဒီအတိုင်းကြည့်နေမှာလား"

"မသိဘူးအစ်ကို"

"မင်းရူးနေပြီ ကံ့လုံ"

"လူတိုင်း တစ်မျိုးမဟုတ်တစ်မျိုး ရူးနေကြတာပါ အစ်ကိုရာ။ ကျွန်တော်လည်း ရူးနေတာပဲဖြစ်မှာပေါ့"

ဦးကံ့လုံ နောက်တစ်ခွက်သောက်သည်။

ဦးပြည့်စုံ သက်ပြင်းတချချဖြင့် ...။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ဃ ]

❑

ရဲအရာရှိဦးအောင်မြင့်က ဦးကုံလုံပြောသမျှကို စာနာနားလည်စွာ နားထောင်နေသည်။

"ကျွန်တော် အဲဒီလိုကြိတ်ခံစားပြီး မသိဟန်ဆောင်နေခဲ့တာပါ။ အဲဒါနဲ့တောင် မြသီတာ ခုလိုလုပ်ရက်တယ်"

"ဘယ်လို လုပ်ပြန်ပြီလဲ"

"ကျွန်တော် ဒီနေ့ ကုမ္ပဏီကနေပြန်လာတော့ မြသီတာမရှိတော့ဘူး။ သူသွားတတ်တဲ့နေရာတွေကို ဖုန်းဆက်တော့လည်း မလာဘူးတဲ့။ သူ့ဆွေမျိုးတချို့ဆီ ဆက်သွယ်တော့လည်း မလာဘူးပဲပြောတယ်။ အဲဒါနဲ့ အိမ်မှာပြန်ရှာတော့ သူ့အဝတ်အစားတွေ၊ သူ့လက်ဝတ်လက်စားတွေနဲ့ ကျွန်တော့်ငွေတွေ ပျောက်နေတာတွေ့ရတယ်"





"ငွေက ဘယ်လောက်ရှိလဲ"

"မီးခံသေတ္တာသော့က သူ့ဆီမှာရှိတာဆိုတော့ မီးခံသေတ္တာထဲထည့်ထားတဲ့ ငွေတွေအားလုံး ပါသွားတာပဲ။ ခန့်မှန်းခြေ သိန်းသုံးဆယ်ထက်မလျော့ဘူး။ ငွေက ကိစ္စမရှိပါဘူး။ ခက်တာက ..."

"ခက်တာက ဘာလဲ"

"ဒရိုင်ဘာမောင်လှပါ ပျောက်သွားတာ"

"ဘယ်လို ...ဦးကုံလုံပြောသလိုဆိုရင် မောင်လှနဲ့မြသီတာတို့ ထွက်ပြေးသွားကြတယ်ပေါ့ ...အဲဒီလိုလား ..."

"ဟုတ်ပါတယ် ..."

"ဘာကြောင့် အဲဒီလိုပြောနိုင်လဲ"

"သူတို့နှစ်ယောက် ဖြစ်နေကြတာရယ်။ အခု မောင်လှနေတဲ့ အခန်းမှာသွားကြည့်တော့ အဲ ...မောင်လှကို ကျွန်တော်က ကားဂိုဒေါင်ထပ်ခိုးမှာ နေခွင့်ပေးထားတာ ဆရာ။ ဒီကောင်က တစ်ကောင်ကြွက်မို့ ကျွန်တော်က ကျွေးမွေးထားတာလေ။ မောင်လှအခန်းကို သွားကြည့်တော့ မောင်လှရဲ့ပစ္စည်းတွေပါ မရှိတော့ဘူး။ အဲဒါရယ်ပေါ့ဆရာ။ သေချာပါတယ်။ သူတို့ထွက်ပြေးကြတာ"

"ခင်ဗျား အခု သူတို့ဘယ်မှာရှိတယ်လို့ သတင်းရထားတာရှိသလား"

"မရှိဘူး ဆရာ"

"အခု ဦးကုံလုံက ဘာဖြစ်ချင်တာလဲ"

"အဓိကတော့ မြသီတာကို ပြန်ခေါ်ချင်တယ်။ ပြီးတော့ သွားရှာပါ့အိမ် သားရေနားစားတဲ့ ဟိုခွေးကောင်မောင်လှကို ဖမ်းစေချင်တယ်။ ဘာမှုနဲ့စွဲလို့ရသလဲ ဆရာ။ လူပျောက်၊ မယားခိုးမှု၊ ဖြားယောင်း



www.burmeseclassic.com

www.burmeseclassic.com



သွေးနှဆောင်မှု၊ အကျုံးဝင်တာ တစ်ခုခုပေါ့။ အဲ . . . အရေးကြီးဆုံးက မြသီတာကို အမြန်ဆုံးပြန်တွေ့ချင်တာပဲ''

''မြသီတာဓာတ်ပုံ ပါလား''

''ဒီမှာပါ ဆရာ။ အဆင်သင့် ယူလာပါတယ်။ ဒါက မြသီတာ၊ ဒါက ဟိုကောင်မောင်လှ''

''ကောင်းပြီလေ . . . အမှုဖွင့်ပေးမယ်။ ဒီဓာတ်ပုံတွေကို ကူးယူပြီး တခြားမြို့နယ်ရဲစခန်းတွေကို ပို့မယ်၊ အကြောင်းကြားမယ်''

''ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ မြသီတာကို အမြန်ဆုံးရှာပေးပါဆရာ။ သူမရှိရင် ကျွန်တော်မနေတတ်ဘူး''

ရဲအရာရှိ ဦးအောင်မြင့် သင်ပြင်းချလိုက်သည်။

လူဆိုသောသတ္တဝါက ဘယ်လိုမျိုးလဲ။

စားဖို့၊ နေဖို့ ဝတ်ဖို့ဟူသောအချက်များ ပြီးပြည့်စုံနေပါလျက် ယင်းတို့ထက်ပို၍ စိတ်အလိုဆန္ဒက အရေးကြီးသလား။

ဖောက်ပြန်မှန်းသိလျက် သိသိကြီးနှင့် မျက်စိမှိတ်နေမည့် သဘောကရော အသိရခက်လေသလား။

တခြားသူနှင့်ထွက်ပြေးသူ ဇနီးမယားကို ပြန်ရှာပြီး ပေါင်းသင်းဖို့ဆန္ဒရှိနေခြင်းမှာရော မစင့်တွင်းမှလောက်ကောင်ဟု ခေါ်ရမလား။

စည်းစိမ်ဥစ္စာကိုပစ်၍ အလိုရမ္မက်နောက် ကောက်ကောက်ပါအောင်လိုက်သွားရသူသည်ကော မိုက်မဲမနေလွန်းဘူးလား။

ပုထုဇ္ဇနော ဥမ္မတ္တကောဆိုတာ ဒါပဲလား။

သံသရာထဲမှာ လည်နေကြသူဇာတ်ဆောင်တွေက သနားစရာကောင်းမနေဘူးလား။

✿ ✿ ✿

ကာမဘုံသား ဆိုလည်းနွားယုန်သူငယ်ကျား

သံသရာ ဇာတ်ဆောင်များ

www.burmeseclassic.com

www.burmeseclassic.com

ညတိုင်တော့လည်း အိပ်မက်ထဲမှာ
ထိုမိန်းထလေးကို တွေ့မြင်ရသည်။
မိန်းထလေး၏
ဝင်းပြည်သော အလှ။
ထင်းကို တစ်မက်မှု။

ထိုအခါမှ မိမိသည်
တစ်မက်မှုထိလေထောတရားတို့
ထကြွထောင်းချန်းပြီး
ချုပ်ထိန်း၍ ရမှတ်မရှိသည်ကို
ထိုရပ်ကြီးနှင့် ထင်မြင်မိခဲ့၏။
ဤသို့ဖြင့်သာ
ရတန်းတောင်တယ်ခဲ့ရချွပ်
အစဉ်ဝင်
အမြစ်ဖြစ်နေ‌ဝေတော့သည်။

| ၁ |

မီးပိုဆောင်နံရံရှိနာရီက ၈ နာရီ ၂၅ မိနစ်ကို ပြနေသည်။

ဂက်စ်မီးဖိုဖြင့်တည်ထားသော ရေနွေးအိုးက တရှုံးရှုံး အော်နေ၏။

မကြာမီ ဆူတော့မည့် လက္ခဏာ။

အိမ်ဖော်မလေးကြူကြူက ဝေါ်ဗီကို တဒေါက်ဒေါက်လှီးနေသည်။ သူမ၏အာရုံက ရေနွေးအိုးကျူလျှင် အစိမ်းကြော်ကြော်ရန်။ ပြီးလျှင် တည်စရာဟင်းအချို့ စီမံရဦးမည်။ ထို့နောက်တွင် အဝတ်တွေ လျှော်စရာကလည်း တစ်ပုံကြီး ရှိနေသေးသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ကိုးနှစ်မျှသာရှိသေးသော ကြူကြူမှာ အသားအရေ ညို စိမ့်စိမ့်နှင့် ကိုယ်လုံးကိုယ်ထည်ကဖွံ့ဖြိုးသည်။ မျက်နှာလေးက ပြေပြစ်သည်။ သနပ်ခါးတင်ထားသော ပါးကလေးက မို့မို့ဖောင်းဖောင်း။ လက်က သွက်လက်စွာ လှုပ်ရှားနေသဖြင့် ခန္ဓာကိုယ်လေးက လေ့ကျင့်ခန်းလုပ်နေသည့်ပမာ။ အသားစိုင်လေးတွေ လှုပ်လီလှုပ်ခါ။

ဂေါ်ဖီလှီးပြီးသွားသဖြင့် မုန်လာဥနီကို ဆက်၍လှီးရန် အနားတွင်ချထားသော ဆန်ခါထဲမှ ဥနီတစ်လုံးကို လှမ်း၍နှိုက်ယူလိုက်ရာ ပျာယာခတ်နေသောလက်ထဲမှ ဥနီက လွတ်ကျသွားသည်။

"အရေးယဲ့မှာ"

ကြူကြူက သူမကိုယ်သူမ မကျေမနပ်ရေရွတ်ရင်း ကြမ်းပြင်ပေါ်သို့ကျသွားသော မုန်လာဥနီကို ကောက်ယူလိုက်သည်။

"ဟင် ..."

ရိပ်ခနဲမြင်လိုက်ရသည်က အစိမ်းရောင်နှင့် ခရမ်းရောင်ကွက်ကျဲလုံချည်။

ထိုခဏမှာပင် ...

ကြူကြူ၏နှာခေါင်းကို တစ်စုံတစ်ရာဖြင့် ဖိအုပ်ခြင်းခံလိုက်ရ၏။ စူးစူးဝါးဝါးရနံ့တစ်ခု။

ကြူကြူ၏အသိအာရုံ ပျောက်သွားသည်။

✿ ✿ ✿

| ၂ |

❑

ဦးပြည့်စုံက သူ၏လက်မှ လက်ပတ်နာရီကိုမြှောက်ပြကာ ...

"တွေ့လား ... ကျွန်တော်က အချိန်ကိုလေးစားတယ်။ အစည်းအဝေးက ၈ နာရီဆိုရင် ကျွန်တော် ၈ နာရီအတိရောက်တယ်။ ဒါဲ ... ခင်ဗျားတို့ လူစုံပြီလား"

ဟု ပြောမေး မေးလိုက်သည်။

ရပ်ကွက်ဓမ္မာရုံ၏ ဥက္ကဋ္ဌဖြစ်သူ ဦးကျော်အေးက ပြုံး၍ ...

"ခင်ဗျားကိုတော့ လေးစားတယ်ဗျာ။ ဒါပေမဲ့ ခဏတော့ စောင့်ဦးဗျို့။ ဘဏ္ဍာရေးမှူးဦးကိုလေးနဲ့ စာရင်းစစ်ဦးထွေးစိန် မရောက်သေးဘူးဗျ"

ဟု ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားစင်ရှေ့မှာ ဝင်၍ထိုင်လိုက်ကာ မြတ်စွာဘုရားရုပ်ပွားတော်အား ဦးပြည့်စုံ ရှိခိုးဝတ်ပြုလိုက်သည်။

ထိုစဉ် နားထဲ၌ . . .

"လာဗျို့ . . . လာ . . . ခင်ဗျားတို့နှစ်ယောက်ကို စောင့်နေတာ။ ဒီမှာ လူစုံနေပြီ။ ဦးပြည့်စုံလည်း ရောက်နေပြီ။ ခင်ဗျားတို့က အမြဲ သူများနောက်ကချည်းပဲ။ အဲဒီလိုလူတွေက သေမင်းဆီ အရင်သွားရတတ်တယ်ဗျ"

"ဟာ . . . သေစကား မပြောစမ်းပါနဲ့ဗျာ၊ မဂ်လာမရှိဘူး။ မသွားနိုင်သေးဘူး"

"ဘာလဲ . . . ခင်ဗျားက ဒုက္ခပေးတဲ့ ခန္ဓာငါးပါးကို ခုထိ တွယ်ငြိနေတုန်းပဲလား။ အဲဒါ ကိလေသာဗျ။ စွန့် . . . စွန့်တော့"

"စွန့်တော့စွန့်ဖို့ ကြိုးစားနေတာပဲဗျ။ စွန့်ဖို့ကြိုးစားရင်း ကြိုးစားရင်း ကြိုးတွေက ပိုပြီးရှုပ်လာတာ။ ဇနီးပြီးတော့ သမီးနဲ့သား။ ဟော . . . အခုတော့ မြေး"

"ဦးပြည့်စုံလို နေစမ်းပါဗျာ။ သမီးသားတွေကိုလည်း လက်လွှတ်လိုက်ပြီ။ ဇနီးကိုလည်း ယောဂီပေးဝတ်လိုက်ပြီ။ သူလည်း တရားအားထုတ်ဖို့ ပြင်ဆင်နေပြီ။ ခင်ဗျားတို့ အားမကျဘူးလား"

"အားကျပါတယ်ဗျာ။ ချီးလည်း ချီးကျူးပါတယ်။ ကျွန်တော်တို့လေးစားကြည်ညိုရတဲ့ ပုဂ္ဂိုလ်တွေထဲမှာတော့ ဦးပြည့်စုံက ထိပ်ဆုံး နံပါတ်တစ်ဆယ်ထဲမှာ ပါပါတယ်"

"ကဲ . . . ကဲ . . . လူစုံရင် အစည်းအဝေး စကြရအောင်။ ၈ နာရီ ၁၅ မိနစ် ဖြစ်နေပြီ"

✿ ✿ ✿

| ၃ |

❑

ရွှေတိဂုံဘုရားကြီးက နေရောင်တွင် ရွှေတောင်ကြီးပမာ။

ဆည်းလည်းသံတို့က တချွင်ချွင် လေတွင်လွင့်နေ၏။

အချိန်ပြည့်စည်ကားမြဲဖြစ်သော ရွှေတိဂုံစေတီတော်၏ ရင်ပြင်ပေါ်မှာ ဘုရားဖူးတွေ အရောင်အသွေးစုံစွာ။

ကိုနေသော်နှင့်မေစံရှားတို့သည် ဘုရားဖူးပြီး ရွှေသင်္ကန်းကပ်လှူမှုဖော်ရန် အလှူငွေများထည့်ဝင်ပြီးနောက် အရှေ့ဘက်စောင်းတန်းမှ ပြန်ဆင်းလာခဲ့သည်။

"အခုလို ရွှေတိဂုံဘုရားကြီးရဲ့အရိပ်ကို ခိုလှုံပြီးမှ အလုပ်ကိုသွားရတာ တစ်နေ့တာလုံး စိတ်ချမ်းသာကိုယ်ချမ်းသာ ရှိတယ်ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



လှေကားထစ်များကို တစ်ထစ်ချင်း နင်း၍ဆင်းရင်း မေစံရှားက ခေါင်းကလေးကိုငုံ၍ ပြောသည်။

အတူယှဉ်၍ဆင်းလာသူ ကိုနေသော်က . . .

"သိပ်မှန်တာပေါ့ ရှားရယ်"

ဟု ထောက်ခံချက်ပေးလိုက်သည်။

"ကိုကိုကလည်း ရှားဘာပြောပြော အမြဲထောက်ခံနေတာပဲ။ ကန့်ကွက်တာမရှိတော့ဘူးလား"

"မှန်နေတော့ ထောက်ခံရမှာပေါ့။ မှားနေမှ ကန့်ကွက်မှာလေ"

"ဒါဖြင့် ရှားတွေးမိတာ တစ်ခုပြောကြည့်ဦးမယ်"

"ပြောလေ . . . ရှား ဘာတွေးမိလို့လဲ"

"ရှားတို့ရဲ့ ကိုးကွယ်ယုံကြည်မှုဟာ မိရိုးဖလာ ကိုးကွယ်ယုံကြည်မှုမျိုးမဖြစ်သင့်ဘဲ ရှားတို့ရဲ့ ဆင်ခြင်တုံတရားနဲ့ ဒါဟာ ကိုးကွယ်ယုံကြည်ထိုက်ရာ ဓမ္မအစစ်အမှန်ပဲလို့ ဆုံးဖြတ်ပြီးမှ ကိုးကွယ်ယုံကြည်မှသာလျှင် ဗုဒ္ဓဘာသာဝင် အစစ်အမှန်ဖြစ်မယ်လို့ ရှားထင်တယ်"

"မှန်တာပေါ့"

"ရှားတို့ မြန်မာအများစုမှာ ယုံကြည်တာ ကိုးကွယ်တာတွေ များနေတယ်။ ရောထွေးနေတယ်။ အိန္ဒိယကဝင်လာတဲ့ အယူအဆတချို့ရော၊ ထွက်ရပ်ပေါက်တွေ၊ နတ်တွေရော ပါဝင်ရောယှက်နေတယ်။ ဒါတွေဟာ ကြာလာရင် ဗုဒ္ဓဝါဒကို အစစ်အမှန်မမြင်နိုင်တော့ဘဲ မှုန်ဝါးသွားစေမှာ ရှားစိုးတယ်"

"'ဟုတ်တယ်လေ။ ဒါကြောင့်လည်း ဘုရားရှင်ရဲ့ဓမ္မတွေကို ထိန်းသိမ်းနေတဲ့ သံဃာတော်အရှင်သူမြတ်တွေက အမှားနဲ့အမှန်ကို





ခွဲခြားဟောဖော် ညွှန်ပြနေကြတာပဲ မဟုတ်လား"

"ရှားကတော့ ဗုဒ္ဓဘုရားရှင်ရဲ့ 'ဧဟိပဿိကော လာလှည့်ကြည့်လှည့် စမ်းကြည့်လှည့်' ဆိုတဲ့ အစမ်းသပ်ခံနိုင်တဲ့ တရားတော်မို့ ဘယ်အယူဝါဒနဲ့မှ မယှဉ်သာအောင် ဦးခိုက်သင့် ကျင့်ကြံအားထုတ်သင့်တယ်လို့ မြင်ပြီးမှ ဗုဒ္ဓဘာသာဝင်တစ်ယောက်အဖြစ် ခံယူခဲ့တာပဲ ကိုကို။ ဒါပေမဲ့ ဆရာတော်တစ်ပါး ဆိုဆုံးမသလို မရှိတာထက် မသိတာခက်၊ မသိတာထက် မသိချင်တာခက်၊ မသိချင်တာထက် သိသယောင်ထင်ပြီး ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတဲ့သူက ပိုခက်တယ်ဆိုသလိုဖြစ်နေမှာကို ရှားစိုးရိမ်တယ်"

"ကိုကိုကတော့ အပေါ်ယံ လူအထင်ကြီးအောင် လုပ်ပြတာတွေကို အားမပေးပါဘူး။ ကိုကိုတို့နှလုံးသားမှာ ဘုရားရှင်ရဲ့ ဆိုဆုံးမတဲ့ တရားတော်တွေကို သိမ်းဆည်းပြီး အဲဒီအဆုံးအမအတိုင်း နေထိုင်ကျင့်ကြံမှသာ မှန်ကန်တဲ့ ဗုဒ္ဓဘာသာဝင်ဖြစ်မယ်လို့ ယူဆတယ်"

"လူအားလုံးသာ အဲဒီလို ခံယူနေထိုင်ကြရင် ပြစ်မှုတွေ၊ ဓားရေးမှုတွေ၊ စစ်ပွဲတွေ မရှိတော့ဘဲ လောကကြီး ငြိမ်းချမ်းသွားမှာပဲနော် ကိုကို"

"အဲဒါဆိုရင် ရှားတို့ရှေ့နေတွေလည်း အလုပ်ရှိတော့မှာ မဟုတ်ဘူးနော်"

ကိုနေသော်က အရယ်စွက်၍ ပြောလိုက်သည်။

မေစံရှားက အေးချမ်းစွာ ပြုံးသည်။

"ရှားတို့အလုပ်မရှိတော့ရင်လည်း နေပါစေ။ လောကကြီးငြိမ်းချမ်းရင် ကျေနပ်ပါပြီ ကိုကိုရယ်။ သူများ မျက်ရည်ပေါ်ကြီးငယ်မှာ ကိုယ်ထမင်းဝရမှာမျိုး မျက်ဖြူဆိုက်လေ ဆရာကြီးကလေအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မျိုးတော့ မဖြစ်ပါရစေနဲ့။ သံသရာပါမယ့် ထမင်းအဆီအဆိမ့် မစားချင်ပါဘူး။ ကိုကို့ကိုလည်း အဲဒီထမင်းမျိုးမကျွေးချင်ဘူး။ သမ္မာအာဇီဝထမင်းလေးပဲ ချက်ကျွေးမယ်''

''ဟော ... ရှားစကားအတိုင်းဆိုရင် ကိုကို့ကို လက်ထပ်တော့မယ်ပေါ့နော်''

ကိုနေသော်က မေစံရှားလက်ကိုလှမ်းဆုပ်ရင်း ပြောသည်။

''အစကတည်းက ကိုကို့ကိုလက်ထပ်ဖို့ ရည်ရွယ်ပြီးမှ ချစ်သူအဖြစ် လက်ခံခဲ့တာပါ ကိုကိုရယ်''

''ဒါဖြင့် ဘယ်တော့ ...''

''အိုး ... အဲဒါကတော့ ပိတ်ကားပေါ်မှာ ဆက်ကြည့်ပေါ့နော်၊ မဟုတ်ဘူးလား''

''ဟောဗျာ ...''

မချင့်မရဲဖြစ်သွားသော ကိုနေသော့်ကိုငုံ့ကြည့်ရင်း မေစံရှားအပြစ်ကင်းစွာရယ်သည်။ သို့သော် ကိုနေသော်ဆုပ်ကိုင်ထားသော လက်ကိုမူ မရုန်းဖယ်မိ။

''ခုတစ်လော ရှားခေါင်းစားရမယ့်အမှုတွေ ပေါ်မလာဘူးနော်''

''တိုးတိုး ကိုကို။ ကိုကိုပြောတာနဲ့ အဲဒီအမှုမျိုးတွေ ကြားသွားပြီး ခေါင်းထောင်လာဦးမယ်''

မေစံရှားက အရယ်အမောစကားကို ဆက်ပြောသည်။

''ကိုကိုကတော့ အာရုံရနေတယ် ရှားရေ''

''ဟင် ... ဘာကိုလဲ''

''အမှုတစ်ခု ရှားကိုစောင့်နေပြီလို့''

✿ ✿ ✿

[ ၄ ]

❑

ဝတ်ဖြည့်နေသော ကိုရင်ကြီးနန္ဒကို ဆရာတော်က စိုက်ကြည့်ရင်း ပင့်သက်ချသည်။ ကိုရင်ကြီးနန္ဒဘေးမှ ကပ္ပိယကြီး ဦးဖြူသီးခမျာလည်း မျက်နှာမကောင်း။

''ကိုရင့်အနေနဲ့ ကိုရင်ဘဝနဲ့ဝါဆိုခဲ့တာ ဆယ်နှစ်ပဲ။ ဒီနှစ်ဆိုအသက်နှစ်ဆယ်ပြည့်ပြီမို့ ကိုရင့်ကို ရဟန်းဘောင်တက်ပေးဖို့ ငါကရည်ရွယ်ထားတာ။ ကိုရင်က ရဟန်းဘောင်မတက်ပါရစေနဲ့၊ လူထွက်ပါရစေဆိုတာက ဘာကြောင့်လဲ''

ကိုရင်ကြီးနန္ဒ ခေါင်းမော်မကြည့်ရဲ။ ဆရာတော်သည် သူ့အား ကျွေးမွေးစောင့်ရှောက်ခဲ့သော မိဘလည်းဖြစ်သည်။ ကိုရင်အဖြစ်သာသနာ့ဘောင်ကိုသွတ်သွင်းခဲ့သော ဆရာလည်းဖြစ်သည်။ ဆရာတော်၏ ကျေးဇူးတရား ကြီးမားလွန်းပေစွ။



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်လည်း အမျိုးမျိုးဖျောင်းဖျတာပါပဲ ဘုရား။ ဒါပေမဲ့ ကိုရင်က လုံးဝကို စိတ်ပိုင်းဖြတ်လိုက်ပြီ ဘုရား"

ကိုရင်ကြီးနန္ဒငြိမ်နေ၍ ကပ္ပိယကြီးက ဝင်လျှောက်သည်။

"သာသနာ့ဘောင်မှာ မပျော်ပိုက်လို့လား"

ဆရာတော်က နားမလည်စွာမေးသည်။ အမေးမှာ ပြစ်တင်သံမပါ။ သဗ္ဗဝါဒီသည်က ကျွတ်ထိုက်သူမှ ချွတ်၍ရသည်ကို ဆရာတော် နားလည်နေသည်လေ။

"မှန်ပါ့ဘုရား"

ကပ္ပိယကြီးကဝင်၍ …

"မပျော်ပိုက်တာထက် ရဟန်းဘောင်တက်ပြီးမှ အပြစ်ဖြစ်မှာကို ကြောက်တာဘုရား။ သိက္ခာပုဒ်တွေကိုမထိန်းနိုင်ဘဲ မနောကံ၊ ဝစီကံ ကျူးလွန်မိရာကနေ ကာယကံမြောက်ပါ ကျူးလွန်လာတာမျိုး တွေဖြစ်မှာ သူကြောက်လို့တဲ့ ဘုရား"

ဟု ဖြည့်စွက်လျှောက်ထားသည်။

"အိမ်း … ကိုရင်က မပျော်ဘူး၊ သိက္ခာကို မထိန်းနိုင်ဘူး ဆိုမှတော့ ငါက အတင်းအကြပ် ရဟန်းဘောင်တက်ပေးလို့ ဘယ်ဖြစ်ပါ့မလဲ။ လူထွက်ချင်ရင် ထွက်ခွင့်ပေးရတော့မှာပ။ ဒါပေမဲ့ ကိုရင်သိထားဖို့က လူဝတ်ကြောင်ဘဝနဲ့ လွတ်လပ်မယ်၊ ပျော်စရာကောင်းမယ် ထင်ထားတာတွေဟာ မှားယွင်းနေတယ် ဆိုတာပါပဲ။ ဒါကလည်း အခုနေမှာ ကိုရင်နားဝင်မှာ မဟုတ်ပါဘူး။ ကိုယ်တွေ့ကြုံမှ သိနားလည်မှာပါ။ တစ်ချိန်မှာတော့ ကိုရင် ဒီသာသနာ့အရိပ်ကို ပြန်ခိုလာမှာ ငါသိနေပါတယ်"

ဆရာတော်က အေးငြိမ်းစွာဆိုသည်။





ကိုရင်ကြီးနန္ဒဘာမျှ ပြန်မလျှောက်တင်ပါ။

သည်ဆုံးဖြတ်ချက်ကလည်း ကိုရင်ကြီးနန္ဒ အလွယ်တကူ [illegible]တ်ခဲ့သည်တော့ မဟုတ်ပါ။ မိမိကိုယ်ကိုယ် အပြန်ပြန်အလှန်လှန် [illegible]ဆေးပြီးမှ ဆုံးဖြတ်ခဲ့ခြင်းသာပါ။

ကြည့်လေ …

ကိုရင့်ဘဝနှင့်ရှိနေသော်လည်း အရွယ်ရောက်လာပြီမို့ စိတ် [illegible] ကစားချင်လာသည်။ မိန်းကလေးတွေတွေ့လျှင် ရင်က ခုန်ချင်လာ[illegible]။ လူ့လောကမှာမဟုတ်ဘဲ သံဃာ့အဝန်းအဝိုင်းမှာ နှစ်ရှည်လ[illegible]နေလာခဲ့ရပြီး နေရသည်ကလည်း ယခုလို တောတောင်အရိပ်မှာ [illegible]တော့ ဆန့်ကျင်ဘက်လိင်နှင့် ဝေးလွန်းနေခဲ့သည်။

သို့သော် လူပျိုပေါက်အရွယ်မှာ မိမိခန္ဓာကိုယ်က သွေးသား[illegible]ဖြစ်ပေါ်လာသည်။ တစ်ရက် ဆွမ်းခံထွက်ရင်း ရွာထဲမှ မိန်းကလေး[illegible] ရေချိုးနေသည်ကို အမှတ်မထင်တွေ့ရှိခဲ့ပြီး ယင်းကို မျက်စိထဲ[illegible]ထွက်။ ညအိပ်တော့လည်း အိပ်မက်ထဲမှာ ထိုမိန်းကလေးကို တွေ့[illegible]သည်။

မိန်းကလေး၏ ဝင်းပြက်သောအလှ။ ယင်းကို တပ်မက်မှု။ [illegible] မိမိသည် တပ်မက်မှုကိလေသာတရားတို့ ထကြွသောင်းကျန်း[illegible]ချုပ်ထိန်း၍ ရဖွယ်မရှိသည်ကို ကိုရင်ကြီးနန္ဒ ဆင်ခြင်မိခဲ့၏။ ဤ[illegible]သာ ရဟန်းဘောင်တက်ခဲ့ရလျှင် အစဉ်ပင် အပြစ်ဖြစ်နေပေ[illegible]ည်။

မဖြစ် … မဖြစ် …။

သက်န်းခြုံလျက် နိမ့်ကျယုတ်ညံ့စွာရှိနေလျှင် ကုသိုလ်နည်းဝေး၍ [illegible] အောက်ထိုးဆင်းရမည်သာ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင် ရဟန်းဘောင်မတက်ဘဲ လူဝတ်ကြောင်ဖြင့်သာနေထိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဆရာတော်ဆိုသည်က ဗုဒ္ဓတရားတော်နှင့်အညီ ကျင့်ကြံကြိုးကုတ် အားထုတ်နေသူဖြစ်သည်။ ဒေးစွန်ပါရှတောင်တောရိပ်ကိုခိုလျက် တောကျောင်းလေးမှာနေကာ ပဋိပတ္တိကို အားသွန်ဆောက်တည်နေသူဖြစ်သည်။

ဆိုရလျှင် ဆရာတော်က စည်းကမ်းလည်း ကြီးသည်။ 'လူတွေလှူဒါန်းတဲ့ဆွမ်းကို ကိုယ်ကျင့်သီလမရှိဘဲစားရင် သံတွေခဲတွေ စားရသလိုဖြစ်မယ်'ဟုလည်း ဆုံးမတတ်သည်။ 'လူတွေ ရှိခိုးဦးခိုက်တာခံပြီး ကိုယ်က သံဃာစစ် သံဃာမှန်မဖြစ်ခဲ့ရင် အပြစ်ကြီးလွန်းလှတယ်' ဟုလည်း ညွှန်ပြတတ်သည်။ သွားခြင်း၊ လာခြင်း၊ စားခြင်း သောက်ခြင်းမှစ၍ သတိကပ်၍နေစေသည်။

ကိုရင်နန္ဒ ဤသို့မနေနိုင်မှာ သေချာသည်။ လုံးဝ သေချာပါသည်။

ဆရာတော်ကြီး၏ရှေ့မှောက်မှ သိမ်ငယ်စိုးရွံ့စွာ ထလာသောအခါ ကပ္ပိယကြီးက နောက်မှ လိုက်လာသည်။

"ကိုရင်ရယ် . . . ဆရာတော်ကြီး တော်တော်စိတ်မကောင်းဖြစ်သွားပုံရတယ်။ ကိုရင့်အနေနဲ့ ဆရာတော်ကြီးဆန္ဒကို မလိုက်လျောနိုင်ဘူးလား"

ဟု မေးသည်။

"ကျုပ်ကိုယ်ကျုပ်သိပါတယ် ကပ္ပိယကြီး။ ကျုပ်ကိုယ်တွင်းမှာ သောင်းကျန်းနေတဲ့ ကိလေသာတွေကို ကျုပ်မနိုင်ဘူး။ ရဟန်းအဖြစ်နဲ့ ကျုပ် မထိုက်တန်ဘူး။ ဆရာတော်ကြီးဖြစ်စေချင်သလို ရဟန်းတော်





မြတ်တစ်ပါးဖြစ်လာဖို့ ကျုပ် အရည်အချင်းမရှိဘူး။ ဒါကြောင့်ပါ"

ကိုရင်နန္ဒ၏စကားကို ကပ္ပိယကြီး မငြင်းနိုင်။

"ကိုရင် ငါးနှစ်အရွယ် မိဘနှစ်ပါးမရှိတော့ကတည်းက ဒီကိုရောက်လာခဲ့တာဆိုတော့ ကိုရင့်ကို ဆရာတော်ကြီးရော တပည့်တော်ပါ သံယောဇဉ်ရှိတယ်။ ဆရာတော်ကြီးကလည်း စာတော်တဲ့ကိုရင့်ကို သိပ်မျှော်လင့်ထားတာလေ။ တစ်ချိန်မှာ ဓမ္မကထိက ဆရာတော်တစ်ပါး၊ ဝိပဿနာတရားပြဆရာတော်တစ်ပါး ဖြစ်စေချင်တာလေ"

ကပ္ပိယကြီး အားလျော့စွာဆိုသည်။ မျက်နှာလည်းမကောင်း။

"ကျုပ် တောင်းပန်ပါတယ်ဗျာ"

"ဒါဖြင့် ကိုရင် လူထွက်ပြီးရင် ဘယ်လိုလုပ်မလဲ"

"ရန်ကုန်သွားမယ် စိတ်ကူးတယ်။ တစ်ခုခု အလုပ်လုပ်ရမှာပေါ့"

"ဟိုမှာ ဆွေမျိုးဉာတိမှ မရှိတာ"

"ရွာထဲက ဒကာကြီးဦးမင်းကျော်ကတော့ သူ့ဆွေမျိုးတွေရှိတယ်ပြောတယ်။ သူပြောပေးမယ်တဲ့။ အလုပ်လုပ်ရင်း ကွန်ပျူတာတွေဘာတွေသင်မယ် စိတ်ကူးတယ်"

ကပ္ပိယကြီး၏သက်ပြင်းချသံက ကျယ်လောင်ရှည်လျားလွန်းလှသည်။

"အင်း . . . အပူထဲကိုမှ ကိုရင်က အအေးထင်ပြီး တိုးဝင်ချင်တာကိုး။ ဒုက္ခ . . . ဒုက္ခ . . . ဒုက္ခ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၅ |

❑

ဖူးမှုံ မှန်ရှေ့မှာထိုင်လျက် အလှပြင်ရန် စိတ်ကူးထားသည် မှန်သော်လည်း လက်တွေ့တွင် အရုပ်တစ်ရုပ်လို ငြိမ်သက်နေသည်။

မှန်ထဲမှာ ပြန်မြင်နေရသည့် ရုပ်ပုံလွှာက ဖူးမှုံအလှကို ထင်ရှားစွာပြနေ၏။

ဖြူနုသော အသားအရေက ဝင်းဝင်းလဲ့လဲ့။ ရှည်လျားနက်မှောင်သော ဆံကေသာက ထူးထူးခြားခြား။ ထူထဲသွယ်တန်းသော မျက်ခုံးများအောက်မှ မျက်လုံးမဟူရာနှစ်ပွင့်က ညှို့ယူနိုင်ခြင်းအားအပြည့်။ အနည်းငယ် ထူသယောင်ထင်ရသော်လည်း ဆွဲဆောင်မှုကိုဖော်ပြသည့် နှုတ်ခမ်းလွှာက ဖူးဖူးငုံငုံ။ ပါးပြင်ညက်ညက်ပေါ်မှာ ပါးချိုင့်ခွက်ကလေးက အလှတစ်ပါးပေ။ အပြစ်ဆိုစရာမရှိအောင် ပြည့်စုံသည့်အလှ။





သို့တင်မကပါ။

ရှည်လျားသွယ်ပျောင်းသော အရပ်အမောင်းတွင် အချိုးအဆစ်ကျနလှပသော ခန္ဓာအနေအထားက စွဲမက်ဖွယ်၊ မြင်သူရင်ခုန်ဖွယ်။

မော်ဒယ်လေးလို မင်းသမီးတွေလိုလှသည်။ မော်ဒယ်လေးတွေ မင်းသမီးလေးတွေထက်လှသည်ဟု အချို့က ပြောကြသည်။ အစ်ကိုကြီးဦးကံ့လှံသည်လည်း ဤသို့ပင် မကြာခဏပြောဖူး၏။ ဖူးမှုံကို ထိုအလှကြောင့် အစ်ကိုကြီး လက်ထပ်ယူခဲ့ခြင်းဖြစ်၏။

စင်စစ် အစ်ကိုကြီးဦးကံ့လှံက ဖူးမှုံ၏အသက် နှစ်ဆမျှရှိသည်။ ဖူးမှုံက နှစ်ဆယ့်ငါးကျော်ကျော်ပင် ရှိသေးသော်လည်း အစ်ကိုကြီးဦးကံ့လှံက ငါးဆယ်ကျော်နေပြီ။

"ငယ်ရင်ချို ကြီးရင်မှီ" တဲ့ တူမရဲ့။ တူမစဉ်းစားရမှာက တူမရဲ့ဘဝတစ်သက်တာအတွက်လေ။ မိဘတွေမရှိတော့လို့ ဦးလေးတို့က တူမကို သမီးအရင်းလို ပြုစုစောင့်ရှောက်ပေးခဲ့တယ်။ ဦးလေးတို့က တူမသိတဲ့အတိုင်း နွမ်းပါးတယ်။ တူမကို အကောင်းဆုံးဖြစ်အောင် လုပ်မပေးနိုင်ဘူး။

အခု မမျှော်လင့်ဘဲ ဦးကံ့လှံက သမီးကို သဘောကျလက်ထပ်ချင်တယ်လို့ ပြောလာတယ်။ ဒါ သမီးကံကောင်းတာပဲ။ ဦးကံ့လှံဟာ အသိုးဖိုဆိုပေမဲ့ သားသမီးကလည်းမရှိတော့ လူပျိုကြီးနဲ့ မခြားဘူး။ ပြီးတော့ သမီးကို လူကြီးမိဘတွေဆီမှာ တရားဝင်တောင်းယူပြီး တင့်တောင့်တင့်တယ် လက်ထပ်မှာ။

သူ့ရဲ့စီးပွားရေးလုပ်ငန်းတွေက အများကြီးရယ်။ သူ့ကိုယ်ပိုင်အိုးတွေမှ ရန်ကုန်မှာအပုံ။ ဒီထဲကမှ သမီးကို သူချစ်ခင်စုံမက်တာ ရှေးနေတာပဲ။ သမီး မငြင်းလိုက်ပါနဲ့။ ဦးလေးတို့ကတော့ တူမကို ဆင်စီး



www.burmeseclassic.com

www.burmeseclassic.com



ပြီး မြင်းရုံစေချင်တဲ့ စေတနာနဲ့ ပြောတာပါ''

ဘုရားဖူးလာရင်း အမှတ်မထင်တွေ့ခဲ့သော ဖူးမွံ့ကို ဦးကုံလုံက သဘောကျပြီး လက်ထပ်ခွင့်တောင်းခဲ့သည်။ မိဘမဲ့ပြီး ဦးလေး မိသားစုကို အားကိုးနေခဲ့ရသော ဘုရားပန်းသည်မလေးဖူးမွံ့အဖို့ ဘဝ ၏ ကြီးမားသောအပြောင်းအလဲ ဖြစ်ခဲ့ရသည်။

ဦးကုံလုံကိုလက်ထပ်ဖို့ ခေါင်းညိတ်လိုက်သည်နှင့် ဘဝက တစ်ဆစ်ချိုးကာ လုံးဝ ထူးထူးကဲကဲ မြင့်တက်သွားသည်။ နာမည်ကြီး ဟိုတယ်ကြီးတစ်ခုမှာ မင်္ဂလာပွဲဆင်နွှဲပြီး လှပခေတ်မီသော နှစ်ထပ်တိုက် ကြီးမှာ သူဌေးကတော်လေး ဖြစ်ခဲ့ရသည်။

ပြီးပြည့်စုံလိုက်သည့်ဘဝ။

မီးဖိုချောင်ပင် မဝင်ရ။ အခိုင်းအစေနှင့်။ အခြံအရံနှင့်။ ကား နှင့်။ ရွှေငွေအပြည့်နှင့်။ ဘာတစ်ခုမျှ လိုအပ်ချက်မရှိ။ ခင်ပွန်းဖြစ်သူ ဦးကုံလုံကလည်း အလိုလိုက်သည်။

ဖူးမွံ့အဖို့ လောကနိဗ္ဗာန်ပေပဲလား။

ဆွေမျိုးတွေ၊ မိတ်ဆွေတွေနှင့် ပတ်ဝန်းကျင်အမြင်မှာတော့ ဖူးမွံ့မှာ အရာရာပြည့်စုံ ကံထူးသူတစ်ယောက်။

သို့သော် ...

ကိုယ့်ဝမ်းနာ ကိုယ်သာသိသည်။

အိမ်ထောင်သက်တမ်း သုံးနှစ်ကျော်ကာလမှာ ဖူးမွံ့သိလာသည့် ကိုယ်တွေ့တရား။

ပထမအချက်မှာ ဖူးမွံ့နှင့်ဦးကုံလုံမှာ သံယောဇဉ်သာရှိသည်။ ဦးကုံလုံကို ဖူးမွံ့မချစ်။ အဘယ်ကြောင့်မချစ်သနည်းဟူမူ ဖူးမွံ့ မခွဲခြား တတ်ပါ။ အသက်အရွယ် ကွာဟချက်ကြောင့်လား၊ ဦးကုံလုံ၏ ရုပ်ရည်





ရုပကာကြောင့်လား၊ ဦးကုံလုံ၏ အကျင့်စရိုက်ကြောင့်လား၊ သို့မဟုတ် အားလုံးကြောင့်ပဲလား။ ဖူးမွံ့မသိ။

ဒုတိယတစ်ချက်မှာ ဖူးမွံ့ မပျော်ခြင်းပင်ဖြစ်သည်။ ဘုရား စောင်းတန်းမှာ ပန်းရောင်းနေစဉ်ကလို ဖူးမွံ့မပျော်။ ဒါက ဦးကုံလုံ၏ အထက်တန်းလွှာ အသိုင်းအဝိုင်းကြောင့်လား၊ ဦးကုံလုံ၏ ချုပ်ချယ်မှု ကြောင့်လား၊ ဖူးမွံ့စိတ်ခံစားမှုနှင့် မကိုက်ညီသောကြောင့်လား၊ သို့မဟုတ် အားလုံးကြောင့်ပဲလား။ ဖူးမွံ့ မဝေဖန်တတ်။

တတိယတစ်ချက်မှာ ပြောရခက်သည်။ ပြောရမှာ ရှက်သည်။ ဦးကုံလုံနှင့် ပေါင်းသင်းဆက်ဆံနေရခြင်းအပေါ် ဖူးမွံ့ ကျေနပ်မှုမရှိ။ အသက်အရွယ်ကြောင့်လား၊ အချစ်ကို အခြေမခံ၍လား။ ဦးကုံလုံက နှီးသည်ကို ဂရုစိုက်သည်ထက် အလုပ်ကိုအာရုံထားသည့် လောဘက ကြီးနေသောကြောင့်လား၊ သို့မဟုတ် အားလုံးကြောင့်ပဲလား။ ဖူးမွံ့ အဖြေမရှာတတ်။

တစ်ခုခု ရင်ထဲမှာဟာနေသည်ဟု ဖူးမွံ့ထင်သည်။

တစ်ခုခု အလိုမပြည့်ဖြစ်နေသည်ဟု ဖူးမွံ့ထင်သည်။

ထိုအခါ ...

ဘဝဆိုသည့်အဓိပ္ပာယ်မှာ ဘာလဲဆိုသည်ကို ဖူးမွံ့ရေးရေးမျှ သဘောပေါက်လာသည်။ သုခချမ်းသာဆိုသည်မှာ ဘာလဲဆိုသည်ကို ဖူးမွံ့ ဝိုးတဝါး နားလည်လာသည်။

''ဟင်း ...''

ပင့်သက်ကိုချလိုက်ရင်း ဖူးမွံ့ နှုတ်ခမ်းနီဘူးကိုလှမ်းယူစဉ် အိပ်ခန်းတွင်းသို့ ဦးကုံလုံဝင်လာသည်။

''မွံ့လေး ... အလှပြင်လို့ပါလား။ သိပ်မပြင်ပါနဲ့ ကွာလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



မွှုံလေးရဲ့အလှတွေ သူများတွေ တွေ့မှာမြင်မှာ ခံစားမှာကို အစ်ကိုကြီး သဘောမကျဘူး။ မွှုံလေးက အစ်ကိုကြီးအတွက်ပဲဖြစ်ရမယ်''

ထိုင်နေသော ဖူးမွှုံ၏နောက်မှ ကပ်ရပ်ကာ ဦးကုံလုံကပြောသည်။ ပြောရင်းက ဖူးမွှုံကို နောက်မှ သိုင်းဖက်သည်။ ဦးကုံလုံကတော့ ချစ်ခင်တပ်မက်စွာ ပြုမူခြင်းပါပဲ။ သို့သော် ဖူးမွှုံရင်မခုန်။

''အစ်ကိုကြီး ...ကုမ္ပဏီသွားရင် ဖူးမွှုံ အစ်ကိုကြီးကားနဲ့ လိုက်ခဲ့မယ်''

''ဟင် ...ဘာလုပ်မလို့လဲ''

''အိမ်ဝ ်ုးအောင်းနေရတာ ပျင်းတယ်။ ဖူးမွှုံကို ပလာဇာ ဝင်ပို့ပေးပေါ့''

''ဟာကွာ ... မွှုံလေးတစ်ယောက်တည်းသွားလို့ ဘယ်ဖြစ်မှာလဲ။ ပြီးတော့ အစ်ကိုကြီးက အချိန်မရဘူး။ ကုမ္ပဏီမှာ ချိန်းထားတဲ့ဧည့်သည်တွေ ရှိတယ်''

ဖူးမွှုံရင်ထဲ တင်းသွားသည်။

''ဒါဆိုရင်လည်း မလိုက်တော့ပါဘူး''

''နောက်မှ အစ်ကိုကြီး လိုက်ပို့ပါ့မယ်ကွာ။ အလုပ်အားတဲ့ အခါ ...''

''အစ်ကိုကြီးအလုပ်က ဘယ်တုန်းက အားဖူးလို့လဲ''

တစ်ခွန်းတော့ ပြန်ပက်လိုက်မိ၏။

''အချိန်ရှိတုန်း၊ အခွင့်အရေးရတုန်း၊ ခွင်မိတုန်းလုပ်ရတာ မွှုံလေးရဲ့။ အစ်ကိုကြီးလုပ်သမျှဟာ မွှုံလေးအတွက်ပါကွာ''

''အစ်ကိုကြီးက လောဘကြီးလွန်းတယ်။ ကျေနပ်တယ်ကို မရှိဘူး''





''ဟဲ ...ဟဲ ...မွှုံလေးကတောင် အစ်ကိုကြီးကို ဝေဖန်နေပါရော့လား။ ကဲ ...ကဲ ...အချိန်မရှိဘူး။ အစ်ကိုကြီးသွားတော့မယ်''

ဦးကုံလုံက ဖူးမွှုံကို တစ်ချက်ငုံ့မွှေးကာ အခန်းတွင်းမှထွက်သွားသည်။ ဒါပဲဖြစ်သည်။ အတူရှိလျက် ဝေးကွာနေကြသော လင်နှင့်မယား။

ပိုးကိုက်ပန်းသီးဟု ပြောရမလား။
ဝတ်ရည်မဲ့ပန်းပွင့်ဟု ပြောရမလား။
ဖူးမွှုံ့ဘဝက လှတော့လှသည်။
လှတော့ ...လှသည်ဟုပဲ ပြောရမည်ထင်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၆ ]

❑

ရဲအုပ်သီဟက သူ့ရှေ့တွင်ရောက်နေသူများကို အကဲခတ်ကြည့်ရင်း စကားကို နားထောင်နေသည်။

သူ့ရှေ့တွင် ရောက်နေသူများမှာ ရပ်ကွက်လူကြီး ဦးလှမြင့်၊ မျက်နှာနီရဲလျက် ခေါင်းငုံ့ကာ ငိုရှိုက်နေသော မိန်းကလေးတစ်ဦးနှင့် ပညာတတ်ဖြစ်ဟန်ရှိပြီး သွက်လက်ချက်ချာသည့် မိန်းမရွယ်တစ်ဦးတို့ ဖြစ်သည်။

ငိုနေသောမိန်းကလေးအမည်က ကြူကြူဖြစ်၏။ အိမ်ဖော်မလေး ဖြစ်သည်။ သူမက ဘာမျှမပြောနိုင်။





စကားပြောနေသူမှာ ကြည်ပြာဖြစ်သည်။

"ကြည်ပြာက အန်တီနဲ့ရှိတယ်ထင်လို့လာတာ။ အန်တီနဲ့က ရိုပ်သာဝင်နေတယ်တဲ့။ ကြည်ပြာလည်းရောက်ရော ဒီပြဿနာကို တွေ့ရတော့တာပဲ။ တိုက်တံခါးကပိတ်ထားလို့ ကြည်ပြာက ဘဲလ်တီးမလို့လုပ်နေတုန်း ကြူကြူ ငိုပြီးထွက်လာတာ တွေ့ရတာပဲ။ လူက မူးဝေနေပုံနဲ့ အဝတ်အစားတွေက ဖရိုဖရဲနဲ့။ ကြည်ပြာမေးကြည့်တော့မှ အဓမ္မပြုကျင့်ခံရတယ်ဆိုတာ သိရတယ်။ အဲဒါနဲ့ ရပ်ကွက်ဥက္ကဋ္ဌကို အကြောင်းကြားပြီး ခုလို ရဲစခန်းကို လာတိုင်ရတာပါပဲရှင်"

"ကြည်ပြာရောက်တော့ ဘယ်အချိန်လောက်ရှိပြီလဲ"

"ကိုးနာရီကျော်ကျော်လောက်ပါ"

"ဒါဆို ဒီမိန်းကလေး အဓမ္မပြုကျင့်ခံရတယ်ဆိုတာ ရှစ်နာရီခွဲအချိန်လောက်မှာ ဖြစ်နိုင်တာပေါ့။ ဟုတ်လား ..."

ရဲအုပ်သီဟက ချိန်ဆ၍ မေးလိုက်သည်။

"ဟုတ်တယ်"

"ကြူကြူက အဖြစ်အပျက်ကို မှတ်မိသလောက်ပြောပြပါ"

ကြူကြူ ရုတ်တရက် ဘာမျှပြန်မပြော။

"ပြောလေ ကြူကြူရဲ့။ ရှက်ပြီး မပြောချင်လို့မဖြစ်ဘူး"

ကြည်ပြာက တိုက်တွန်းသည်။

"ဟုတ်ပါတယ်ကွယ်။ ဒီကိစ္စက ရှက်စရာဆိုပေမဲ့ ကြူကြူ ပြောမှ အဖြစ်မှန်ကိုသိကြရမှာ"

ဥက္ကဋ္ဌဦးလှမြင့်ကပါ ဝင်၍ ဖျောင်းဖျတိုက်တွန်းသည်။

"ကျွန်မ ... ကျွန်မ ... မီးဖိုထဲမှာ အလုပ်လုပ်နေတာပါ။ ...လာဉလုမ်းအယူမှာ ပြုတ်ကျသွားလို့ ငုံ့ကောက်ပါတယ်။ ...ဒီမှာ ပုဆိုး

www.burmeseclassic.com



အစိမ်းနဲ့ ခရမ်းရောင်ကွက်ကို မြင်လိုက်ရပြီး ကျွန်မရဲ့နှာခေါင်းကို တစ်ခုခုနဲ့ပိတ်တာ ခံလိုက်ရတာပါပဲ။ အနံ့စူးစူးတစ်ခုရှူမိပြီး သတိမေ့သွားတယ်''

''မေ့ဆေးနဲ့ အအုပ်ခံလိုက်ရတဲ့ သဘောပေါ့။ ဟုတ်လား ..''

''အဲဒီလို ဖြစ်မှာပါ''

ကြည်ပြာက ဝင်၍ဖြေပေးသည်။

''ပုဆိုးက အစိမ်းနဲ့ခရမ်းရောင်ကွက်ဆိုတော့ ကချင်လုံချည်ကွက်မျိုးလား''

''ဟုတ်ပါတယ်''

သည်တစ်ခါဖြေသူက ကြူကြူပါ။

''အဓမ္မပြုကျင့်ခံရတယ်လို့ ကြူကြူက ဘာကြောင့်ပြောနိုင်လဲ''

ရဲအုပ်သီဟ၏ အမေး။

ကြူကြူ ခေါင်းပိုင့်သွားသည်။

''ကျွန်မ သတိပြန်ရတော့ ကျွန်မအခန်းထဲက အိပ်ရာပေါ်မှာပါ။ ကျွန်မတစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေပါတယ်။ ပြီးတော့ မီးဖိုထဲမှာ တုန်းက ကျွန်မဝတ်ထားတဲ့ထဘီ မဟုတ်တော့ဘဲ တခြားထဘီတစ်ထည် ဖြစ်နေပါတယ်''

ရဲအုပ်သီဟ ခေါင်းညိတ်သည်။

''မီးဖိုထဲမှာတုန်းကဝတ်ထားတဲ့ ထဘီက ဘယ်ရောက်သွားသလဲ''

''ကျွန်မအခန်းထဲက အဝတ်ဟောင်းထည့်တဲ့ခြင်းထဲ ရောက်နေပါတယ်''





''အဲဒီထဘီ အခု ဘယ်မှာလဲ''

''အိမ်မှာပါ''

''ကြူကြူကို အဓမ္မပြုကျင့်တာ ဘယ်သူလို့ထင်သလဲ''

''ကျွန်မ မသိဘူး''

''ကချင်လုံချည်ဝတ်တတ်တဲ့လူ ကြူကြူ့ဝန်းကျင်မှာ ဘယ်သူရှိလဲ''

ကြူကြူ တွေသွားသည်။ အားလုံးက ကြူကြူ့အဖြေကို စောင့်နေကြသည်။

အတန်ကြာမှ ...

''အန်ကယ်ဦးပြည့်စုံလည်း ဝတ်ပါတယ်။ ခြံစောင့်ကြီး ဦးတောကျော်လည်း ဝတ်ပါတယ်''

ခပ်တိုးတိုးဖြေသည်။ ကြည်ပြာ မျက်လုံးပြူးသွားသည်။

''ဒီမနက် သူတို့ဝတ်ထားတာ တွေ့လား''

''ဟုတ်ကဲ့ ...။ အန်ကယ်ဦးပြည့်စုံ မှောရုံအစည်းအဝေးသွားမှာမို့ကတော့ ဝတ်ထားတာ တွေ့ပါတယ်။ ဦးတောကျော်လည်း ဝတ်ထားတာ ကချင်လုံချည်ပါပဲ''

''ကဲ ... ဆေးရုံသွားမယ်။ ဆရာဝန်ကြီးနဲ့ စစ်ဆေးမယ်။ ပြီးရင် အိမ်ကိုသွားရအောင်။ အခင်းဖြစ်နေရာကိုလည်း ကြည့်ချင်တယ်။ ကြူကြူ့ရဲ့ထဘီကိုလည်း သိမ်းရမယ်။ ဦးတောကျော်နဲ့ ဦးပြည့်စုံကိုလည်း တွေ့ရမယ်''

ရဲအုပ်သီဟက ထိုင်ရာမှ ထလိုက်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၇ |

❑

ကိုနေသော်နှင့်မေစံရှားတို့ ဦးပြည့်စုံအိမ်သို့ ရောက်သွားသော အခါ ညှော်ခန်းတွင် လူစုံတက်စုံတွေ့ရသည်။ ရဲအုပ်သီဟ၊ ရဲသားအချို့၊ ရပ်ကွက်လူကြီးများ၊ ကြည်ပြာနှင့် ဦးပြည့်စုံ ...။

မေစံရှားတို့ ရုံးရောက်ရောက်ချင်းမှာပင် ကြည်ပြာက ဖုန်းဆက်ပြီး ...

"အရေးကြီးလို့ အန်ကယ်ဦးပြည့်စုံတို့အိမ်ကို လာခဲ့စမ်းပါ။ ကြူကြူ ပြဿနာပေါ်နေလို့"

ဟုပြောသောကြောင့် မေစံရှားတို့ ရောက်လာရခြင်းဖြစ်၏။





ကြူကြူဆိုသည်က ဦးပြည့်စုံတို့အိမ်မှ အိမ်ဖော်ဖြစ်သည်။ ဦးပြည့်စုံတို့လူလိုသဖြင့် ကြည်ပြာက သူမတို့နယ်မှ အလုပ်လုပ်ချင်သူ ကြူကြူကို ခေါ်ပေးခဲ့ခြင်းဖြစ်၏။ မေစံရှားက ကြည်ပြာ၏မိတ်ဆွေဖြစ်နေ၍ ဦးပြည့်စုံကိုလည်း မျက်မှန်းတန်းမိသည်။ ကြည်ပြာနှင့်ပတ်သက်ပြီး ကြူကြူကိုလည်း တွေ့ဖူးမြင်ဖူး၏။

ယခုအဖြစ်က သူတစ်ပါးအိမ်မှာ အလုပ်လုပ်ရသော မိန်းမသားတို့၏ မလုံခြုံမှု။

"မေစံရှား နင် ဘယ်ကနေ ဘယ်လိုရောက်လာတာလဲ။ နင်ကတော့ဟာ အမှုဆိုတဲ့အနံ့ရတာနဲ့ တန်းခနဲရောက်လာတော့တာပဲ"

ရဲအုပ်သီဟက ကျောင်းနေဖက်သူငယ်ချင်းပီပီ မြင်မြင်ချင်း အော်၍ နှုတ်ဆက်သည်။

"ကြည်ပြာခေါ်လိုက်တာပါ ဆရာ"

မေစံရှား ဘာမျှပြန်မဖြေမီ ကြည်ပြာက ဝင်၍ ဆောလျင်စွာ ဖြေလိုက်သည်။

"ဟုတ်လား။ အတော်ပဲ ...လာ ...ထိုင်။ နင်လည်းနားထောင်"

ရဲအုပ်သီဟခွင့်ပြုချက်ဖြင့် မေစံရှားနှင့်ကိုနေသော်တို့ ဆက်တီမှာ ဝင်ထိုင်ခွင့်ရကြသည်။ ဦးပြည့်စုံ၏မျက်နှာမှာ ရှက်စိတ်ဖြင့် နီနေသည်။ ကြူကြူကိုတော့ မတွေ့ရ။

"ကဲ ...ဦးက စပြောပါဦး"

ရဲအုပ်သီဟက စစ်မေးမှု စတင်လိုက်သည်။

"ဦးလည်း ဘာပြောရမှန်းမသိပါဘူး။ ဒီကိစ္စက အတော်ကြီးကို ရှက်စရာကောင်းလှပါတယ်။ လူကြီးလို့မှမသင့်လျော်တဲ့ ကိစ္စမျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ထဲမှာတောင် မျက်နှာဘယ်လိုပြရမှန်းမသိ ဖြစ်နေပါပြီ။ တကယ်ဆို ဦး ဘာဆိုဘာမှ သိလည်းမသိပါဘူး။ အခု ဆရာတို့ရောက်လာပြီး ပြောမှပဲ သိရတဲ့ကိစ္စပါ''

''မနက်က ဦး ဓမ္မာရုံအစည်းအဝေးသွားတယ်ဆိုတာ ဟုတ်ပါသလား''

''ဟုတ်ပါတယ်။ ဟောဒီရပ်ကွက်လူကြီး ဦးထွေးစိန်က ဓမ္မာရုံအဖွဲ့မှာ စာရင်းစစ်ပါ။ သူရှိပါတယ်''

ရဲအုပ်သီဟက ဦးပြည့်စုံညွှန်ပြသော ဦးထွေးစိန်ဆိုသူကို လှမ်းကြည့်တော့ အသားညိုညို၊ ပုပု၊ မျက်မှန်နှင့်။ ဦးထွေးစိန်က 'ဟုတ်ပါတယ်'ဟူသောအဖြေကို ပေးသည်။

''ဓမ္မာရုံအစည်းအဝေးက ဘယ်အချိန်လုပ်တာလဲ''

''၉ နာရီ ၁၅ ပါ''

''ဦးက ဓမ္မာရုံကို ဘယ်အချိန်ရောက်ပါသလဲ''

''၉ နာရီအတိပါ။ ဦးရောက်တော့ ဦးထွေးစိန်တို့တောင် မရောက်သေးပါဘူး။ ဥက္ကဋ္ဌ ဦးကျော်အေးကတောင် အချိန်တိကျလို့ လေးစားတယ်ဗျာလို့ ပြောပါသေးတယ်''

ရဲအုပ်သီဟက ဦးထွေးစိန်ဘက်သို့လှည့်ကာ …

''ဦးထွေးစိန် ဓမ္မာရုံကိုရောက်တာ ဘယ်အချိန်လဲ''

မေးလိုက်သည်။

''၉ နာရီ ၁၀ မိနစ်လောက်ပါ''

''ဦးထွေးစိန်ရောက်တော့ ဦးပြည့်စုံရောက်နှင့်နေတာကို တွေ့လား''

''ဟုတ်ကဲ့ … တွေ့ပါတယ်။ ဦးပြည့်စုံ ဘုရားရှိခိုးနေပါတယ်''





ရဲအုပ်သီဟက ဦးပြည့်စုံကို မျက်နှာချင်းပြန်၍ ဆိုင်သည်။

''ဦး ဒီကနေ ဓမ္မာရုံကို လမ်းလျှောက်သွားတာပေါ့ ဟုတ်လား။ လမ်းလျှောက်သွားရင် ဘယ်လောက်ကြာလဲ''

''ဆယ်မိနစ် ကျော်ကျော်လောက်ကြာမှာပါ''

''ဒါဆို ဦး အိမ်ကနေ ရှစ်နာရီထိုးဖို့ ဆယ်မိနစ်လောက်မှာ ထွက်တာပေါ့နော်''

''ဟုတ်ပါတယ်''

''ကြူကြူ့ပြောပြချက်အရ သူ့အဓမ္မပြုကျင့်ခံရတယ်လို့ မှန်းချိန်ဟာ ရှစ်နာရီခွဲလောက်လို့ဆိုတယ်။ ဟုတ်တယ်နော် ကြည်ပြာ''

''မှန်ပါတယ် …''

ကြည်ပြာက ဖြေသည်။

ယခုအချိန်ထိ မေစံရှားတို့မှာ ပွဲကြည့်ပရိသတ်ဖြစ်သည်။ ပွဲလည်း အစကမကြည့်ရဘဲ အလယ်က ဖြတ်ကြည့်ရသလိုဖြစ်၍ ဇာတ်ရည်မလည်သေးပေ။

''ဒီမနက် ဦးဝတ်ထားတာ ဒီလုံချည်လား''

''ဟုတ်ပါတယ်''

ဦးပြည့်စုံဝတ်ထားသည်မှာ အစိမ်း၊ ခရမ်းရောင်နှင့် အနက်ရောပါသော ကချင်လုံချည်ဖြစ်သည်။

''ကြူကြူက သူ့ကို အဓမ္မပြုကျင့်တဲ့သူကို ဖျတ်ခနဲ အောက်ကနေ တွေ့လိုက်ရတယ်။ ပုဆိုးခရမ်းရောင်နဲ့ အစိမ်းကွက်တဲ့။ ဒါကြောင့် ဦးကို အားနာနာနဲ့ မေးနေရတာပါ။ ဦးက အိမ်ရှင်လည်းဖြစ်တော့ အခွင့်လည်းရှိတယ်လေ''

''ဦး နားလည်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဦးရဲ့လုံချည်ကို စစ်ဆေးကြည့်ချင်လို့ ဒီလုံချည်ကို ကျွန် တော်တို့ ခေတ္တသိမ်းဆည်းချင်ပါတယ်။ ရမလား"

"ဟာ . . . ရပါတယ်။ သိမ်းပါ၊ စစ်ဆေးပါ။ ဒါမှ ဦး အပြစ် ကင်းတယ်ဆိုတာ ပိုပြီး ခိုင်ခိုင်မာမာ သိရမှာပါ"

"ကဲ . . . ဆရာကြီးအုန်းရှိန်။ ဒီလုံချည်ကို ရှာဖွေပုံစံဖြည့် ပြီးသိမ်းပါ။ ရပ်ကွက်လူကြီးတွေ သက်သေလက်မှတ်ထိုးခိုင်းပါ"

"ဟုတ်ကဲ့"

ရဲတပ်ကြပ်ကြီးအုန်းရှိန်က လုံချည်သိမ်းရန် နေရာမှထသော ကြောင့် ဦးပြည့်စုံပါ နေရာကထလိုက်သည်။ ပြီးတော့ သူတို့ အတွင်း သို့ ဝင်သွားကြသည်။

ကြည်ပြာက မေစံရှားဘက်လှည့်ကာ . . .

"ကြည်ပြာက ရဲစခန်းကို ကြူကြူနဲ့အတူ အမှုသွားဖွင့်ပြီးပြီ ဒါပေမဲ့ အမှုက တရားခံဘယ်သူဆိုတာ မသေချာဘူး။ မေစံရှားကို လည်း တိုင်ပင်ချင်တာနဲ့ ဖုန်းဆက်လိုက်ရတာပါ"

ရှင်းပြ၏။

တစ်ဆက်တည်းမှာပင် မနက်က ဤအိမ်ကို ရောက်လာခဲ့ပုံ မှအစပြုကာ ကြူကြူငို၍ထွက်လာပုံ၊ အဓမ္မကျင့်ခံရသည်ဟု ပြောပုံ၊ ရပ်ကွက်လူကြီးများကို တိုင်ကြား၍ ရဲစခန်းသွားခဲ့ပုံများကိုပါ ဆက် လက်ပြောပြသည်။

"ဦးပြည့်စုံက အခင်းဖြစ်ချိန်မှာ မန္တလေးရောက်နေတာဆိုတော့ ကင်းလွတ်နေတာပဲမဟုတ်လား။ ဘာကြောင့် သူ့ကို မေးရတာလဲ"

"လုံချည်ကြောင့်ပေါ့ မေစံရှားရယ်"

ရဲအုပ်သီဟက ဖြေသည်။





"နင် သူ့ကို မသင်္ကာလို့လား"

"ငါတို့က ဖြစ်နိုင်ခြေတွေအားလုံး မေးမြန်းစုံစမ်း၊ အချက် အလက်တွေစုဆောင်းပြီးမှ တရားခံကို ရှာပါတယ်။ ဘယ်သူ့ကိုမျှ မစွပ် စွဲသေးပါဘူး"

ရဲအုပ်သီဟအဖြေက လှသည်ဟု မေစံရှား ချီးကျူးမိသည်။

"ကဲ . . . ကြည်ပြာကပဲ ဦးတောကျော်ကို သွားခေါ်ပေးပါ ဦး"

"ဟုတ်ကဲ့ . . ."

ကြည်ပြာ ထသွားသည်။

"ဦးတောကျော်က ခြံစောင့်ကြီး မဟုတ်လား"

မေစံရှား၏အမေး။

"ဟုတ်တယ်။ သူကလည်း ဒီနေ့ ကချင်လုံချည်ဝတ်ထားတာ မို့ သူ့ကိုမေးဖို့လည်း လိုတယ်လေ။ ပြီးတော့ အခင်းဖြစ်ချိန်မှာ အိမ်မှာ ရှိတာက သူပဲလေ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ဦးတောကျော်မှာ အသက်ငါးဆယ်ခန့်ပင်ရှိဦးမည်။ အသားမည်းမည်း၊ အရပ်ပုပုနှင့် အရုပ်ကဆိုးသည်။ မျက်ပေါက်ကျဉ်း၍ နှာခေါင်းပွသည်။ ရုပ်ရည်အရမူ လူကြမ်းအသွင်ဖြစ်သော်လည်း သူ့မျက်လုံးများ၊ သူ့မျက်နှာနှင့် သူ့အမူအရာမှာ ရိုးသားမှုလက္ခဏာတွေကို တွေ့ရသည်ဟု မေစံရှားထင်သည်။

ရဲအုပ်သီဟက ဦးတောကျော်ကို အကဲခတ်ကြည့်နေ၏။ ရဲအရာရှိ၏ စူးရှသော မျက်လုံးများအောက်မှာ ဦးတောကျော် မလုံ့မလဲ မဝံ့မရဲဖြစ်နေသည်။

"ထိုင်ပါ ဦးတောကျော် . . ."

ရဲအုပ်သီဟက ခွင့်ပေးသည်။ တည်ကြည်ဖြောင့်မတ်သော ရဲအုပ်သီဟမှာ လူမှုအခွင့်အရေးကို နားလည်သိတတ်သော စိတ်လည်း ရှိ၏။ အခွင့်အာဏာဖြင့် ဖိဟောက်မည်၊ အနိုင်အထက်ပြုမူမည်ဟူသော စရိုက်လက္ခဏာမရှိ။ ထို့ကြောင့် ငယ်ပင်ငယ်သော်လည်း သူ့ကို အများက လေးစားကြသည်။

ရဲအုပ်သီဟအကြည့်က ဦးတောကျော်၏လုံချည်ဆီသို့ ရောက်နေသဖြင့် မေစံရှားကလည်း ဦးတောကျော်လုံချည်ကို သတိပြုမိ၏။





အစိမ်းနှင့် ခရမ်းရောင်ကွက် ကချင်လုံချည်။ သို့သော် ဟောင်းနွမ်းနေပေပြီ။

"ဦးတောကျော်က ဒီအိမ်မှာ ဘာတာဝန်ရှိလဲ"

ရဲအုပ်သီဟ၏အမေး စတင်သည်။

"အစောင့်ပါ။ သန့်ရှင်းရေးလည်း လုပ်ပါတယ်"

ဦးတောကျော်ဖြေဟန်က ရိုးရိုးစင်းစင်း၊ ရှုံ့ရှုံ့ကြောက်ကြောက်။

"ဒီခြံထဲမှာပဲ နေတာလား"

"ဟုတ်ပါတယ်။ ခြံနောက်မှာ အိမ်ကလေးတစ်လုံးရှိပါတယ်။ အဲဒီမှာနေပါတယ်"

"ဒီမနက် မနက်(၈)နာရီလောက်က ခင်ဗျား ဘာလုပ်နေလဲ"

"ခြံရှေ့မှာ မြက်ရှင်းနေတာပါ"

"အခု ခင်ဗျားဝတ်ထားတဲ့လုံချည်က မနက်က ခြံရှင်းနေတုန်းက ဝတ်ထားတာလား"

"ဟုတ်ပါတယ်"

"လုံချည်က ဟောင်းပေမဲ့ အကောင်းစားဖြစ်ပုံပဲနော်"

"ကျွန်တော့်ကို ဆရာဦးပြည့်စုံက ပေးထားတာပါ"

ဦးပြည့်စုံက သူဝတ်ပြီးသားလုံချည်ကို ဦးတောကျော်အား ပေးခဲ့ခြင်းဖြစ်ပုံရသည်။

"ခင်ဗျားကိုပေးတာလည်း ကချင်လုံချည်၊ ဦးပြည့်စုံဝတ်တာလည်း ကချင်လုံချည်။ ဒါဆို ဦးပြည့်စုံက ကချင်လုံချည် တော်တော်ကြိုက်ပုံရတယ်ထင်တယ်"

"ဆရာ့မှာ ကချင်လုံချည် အများကြီးရှိပုံရပါတယ်"

မေစံရှားက နားစွင့်နေ၏။ ကိုနေသော်ကလည်း ငြိမ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြာကမှ ကြူကြူနှင့် အတွင်းမှာ ရှိနေပုံရ၏။ ညည့်ခန်းမှာမရှိ။

"ဦးပြည့်စုံမနက်က ဓမ္မာရုံကိုထွက်သွားတာ ခင်ဗျားမြင်လိုက်လား"

"မြင်ပါတယ်။ ဆရာက မြက်တွေကောင်းကောင်းရှင်း၊ သောက်ဆူးပေးမယ်လို့တောင် ပြောသွားပါတယ်"

"ဘယ်အချိန်လောက်ရှိမလဲ "

"အဲဒါတော့ မသိပါဘူး။ ကျွန်တော့်မှာ နာရီမရှိလို့ပါ"

"ဦးပြည့်စုံဝတ်သွားတာ ဘာလုံချည်လဲ"

"ကချင်လုံချည်ပါပဲ"

"သေချာတယ်နော်"

"သေချာတယ်"

"ဦးတောကျော်ရဲ့ လုံချည်ကိုလည်း စစ်ဆေးဖို့ ခဏသိမ်းချင်တယ်"

"ရပါတယ်ဆရာ။ သိမ်းပါ"

"ကြူကြူနဲ့ခင်ဗျားက အမျိုးတော်လား"

"မတော်ပါဘူး"

"ကြူကြူက သူသတိမမေ့ခင်မှာ လုံချည်အစိမ်းနဲ့ ခရမ်းရောင်ကွက်ကို မြင်လိုက်ရတယ်လို့ပြောတယ်။ ခင်ဗျားကလည်း ကချင်လုံချည်ဝတ်ထားတယ်။ အိမ်မှာက ဦးပြည့်စုံလည်းမရှိဘူး။ ဒီတော့ ကြူကြူကို အဓမ္မပြုခဲ့သူဟာ ဦးတောကျော်ဖြစ်နိုင်တယ်လို့ ယူဆစရာရှိတယ်။ ဦးတောကျော် ငြင်းမလား"

ဦးတောကျော်မျက်နှာပျက်ကာ ချွေးတွေပြန်သွားသည်။ အထစ်ထစ် အငေါ့ငေါ့နှင့်။





"မ ... မဟုတ်ပါဘူး ခင်ဗျား။ ကျွန်တော် ကြူကြူကို မစော်ကားရပါဘူး။ ကြူကြူက ကျွန်တော့်သမီးလေးလိုပါပဲ။ ရွာမှာကျန်ခဲ့တဲ့ ကျွန်တော့်သမီးလေးနဲ့ ရွယ်တူပါ။ ကျွန်တော် ဒီလောက် ယုတ်ယုတ်မာမာ မလုပ်ပါဘူး"

"ခင်ဗျားငြင်းနေပေမဲ့ ပတ်ဝန်းကျင်အခြေအနေနဲ့ သက်သေခံတွေက ခင်ဗျားပဲလို့ ညွှန်ပြနေတယ်။ ခင်ဗျားနှုတ်ကငြင်းနေပေမဲ့ အမှန်တရားဆိုတာက ဖုံးကွယ်လို့မရဘူး။ ပေါ်လာမှာပဲ"

"ကျွန် ... ကျွန်တော် ... ဘာ ... ဘာမှမလုပ်ပါဘူးဆရာ။ ယုံပါဗျာ။ ကျွန် ... ကျွန်တော် ကျိန်ပြောဆိုပြောပါ့မယ်"

"ဒီအိမ်မှာ ဒီမနက်ရှိတာက ဦးတောကျော်နဲ့ ဦးပြည့်စုံပဲ။ ဦးတောကျော်က မဟုတ်ဘူးဆိုရင် ဦးပြည့်စုံက ဒီအမှုကို ကျူးလွန်တာပေါ့ ဒီလိုလား"

"ဟာ ... ဒီလို ... အဲဒီလိုလည်း မဖြစ်နိုင်ပါဘူး။ ဆရာက ဘုရားနဲ့တရားနဲ့ နေတာပါ"

"ဘယ်လိုလဲ ဦးတောကျော်။ ဦးပြည့်စုံမဟုတ်ဘူးလို့ ခင်ဗျားပဲပြောတယ်။ ဒါဆို ခင်ဗျားပဲ ရှိတော့တာပေါ့"

ဦးတောကျော် ချွေးသီးချွေးပေါက်များကျနေ၏။ ရင်အုံမှာ နိမ့်လိုက်မြင့်လိုက်နှင့်။ ရဲအုပ်သီဟ၏အမေးကို သူကျေလည်စွာ မဖြေရှင်းနိုင်။ ရဲအုပ်သီဟကိုလည်း မော့မကြည့်တော့။ သူ့လက်တွေ အနည်းငယ်တုန်နေသည်ကို မေစံရှား သတိမူမိ၏။

ရပ်ကွက်လူကြီးများက ဦးတောကျော်ကို အထင်သေးစွာကြည့်နေသည်။

မေစံရှား သက်ပြင်းချသည်။ မေစံရှား၏ သက်ပြင်းချသံကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုနေသော်က ငုံ့ကြည့်၏။ အကြည့်ချင်းဆုံသွားသည်။

"မ . . . မနက်က ဆရာထွက်သွားပြီးမှ မောင်တိုးတော့လာတယ်"

ဦးတော်ကျော်ထံမှ ထပ်မံ၍ ပေါ်ထွက်လာသော စကားသံတွေက တုန်ယင်နေသည်မှာ သိသိသာသာ။

"မောင်တိုး . . . မောင်တိုးဆိုတာ ဘယ်သူလဲ"

ရဲအုပ်သီဟက မေးသည်။ အဖြစ်အပျက်က နောက်တစ်ဦးပါဝင်လာ၍ မေစံရှားလည်း စိတ်ဝင်စားသွားသည်။

"ကြူကြူ့နဲ့ရည်ငံနေတဲ့ သူငယ်ပါ"

"ဘယ်အချိန်မှာ လာတာလဲ"

"ဆရာထွက်သွားပြီး ခဏကြာတော့ ရောက်လာတာပါ"

"ခင်ဗျားနဲ့ စကားပြောလိုက်လား"

"ပြောပါတယ်။ ကျွန်တော့်ကိုဝိုင်းကူပြီး ခြံရှင်းပေးရမလား တောင် မေးပါသေးတယ်"

"သူနဲ့ကြူကြူနဲ့ တွေ့သွားလား"

"သူကတော့ မတွေ့ဘူးပြောသွားတာပဲ"

"ဘယ်လို . . ."

"မောင်တိုး ကျွန်တော့်ကိုနှုတ်ဆက်ပြီး တိုက်ကြီးဆီကိုသွားပါတယ်။ ခဏနေတော့ ပြန်လာပါတယ်။ ကြူကြူ့ကို ခေါ်မရဘူး။ တိုက်က သော့ခတ်ထားတယ်လို့ ပြောပါတယ်"

"သူက ပြောတာနော်။ ဦးတော်ကျော်က သော့ခတ်ထားတာ မြင်လား။ သူ ချက်ချင်းပြန်ထွက်လာတာ မြင်လား"

"ကျွန်တော်က မြက်ရှင်းနေတာဆိုတော့ လိုက်မကြည့်နိုင်ပါ





ဘူး။ သူပြောတာကို ပြောပြတာပါ"

"မောင်တိုး အိမ်ဆီကိုဝင်သွားတာနဲ့ ပြန်ထွက်လာတာ အချိန် ဘယ်လောက်လောက်ကြာမလဲ"

"သေသေချာချာ မပြောတတ်ပါဘူး"

"ခန့်မှန်းပေါ့ဗျာ။ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်၊ နာရီဝက် . . ."

"သိပ်မကြာဘူးဆရာ၊ အလွန်ဆုံး ဆယ်မိနစ်လောက်ပဲရှိမယ် ထင်တယ်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၁ |

❑

ပန်းမျိုးစုံဖြင့် တန်ဆာဆင်လျက် အလွန်ကျယ်ဝန်းလှသော ခြံကြီးထဲတွင်ရှိသည့် နှစ်ထပ်တိုက်ကြီးကို ကိုရင်ကြီးနန္ဒတစ်ဖြစ်လဲ ထိန်လင်းက တအံ့တသြ ငေးမောကြည့်နေသည်။ ရွာကတဲအိမ်များနှင့် ယှဉ်လျှင် ဤတိုက်အိမ်ကြီးက နန်းတော်ဟု ဆိုရလောက်သည်။

"ငါ့တူမ ဖူးမွှံက ဒီမှာနေတာ။ သူ့ယောကျ်ား ဦးကံ့လုံဆိုတာက ဒိတ်ဒိတ်ကြဲ သူဌေးကြီး။ မင်းကြည့်လေ နေတာကိုက ဘယ်လောက် အထက်တန်းကျလဲဆိုတာ"

ဦးမင်းကျော်က ဂုဏ်ယူဝင့်ကြွားစွာ လှည့်၍ပြောသည်။





"ဦးလေး . . . ကျွန်တော်ဒီမှာ နေလို့ရပါ့မလား"

ထိန်လင်းက စိုးရိမ်စိတ်ဖြင့် မေးသည်။ သူ့လို ကိုရင်လူထွက် အနုတ်စုတ်ကုပ်စုတ် တောသားကို သူဌေးကြီးက လက်ခံပါ့မလားဟု သူ ပူပန်ခြင်းဖြစ်သည်။

"မပူပါနဲ့ကွာ။ ငါ့တူမက သူ့ယောကျ်ားကို ပိုင်ပါတယ်။ အစ်ကို ကြီးလို့ နှစ်ခါမချွဲရပါဘူး။ ပြီးတော့ ဖူးမွှံက ဒီအိမ်မှာ သူ့လက်သူ့ခြေ ရာပါ။ သူကြိုက်တာလုပ်လို့ရပါတယ်။ ငါတို့ကိုတောင် အိမ်တွေဘာတွေ ဖွင့်ဆောက်ပေးထားပြီး လိုတာတွေ ဖြည့်တင်းပေးထားတာ ကြည့်ပါ လား"

ဦးမင်းကျော်စကားကတော့ မှန်သည်။

တူမဖြစ်သူ သူဌေးကတော်ဖြစ်သွားပြီး နောက်ပိုင်း ဦးမင်း ကျော်တို့၏ တဲအိမ်လေးမှာ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး ဖြစ်လာသည်။ အသုံးအဆောင်ပရိဘောဂတွေ ပြည့်စုံလာသည်။ ဈေးဆိုင်ကြီးတစ်ဆိုင် ခွင့်နိုင်လာသည်။ ဒါသည် တူမဖြစ်သူ ဖူးမွှံက ကျေးဇူးရှင်ဦးလေးနှင့် အဒေါ်ကို ပြန်လည်ကြည့်ရှုခြင်းဖြစ်၏။

သို့သော် မိမိကသူစိမ်း။

ဖူးမွှံကို ထိန်လင်း မမြင်ဖူးသလို ထိန်လင်းကိုလည်း ဖူးမွှံ မမြင်ဖူးပါ။ မသိပါ။

မိမိကို မည်သို့ သဘောထားမည်၊ ဆက်ဆံမည် ထိန်လင်း မသိပါ။ တစ်ရွာတည်းသားဖြစ်ခဲ့သော်လည်း ဘဝအခြေ ပြောင်းသွား သဖြင့် စိတ်ပါ ပြောင်းချင်ပြောင်းသွားနိုင်သည်။ လူဆိုသည်မှာ အစ မေ့တတ်သော သတ္တဝါ။

ထိန်လင်း ရင်ခုန်နေသည်။ ဦးမင်းကျော်က ထိန်လင်းကိုလှည့်



www.burmeseclassic.com

ကြည့်ကာ ပြုံးသည်။

"လူ့လောကထဲတိုးဝင်ဖို့ ဒီလောက် သတ္တိကြောင်တဲ့ကောင်က ဘုန်းကြီးလူထွက် လုပ်ရတယ်လို့ကွာ။ တကယ်ပါပဲ ..."

ဘဲလ်နှိပ်လိုက်ပြီး မကြာမီမှာပင် အိမ်ဖော်ဖြစ်ဟန်ရှိသော အသက်ကြီးကြီး မိန်းမကြီးတစ်ဦး ထွက်လာသည်။ ဦးမင်းကျော်ကိုမြင်လျှင် ပြုံးလိုက်၏။

"ဦးလေးပါလား။ ဝင် ... ဝင်။ မမလေးကို ခေါ်ပေးမယ်"

တံခါးကို ဆွဲဖွင့်ပေးရင်း ပြောသည်။ ဦးမင်းကျော်နှင့် ထိန်လင်း အတွင်းသို့ ဝင်လိုက်ကြ၏။ ထိန်လင်း၏ခြေထောက်တွေက တဖိတ်ဖိတ်တောက်နေသော ကျွန်းပါကေးပြားများပေါ်မှာ မငုံ့မရဲ။

ဧည့်ခန်းကြီးက ထည်ဝါလွန်းနေသဖြင့် ထိန်လင်းအဖို့ နတ်ပြည်ရောက်နေသည့်အလား ထင်မှတ်မိ၏။ မီးပန်းဆွဲကြီးများ၊ ပန်းချီကားကြီးများ၊ ခေတ်မီပစ္စည်းကိရိယာ အသုံးအဆောင်များ၊ ပရိဘောဂများ။ ထိန်လင်းမမြင်ဖူးသောအရာတွေ။ အင်ဖက်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်းသော တောကအိမ်ကလေးနှင့် ဤအိမ်ကြီးက ငရဲပြည်နှင့်နတ်ဘုံလို တသီးတခြားရှိလှသည်။

ရွှေဘဝကုသိုလ်ကောင်းလို့ပဲဟု ကိုရင်လူထွက် ထိန်လင်းက ကောက်ချက်ချသည်။

"ထိုင်လေကွာ"

ဦးမင်းကျော်အပြောကြောင့် ငေးနေတွေးနေသော မျက်လုံးနှင့် အာရုံကို ပြန်ရုပ်သိမ်းကာ ဆိုဖာပေါ်ထိုင်ချသည်။ အိခနဲမြုပ်ဝင်သွားသော ဆိုဖာအထိအတွေ့က ထိန်လင်းကို ရင်ဖိုစေသည်။

ထိုစဉ်မှာပင် ...





ရင်ဖိုစရာ ထည်ဝါဆန်းပြားလွန်းသော သက်မဲ့အရာများထက် ပို၍ ထိန်လင်းကိုရင်ဖိုစေသော သက်ရှိတစ်ဦးက ဧည့်ခန်းအတွင်းသို့ ကြွရွာ လှမ်းဝင်လာလေသည်။

သူကား ဤအိမ်ကြီးရှင် ဖူးမှုံပင်တည်း။

"ဦးလေး ... အကြောင်းမကြားဘာမကြားနဲ့ ဖြုန်းစားကြီး ရောက်လာပါလား။ ဒေါ်လေးရော နေကောင်းရဲ့လား"

တောက်ပြောင်ဝင်းလက်နေသော ဧည့်ခန်းအတွင်းမှာ လမင်းဘာ ထွန်းလင်းသွားသည်ဟု ထိန်လင်း ထင်လိုက်မိ၏။

အိမ်နေရင်းပင်ဖြစ်သော်လည်း ပြင်ဆင်ခြယ်သထားသည့် ဖူးမှုံ အလှက ဗီဒီယိုကားတွေထဲက မင်းသမီးတွေ ထက်ပင်လှနေသည်ဟု ထိန်လင်းတွေးလိုက်မိ၏။

ဆံကေသာ ပိတုန်းရောင်ကို နောက်ခံပြုလျက် ဝါရည်သွေး ဝင်းပြက်ကာ နူးညံ့နေသော အသားအရေက ချမ်းသာသူခ၏ ပြယုဂ် ဖြစ်၏။ တောမှာနေ တောမှာကြီး၍ တောမှာ အသက်မွေးနေသူတွေဟာ နေလောင်ကာ မည်းညိုနေမည်ဖြစ်သော်လည်း ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် နေခြည်မခ၊ ချွေးတစ်စက်မထွက်ရသော ဤမမ အား နှချင်တိုင်းနု၊ လှချင်တိုင်းလှနေတော့၏။

ပန်းနှင့်ပမာပြုလျှင် အလှဆုံးပွင့်ချိန်။

တလက်လက်တောက်နေသော မျက်လုံးနှစ်လုံးက အလှကို ချီးကျူးရုံမက တစ်ဖက်လူကို ညို့ယူနေသည်သို့။ ပန်းနုရောင်သန်းနေသည့် ပါးပြင်နုနု။ ဆေးရောင်ဖျော့ဖျော့တင်ထားသဖြင့် ရှိရင်းထက် ပိုလက်နေသော ဖူးဖူးငုံငုံ နှုတ်ခမ်းလွှာ။

အမို့အမောက် အကြွအရွတွေကလည်း ဘယ်ပန်းပုထု၍ မမီ။



www.burmeseclassic.com

www.burmeseclassic.com



သွယ်နွဲ့ပျောင်းလျသော ကိုယ်နေ အချိုးအဆက်ပေါ်မှ ကောက်ကြောင်းတို့သည် ကိုရင်လူထွက် ထိန်လင်းရင်ကို တဒိန်းဒိန်း ဆောင့်ခုန်စေလေသည်။

"တူမရဲ့ဒေါ်လေးက နေကောင်းပါတယ်။ ဦးလေးတို့လည်း တူမကျေးဇူးကြောင့် အားလုံးအဆင်ပြေပါတယ်။ အခုလည်း တူမကို အပူကပ်ရအောင် လာခဲ့တာပါပဲ"

ဦးမင်းကျော်က စကားကို နိဒါန်းပျိုးသည်။

ဖူးမွံ့က သူမ၏မျက်ဝန်းအစုံကို ဦးမင်းကျော်ဘေးမှ ခေါင်းတုံးဆံပင်နှင့် ထိန်လင်းထံသို့ ဝေ့ခနဲ ရွေ့လျားစေပြီး ...

"ဟုတ်ကဲ့ ... ပြောပါဦးလေး"

ဟန်ဆောင်ခြင်းမပါ ရိုးစင်းစွာ ပြန်ပြောသည်။

ထိန်လင်းကတော့ မျက်လုံးချင်းမဆုံရဲ၍ မျက်လွှာကို ချပစ်လိုက်ရသည်။ ရင်က အခုန်ကြမ်းဆဲ။

"ဒီလိုပါကွယ်။ ဒီသူငယ်က ဦးလေးတို့ကိုးကွယ်တဲ့ ဆရာတော်ဦးပညာရဲ့တပည့်ပါ။ ကိုရင်ကြီးဘဝကနေ ရဟန်းဘောင်မတက်ဘဲ လူထွက်လာတာမို့ ဦးလေးက သူ့ကို ကူညီတဲ့အနေနဲ့ ဒီကိုခေါ်လာခဲ့တာပါ။ အတတ်ပညာတစ်ခုခုသင်ရင်း သူ့ဘဝကို သူကျောင်းနိုင်ဖို့ တူမက ကူညီပေးစေချင်ပါတယ်"

ဦးမင်းကျော်က မရှည်လျားလှသော်လည်း ပြည့်စုံစွာရှင်းပြ၏။

ဖူးမွံ့က ထိန်လင်းကို တစ်ချက် အကဲခတ်ပြန်သည်။

"မင်းနာမည်က ဘယ်လိုခေါ်လဲ"

ထိန်လင်းကို တည့်တည့်မေးခြင်းဖြစ်သောကြောင့် ထိန်လင်း





ဝံ့ရာက မော့သည်။ မော့သည်နှင့် မျက်လုံးချင်းဆုံပြန်၏။ ထိန်လင်းရင်မှာ ဒိန်းခနဲ။

"ထိန် ... ထိန်လင်းပါ"

"အသက်က ..."

"နှစ်ဆယ်ပါ ..."

"အတန်းပညာ ဘယ်လောက်ထိသင်ဖူးလဲ"

"ဆယ်တန်း ဖြေဖူးပါတယ်"

"လောကုတ္တရာစာပေတော့ အတော်ထက်မြက်တာ။ ဆရာတော်ကြီးက ထူးချွန်တဲ့ဆရာတော်တစ်ပါးဖြစ်လာဖို့ မှန်းထားတဲ့သူငယ်ပဲ။ သူက မနေနိုင်လို့သာ"

ဦးမင်းကျော်က ဝင်၍ဖြည့်စွက်၏။

"မင်းက ဘာကြောင့် ရဟန်းဘောင်မတက်တာလဲ"

ဖူးမွံ့၏အမေး။ ထိုအမေးအတွက် ထိန်လင်းတွင် အဖြေမှန်ငြိမ်းသွားဖြစ်သော်လည်း ချက်ချင်းဖြေ၍ မဖြစ်။

"မ ... မပျော်လို့ပါ"

အလွယ်ကူဆုံးအဖြေကို ရွေးဖြေရသည်။

ဖူးမွံ့က ထိုအဖြေကို သဘောကျသည်ထင့်။ ခစ်ခနဲရယ်သည်။ ရယ်တော့လည်း လှပြန်တာပဲဟု ထိန်လင်း တွေး၏။

"ဦးလေး ... ကျွန်မကတော့ ဘာမှပြောစရာမရှိပါဘူး။ ဒါပေမဲ့ ဒင်ကိုကြီးကုံလုံက ဘာပြောမယ်မှန်းမသိသေးဘူး။ တစ်ခုခုထောက်နိုင်ဆိုရင် ကျွန်မ ဆုံးဖြတ်လိုက်လို့ရပါတယ်။ ခုဟာက လူတစ်ယောက်သွားရမယ့် ကိစ္စဆိုတော့ ..."

"တူမကိုအားကိုးပြီး လာခဲ့တာပဲကွယ်။ သူ့မှာ မိဘဆွေမျိုး



www.burmeseclassic.com

www.burmeseclassic.com



လည်းမရှိဘူး ဆိုတော့လေ ...''

ဖူးမှုံက ထိန်လင်းကို တစ်ချက်ကြည့်ပြန်ကာ ...

''အစ်ကိုကြီးကတော့ ကျွန်မပြောရင် ငြင်းမယ်မထင်ဘူး။ ဒါပေမဲ့ ဒီလိုလုပ် ...''

''ဘယ်လိုလဲ တူမ ...''

''ကျွန်မရဲ့ မောင်ဝမ်းကွဲဆိုပြီး ပြောပေးမယ်။ ဒီမှာနေ၊ ဒီမှာစား၊ ပညာလည်း တစ်ခုခုသင်၊ အိမ်အလုပ်လည်း တစ်ဖက်တစ်လမ်း ဝိုင်းကူပေါ့''

''သိပ်ကောင်းတာပေါ့ကွယ်''

''ဒီတော့ မောင် ... ထိန် ...''

''ထိန်လင်းပါ ...''

''အဲ ... ဟုတ်ပြီ။ မောင်ထိန်လင်း ... မင်းက ငါ့ကို အစ်မတစ်ယောက်လိုသဘောထား။ ငါ့ခင်ပွန်းမေးရင် မောင်နှမတစ်ဝမ်းကွဲလို့ပြော။ ဦးလေး ဦးမင်းကျော်ရဲ့နှမ ဒေါ်အေးမြရဲ့သားငယ်လို့ပြော။ ဒီတိုက်နောက်မှာ အဆောက်အအုံလေးတစ်ခုရှိတယ်။ အဲဒီမှာ မင်းနေရမယ်။ ခြံထဲမှာ ပန်းပင်ရေလောင်းတာတို့ဘာတို့ ဝိုင်းလုပ်ပေါ့ကွာ။ မင်းကို ကွန်ပျူတာဖြစ်ဖြစ်၊ တခြားအတတ်ပညာတစ်ခုခုဖြစ်ဖြစ် သင်ပေးမယ်။ ဒါက ဦးလေးရဲ့မျက်နှာနဲ့ ငါက မင်းကို စောင့်ရှောက်ကူညီတာပဲ။ မင်းနေနိုင်မလား''

''နေနိုင်ပါတယ် မ .. မမ''

'မမ' ဟုခေါ်ရသည်မှာ နှုတ်မရဲလှ။ ဒကာမကြီးဟု မခေါ်မိအောင် မနည်းသတိထားလိုက်ရသည်။ လောကမှာ မည်သူ့ကိုမှ မခေါ်ခဲ့ဖူးသော ဝေါဟာရ။ မမ။





''ကဲ ... ဦးလေးလည်း အစ်ကိုကြီးနဲ့တွေ့အောင် ဒီမှာတစ်ညအိပ်ပါ။ ဦးလေးရှိတော့ သူ့အတွက် အစ်ကိုကြီးကိုပြောရတာ ပိုပြီးအဆင်ပြေတယ်။ ပြီးတော့ ဒေါ်လေးအတွက်လည်း ကျွန်မပေးလိုက်ချင်တာလေးတွေ ရှိလို့ပါ''

''ကောင်းပါပြီကွယ်''

''ဒေါ်ဝိုင်းရေ ...''

ဖူးမှုံက အတွင်းဘက်သို့လှည့်၍ အသံပြုသည်။

'ရှင်' ဟူသော အသံနှင့်အတူ စောစောက တံခါးဖွင့်ပေးသောမိန်းမကြီး အပြေးတစ်ပိုင်း ထွက်လာသည်။

''ဘာလဲ ... မမလေး''

ရိုရိုကျိုးကျိုးရပ်ကာ မေးသည်။

''ဒါ ကျွန်မမောင်လေးပါ။ သူနေဖို့ နောက်ကအဆောက်အအုံလေးကို ရှင်းပေးပါ။ အခုနေ့ အခု''

''ဟုတ်ကဲ့ ...''

ဒေါ်ဝိုင်း ပြန်ထွက်သွားသည်။

''ဒီနေ့တော့ မင်းက ဦးလေးနဲ့အတူ ဒီတိုက်မှာပဲ အိပ်ရမယ်။ ညနေ အစ်ကိုကြီးပြန်လာလို့ တွေ့ပေးပြီးမှ နောက်ဘက်က တိုက်ခန်းလေးကို ပြောင်းနေရမယ်''

''ဟုတ်ကဲ့ ...''

''ကျေးဇူးတင်ပါတယ် တူမရယ်''

''ဦးလေးတို့ရဲ့ကျေးဇူးတွေ ကျွန်မအပေါ်မှာ အများကြီးပါ။ ကျွန်မ ကျေးဇူးဆပ်ခွင့်ရတာပဲ ဝမ်းသာလှပါပြီ''

ဦးမင်းကျော်ကိုပြောပြီး ဖူးမှုံက ထိန်လင်းဘက်လှည့်ကာ ..



www.burmeseclassic.com

www.burmeseclassic.com



"မင်း . . . ဘာမှ အားငယ်စရာ စိုးရွံ့စရာမရှိဘူး။ ဒါပေမဲ့ ငါ့စကားကိုတော့ နားထောင်ရမယ်။ မင်းက ငါ့မောင်လေးဆိုတာတော့ မမေ့အောင်မှတ်ထား"

ပိုင်ပိုင်နိုင်နိုင်ပြော၏။

"ဟုတ်ကဲ့ပါ မမ"

ထိန်လင်းပြန်အဖြေမှာ အကြည့်ချင်းဆုံသွားပြန်သည်။

ရင်ထဲကို လေပွေတစ်ချက်ဝင်မွှေပြန်လေ၏။

✿ ✿ ✿

[ ၄ ]

ရုပ်ရည်မှာ ညက်နုလှပသည်ဟု မဆိုသာသော်လည်း မပြင်ဆင်မခြယ်မသ ပကတိအတိုင်း သဘာဝအလှနှင့် ကြူကြူမှာ ဖူးဖူးငုံ့အရှိုင်းပန်းကလေးနှင့်တူသည်။ ကျန်းမာရေးကောင်းသူပီပီ ကိုယ်လုံးကိုယ်ထည်က တစ်တစ်ရစ်ရစ်လှလှပပ ရှိသည်ဟု ဆိုရမည်။

မျက်နှာက ပကတိ ရိုးစင်း၏။ မျက်လုံးတွေမှာ မာယာ မာန်ဆောင်မှု၊ စိုးစဉ်းမျှမထင်။

"ကဲ . . . အဖြစ်အပျက်ကို မမရှားကို သေသေချာချာပြောပြဦး"



www.burmeseclassic.com

www.burmeseclassic.com



ညြှိခန်းမှာ ရဲအုပ်သီဟက လုပ်စရာရှိသည်များလုပ်ရင်း မောင်တိုးကိုသွားခေါ်နိုင်းကာ မောင်တိုးရောက်အလာကို စောင့်နေ၏။ မေစံရှားက ရဲအုပ်သီဟကို ခွင့်တောင်းကာ မီးဖိုခန်း၌ရှိသော ကြူကြူ နှင့် ဝင်တွေ့ခြင်းဖြစ်သည်။

ကြူကြူက မျက်ရည်များပြည့်နေသော မျက်လုံးများဖြင့် မေစံရှားကို မော့ကြည့်သည်။ စကားသံမထွက်လာမီ ရှိုက်သံတစ်ချက်က ဦးစွာပေါ်လာ၏။ မေစံရှားက ကြူကြူကို မိန်းမသားချင်း စေ့ငုစွာမေးမည်ဖြစ်သောကြောင့် ကိုနေသော်ကို ရဲအုပ်သီဟနှင့် အတူညြှိခန်းတွင် နေစေခဲ့သည်။ ကြည်ပြာကိုသာ အဖော်ခေါ်လာခဲ့သည်။ မေစံရှားက ကြူကြူ့လက်ကို ဆုပ်ညှစ်အားပေးလိုက်၏။

"ကြူကြူ့အဖြစ်ကဆိုးတာပါ မမရှားရယ်။ ပြောလည်း မပြောချင်ပါဘူး။ ရှက်လှပါတယ်"

ဟု ခပ်တိုးတိုး ငို၍ပြောသည်။

"မပြောချင်လို့လည်း မရဘူးလေ ကြူကြူရဲ့။ ကိုယ်က မဖြစ်ချင်ပေမဲ့ ပြဿနာက ဖြစ်လာပြီလေ။ ဒါနဲ့နေပါဦး။ အိမ်မှာ အန်တီဒေါ်တင်နွဲ့တို့၊ မသဇင်တို့မရှိဘူးလား"

"သူတို့ ဘုရားဖူးလိုက်သွားကြတယ်။ နှစ်ရက်ရှိပြီ"

"ဒါဖြင့် အခုအဖြစ်အပျက်ကို မမရှားကို နားလည်အောင် ပြောပြဦး။ ဒါမှ မမရှားလည်း ကြူကြူ့ကို ကူညီနိုင်မှာ။ ကြူကြူဟာ မမရှားရဲ့ညီမလေးဆိုလည်း ဟုတ်ပါတယ်။ ကြည်ပြာက မမရှားရဲ့မိတ်ဆွေဖြစ်ရုံမကဘူး ဦးပြည့်စုံတို့နဲ့လည်း ခင်မင်နေတာမို့ ကြူကြူ့ဘက်က မမရှား ရပ်တည်ပေးမှာပါ"

မေစံရှားက ချော့မော့နှစ်သိမ့်သည်။ ကြည်ပြာက ဘာမျှဝင်





မပြော။ သူမအနေနှင့် သိပြီးတန်သလောက် သိပြီဖြစ်၏။ မေစံရှားက တော့ ယခုထိ အဖြစ်အပျက်ကို ဇာတ်ရည်ပလည်သေး။

"မနက်က ကျွန်မဟာ ထုံးစံအတိုင်း မီးဖိုထဲမှာ ချက်ပြုတ်နေပါတယ်။ အဲဒီအချိန်မှာ အန်ကယ်ဦးပြည့်စုံက ငါ အစည်းအဝေးသွားရမယ် နောက်ကျနေပြီ။ ၈ နာရီတောင်ကျော်နေပြီဟ။ ကော်ဖီမြန်မြန်ဖျော်ပေးလို့ ပြောပါတယ်။ ကျွန်မက မီးဖိုထဲမှာ ချိတ်ထားတဲ့ နံရံပေါ်ကနာရီကို လှမ်းကြည့်တော့ အန်ကယ်ဦးပြည့်စုံပြောသလိုပဲ ၈ နာရီထိုးပြီး ၁၀ မိနစ်ရှိနေပါပြီ။

ဒါနဲ့ပဲ ကပျာကယာ ကော်ဖီဖျော်ပြီး ပေါင်မုန့်ထောပတ်သုတ်ကို ပြင်ပေးပါတယ်။ အန်ကယ်ဦးပြည့်စုံလည်း ကော်ဖီခပ်မြန်မြန်သောက်ပြီး ထမင်းစားခန်းထဲက ထွက်သွားပါတယ်"

မေစံရှား တွေဝေသွားသည်။ တစ်ခုခုတော့ လွဲမှားနေပြီဟု မေစံရှား တွေးလိုက်မိခြင်းဖြစ်သည်။

ဦးပြည့်စုံကို ရဲအုပ်သီဟတို့ မေးစဉ်က ဦးပြည့်စုံသည် ရုံးသို့ ၈ နာရီအတိမှာရောက်သည်ဟု ပြောခဲ့သည်။ ကြူကြူပြောသည်မှာ ဦးပြည့်စုံကော်ဖီဖျော်ခိုင်းချိန်မှာပင် ၈ နာရီနှင့် ၁၀ မိနစ်ရှိနေပြီ တဲ့။

နာရီက မြန်နေ၍လား။

မေစံရှားက သူမ၏ လက်ပတ်နာရီကို ငုံ့ကြည့်လိုက်၏။ 3:15။ နံရံပေါ်က နာရီကို မေစံရှားလှမ်းကြည့်ပြန်သည်။ 3:15 ။

နာရီမမြန်ပါ။ မှန်နေသည်မှာ ကွက်တိ။

သို့ဖြစ်လျှင် . . . ဦးပြည့်စုံ၏စကားနှင့် ကြူကြူ၏စကားမှာ အဘယ်ကြောင့် ကွာခြားနေသနည်း။



www.burmeseclassic.com

www.burmeseclassic.com



မေစံရှားမျက်လုံးများက နာရီအောက်တည့်တည့်နံရံနှင့် ကပ်လျက်ချထားသော ထိုင်ခုံဆီသို့ ရောက်သွားသည်။

"ကြူကြူ အဲဒီထိုင်ခုံက ဘယ်ကခုံလဲ"

ကြည်ပြာက မေစံရှားကိုလှမ်း၍ အကဲခတ်သည်။ မေစံရှား တစ်စုံတစ်ခုတွေးနေဟန်ကို သူမ သတိပြုမိပုံရသည်။

"အဲဒါက ကျွန်မထမင်းစားရင် ထိုင်တဲ့ခုံပါ။ ကျွန်မက ထမင်းစားရင် ဟိုစားပွဲမှာ စားပါတယ်"

ကြူကြူက မီးဖိုခန်းထောင့်ရှိစားပွဲကို ညွှန်ပြသည်။

"ဒါဖြင့် ထိုင်ခုံက ဘာဖြစ်လို့ စားပွဲမှာမရှိဘဲ နာရီအောက်တည့်တည့် ရောက်နေတာလဲ။ ကြူကြူရွှေ့ထားတာလား"

"မဟုတ်ပါဘူး မမရှား။ ကြူကြူမရွှေ့ပါဘူး"

"ကဲ . . . ဟုတ်ပါပြီလေ။ စောစောက ကြူကြူပြောနေတဲ့စကား ပြန်ဆက်ကြရအောင်။ ကြူကြူ့ကို ဦးပြည့်စုံ ကော်ဖီလာဖျော်ခိုင်းပြီး ကော်ဖီသောက်နေတုန်းက ဝတ်ထားတဲ့လုံချည်ဟာ ဘာလုံချည်မျိုးလဲ"

"ကချင်လုံချည်ပါ"

"ဦးပြည့်စုံကော်ဖီသောက်ပြီး အိမ်က တစ်ခါတည်းထွက်သွားတာလား"

"ဟုတ်ပါတယ်။ အန်ကယ်ဦးပြည့်စုံထွက်သွားတော့ ကျွန်မ အိမ်ရှေ့တံခါးကို လိုက်ပြီးတော့ ပိတ်လိုက်ပါသေးတယ်"

"ပြီးတော့ရော . . ."

"ပြီးတော့ ကျွန်မက မီးဖိုထဲပြန်လာပြီး ဟင်းရွက်လှီးပါတယ်။ အဲဒီအချိန်မှာပဲ နောက်က ခြေသံကြားလို့ လှည့်ကြည့်လိုက်ပါတယ်။ ကျွန်မမျက်စိထဲမှာ ကချင်လုံချည်ကို ရိပ်ခနဲ မြင်လိုက်ရသလိုပါပဲ။ လက်





ဘယ်ဖက်က လက်ကိုင်ပဝါတစ်ခုကို ကျွန်မနှာခေါင်းကို လာပိတ်တော့ ကျွန်မလည်း စူးရှရှအနံ့တစ်ခုရှူမိပြီး သတိမေ့သွားတာပဲ"

"လူကိုရော မမြင်လိုက်ရဘူးလား"

"မမြင်ရပါဘူး"

"အဲဒီလူက ဘယ်ကဝင်လာတာလဲ။ ကြူကြူက အိမ်ရှေ့တံခါးကို လိုက်ပိတ်တယ်ဆို"

"မီးဖိုကနေ အပြင်ထွက်တဲ့တံခါးက ဝင်လာတာဖြစ်မယ်။ တံခါးက အဲဒီအချိန်မှာ ဖွင့်ထားပါတယ်"

"ဟိုတံခါးမကြီးလား"

မေစံရှားက လှမ်းမြင်နေရသော တံခါးကို ညွှန်ပြရင်း မေးလိုက်သည်။

"ဟုတ်ပါတယ်"

မေစံရှားသည် တံခါးရှိရာသို့ လျှောက်သွားကာ ပွင့်နေသော တံခါးမှ အပြင်သို့လှမ်းကြည့်၏။ တိုက်၏ခြေရင်းဘက်တွင် သစ်ခွ၊ နှင်းဆီ [illegible]င်ပျိုးပင် စိုက်ခင်းကိုတွေ့ရသည်။ တိုက်နှင့် ပန်းပျိုးခင်းများကြား [illegible] လမ်းကလေးရှိသည်။ ဆိုက်ရှေ့သို့ထွက်၍ရသော လမ်းကလေး ဖြစ်သည်။

မေစံရှားက တံခါးပေါက်မှနေ၍ ကြူကြူဟင်းရွက်လှီးနေမည့် နေရာအထားက တံခါးကို ကျောပြုထားသည်။ ထို့ကြောင့် အမွှေပြုကျူးလွန်သူသည် ထိုတံခါးမှ ဝင်လာခဲ့ခြင်းဖြစ်ပြီး ကြူကြူက မမြင်ခဲ့ခြင်းဖြစ်သည်။

ကြူကြူနှင့် ကြည်ပြာရှိရာသို့ ပြန်လာပြီး . . .

"အဲဒီနောက်တော့ရော . . ."



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်မသတိလစ်နေတဲ့အချိန်မှာ အဓမ္မပြုကျင့်ခံရတယ်ဆိုတာ ခန့်မှန်းမိပါတယ်။ ကျွန်မ သတိပြန်ရလာတော့ ကျွန်မအခန်းထဲက အိပ်ရာပေါ်မှာပါ။ ကျွန်မတစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေပါတယ်။ မီးဖိုထဲမှာတုန်းက ကျွန်မဝတ်ထားတဲ့ လုံချည်မဟုတ်ဘဲ တခြားထဘီတစ်ထည် ဖြစ်နေပါတယ်။ ဝတ်ထားတဲ့ပုံစံမဟုတ်ဘဲ စွပ်ရုံစွပ်ထားတာပါ''

''မီးဖိုထဲမှာတုန်းကဝတ်တဲ့ ထဘီက ဘယ်ရောက်သွားလဲ''

''ကျွန်မအခန်းထဲက အဝတ်ဟောင်းထည့်တဲ့ ခြင်းထဲရောက်နေပါတယ်''

''အဲဒီထဘီ အခုဘယ်မှာလဲ''

''ရဲအရာရှိကို အပ်လိုက်ပါပြီ''

''မင်းကိုရော ဆရာဝန်ကြီးက စစ်ဆေးပြီးပြီလား''

''ဟုတ်ကဲ့''

''ဘာပြောလဲ''

''ကျွန်မကို ဘာမှမပြောပါဘူး''

''ကြူကြူသတိရလာတော့ ဘာလုပ်လဲ''

''အခန်းထဲကနိုးပြီး ထွက်လာတာ အိမ်ရှေ့အရောက်မှာ မမလေးသခင်ရဲ့ သူငယ်ချင်းမမကြည်ပြာနဲ့ တွေ့တာပါ''

ကြည်ပြာက ဝင်၍ . . .

''ဟုတ်တယ် မေစံရှား။ အဲဒါနဲ့ ငါက အကျိုးအကြောင်း သိတာနဲ့ ရပ်ကွက်လူကြီးဆီသွား၊ အဲဒီကနေ ရဲစခန်းကို သွားပြီးတိုင်တာပဲ''

ဟု ပြောသည်။

''မောင်တိုး လာတယ်ဆို''





''အဲဒါ ကျွန်မ မသိပါဘူး။ ကျွန်မနဲ့ မတွေ့ပါဘူး''

''မောင်တိုးနဲ့ကြူကြူက ချစ်သူတွေဆို''

''မှန် . . . မှန်ပါတယ်''

''လက်ထပ်ကြတော့မယ့် အခြေအနေလား''

''ဟုတ်ပါတယ်။ ကျွန်မက ပိုက်ဆံစု၊ သူလည်း ပိုက်ဆံစု။ ပြီးရင် ရွာပြန်ကြမယ်။ လက်ထပ်မယ်။ ရွာမှာပဲ လုပ်ကိုင်စားမယ်လို့ ချိန်းထားပါတယ်''

''ဦးပြည့်စုံက ကချင်လုံချည် တော်တော်ကြိုက်ပုံရတယ်နော်''

''ဟုတ်ကဲ့။ အဲဒီလုံချည်မျိုး အများကြီးရှိပါတယ်။ အင်္ကျီအဖြူ ကော်လံကတုံးနဲ့ ကချင်လုံချည်ကို တွဲဝတ်တတ်ပါတယ်''

''ကြူကြူ ဘာမှ စိတ်အားမငယ်နဲ့။ အမှုမှန်ပေါ်မှာပါ''

မေစံရှားက ကြူကြူကို အားပေးပြီးနောက် သူမ၏စလင်းအိတ်ထဲမှ ဒစ်ဂျစ်တယ်ကင်မရာလေးကို ထုတ်ယူလိုက်သည်။

''ဘာရိုက်မလို့လဲ မေစံရှား''

ကြည်ပြာက မေးသည်။ မေစံရှားက ပြုံးပြလိုက်သည်။

''နံရံက နာရီနဲ့ အောက်ကထိုင်ခုံကို ရိုက်ချင်လို့ပါ''

✿ ✿ ✿

''မင်းနာမည် မောင်တိုးနော်''

''ဟုတ်ပါတယ် ခင်ဗျား''

''မင်းနဲ့ ဒီအိမ်က ကြူကြူဆိုတဲ့ကလေးမလေးက ဘာတော်



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမတော်ပါဘူး။ ဟို . . . ဟို . . . ချစ် . . . ချစ်သူတွေပါ"

"မင်းနဲ့သူနဲ့ အဆက်အသွယ်အမြဲရှိလား"

"ရှိပါတယ်။ သူ့ဆီဖုန်းဆက်တဲ့အခါ ဆက်ပါတယ်။ လူချင်းတွေ့တဲ့အခါ တွေ့ပါတယ်"

"မင်းတို့က ယူတော့မှာလား"

"ဟုတ်ပါတယ်။ သူရော ကျွန်တော်ပါ ပိုက်ဆံစုပြီး ပြည့်စုံရင် ယူကြမှာပါ။ ရွာပြန်ပြီး နေကြမှာပါ"

"တစ်ရွာတည်းကလား"

"ဟုတ်ကဲ့ . . . တစ်ရွာတည်းကပါ"

"မင်း . . . အခု ဘာလုပ်လဲ"

"ဘုရင့်နောင် ပွဲရုံတစ်ခုမှာ အလုပ်လုပ်ပါတယ်"

"နေတော့ရော . . ."

"ပွဲရုံမှာပဲ အိပ်ပါတယ်"

"ဒီမနက် မင်း ကြူကြူဆီကို လာတယ်ဆို"

"ဟုတ်ကဲ့ . . . လာပါတယ်"

"ကြူကြူနဲ့ မင်း ပြဿနာတက်သွားတယ်ဆို"

"ဟာ . . . မဟုတ်ပါဘူး။ ကျွန်တော်လာပေမဲ့ ကြူကြူနဲ့ မတွေ့ခဲ့ရပါဘူး။ တံခါးပိတ်ထားလို့ပါ"

ရဲအုပ်သီဟအကြည့်က မေစံရှားတို့ထံသို့ ရွေ့လာသည်။

မောင်တိုးမှာ ဆံပင်တိုတို၊ အသားညိုညိုနှင့် ကိုယ်လုံးကိုယ်ထည် တောင့်တောင့်တင်းတင်းရှိသော လူငယ်တစ်ယောက်ဖြစ်သည်။ ပညာတတ်ဟန်မရှိ။ မျက်နှာမှာ ရိုးသားမှုတော့ပေါ်လွင်သည်ဟု မေစံရှား





တွေးမိ၏။

"ဦးတောကျော်က မင်း တိုက်ထဲဝင်သွားတယ်ပြောပါလား"

"ကျွန်တော် တိုက်ထဲမဝင်ပါဘူး။ ကြူကြူ့ကိုခေါ်တာ မရလို့။ တိုက်က တံခါးပိတ်ထားပါတယ်"

"ဦးတောကျော်က မင်းတိုက်ထဲဝင်တယ် ပြောတာပဲ"

"မဟုတ်ပါဘူး။ ဦးလေးတောကျော်ကို နှုတ်ဆက်ပြီး ကျွန်တော် တိုက်ဆီကိုသွားတာပါ။ တံခါးပိတ်ထားပြီး ခေါ်မရလို့ ပြန်ထွက်လာတာပါ။ ဦးလေးတောကျော်ကိုပဲ ကြူကြူ့ကိုခေါ်မရကြောင်းပြောပြီး ပြန်သွားတာပါ"

"မင်း တိုက်နောက်က လှည့်ဝင်တာမဟုတ်လား"

"မဟုတ်ပါဘူး။ ကြူကြူက ကျွန်တော့်ကို စကားပြောရင် အိမ်ရှေ့မှာပဲ ပြောပါတယ်။ တိုက်ထဲတောင် အဝင်မခံပါဘူး။ လူကြီးတွေက မကြိုက်မှာစိုးလို့ပါ"

"မင်းတိုက်ဆီကိုသွားပြီး ကြူကြူ့ကိုမတွေ့ဘဲ ပြန်သွားတယ်ဆို"

"ဟုတ်ပါတယ်"

"မင်းရောက်လာပြီး ပြန်လာထွက်သွားတာ ဘယ်လောက်ကြာလဲ"

"မကြာပါဘူး။ ငါးမိနစ်၊ အလွန်ဆုံး ဆယ်မိနစ်ပါပဲ"

"မင်း ဒီနေ့ဝတ်ထားတာ ဒီလုံချည်လား"

"ဟုတ်ပါတယ်"

လုံချည်က ခရမ်းရောင်နဲ့ အစိမ်းကွက်ကချင်လုံချည်။ နွမ်း[illegible] နွမ်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ်သီဟနှင့်မေစံရှား အကြည့်ချင်းဆုံပြန်၏။

ယနေ့မှ လုံချည်တွေက တိုက်ဆိုင်နေလိုက်တာ။ ဦးပြည့်စုံဝတ်သည်ကလည်း ကချင်လုံချည်။ ဦးတောကျော်ဝတ်ထားသည်ကလည်း ကချင်လုံချည်။ အရောင်အသွေး၊ အသစ်နှင့်အဟောင်း အနည်းငယ်ပဲကွာသည်။

"ဒီလုံချည် မင်းဘယ်ကဝယ်လဲ"

မောင်တိုး မလုံမလဲဖြစ်သွားသည်။

"ဝယ်တာမဟုတ်ပါဘူး။ ကြုံကြုံပေးတာပါ"

"ကြုံကြုံပေးတာ ဟုတ်လား"

"ဟုတ်ကဲ့ . . .။ ကြုံကြုံ့ကို သူ့သူငွေးကပေးတာတဲ့။ အသစ်တော့မဟုတ်ပါဘူး။ ကျွန်တော့်ကိုသိနေလို့ သူ့လုံချည်ကိုပေးတာပါ"

"ဪ . . . နားလည်ပြီ၊ နားလည်ပြီ။ တစ်ခုတော့ တို့ကိုကူညီကွာ။ မင်းလုံချည်ကို ငါတို့ ခေတ္တသိမ်းချင်တယ်"

"ဟာ . . . ဆရာ့ကို ဒီလုံချည်ပေးလိုက်တော့ ကျွန်တော်ကဘာနဲ့ပြန်ရမှာလဲ"

မောင်တိုးစကားကြောင့် မေစံရှားတို့အားလုံး ပြုံးလိုက်မိကြ၏။ ရဲအုပ်သီဟကမူ သဘောကျစွာ တဟားဟား အသံထွက်ရယ်လိုက်သည်။

✿ ✿ ✿

❑

"သီဟ နင့်ကို ငါတစ်ခု အကြံပေးချင်တယ်"

ရဲအုပ်သီဟအား မေစံရှားက တိုက်ရှေ့ဘက်ဆီသို့ ခေါ်လာ . . . တိုးတိုးပြောလိုက်သည်။

"ရတယ်လေ။ ပြော . . ."

"နင့်ကိုငါ ဆရာလုပ်တာ မဟုတ်ဘူးနော်။ တာဝန်သိ ပြည်သူ . . .ဦးအနေနဲ့ ရဲတပ်ဖွဲ့ကို ကူညီတာ"

"အေးပါဟာ . . . ပြောစမ်းပါ။ နင်က ရှေ့နေဆိုပြီး ဥပဒေ . . .ာင်ဝင်အောင် ပြောနေပြန်ပြီ"

"ငါ . . . ဓာတ်ပုံရိုက်ထားတာရှိတယ်။ ဒီမှာ ရော့ . . ."

မေစံရှားက သူမ၏ ဒစ်ဂျစ်တယ်ကင်မရာကို ဖွင့်ပြသည်။ . . .ါက နာရီ။ နာရီအောက်က ထိုင်ခုံ။

ရဲအုပ်သီဟ နားမလည်စွာဖြင့် မေစံရှားကို ကြည့်၏။

"အဲဒါ ဘာလဲဟ"

"ဒီလိုသူငယ်ချင်းရဲ့ . . ."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၁၀ |

❑

ဦးကံ့လုံက သူ၏မေးသော မျက်လုံးများကို စင်း၍ ထိန်လင်းကိုကြည့်နေသည်။ အကဲခတ်နေခြင်းဖြစ်၏။

မိမိကို လက်ခံပါ့မလားဟူ၍ ထိန်လင်း ရင်ခုန်နေသည်။

ဖူးမှုံက ဦးကံ့လုံဘေးတွင် ထိုင်နေရာမှ ...

''ဒေါ်လေးရဲ့သား အငယ်ကောင်လေး။ သူ့ကို ငယ်ငယ်ကတည်းက ဘုန်းကြီးကျောင်းပို့ထားတာ။ အဲဒါကြောင့် အရင်က အစ်ကိုကြီးမမြင်ဖူးတာ။ အခုသူက ရဟန်းဘောင်မတက်ချင်ဘူး။ အလုပ်လုပ်မယ်ဆိုလို့ ဦးလေးက ဖူးမှုံဆီခေါ်လာတာ''





စကားပြေဝင်ခင်းသည်။

ဦးမင်းကျော်က ...

''ရွာမှာဆိုရင်တော့ လယ်လုပ်ဖို့ပဲရှိတာ။ လက်မှုစက်မှု ဗဟုသုတတစ်ခုခု သင်ချင်တယ်ဆိုတော့ တူမကြီးဆီပဲ အားကိုးပြီး ခေါ်လာခဲ့တာပါ''

ထပ်ဆင့်၍ တွန်းအားပြုစကားဆိုသည်။

''ဖူးမှုံကတော့ သူ့ကို အစ်ကိုကြီးက တစ်ခုခုသင်ပေးပြီး အိမ်မှာပဲဖြစ်ဖြစ်၊ အစ်ကိုကြီးအလုပ်မှာပဲဖြစ်ဖြစ် ခိုင်းစေချင်တယ်။ အစ်ကိုကြီးအဖို့လည်း လူရင်းဆိုတော့ ယုံကြည်စိတ်ချစွာ ခိုင်းလို့ရတာပေါ့''

ထိန်လင်းကတော့ လူကြီးတွေ၏စကားကို ငြိမ်၍ နားထောင်နေရုံသာ။

''အသက်ဘယ်လောက်ရှိပြီလဲ''

ဦးကံ့လုံ၏ ပထမမေးခွန်း။

''နှစ်ဆယ်ပါ''

ထိန်လင်း၏ ပထမဆုံးအဖြေ။

''ဘယ်နှစ်တန်းအထိ ပညာသင်ဖူးလဲ''

''ဆယ်တန်းဖြေဖူးပါတယ်''

ဦးမင်းကျော်က ဝင်၍ ...

''ဆရာတော်က သူ့ကို လက်သပ်မွေးထားတာပါ။ ကျောင်းမှာနေ ကျောင်းမှာစားပေါ့။ ကျောင်းလည်းထားပေးတယ်။ နောက်တော့ ကိုရင်ဝတ်ပေးတယ်။ ဒီနှစ် ရဟန်းဘောင်တက်ဖို့ ဆရာတော်ကစီစဉ်တော့မှ သူက လူထွက်မယ်ဖြစ်တာလေ''

ဖြည့်စွက်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကံ့လုံက ခေါင်းညိတ်ပြီး ...

''ပညာအခြေခံလေးရှိတော့ မဆိုးပါဘူး။ ဒီတော့ ဒီလိုလုပ်ပါ။ သူ့ကို ကွန်ပျူတာသင်နိုင်းမယ်။ နောက်ကျရင် ကျွန်တော့်ကုမ္ပဏီမှာ နေရာတစ်ခုပေးမှာပေါ့။ မှုံလေးပြောသလို မှုံလေးရဲ့မောင်ဆိုတော့ ကျွန်တော့်အဖို့ လူယုံရတာပေါ့''

ဦးမင်းကျော်ကို ဦးတည်၍ ပြောသည်။

''ဟာ ... သိပ်ကောင်းတာပေါ့ခင်ဗျာ''

ဦးမင်းကျော်၏ ဝမ်းသာအားရထောက်ခံစကား ...

ထိန်လင်းသည်လည်း ပျော်သွားသည်။ မိမိအဖို့ ရှေ့ရေးလမ်းပွင့်သွားပြီ။ မမဖူးမှုံ့တို့အိမ်မှာ နေခွင့်ရပြီ။

ဖူးမှုံ့က အပြုံးဝင်းလဲ့လဲ့ဖြင့် ...

''ဦးလေး ... တွေ့လား။ အစ်ကိုကြီးက ကျွန်မအတွက်ဆိုရင် အမြဲဦးစားပေး စဉ်းစားပေးတာပါဆိုတာလေ''

''ဦးလေး သဘောပေါက်ပါတယ်ကွယ်။ မောင်ကံ့လုံကိုလည်း ကျေးဇူးတင်ပါတယ်''

''ကျေးဇူးစကားမပြောပါနဲ့ ဦးလေးရယ်။ မှုံလေးအတွက်ဆို ကျွန်တော်က ဘာလုပ်ပေးရပေးရပါ။ ပြီးတော့ ဒီလောက်လေး လုပ်ပေးရတာ ကျွန်တော့်အတွက် ဘာမှအပန်းမကြီးပါဘူး''

ဦးမင်းကျော်က မောင်ကံ့လုံဟုခေါ်ခြင်းကိုလည်းကောင်း၊ ဦးကံ့လုံက 'ဦးလေး' ဟု ပြန်လည်ခေါ်ခြင်းကိုလည်းကောင်း ထိန်လင်းစိတ်ထဲမှ ကျိတ်၍ ပြုံးနေမိ၏။

စင်စစ် ဦးမင်းကျော်နှင့် ဦးကံ့လုံမှာ အရွယ်အများကြီးမကွာလှ။ ပြောရလျှင် ညီအစ်ကိုပမာမျှသာ။ သို့သော် ဖူးမှုံ့နှင့်ပတ်သက်၍





ဦးလေးတော်နေရသလို ဦးကံ့လုံက ဦးမင်းကျော်၏ တူသဖွယ်ဖြစ်နေရသည်မဟုတ်လား။

အသက်အရွယ်နှင့် အခေါ်အဝေါ်ကိုသာ ဘေးက နားထောင်ချင် ရယ်ချင်ပြုံးချင်စရာပင်။

ပြီးတော့ ဖူးမှုံ့နှင့်ဦးကံ့လုံယှဉ်၍ ထိုင်နေသည်ကိုကြည့်ပြီး ထိန်လင်း ဘဝင်မကျနိုင်။ အကြောင်းမသိလျှင် မည်သူမျှ ဇနီးမောင်နှံဟု လက်ခံမည်မဟုတ်။ သားအဖဟုသာ ပြောကြမည်မှာ အသေအချာ။

အရွယ်က ကွာလှသည်။

'ဖူးမှုံ့သည် ဖခင်အရွယ်လူကြီးကိုမည်သို့ ပေါင်းဖက်နေပါသည်။ ဖူးမှုံ့ ထိုလူကြီးကို ချစ်ရဲ့လား။ ဖူးမှုံ့ ထိုလူကြီးနှင့်နေရသည်မှာ ပျော်ရွှင်ပါရဲ့လား'

ထိန်လင်းအတွေးတွေ ပွားမိသွားသည်။

ပြီးမှ ...

'အို အဲဒါငါနဲ့ဘာဆိုင်လို့လဲ။ ဒါကသူတို့ကိစ္စပဲ' ဟု စိတ်ကို ချက်ချင်း ပြင်ဆင်ဟန့်တားလိုက်ရသည်။

''ကဲ ... မှုံလေး၊ မှုံလေးမောင် နေဖို့တွေဘာတွေ လိုတာ စီစဉ်ပေးလိုက်လေ။ အဲဒါတော့ အစ်ကိုကြီးဘာမှ အကြံမပေးတော့ဘူး။ မင်းစိတ်ပြေအောင်သာ လုပ်ပေးလိုက်နော်''

ဦးကံ့လုံ၏စကားသံက ထိန်လင်းအတွေးကို ဖြတ်ပစ်လိုက်သည်။

''ဟုတ်ကဲ့ အစ်ကိုကြီး''

ဖူးမှုံ၏ ချွဲနွဲ့နွဲ့စကားသံ။

ထိန်လင်း ဖူးမှုံ့ကိုလှမ်းအကြည့်မှာ ဖူးမှုံ၏မျက်လုံးများနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခလုတ်တိုက်မိရပြန်ပြီ။ ရင်မှာ ဒိုင်းခနဲ မြည်ဟည်းသွားရသည်။

"ဘုရား ... ဘုရား ... ငါ .. ဘာဖြစ်နေတာလဲ။ ငါ ... မမဖူးမွှံအပေါ် မရိုးသားစိတ် ဝင်နေပြီလား။ ဒါ မဖြစ်ဘူးနော်။ မမဖူးမွှံက အိမ်ထောင်ကြီးနဲ့။ ငါ ... ဒု ... သ ... န ... သော ဖြစ်သွားမယ်"

မိမိကိုယ်ကိုယ်ဆုံးမကာ ထိန်လင်းသည် မိမိမျက်လုံးများကို ရုတ်ခြည်း လွှဲဖယ်ပစ်လိုက်ရ၏။ သို့တိုင် ရင်ထဲမှာက ...။

✿ ✿ ✿

| ၁၁ |

❑

"နေပါဦး ရှားရယ်။ ရှားအတွေးကို ကိုကို့ကို ပြောစမ်းပါဦး"

ကိုနေသော်က ရုံးခန်းပြန်ရောက်ရောက်ချင်း သိလိုသည်ကို အောင့်နိုင်ဘဲ တိုက်တွန်းလိုက်သည်။

မေစံရှားက သူမ၏ရှေ့နေကုတ်ကိုချွတ်၍ ချိတ်တွင်ချိတ်ရင်း–

"အဲဒါက ကိုကို့စကားကြောင့် ရှားစဉ်းစားဖို့ လမ်းရတာပါ"

ဟု ပြောသည်။

"ဘယ်လို ... ကိုကိုက ပြောလို့လဲ"

"ကိုကိုပဲ ပြောခဲ့တာလေ။ ရဲအုပ်သီဟက ဦးတောကျော်တို့ကို ...ပြီးချိန်မှာ ရှားနဲ့ကိုကို စကားပြောကြတော့ ကိုကိုက ဦးပြည့်စုံ

www.burmeseclassic.com

www.burmeseclassic.com



က စာစောင်အတော်ဖတ်ပုံရတယ်။ မဂ္ဂဇင်း၊ ဂျာနယ်တွေ အများကြီးပဲ။ အထူးသဖြင့် မှုခင်းဂျာနယ်နဲ့ စုံထောက်မဂ္ဂဇင်းတွေ တွေ့ရတယ်လို့ ပြောတယ်လေ''

''ဟုတ်တယ်လေ။ အဲဒါနဲ့ ဘာဆိုင်လဲ''

''ဆိုင်တာပေါ့၊ မှုခင်းဂျာနယ်၊ စုံထောက်မဂ္ဂဇင်းတွေဖတ်ရင် မှုခင်းနဲ့ပတ်သက်လို့ ဗဟုသုတရှိမယ်ဆိုတာ တွေးစရာမလိုဘူး။ အဲဒီမှာ ရှားသတိရမိတာက ဦးပြည့်စုံဟာ တစ်ချိန်တစ်ခါက မြို့နယ်တရားသူကြီးအဖွဲ့မှာ ပါဖူးတယ်ဆိုတာကိုပဲ''

''အဲဒီတော့ ...''

''မှုခင်းကို စိတ်ဝင်စားတာ၊ ဥပဒေကို ကျွမ်းကျင်တာဟာ မှုခင်းကို ကြိုကာနိုင်တယ် ကိုကို။ ရိုးသားသူက မှုခင်းမဖြစ်အောင် ကာကွယ်နိုင်သလို၊ မသမာသူအဖို့ကျတော့ မှုခင်းကို အမှုမပေါ်အောင် ရှောင်နိုင်တဲ့နည်းလမ်းတွေ ရသွားတတ်တယ်။ အဲဒါ ကိုကိုလက်ခံလား''

''လက်ခံပါတယ်။ တစ်ခါတစ်ရံမှာ မှုခင်းဇာတ်လမ်းတွေထဲကအတိုင်း အပြင်မှာလိုက်ပြီး လုပ်တတ်ကြတယ်လေ။ ဒိုင်ယာဘောလစ်ကားထဲကအတိုင်း ဖောက်သွားတာမျိုးပေါ့''

''မှန်တယ် ကိုကို။ အဲဒီလိုပဲ ဥပဒေကျွမ်းကျင်သူက ဘယ်လိုအမှုမှာ လက်သည်မပေါ်အောင် ဘယ်လိုလှည့်ကွက်လုပ်ရင် ရမယ်ဆိုတာသိနေတော့ လက်မွေဖျောက်တာတို့၊ အချိန်ကို လှည့်စားတာတို့၊ အလီဘိုင်ပြနိုင်အောင် ဆင်ထားတာတို့ လုပ်နိုင်တာပေါ့။ ခုကိစ္စမှာတော့ ရှားအမြင်မှာ ဦးပြည့်စုံဟာ ဒီလိုဖန်တီးခဲ့သူပဲ''

''စွပ်စွပ်စွဲစွဲ ရှားရယ်။ လူရိုသေရှင်ရိုသေရှိပြီး ဘုရားနဲ့တရားနဲ့နေတဲ့ လူကြီးလူကောင်းကိုမှ မုဒိမ်းသမားလို့ စွပ်စွဲရသလား။ မဖြစ်





နိုင်ပါဘူး''

''ရဲအုပ်သီဟက ရှားအကြံပေးသလို နာရီကို သိမ်းသွားတယ်။ နာရီမှာ လက်မွေရာရှာမယ်။ ပြီးတော့ ဦးပြည့်စုံအိပ်ခန်းထဲက အဝတ်ခြင်းထဲမှာတွေ့တဲ့ ကချင်လုံချည်ကို သိမ်းသွားတယ်။ ဓာတုဗေဒဝန်ရုံးကိုပို့တယ်။ အဲဒီအဖြေထွက်လာရင် ရှားယူဆချက်မှန်မမှန် ကိုကိုတွေ့မှာပါ''

''မဟုတ်ရင် အားနာစရာ ရှားရယ်''

''ကိုကို စဉ်းစားကြည့်။ မောင်တိုးဟာ ကြူကြူ့ချစ်သူလေ။ သူကဘာကြောင့် ကြူကြူ့ကို ခုလို ကာမလုပ်ယူတာမျိုးလုပ်မလဲ။ မဖြစ်နိုင်ဘူးလေ။ ပြီးတော့ ဦးတောကျော်ဟာ တိုက်ရှေ့မှာ ခြံရှင်းနေတာ။ လက်တွေခြေတွေမှာ မြေမှုန်တွေနဲ့လေ။ ထမင်းစားခန်းထဲမှာကျတော့ အဲဒီလို မြေမှုန်တွေ အမှိုက်တွေမှမတွေ့ရတာ။

ဒီအချက်တွေကြောင့် ဦးတောကျော်ကိုလည်း ရှားက သင်္ကာကင်းမဖြစ်ဘူး။ ဒီနှစ်ယောက်ကိုဖယ်တော့ ဦးပြည့်စုံပဲကျန်မယ်။ ဒါပေမဲ့ ဦးပြည့်စုံကလည်း အခင်းဖြစ်ချိန်လို့ ယူဆရတဲ့ ၈ နာရီခွဲဝန်းကျင်မှာ ရုံအစည်းအဝေးကို ရောက်နေတယ်။ ဒီအတိုင်းဆို ဦးပြည့်စုံလို့ ပြောလို့မရပြန်ဘူး''

''မှန်တာပေါ့''

''အဲ ... ဒါပေမဲ့ စောစောကပြောသလို အလီဘိုင်ကို ပြနိုင်အောင်လုပ်ပြီး ပြစ်မှုကနေ ရှောင်တာလားဆိုတဲ့ အတွေးရလာတာနဲ့ တစ်ပြိုင်တည်းမှာ နာရီနဲ့ခုံကို သတိထားမိလိုက်တာနဲ့ ပေါင်းလိုက်တော့ အချိန်ကို လှည့်ထားသလားဆိုတဲ့ ကောက်ချက်ရလာတယ်။ ရပေမဲ့ မသေချာသေးဘူး။ တွေးတဲ့အဆင့်မှာပဲ ရှိသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် နာရီပေါ်ကလက်မှေကို စစ်ခိုင်းတယ်။ အိပ်ခန်းထဲမှာ ဖြစ်မှုကျူးလွန်စဉ်က လုံချည်ရှိနေနိုင်တယ်ဆိုတဲ့ တွေးလုံးကြောင့် အဝတ်ခြင်းထဲက ကချင်လုံချည်ကိုသိမ်းပြီး ဓာတုဗေဒစစ်ခိုင်းတယ်။ မကြာခင် အဖြေပေါ်လာမှာပါ ကိုကို''

ကိုနေသော်က သက်ပြင်းချသည်။ သူ့မျက်နှာမှာ အံ့ဩထိတ်လန့်နေဟန်က ဖုံးမရနိုင်။

သူသည် ဦးပြည့်စုံက ဖြစ်မှုကျူးလွန်သူဟူသော အချက်ကို ယခုတိုင် လက်ခံလို့ပုံမရသေးဟု မေစံရှားထင်သည်။

''ရဲအုပ်သီဟက နာရီနဲ့လုံချည်သိမ်းတော့ ဦးပြည့်စုံမျက်နှာမည်းနေတာတော့ ကိုကို သတိထားမိပါတယ်။ ရှားပြောတဲ့အတိုင်းသာဆိုရင်တော့ ဦးပြည့်စုံ အရှက်ကွဲ သိက္ခာကျပြီ''

ပင့်သက်မောနှင့်အတူ ကိုနေသော်က တီးတိုးရေရွတ်သည်။

''အဲဒီလို အရှက်ကွဲ သိက္ခာကျမှာစိုးတာကြောင့် မကြာခင် ဦးပြည့်စုံပဲဖြစ်ဖြစ်၊ ဦးပြည့်စုံရဲ့ညီဖြစ်တဲ့ ဦးကံ့လုံပဲဖြစ်ဖြစ် ရှားဆီကို ရောက်လာမှာ သေချာတယ် ကိုကို''

မေစံရှားက ထင်မြင်ချက်ပေးလိုက်သည်။

''ဒေါက် ... ဒေါက် ... ဒေါက် ...''

ရုံးခန်းတံခါးကို လက်ဖြင့် ခပ်ဖွဖွ ခေါက်သံပေါ်လာသည်။

မေစံရှားရော ကိုနေသော်ပါ တံခါးဝဆီသို့ အာရုံရောက်သွားကြ၏။

''ဝင်ခဲ့ပါရှင်။ တံခါးက စေ့ရုံစေ့ထားတာပါ''

မေစံရှားက အသံပါ ပြုလိုက်သည်။

မေစံရှားအသံနှင့် မရှေးမနှောင်းပင် ရုံးခန်းတံခါးပွင့်လာ၏။





တံခါးပွင့်သွားပြီး အတွင်းသို့ ဂုဏ်သရေရှိပုံစံ လူကြီးလူကောင်းတစ်ဦး လှမ်းဝင်လာသည်။

မေစံရှားနှင့် ကိုနေသော်အကြည့်ချင်း ဆုံသွားကြ၏။

မေစံရှား၏ ထင်မြင်ချက်။ ကွက်တိမှန်နေပါပကော။

ရုံးခန်းတွင်း ဝင်လာသူသည်ကား အခြားမဟုတ်၊ ဦးကံ့လုံ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၁၂ |

❑

အဝတ်ဗီရိုကို ဖူးမွှံ ဆွဲဖွင့်လိုက်သည်။ အထဲမှာ ဦးကုံလုံ၏ "အဝတ်များက အထပ်လိုက် အထပ်လိုက်။

ဝတ်လက်စတွေရော၊ မဝတ်တော့တာတွေရော၊ မဝတ်ရသေးတာတွေရော များမှများ။

ဦးကုံလုံက အလှအပတော့ကြိုက်သည်။ အလှအပကြိုက်၍လည်း ဖူးမွှံကို ရွေးချယ်ခဲ့ခြင်းဖြစ်မည်။ သူဝတ်ဆင်လိုက်လျှင် လှလှပပ နုနုရွရွတွေချည်း။

အလှအပကြိုက်သူသည် စိတ်ဓာတ်ပျော့ညံ့သည်ဟု ဖူးမွှံကြားဖူး၏။ ဦးကုံလုံကမူ စိတ်ဓာတ်ပျော့ညံ့သည် မဆိုသာ။ သို့သော် ရံဖန်ရံခါ၌မူ သဝန်တိုစိတ်အားကြီး၏။ ဖူးမွှံကို အခြားယောက်ျားလေးများ





က စိုက်ကြည့်လျှင် သူမကြိုက်။ ထို့ကြောင့်လည်း ဖူးမွှံကိုအပြင်သို့ တစ်ယောက်တည်းမလွှတ်တတ်။ ထိုသို့ ချုပ်ချယ်လွန်းပြန်တော့လည်း ဖူးမွှံကသာ လှောင်အိမ်ထဲကငှက်ငယ်လို ဖြစ်နေရပြန်၏။

ထိန်လင်းနှင့်ပတ်သက်၍ မောင်ဝမ်းကွဲဟူသောကြောင့်သာ ဦးကုံလုံ လိုက်လျောခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ဖူးမွှံသိနေသည်။ အမှန်တကယ် မောင်ဝမ်းကွဲမဟုတ်ကြောင်းသာသိလျှင် ဦးကုံလုံ လက်ခံမည်မဟုတ်။

ထိန်လင်းရောက်သောနေ့၊ ပထမဆုံးတွေ့ဆုံသော အကြိမ်ကပင် ဦးကုံလုံသည် ထိန်လင်းကို သေသေချာချာ အကဲခတ်နေသည်ကို ဖူးမွှံ သတိပြုခဲ့မိ၏။

ပြီးတော့ ...

ဖူးမွှံသတိပြုမိသည်က မိမိကိုယ်မိမိ ဖြစ်ပြန်သည်။

ခေါင်းတုံးဆံပင်နှင့် အသားညိုညို၊ မျက်ခုံးကောင်းကောင်း၊ မျက်လုံးပြူးပြူး၊ နှာတံပေါ်ပေါ် ထိုလူပျိုပေါက်ကောင်လေးကို ဦးလေး ဦးမင်းကျော်ခေါ်လာပြီး စတင်တွေ့မိချိန်က ဖူးမွှံဘာရယ်မသိ ရင်ထဲမှာ ခုန်နေခဲ့လေသည်။"

ဆန့်ကျင်ဘက်လိင်ဖြစ်သော ခင်ပွန်းသည်ဦးကုံလုံနှင့် ထိတွေ့ဆက်ဆံနေစဉ်ပင် မရရှိခဲ့သော ရင်ဖိုလှုပ်ရှားမှုမျိုးဟု ဖူးမွှံတွေးမိ၏။

ဒါ ဘာဖြစ်တာလဲ။

ဒါကို ရင်ခုန်တယ် ခေါ်တာလား။

ရင်ခုန်တာက အချစ်လား။

ဖူးမွှံမိမိကိုယ်ကိုယ် နားမလည်နိုင်ပြန်။ မိမိသည် ကာမေလိုင်ရှိသည့် မိန်းမတစ်ယောက်ဖြစ်သည်။ အခြားတစ်ပါးသော ယောက်ျားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အပေါ် မိမိစိတ် ဤသို့ဤနှယ် မလှုပ်ရှားသင့်။

ယင်းသည် ဖောက်ပြန်မှုဖြစ်၏။

ရုပ်နှင့်မဖောက်ပြန်ဟု ဆိုနိုင်ငြား၊ စိတ်နှင့် ဖောက်ပြန်ခြင်းသည်လည်း အပြစ်တစ်ခုပင်။ မြတ်စွာဘုရားက ကာယကံ၊ ဝစီကံ၊ မနောကံဟု ဟောခဲ့သည် မဟုတ်ပါလား။

သို့သော် ထိန်လင်းကို သနားကရုဏာသက်ခြင်းနှင့် ရောသောခင်မင်မှုလည်း ဖြစ်ကောင်းဖြစ်နိုင်သည်ဟု ဖူးမှုံတွေးမိပြန်၏။

ငယ်စဉ်က မိမိသည်ပင် မိဘမဲ့ဖြစ်ခဲ့ရပြီး စိတ်အားငယ်ခဲ့ရဖူး၏။ ဦးလေး ဦးမင်းကျော်တို့ စောင့်ရှောက်ပျိုးထောင်၍ နွေးထွေးသော မေတ္တာကိုပေးခဲ့၍သာ မိမိဘဝ ရှင်သန်ခဲ့ရခြင်းဖြစ်၏။

ထို့ကြောင့် ထိန်လင်းကို ကိုယ်ချင်းစာခြင်းလည်း ဖြစ်နိုင်သည်။

ကြည့် ...။

တောကတက်လာသည့် ထိန်လင်းသည် အဝတ်နွမ်းနွမ်း နှစ်စုံသုံးစုံသာ ပါလာပုံရသည်။ တစ်ခုမှ လှလှတောတိုးနိုင်ဖွယ်မရှိ။

ဦးကုံလုံကပင် အကဲခတ်မိ၏။

"မှုံလေး ... မှုံလေးရဲ့မောင်ကို တစ်ရက်နှစ်ရက်နေရင် ကွန်ပျူတာသင်တန်း အပ်ပေးမယ်။ သူ့ကို အဝတ်အစားလေးဘာလေးဆင်ပေးထားပြီး လောလောဆယ် အစ်ကိုကြီးအဝတ်တွေထဲက ရွေးပေးထား။ နောက်ကျမှ သူ့ကို မှုံလေးခေါ်သွားပြီး Mart တစ်ခုခုမှာသူ့ကို ခေတ်မီမီဖြစ်အောင် ကြည့်ဝယ်ပေးလိုက်"

အစ်ကိုကြီးဦးကုံလုံ၏ မှာကြားချက်ကြောင့်ပင် ဖူးမှုံအဝတ်ဗီရိုကိုဖွင့်ကာ အစ်ကိုကြီးဦးကုံလုံ၏ အဝတ်များထဲမှ အဟောင်းအချို့နှင့်





အသစ်အချို့ကို ရွေးချယ်ထုတ်ယူနေရခြင်းဖြစ်သည်။

လေးငါးစုံမျှရွေးချယ်ပြီး အိတ်တစ်အိတ်နှင့် ထည့်လိုက်သည်။ ပြီးလျှင် အခန်းထဲမှ ထွက်လာခဲ့၏။

စောစောပိုင်းက ထိန်လင်းသည် ခြံတွင်း၌ မြက်ရှင်းနေသည်ကို တွေ့ခဲ့၏။ ယခုတော့ မြက်ရှင်းပြီး သူနေသည့် နောက်ဘက်အိမ်ကလေးမှာ ရှိနေပေလိမ့်မည်။

အိမ်ဖော်ဖြစ်သည့် ဒေါ်ပိုင်းကို အဝတ်များ ပို့ခိုင်းမည်ကြံပြီးမှ ဒေါ်ပိုင်းက မီးဖိုထဲတွင် အလုပ်များနေသဖြင့်ဖူးမှုံသည်ပင် အဝတ်အိတ်ကိုဆွဲကာ ထိန်လင်းရှိရာ နောက်ဖေးအိမ်ကလေးသို့ ကူးလာခဲ့သည်။

"မောင်ထိန် ... မောင်ထိန် ..."

အိမ်ကလေး၏အဝမှ လှမ်း၍ အသံပြုလိုက်၏။ ပြန်ထူးသံမကြားရ။

အိမ်တံခါးဖွင့်ထားသည်။ အထဲမှာတော့ ရှိနေမှာသေချာသည်။

"ဒီကောင်လေး ဘာလုပ်နေပါလိမ့်။ မြက်ရှင်းနေရတာနဲ့ မောပြီး အိပ်ပျော်သွားလေသလား"

အတွေးနှင့်အတူ ဖူးမှုံ အိမ်ထဲလှမ်းဝင်လိုက်သည်။

ထင်သည့်အတိုင်းပါပဲ။

ထိန်လင်းတစ်ယောက် တစ်ယောက်အိပ် ခေါက်ခုတင်လေးပေါ်တွင် ခြေပစ်လက်ပစ်အိပ်ပျော်နေသည်ကို ဖူးမှုံတွေ့ရ၏။

"ဘုန်းကြီးလူထွက်လို့ မပြောရဘူး။ အလုပ်လုပ်ရတာမောပြီး ပက်လက်ကို လန်သွားတာပဲ"

အတွေးနှင့်ပြုံး၊ အပြုံးနှင့်အတူ ဆွဲလာသောအိတ်ကို ခုတင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ချပြီး ထိန်လင်းကို နှိုးရန် ရွယ်လိုက်သည်။

သို့သော် မနှိုးဖြစ်။

'အိပ်ပါစေ' ဟူသောစေတနာဖြင့် နှိုးမည်ဟု ရွယ်လိုက်သောလက်ကို ရုပ်လိုက်ပြီးမှ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသော ထိန်လင်းကို အသေအချာကြည့်မိ၏။

မျက်နှာက ကလေးတစ်ယောက်လို အပြစ်ကင်းလျက်ရှိပြီး နှုတ်ခမ်းမှာက စိုးမိုးနေသည်။

အင်္ကျီဗလာနှင့် အိပ်ပျော်နေခြင်းဖြစ်၍ ခန္ဓာကိုယ်အပေါ်ပိုင်းရင်အုပ်ကြွက်သားများနှင့် ယောက်ျားပီသသော လက်မောင်းကိုယ်နေဟန်ထားတို့က ဖူးမှုံ၏မျက်ဝန်းထဲမှာ တိမ်းမူးဖွယ်ရှိနေ၏။

ကြွက်သားအဖုဖု ထုထုပြီး ခရာချင်စရာနယ်ဟူသော သီချင်းသံတစ်ပိုင်းတစ်စကို ကြားယောင်ပြီး ရင်ဖိုသွားသည်။

ဦးကံ့လုံလို ဇရာပိုင်းသို့ ကူးပြောင်းစ လျော့ရိလျော့ရဲ ပိန်ကပ်ကပ် ဖြူဖျော့ဖျော့ပုံစံနှင့် ကွာချင်တိုင်းကွာခြားနေသည့် ကျားပေါက်ကလေးအသွင် ထိန်လင်း။

ရင်ညွန့်အထက်မှာ ပူနေသလို ဖူးမှုံခံစားရ၏။

အတန်ကြာငေးမိသော မိမိမျက်လုံးများကို မလုံမလဲလွှဲဖယ်ရပြီး သက်ပြင်းမောတစ်ခုကို ချလိုက်မိသည်။

ပြီးလျှင် ထိုနေရာမှ ညင်သာစွာ ဖူးမှုံပြန်လှည့်ကာ အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

သို့သော် ...

ဖူးမှုံ ရင်အဖိုမရပ်သေး ... မငြိမ်သေး။

✿ ✿ ✿

| ၁၃ |

❑

"ထိုင်ပါရှင်။ ကျွန်မ ဘာများကူညီပေးရမလဲ"

မေစံရှားက အပြုံးချိုချိုဖြင့် ဣန္ဒြေရရ နှုတ်ခွန်းဆက်လိုက်သည်။

ဦးကံ့လုံက မေစံရှားညွှန်ပြသော စားပွဲရှေ့ထိုင်ခုံတွင် ဝင်၍ထိုင်လိုက်ပြီး သူဆွဲလာသော အတက်ချိုကော့စ်ကိုချသည်။ ဉစ္စာခနုပြည့်မြို့သူတို့၏ တင်းမာဝင့်ကြွားသော မျက်နှာမောင်းနှင့် မေစံရှားကိုရောကြိုနေသော်ကိုပါ တစ်ပြိုင်တည်း ကြည့်လိုက်သည်။ အကဲခတ်ရူးစမ်းသည့်သဘောများက ထိုအကြည့်မှာပါ၏။

"ဦးနာမည်က ဦးကံ့လုံပါ"

အသက်အရွယ်အားဖြင့် ငါးဆယ်ကျော် ခြောက်ဆယ်နယ်ပယ်ထဲမှာ ဖြစ်သော်လည်း အေးချမ်းစွာ နေရသောကြောင့်ထင်၏။ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



က နုပျိုမှုရှိနေပြီး လူပေါင်းများစွာကို ထိတွေ့ဆက်ဆံအုပ်ချုပ်ရသည့် သူ့ရှေ့ပုံစံကို သူ၏အမူအရာမှာ တွေ့နေရ၏။

"ဟုတ်ကဲ့ ... ကျွန်မက မေစံရှားပါ။ သူက ကျွန်မချစ်သူပါ။ ဦးပြောစရာရှိတာ ယုံကြည်စိတ်ချစွာ ပြောနိုင်ပါတယ်"

ဦးကုံလုံက သံမှန်ဖြင့် ...

"ဦးပြည့်စုံဆိုတာတော့ မေစံရှား သိမှာပါ၊ ဦးက ဦးပြည့်စုံရဲ့ ညီ ဦးကုံလုံပါ"

ဟု နိဒါန်းပျိုးသည်။

မေစံရှားနှင့်ကိုနေသော် အကြည့်ချင်းဆုံသွားသည်။

"ဦးပြည့်စုံကို သိပါတယ်။ ဦးကုံလုံကိုလည်း ကျွန်မသိပါတယ်။ ဦးပြည့်စုံပြောပြလို့ ဦးကုံလုံအကြောင်းသိရပြီး ဦးပြည့်စုံဆီက ဓာတ်ပုံတစ်ခုမှာ ဦးကုံလုံကို တွေ့ဖူးထားပါတယ်။ ဦးကသာ ကျွန်မကို မသိတာပါ"

"အဲဒီလို သိနေတော့လည်း ပြောရဆိုရ ပိုကောင်းတာပေါ့ ကွယ်"

"ဘာအကြောင်းများရှိလို့လဲ ရှင်"

ဦးကုံလုံက သက်ပြင်းကို မသိမသာချလိုက်သည်။

"ဦးတို့မှာ မိဘတွေ မရှိကြတော့ဘူး။ ဒီညီအစ်ကိုနှစ်ယောက်ပဲ အပြန်အလှန် ခင်တွယ်နေကြတာပါ။ အစ်ကိုဦးပြည့်စုံနဲ့ဦးက အသက်ကွာပါတယ်။ အစ်ကိုက အငြိမ်းစားယူပြီးတာတောင် အတော်ကလေးကြာပါပြီ"

"ဟုတ်ကဲ့"

ကိုနေသော်ကတော့ သူနှင့်မသက်ဆိုင်သောကိစ္စမို့ တစ်စုံတစ်





ရာဝင်၍ မပြောဘဲ အေးအေးဆေးဆေးကြည့်နေသည်။ ပရိသတ်တစ်ဦး ပမာသာ။

"အစ်ကိုဟာ တာဝန်ကြီးကြီးမားမားတွေ ထမ်းဆောင်ခဲ့ဖူးသူဖြစ်သလို ရပ်ရေးရွာရေး လူမှုရေးတန်းရေးမှာလည်း တက်ကြွသူမို့ အများက ယုံကြည်လေးစားခံရတဲ့ ဂုဏ်သရေရှိ ပုဂ္ဂိုလ်တစ်ဦးဆိုတာ မေစံရှားသိမှာပါ"

"သိပါတယ်"

"အခုတော့ အစ်ကိုခမျာ မမျှော်လင့်ဘဲ ပြဿနာတစ်ခုရစ်ပတ်တာ ခံနေရပါတယ်။ အရှက်လည်းရ၊ သိက္ခာလည်းကျရမယ့် ကိစ္စပါပဲ။ အဲဒီကိစ္စကို မေစံရှားသိပါတယ်"

"ဟုတ်ကဲ့"

"ဦးအနေနဲ့ကလည်း အိမ်ရှေ့မှ အိမ်နောက်မနေသာပေါ့။ အစ်ကို့ပြဿနာကို ညီဖြစ်တဲ့ဦးက ဝင်ပါရတော့တာပေါ့။ အစ်ကိုက အကူအညီတောင်းတာလည်း ပါတာပေါ့လေ"

"ဟုတ်ကဲ့"

"အစ်ကိုဦးပြည့်စုံရဲ့ ပြဿနာကတော့ ရဲက အဖြေမထုတ်သေးပါဘူး။ လောလောဆယ်မှာတော့ စစ်ဆေးခံနေရတဲ့အဆင့်မှာပဲ ရှိနေပါသေးတယ်။ အစ်ကိုကပြောတာကတော့ အဲဒီကိစ္စကို သူမကျူးလွန်ဘူးလို့ ဆိုတာပါပဲ"

ဤစကားမှာတော့ မေစံရှားက 'ဟုတ်ကဲ့' ဟု မထောက်ခံပါ။ လက်ခံခြင်းမပြုပါ။

ဒါကို ဦးကုံလုံက အကဲခတ် သဘောပေါက်ပုံရသည်။

"အဲဒီ ရဲအရာရှိကို ဦးကျ မသိဘူး။ ပြီးတော့ ရဲတွေဘာတွေ

www.burmeseclassic.com



နဲ့ ဦးက အဆက်အဆံမလုပ်ချင်ဘူး။ ဒီကိစ္စမှာ ရဲအရာရှိကို အကူအညီပေးနေတာက မေစံရှားဆိုတာ သိရတယ်။ အဲဒီရဲအရာရှိဟာ မေစံရှားရဲ့ သူငယ်ချင်းဆိုတာလည်း သိရတယ်။ ဒါကြောင့် မေစံရှားဆီ အကူအညီတောင်းရအောင် ဦးလာတာပါ''

ဦးကုံလုံ၏စကားက အဓိပ္ပာယ်ပြည့်စုံသွားပါပြီ။ သူ၏လိုအင်ကိုလည်း အတိအလင်း ဖော်ပြပြီးပါပြီ။

ထို့ကြောင့်ပင်လျှင် ဦးကုံလုံလည်း ဒုတိယအဆင့်အနေဖြင့် သူ၏အတက်ချိုကေ့စ်ကိုဖွင့်ကာ အထဲမှ စက္ကူအိတ်ကြီးတစ်အိတ်ကို ထုတ်လျက် မေစံရှား၏ ရှေ့စားပွဲပေါ်သို့ ချလိုက်သည်။

မေစံရှား၏နှုတ်ခမ်းများ၌ အပြုံးရိပ်ကလေး ပါးပါးပေါ်လာသည်ကို ကိုနေသော် သတိပြုလိုက်မိ၏။

အားပြိုင်ပွဲတစ်ခုတော့ စတင်နေပေပြီ။

''ကျွန်မက ဘာကူညီရမှာလဲ''

မေစံရှား၏အမေးကြောင့် ဦးကုံလုံက သူ၏တောင်းဆိုချက်အား မေစံရှားက လက်ခံသည်ဟု ယူဆသွားပုံရ၏။ ကျေနပ်သောအမူအရာဖြင့် ...

''ဒီအမှုရဲ့အဖြေက မေစံရှားပေါ်မှာ တည်နေပါတယ်။ မေစံရှားရဲ့ သဘောအတိမ်းအစောင်းပေါ်မှာ ရလဒ်က ပြောင်းလဲသွားနိုင်တယ်လို့ ဦး ယုံကြည်ပါတယ်။ ဒီတော့ ဦးအကူအညီတောင်းတာကို လက်ခံပါ။ အစ်ကိုဦးပြည့်စုံရဲ့သိက္ခာကို ဆည်ပေးပါ''

အေးဆေးစွာပြောသည်။ စကားသံက ညင်သာသလို စကားလုံးနှင့် စကားအသွားအလာက ပညာပါသည်။ လိမ္မာပါးနပ်မှုရှိသည်ကို သူ၏စကားမှာ ထင်ထင်ရှားရှား တွေ့ရ၏။





မေစံရှားက သူမ၏ တည်ကြည်သောမျက်နှာပေါ်တွင် ရင့်ကျက်မှုကိုဆင်ယင်ကာ ချိုသာသောအပြုံးကို ရေးရေးမျှ ထင်စေလျက်။

''ဦး မှားနေပြီထင်တယ်။ ကျွန်မက ရှေ့နေပါ။ တရားရုံးရောက်လာတဲ့အမှုကိုပဲ လိုက်ပါဆောင်ရွက်နိုင်သူပါ။ အခုကိစ္စက ရဲတွေရဲ့အလုပ်ပါ။ သူတို့ရဲ့အလုပ်ကို ကျွန်မက ဝင်ရောက်စွက်ဖက်လို့ မရပါဘူး။ ဥပဒေအတိုင်း သူတို့က ဆောင်ရွက်မှာပါ၊ ဦးပြည့်စုံမှာ အပြစ်ရှိမရှိဆိုတာလည်း သူတို့စုံစမ်းစစ်ဆေးချက်အရ ဆုံးဖြတ်မှာပါ''

စကားကို လှပစွာ တုံ့ပြန်သည်။

ကိုနေသော်က ချစ်သူ၏ စကားလုံးရွေးချယ်မှုကို စာရေးဆရာပီပီ နှစ်ခြိုက်သွားသည်။

''ဘာပဲဖြစ်ဖြစ် ဦးက မေစံရှားကိုအားကိုးတကြီး အကူအညီတောင်းတာပါ။ မေစံရှားကူညီပေးရင် ရပါတယ်။ ဦးက ကျေးဇူး ..''

မေစံရှားက ဦးကုံလုံ၏စကားကိုဖြတ်ကာ ...

''ဦးအနေနဲ့ အကူအညီတောင်းတာကို ကျွန်မ လေးစားပါတယ်။ ဒါပေမဲ့ ဥပဒေကိုကျော်လွန်ပြီး ကျွန်မက ဘာမှမလုပ်ပေးနိုင်ပါဘူး။ ဦး ကျွန်မကိုပေးချင်တာကို ပြန်ယူသွားစေချင်ပါတယ်''

မေစံရှားက စားပွဲပေါ်မှငွေထုပ်ကို ရည်ညွှန်း၍ ပြောလိုက်သည်။

ဦးကုံလုံမျက်နှာ ညှိုးရိပ်သန်းသွား၏။ သို့သော် ချက်ချင်းပင် အပြုံးတုတစ်ခု ဖန်တီးကာ ...

''ဦး ပွင့်ပွင့်လင်းလင်း ပြောပါရစေတော့။ မေစံရှား ဖြစ်အောင်ကူညီပေးပါ။ အစ်ကိုရဲ့အနာဂတ်က မေစံရှားပေါ်မှာ တည်နေပါတယ်။ သူ့ဘဝ၊ သူ့ဂုဏ်သိက္ခာ၊ သူ့နာမည်အားလုံးဟာ မေစံရှား

www.burmeseclassic.com



တွေ့ခဲ့တဲ့ မေစံရှားစုံစမ်းမေးမြန်းခဲ့တဲ့ မေစံရှားရခဲ့တဲ့ အထောက်အထား အချက်အလက်တွေ့ရဲ့ အနေအထားပေါ်မှာ တည်နေပါတယ်။ အစ်ကို ဦးပြည့်စုံကို ဒီအတိုင်းချောက်ထဲကျမှာကို ကြည့်မနေပါနဲ့''

ပိုမိုထင်ရှားပြတ်သားသော သဘောထားကို သကာရည်လိမ်း လျက် ဦးကံ့လုံပြောသည်။

မေစံရှား သက်ပြင်းချလိုက်သည်။

''ကျွန်မ ဘာမှမကူညီနိုင်တာ စိတ်မကောင်းပါဘူး၊ ဒီအမှု က ရဲအုပ်သီဟကိုင်တွယ်တာပါ။ ကျွန်မကိုင်တွယ်တာ မဟုတ်ပါဘူး''

''မဟုတ်ဘူး။ မေစံရှား တွေ့ခဲ့သိခဲ့တာတွေ လျှို့ဝှက်ထား ပေးရုံဆိုရင် လုံလောက်ပါတယ်''

''မဖြစ်နိုင်ပါဘူး ဦး။ ရဲအုပ်သီဟက အရာရာ တိကျပြတ် သားစွာစစ်ဆေးပြီး ဆောင်ရွက်တာပါ။ သူစစ်ဆေးတွေ့ရှိတာနဲ့ ဓာတု ဗေဒရုံးကအဖြေနဲ့ ပေါင်းစပ်ပြီး ရလဒ်ထွက်ပေါ်လာမှာပါ။ ကျွန်မကာ ဘေးလူပါ''

''ဒီလို ခေါင်းမရှောင်ပါနဲ့ မေစံရှားရယ်''

ဦးကံ့လုံက သူ၏အတက်ချိုကော့စ်မှ နောက်ထပ် စက္ကူအိတ် တစ်ခုကို ထုတ်ယူကာ မေစံရှားစားပွဲပေါ်သို့ တင်လိုက်ပြန်သည်။

''ဦး ထပ်မံပြီး ကျေးဇူးဆပ်ပါရစေ''

မေစံရှားမျက်နှာတွင် မောပန်းနွမ်းလျခြင်းက နေရာယူသည် ကို ကိုနေသော် သတိပြုမိ၏။

''ဝမ်းနည်းပါတယ်ဦး။ ကျွန်မ လုံးဝ ငြင်းပါရစေ''

ယခုတစ်ကြိမ် မေစံရှားပြောသောစကားမှာ ပြတ်သားမှုပါ သည်။





ဦးကံ့လုံကလည်း အလျှော့မပေး။

''အပြန်အလှန်သဘောပါ။ မေစံရှားအဖို့ ခက်ခဲမယ့်အလုပ် မဟုတ်ဘူးလို့ ထင်ပါတယ်။ ရဲအုပ်သီဟအတွက်လည်း ဦးက ကျေးဇူး ဆပ်ဦးမှာပါ။ ဒါဟာ မေစံရှားအတွက် ကျေးဇူးဆပ်တာပါ။ လိုအပ်သေး တယ်ဆိုရင် ...''

''ဦး ...''

မေစံရှားက ဦးကံ့လုံ၏စကားကို ဖြတ်တောက်ပစ်လိုက်သည်။ ဦးကံ့လုံမျက်ခုံးပင့်၍ မေစံရှားကို ကြည့်သည်။

''ကျွန်မသဘောထားကို ပြောပြီးပါပြီ။ ဦးသဘောပေါက်မှာ ပါ။ ဒီထက်ပိုပြီး ကျွန်မရဲ့ဂုဏ်သိက္ခာကို မစော်ကားစေချင်ပါဘူး''

ရှင်းလင်းလိုက်သည့်စကား။

ဦးကံ့လုံမျက်နှာတွင် မဲ့ပြုံးတစ်ခုပေးလာ၏။

''ဒီခေတ်မှာ ဒီလိုပဲ လုပ်ကြတာပါပဲ''

''မိုးခါးရေသောက်တဲ့လူတွေထဲမှာ ကျွန်မ မပါပါဘူး''

''ဒါ လူမှုရေးပါ''

''ဘုရားမကြိုက်၊ သူတော်ကောင်းတွေ မကြိုက်တဲ့အလုပ် ကျွန်မ မလုပ်ပါဘူး''

''ဦးက ဖြစ်ချင်တာ ဖြစ်အောင်လုပ်တတ်တယ်။ ဦးဘဝမှာ မဖြစ်ဘူးဆိုတာ မရှိခဲ့ဘူး''

''ကျွန်မဘဝမှာလည်း လိပ်ပြာမသန့်တဲ့အလုပ် ဘယ်တော့မှ မလုပ်ခဲ့ဘူး။ နောင်လည်း လုပ်မှာမဟုတ်ဘူး''

''ဒါဆိုရင်တော့ ဦးတွက်ကိန်း လွဲသွားပြီ။ ဦးက မေစံရှား ဟာ လိမ္မာပါးနပ်တဲ့ ရှေ့နေမလေးထင်ခဲ့တာ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ ဦးတွက်ကိန်းလွဲတာမှ တက်တက်စင်ပဲ။ လိမ္မာပါးနပ်တယ်ဆိုတာ Positive ပါ၊ Negative အသုံးမဟုတ်ပါဘူး"

"မေစံရှား အသာစံတာ မကြိုက်ဘူးထင်ပါရဲ့"

"အမှန်တရားအတွက် အနာခံဖို့ ဝန်မလေးပါဘူးဦး"

"ဒါဆိုလည်း ကောင်းပြီလေ။ နောင်မှ နောင်တမရပါစေနဲ့"

"မှန်ကန်တဲ့လုပ်ရပ်တစ်ခုအတွက် နောင်တဆိုတာ မရှိပါဘူး"

"လေးစားပါတယ်"

ဦးကံ့လုံက သူ့ဓေစာအိတ်ကြီးများကို အတက်ချီကော့စ်ထဲ ပြန်ထည့်ကာ ထိုင်ရာမှထသည်။ သူ၏မျက်နှာ ခန့်မှန်းရခက်လှ၏။ မှန်တိုင်းမကျမီ လေပြည်ညင်းပုံစံပဲလား။

ဦးကံ့လုံအခန်းတွင်းမှ ခြေလှမ်းကျဲကျဲများဖြင့် ပြန်ထွက်သွားပြီးနောက် ကိုနေသော်ထံမှ သက်ပြင်းချသံ ဦးစွာထွက်လာသည်။

နှုတ်ကမူ တစ်စုံတစ်ရာ ထုတ်မပြော။

ချစ်သူ၏နားလည်မှုကို သဘောပေါက်သော မေစံရှားက အပြုံးချိုချိုဖြင့် ကြည့်ကာ . . .

"စစ်အေးတိုက်ပွဲ ပြီးသွားပြီ။ အအေးသွားသောက်ကြစို့"

ဟု အဖော်ညှိလိုက်သည်။ ကိုနေသော်က စိတ်မပါလက်မပါဖြစ်နေသဖြင့် လက်ကိုပါဆွဲ၍ ထလိုက်သည်။ ထရင်း ထပ်ပြောသည်။

"လာပါ . . . ကိုကိုကလည်း ရှား ဒကာခံပါမယ်။ ကို့ကိုစာမူခထဲက ကပ်မသောက်ပါဘူး။ ပြီးတော့ ရှားတိုက်တဲ့ အအေးကလည်း တကယ့်အအေးအစစ်ပါနော်။ အပူစာထဲက အအေးပူရည်မဟုတ်ပါဘူး"

✿ ✿ ✿

[ ၁၄ ]

❑

ခမ်းနားကြီးကျယ်လှသော အခန်းကြီးကိုလည်း ရှုံ့သည်။ ...ဘ်ကြိမ်တစ်ခါမှ ထိတွေ့ကိုင်တွယ်ဖူးခြင်းမရှိသော စက်ကိရိယာများ...လည်း ရှုံ့ရသည်။

သင်ပြပေးသော ဆရာမကတော့ သဘောကောင်းရှာပါ၏။ ...သည်းရှည်လက်ရှည် သင်ကြားပေးသည်။ ရှင်းပြသည်။ နားမလည်သည် ...ကို ထပ်ကာထပ်ကာ ပြန်သင်သည်။

ကွန်ပျူတာတစ်လုံးနဲ့ ထိန်လင်းတစ်ယောက် ချွေးတသီးသီး ...င်းနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘေးခုံမှ ကွန်ပျူတာသင်တန်းသူကလေးက လှည့်လှည့်ကြည့်သည်ကို ထိန်လင်းတွေ့ရ၏။ သူမကတော့ ထိန်လင်းထက် သင်တန်းစောတက်ခဲ့သူဖြစ်ပုံရသည်။ သွက်သွက်လက်လက် လေ့ကျင့်နေသည်။

သင်တန်းချိန်ပြီး၍ ထိန်လင်းနေရာမှ ထ၍ထွက်လာသောအခါ ခြေထောက်တစ်စုံကို တက်နင်းမိ၏။ ဘေးခုံမှ သင်တန်းသူမိန်းကလေး၏ခြေထောက်။

"အမေ့ ..."

"ဟာ ... ဆောရီးဗျာ ... ဆောရီး"

မိမိအပြစ်ဆိုသည်ကို သိသဖြင့် ထိန်လင်းပျာပျာသလဲ ရပ်၍ တောင်းပန်ရသည်။ သူက မျက်နှာက မဲ့တဲ့တဲ့လေးဖြစ်နေသည်။ သို့သော် ဒေါသဖြစ်ပုံတော့မရ။

"နာသွားလား"

"နာတာပေါ့"

အပြစ်တင်သံမပါသော ခင်မင်ရင်းနှီးပြီးသား သူငယ်ချင်းတစ်ဦး၏လေသံမျိုး။ အပြစ်မဲ့ကလေးငယ်တစ်ဦး၏ အမူအရာမျိုး။

"ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော် လောကြီးပြီး ထွက်လိုက်မိလို့ပါ"

"ရပါတယ်"

သူမက ဘာမျှ ငြိုငြင်ဟန်မပါ။ ပြန်ပြောသည်။

မျက်နှာဖြူချောချောလေးကို ထိန်လင်း တစ်ခဏငေးကြည့်မိ၏။ လှတော့ အတော်လှသည်ဟု ဆိုရမည်။

သို့သော် ထိန်လင်း ရင်မခုန်။

သည်မှာပင် ...





မမဖူးမွှံကို ဖျတ်ခနဲ မျက်ဝန်းမှာ မြင်ယောင်သည်။ မမဖူးမွှံကိုတွေ့စဉ်က တွေ့တွေ့ချင်း ရင်တွေ တဒုန်းဒုန်းခုန်ကာ မျက်နှာတွေ ထိန်းမရအောင် ပျက်ခဲ့ရဖူးသည်။

ယခု သူမက မမဖူးမွှံထက် ပိုငယ်၍ မမဖူးမွှံထက်ပိုချောသည်ဟုပင် ဆိုနိုင်၏။ သို့သော် စိတ်ထဲတွင်မလှုပ်ရှား။

ယင်းသည် ထူးခြားချက်ဖြစ်၏။

သို့ဆိုလျှင် မိမိသည် မမဖူးမွှံအပေါ် စိတ်ဝင်စားနေမိပြီလား။ ဖြစ်နိုင်ပါ၏။ မဖြစ်သင့်ပါ။ မမဖူးမွှံသည် ကာမပိုင်ရှိသူတစ်ယောက်ဖြစ်သည်။ မမဖူးမွှံကို ပြစ်မှားလျှင် ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ရာရောက်လိမ့်မည်။

သို့သော် ...

မိမိသည် မမဖူးမွှံအလှမှာ ယစ်မူးနေမိသည်မှာမူ ငြင်းမရသောအချက်ဖြစ်၏။ ယင်းမှာ တပ်မက်မှု ဖြစ်နိုင်၏။

ကိုရင်လူထွက်ပေမို့ အချစ်နှင့်တပ်မက်မှုကို ထိန်လင်း ခွဲခြားသိပါ၏။ ခွဲလည်း မခွဲတတ်ပါ။

မိမိကိုယ်ကိုယ် နားမလည်နိုင်သည်ကို တွေးမိခြင်း ဖြစ်၏။

"ဒီမှာ ... ဒီမှာ ..."

အသံစူးရှရှကလေး တိုးဝင်လာမှ မိမိအတွေးများထဲမှ ရုန်းထွက်လိုက်ရသည်။ သူမက ခေါ်နေသည်လေ။

"ရှင် ဘာတွေတွေးနေလဲ။ ကျွေဥမေးတာ ကြားပုံမပေါ်ဘူး"

သူမ၏စကား။ မျက်လုံးနက်နက်ကလေး၏ အကြည့်။

"ဪ ... ဟုတ် ... ဟုတ်ကဲ့ ...။ ကျုပ် ... ဗျို ... ဆိုင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ထားပါ။ ကြွေဥမေးတာက ရှင် ကွန်ပျူတာသင်ရတာ အဆင်ပြေရဲ့လားလို့"

"ဟုတ် ... ဟုတ်ကဲ့။ ဒီလိုပါပဲ"

"အခက်အခဲရှိရင် ပြောလေ။ ကြွေဥ ကူညီပါ့မယ်။ ကြွေဥက သင်တန်းရက် ရှင့်ထက်စောတာဆိုတော့ ရှင့်ထက်စီနီယာကျတယ်လေ။ ပြီးတော့ အိမ်မှာ ကွန်ပျူတာရှိလို့ ကြွေဥက လေ့ကျင့်လို့လည်း ရတယ်"

"ဟုတ်ကဲ့ပါ ... ကျေးဇူးပါပဲဗျာ။ ကျုပ်က တစ်ကောင်ကြွက်တောသားပါ။ အစ်မဝမ်းကွဲအိမ်မှာနေပြီး သူတို့အားကိုးနဲ့ ကွန်ပျူတာသင်ရတာပါ။ ခုတော့ ကျုပ်အဖော်ရပြီပေါ့။ ဒါနဲ့ ဒကာမလေးနာမည်က ..."

"ရှင်"

သူမ မျက်လုံးတွေဝိုင်းသွားမှ ထိန်လင်း မိမိစကားမှားသွားမှန်း သိလိုက်သည်။ 'ဒကာမလေး' ဟု ခေါ်လိုက်မိသည် မဟုတ်ပါလား။

ထိန်လင်း ရှက်ရယ် ရယ်လိုက်သည်။

"ကျုပ်အကြောင်းပြောဖို့ ကျန်သေးတယ်ဗျ။ ကျုပ်က ကိုရင်က လူထွက်လာတာ။ ဒီမှာ ကြည့်ပါလား။ ခေါင်းတုံးဆံပင်တောင် သိပ်မရှည်သေးဘူး။ ဒါကြောင့် စကားပြောရင် အကျင့်ပါပြီး ဒကာမလေး ခေါ်မိသွားတာပါ။ အဟီး ..."

"ခစ် ... ခစ် ... ခစ်"

သူမက သဘောကျစွာ တခစ်ခစ်ရယ်သည်။ ရယ်လိုက်တော့ ပါးချိုင့်ခွက်လေးက ထင်းခနဲပေါ်လာ၏။ အလှတစ်ခု တိုးသွားပြန်သည်။





သို့သော် ထိန်လင်း ရင်မခုန်။

"ဟဲ့ ... ကြွေဥ ငါတို့က အပြင်ကစောင့်နေတာ ကြာပြီ။ နင်က ပေါ်မလာဘူး။ တကတဲ လေပေးဖြောင့်နေတာကိုး"

အခန်းဝမှ သူမ၏သူငယ်ချင်းများပေါ်လာကာ လှမ်းအော်သည်။ သူငယ်ချင်းများ၏အသံကြောင့် သူမမျက်နှာကလေးတွင် ပန်းနုရောင်ပြေးသွားသည်။

"ငါတို့က ရိုးရိုးသားသား ပြောနေတာပါဟယ်"

သူမ၏ မလုံမလဲ ဖြေရှင်းစကား။

"ငါတို့က ဘာပြောလို့လဲ။ မရိုးမသားလို့ မပြောရပါလား။ ကြွေဥ နင်တော့ ..."

"ကဲ ... ကျုပ်သွားပြီနော် ဒကာမ။ အဲလေ ..."

"တင်ပါ့ဘုရား"

သည်တစ်ခါတော့ သူမက အတည်ပေါက်နှင့် နောက်လိုက်ခြင်းဖြစ်သည်။

ထိန်လင်း ရှိုးတိုးရှန့်တန့်ဖြစ်ကာ ထိုနေရာမှ သုတ်ခြေတင် ထွက်ပြေးလာခဲ့မိတော့၏။

အခန်းဝမှ သူမ၏သူငယ်ချင်းများက ပြုံးစိစိနှင့် ဝိုင်းကြည့်နေကြသည်။

သူတို့ဆီမှ စကားသံတချို့ ထိန်လင်းနောက်သို့ ပြေးလိုက်လာသည်။

"ကြွေဥ ... လာလေ။ ဟိုမှာ နင့်ကိုယ်တော်ကြွသွားပြီ" တဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၅ ]

❑

မေစံရှား လမ်းထဲကို ချိုးဝင်လိုက်တော့ ညအမှောင်က သီးကြိုနေသည်။

မီးက ယခုည မလာသေး။

ခြံကြီးခြံငယ်နှင့် ဆိတ်ငြိမ်ရပ်ကွက်သို့ ဖြတ်သည့်လမ်းဖြစ်သောကြောင့် လမ်းက လူသူရှင်းလှသည်။

ကိုနေသော်နှင့်လမ်းခွဲပြီး ပြန်ခဲ့စဉ်က ညနေပိုင်း အစောကြီးရှိသေးသည်။ ကိုနေသော် နှုတ်ဆက်ပြီးပြန်အသွားမှာ မေစံရှားက အငှားကားကို စောင့်သည်။ ထိုအချိန်တွင် ရဲအုပ်သီဟက သူ့စခန်းသို့ ခေတ္တဝင်ခဲ့ပါရန် ဖုန်းဆက်သဖြင့် အငှားကားဖြင့် ရဲစခန်းဝင်ရသည်။





ရဲအုပ်သီဟထံမှရသော သတင်းမှာ မေစံရှား ယုံကြည်ထားသည့်အတိုင်းဖြစ်သည်။

ဦးပြည့်စုံအိမ်မီးဖိုခန်းမှ သိမ်းခဲ့သော နာရီပေါ်တွင် ဦးပြည့်စုံ၏လက်ဗွေရာကို တွေ့ရသတဲ့။

ဦးပြည့်စုံအိပ်ခန်း အဝတ်ဟောင်းခြင်းထဲမှ သိမ်းဆည်းခဲ့သော တချင်လုံချည်တွင် သုက်ရည်များ တွေ့ရသတဲ့။

"နင့်ကို ငါ လေးစားသွားပြီ မေစံရှား။ အခုအတိုင်းဆို အမှုပြီးသွားပြီ။ တရားခံက ဦးပြည့်စုံပဲ"

"ဦးပြည့်စုံက ဝန်ခံမယ်မထင်ဘူး သီဟ။ သူက တရားသူကြီးတောင် လုပ်ခဲ့ဖူးတဲ့သူ။ လျှော့မတွက်နဲ့"

"လျှော့တော့ မတွက်ပါဘူး။ ဒါပေမဲ့ ငါတို့က ဥပဒေရဲ့ ဘက်တော်သားတွေလေ။ ဘက်ဂရောင်းတောင့်ပါတယ်"

ရဲစခန်းမှ ပြန်ထွက်လာတော့ ရောင်ခြည်သန်းနေပြီ။

အငှားကားတစ်စီးကိုတားကာ အိမ်ကို ပြန်ခဲ့၏။

ဖြစ်ချင်တော့ ကားက မေစံရှားအိမ်မရောက်မီမှာ ဓွေဖောက်ကာ ထိုးရပ်သွားခဲ့၏။

ကားဆရာပြင်ဖို့ ကြိုးစားပါသေး၏။ မရ။

"အားနာတယ် တူမရယ်"

"ရပါတယ် ... ဦးလေးရယ်"

ကားဆရာက အားနာစကားဆိုသည်ကို အလိုက်သင့်ပြန်ပြောပြီး ကားပေါ်မှ မေစံရှားဆင်းခဲ့သည်။

အိမ်က မဝေးတော့ပြီမို့ နောက်ထပ်ကားတစ်စီး ထပ်ငှားဖို့ မေစံရှား မစဉ်းစားတော့။ လမ်းလျှောက်ပြန်ဖို့သာ ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ...

ဤလမ်းကလေးကို ဖြတ်ရခြင်းဖြစ်၏။

လမ်းက လူပြတ်ပြီးမှောင်သော ညမို့ အန္တရာယ်သတိထား ရန်ဆိုသော အသိက မေစံရှားကို မိုးနိုပြသည်။

အာရုံကိုစုစည်းကာ သတိရှိရှိ နိုးနိုးကြားကြားဖြင့် ခြေလှမ်း မှန်မှန် လျှောက်လာခဲ့သည်။

ထင်သည့်အတိုင်းပါပင်။

မေစံရှားရှေ့သို့ လူနှစ်ဦးရောက်လာ၏။

နှစ်ဦးစလုံး၏လက်မှာ ဓားမြှောင်များနှင့်။

သူတို့ထံမှ စကားသံလည်း ထွက်လာသည်။

"မင်း မေစံရှားမဟုတ်လား"

အသံနှင့်အတူ လူကောင်ထွားထွားကြီးက လှုပ်ရှားလာသည်။ သူသည် လက်မှဓားကိုမြှောက်ကာ မေစံရှားထံသို့ တစ်ဟုန်ထိုး ပြေး ဝင်လာခြင်းဖြစ်၏။

"သေပေတော့"

ဝင်လာသော လူထွားကြီး၏ဓားချက်ကို မေစံရှားက သူမ၏ စလင်းဘက်ကို နှစ်ဖက်စုကိုင်လျက် ထိုသူ၏လက်ကောက်ဝတ်များဆီ မှ ဆီး၍ ဟန့်တားလိုက်သည်။

ပြီးလျှင် မေစံရှား ညာခြေက မြှောက်သွားကာ ထိုသူ၏ဝမ်းဗိုက် ဆီသို့ ကန်လိုက်သည်။ ကင်းဂါရီကစ်ဖြစ်၏။

ကန်ချက်က မိမိရရဖြစ်ကာ လူထွားကြီးထံမှ အင့်ခနဲ အသံ ထွက်လာသည်။

တစ်ဆက်တည်းမှာပင် မေစံရှားက ညာခြေကို ပြန်ရုပ်ကာ





ခြေပြင်၍ အသားကျရပ်လျက် ဘယ်ဒူးကိုမြှောက်ကာ ဒူးဖြင့် လူထွား ကြီး၏ပွင့်နေသော ဘယ်ဘက်နံရိုးများဆီသို့ တိုက်ပစ်လိုက်သည်။ ဟီဇာ ဆိုဒူး တိုက်ချက်က လူထွားကြီးကို ကောင်းစွာ အထိနာသွားစေပေ ပြီ။

"အိး"

နံရိုးများဆီသို့ ထိခိုက်သံနှင့်အတူ လူထွားကြီး၏အော်သံက ညဉ့်အမှောင်မှာ ရုတ်တရက် ဟိန်းသွားသည်။ သူ၏လက်မှ ဓားက လမ်းမပေါ် ဘုတ်ခနဲ ပြုတ်ကျသွားပြီး လူကပါလမ်းပေါ် ဒူးထောက် ညွတ်ကျသွား၏။

"မင်းကများ ..."

ကျန်နေသူ ဒုတိယလူ၏ မကျေမနပ် မချင့်မရဲအော်သံ။

မေစံရှား သတိတွေ ထပ်မံစုစည်းလိုက်ရ၏။

လူထွားကြီးကိုကျောခိုင်းကာ နောက်ထပ်ဒုတိယလူကို လှည့် ၍ ရင်ဆိုင်လိုက်ရသည်။

ဒုတိယလူသည် သူ၏ဓားကို တည့်တည့်အနေအထားဖြင့် မေစံ ရှား၏ နှလုံးသားရှိရာသို့ ထိုးသွင်းလာသည်။

"ကဲကွာ"

မေစံရှားက ကိုယ်ကို တစ်ခြမ်းလှည့်ပေးလိုက်ရ၏။ ဓားက နံဘေးမှ ပွတ်ကာသီကာ ဘေးသို့ ချော်ထွက်သွားသည်။ မေစံရှားသည် ညာလက် ဖြင့်သူ၏ ဓားကိုင်လက်ကို ရိုက်ဖယ်လိုက်သည်။ ဆလင်း ဘက်ကိုလွှတ်ချပြီး ရိုက်လိုက်ခြင်းဖြစ်၏။ ရှုတိုဆာကို သုအချိုကိုင်ခဲ့ သော လက်ဝါးစောင်းဖြင့် တွန်းရိုက်ချက်ဖြစ်သည်။

ယင်းရိုက်ချက်ကြောင့် လူဆိုး၏အရှိန်နှင့်ဟန်ချက် တိမ်းချော်



www.burmeseclassic.com

www.burmeseclassic.com



သွားစဉ် ဘယ်လက်က လေတွင်ဝဲကာ လူဆိုး၏မျက်နှာပြင် ညာဘက် ခြမ်းအား အရှိန်ဖြင့် ပုတ်ရိုက်လိုက်သည်။ ဟီရာကင်းဟုခေါ်သည်။ လူဆိုး၏ဒေါသကို ဆွပေးသလိုဖြစ်ကာ မျက်လုံးများ ပြာဝေသွားစေ သည်။

မေစံရှားက ဒုတိယတိုက်ကွက်ကို ထပ်မံဖွင့်တင်လိုက်သည်။ ဘယ်ဒူးဖြင့် ထိုသူ၏ရင်ဝသို့ တိုက်လိုက်ခြင်းဖြစ်၏။ ဟီဇာဂါရီပင်ဖြစ် သည်။

"အင့် ..."

လူဆိုးဓားလည်း လွတ်ကျသည်။ လူလည်း ရှေ့သို့ဟပ်ထိုး ဖြစ်သွားသည်။

"ကဲ ..."

မေစံရှားက ရှေ့တွင် လည်စင်းပေးသလိုဖြစ်နေသော လူဆိုး ၏လည်ကုပ်အား သူမ၏ ညာလက်ဝါးစောင်း ရှုတိုဆာကိုဆုအုရီဖြင့် ခုတ်ချလိုက်သည်။

"ဒုတ်"

"အား"

လူဆိုးမြေပြင်ကို နမ်းသွားပေပြီ။

ပထမလူကြမ်းကြီးက မြေပြင်တွင်မတ်တတ်ရပ်နေပြီ ဖြစ်သော် လည်း မေစံရှားကို ထပ်မံရန်ပြုဖို့ မကြိုးစားတော့။ ဒါက သူတို့စိတ်ဓာတ် ပဲဖြစ်၏။ အနိုင်ကျင့်၍ရလျှင် အနိုင်ကျင့်မည်။ ရှုံးမယ်မရှိလျှင် ပြေးမည်။ သတ္တိမဟုတ်။ မိုက်သူတို့သဘာဝ။

သူသည်လဲကျနေသော ဒုတိယလူအား ဆွဲထူကာနေရာမှ ထွက် ပြေးသွားသည်။ ဓားများကိုပင် ကောက်မသွားနိုင်။





သူတို့အမှောင်ထဲမှာ ပျောက်သွားသည်။

မေစံရှားသည် လမ်းပေါ်ချခဲ့သော မိမိ၏ဆလင်းဘက်အိတ်ကို ကောက်ယူကာ ထိုနေရာမှ ထွက်လာခဲ့၏။

မေစံရှားကို အသက်အန္တရာယ်ရန်ရှာသူသည် မည်သူနည်း။ ရှင်းပါသည်။

မေစံရှားကို ဟန့်တားဒုက္ခပေးလိုသူတို့သာဖြစ်သည်။

တစ်နည်းအားဖြင့် အမှန်တရားလမ်းကြောင်းအရ ရင်မဆိုင် ရဲသူတို့က အမှောင်ရိပ်မှ ချုံခိုကွယ်ရန်ပြုခြင်းဖြစ်၏။

'နောင်မှ နောင်တမရပါနဲ့' ဟု စိန်ခေါ်သွားသော ဦးကံ့လုံ ထောက်ချက်ပေပဲလား ...။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၁၆ |

❑

"မမလေးဖူးမွံ့ ဒီနေ့ပိုလှနေပါလား။ ခုတစ်လော ပိုပြီးအလှ ပြင်လာတယ်နော်။ ဆရာကြီး အသည်းစွဲသည်ထက် စွဲအောင်လို့လား"

အိမ်ဖော်ဟုဆိုရသော်ငြား ဖူးမွံ့က ဆွေမျိုးသားချင်း အပေါ် တစ်ယောက်လိုဆက်ဆံသောဒေါ်ဝိုင်းက ဖူးမွံ့အား ရင်းနှီးစွာ နောက် ပြောင်လိုက်သည်ကို ဖူးမွံ့ စိတ်မငြိုငြင်ပါ။

"ဒါပေါ့ ဒေါ်ဝိုင်းရဲ့။ အစ်ကိုကြီးအချစ်ကို ဖူးမွံ့ အပြည့်အဝ ရထားချင်တာ"

ညနေ ရေမိုးချိုးအလှပြင်ရင်း ဦးကုံလုံပြန်အလာကို ဖူးမွံ့ ထွက်စောင့်ခြင်းဖြစ်သည်။ တိုက်ရှေ့လှေကားမှ အဆင်းတွင် ပန်းခြံထဲ မှ ပြန်တက်လာသော ဒေါ်ဝိုင်းနှင့် ဆုံခြင်းဖြစ်၏။





"ဆရာကြီးက ဒီနေ့ နောက်ကျတယ်နော်"

"အလုပ်များနေလို့ ဖြစ်မှာပေါ့။ အစ်ကိုကြီးအလုပ်က ဒီလို ။ တစ်ခါတလေ ညဥ့်နက်မှတောင် ပြန်လာတတ်တာ"

"ဆရာကြီးပြန်လာရင်တော့ ဇနီးချောလေးရဲ့ အလှကိုမြင်ပြီး မောပြေသွားမှာပေါ့နော်။ ဟိ ဟိ ..."

"ဒေါ်ဝိုင်းကတော့ အပျိုကြီးသာဆိုတယ်။ ဒီလိုလည်း ပြော တတ်တာပဲနော်"

"အပျိုကြီးလည်း အသည်းနဲ့ပါပဲ မမလေးရယ်"

ဒေါ်ဝိုင်းက ပျော်ပျော်သမား။ အမြဲရယ်မော နောက်ပြောင် တတ်သူ။ ဒေါ်ဝိုင်းစကားကြောင့် ဖူးမွံ့ သဘောကျစွာရယ်မိ၏။

ပြန်နောက်ချင်သောကြောင့် ...

"အဲဒါဆိုရင် ကျွန်မမောင်လေးကို မကြိုက်ဘူးလား။ ဒေါ်ဝိုင်း သဘောကျရင် ပေးစားမယ်လေ"

ဟု ပြောလိုက်သည်။ ထိန်လင်းကို ရည်ညွှန်းခြင်းဖြစ်၏။

ဒေါ်ဝိုင်းက ခွိခနဲရယ်သည်။

"သားလောက်ရှိတာလေးကို ဘယ်လိုယူလို့ရပါ့မလဲ မမလေး ရဲ့။ ခုပဲကြည့် ..။ မမလေးတောင် ဆရာကြီးနဲ့ အသက်ကွာတော့ တကာမှာ စိတ်တိုင်းကျဖြစ်ရဲ့လား။ ကျွန်မနဲ့ ထိန်လင်းသာဆိုရင် ယ်။ မိန်းမတွေက ပိုပြီး အရွယ်ကျတယ်လေ။ ကဲ ... စိတ်ကူး ဦတော့ပါဘူး။ လက်တွေ့ကျကျပဲ လုပ်တော့မယ်။ ဆရာကြီးပြန် ရင်စားဖို့ ထမင်းပွဲ သွားပြင်လိုက်ဦးမယ်"

ရယ်ရယ်မောမောနှင့် ပြောရင်း ဒေါ်ဝိုင်း တိုက်ထဲဝင်သွား သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝိုင်းပြောသွားသော စကားတချို့က ဖူးမွံ့နားထဲမှာ ကြား ယောင်နေဆဲ။

''မမလေးတောင် ဆရာကြီးနဲ့အသက်ကွာတော့ နေရာတကာ မှာ စိတ်တိုင်းကျဖြစ်ရဲ့လား''

အပျိုကြီးဒေါ်ဝိုင်းပင်လျှင် ဖူးမွံ့ရင်ထဲကို မြင်နေပြီထင်သည်။

အစ်ကိုကြီးဦးကံလုံက အသက်အရွယ်ကြောင့် ဖူးမွံ့နှင့် အဓေ အယူဘက်မညီရုံမျှမက အလုပ်နှင့် ငွေကြေးအပေါ်၌ အာရုံများလွန်း ဖြစ်သည်။ ဖူးမွံ့ကို အရုပ်ကလေးတစ်ရုပ်လို ချစ်ခင်မြတ်နိုးသော်လည်း အရုပ်ကလေးတစ်ရုပ်လို အလှပြစင်ထဲ ထည့်ထားသည်နှင့် တူလှသည်။

သို့သော် ဖူးမွံ့က အရုပ်မဟုတ်ပါ။

အသည်းနှလုံးနှင့်လူဖြစ်သည်။

အသွေးနှင့်အသားနှင့်လူ ဖြစ်သည်။

အဆောင်အယောင်တွေ မည်မျှပြည့်စုံစေကာမူ စိတ်၏ ဆော် ရှင်ချမ်းမြေ့မှု အပြည့်အဝမရလျှင် သုခချမ်းသာသည် အဘယ်မှာ အဓိပ္ပာယ်ရှိမည်နည်း။

ဖူးမွံ့ သက်ပြင်းချလိုက်သည်။

''မမ ကျွန်တော့်ကို ခိုင်းစရာရှိလို့လား''

ပန်းအိုးများ နေရာရွှေ့ပြောင်းပြီး ရေလောင်းနေသော ထိန် လင်းက ဖူးမွံ့ကိုမြင်၍ ပြေးလာကာမေးသည်။ အင်္ကျီဗလာနှင့် ရင်အုံ ကျယ်ကျယ် သန်မာဖွံ့ထွားသော လူငယ်လေးထိန်လင်းမှာ ချွေးသံတွေ ရွှဲနှင့် ကာယအလှမောင်တစ်ဦးလို ဖြစ်နေသည်။ ငယ်ရွယ်နုပျိုပြီး အပြစ် ကင်းသော မျက်နှာလေးက ချစ်ခင်ဖွယ်ကောင်းနေ၏။

''ခိုင်းစရာမရှိပါဘူး။ မမက အစ်ကိုကြီးကို ထွက်စောင့်နေ တာ''





ဖူးမွံ့က ပြန်ဖြေသည်။

''ဟုတ်လား။ ဒါကြောင့် မမကအလှတွေ အရမ်းပြင်ထား တာကိုး။ ဆရာကြီးတော့ ဟုတ်ထိသွားမှာပဲ''

ထိန်လင်းသည်လည်း အနေကြာလာသဖြင့် ဖူးမွံ့နှင့် ရင်းနှီးမှု ရှိလာပြီဖြစ်ရာ မောင်နှမလိုပင် နောက်ပြောင်တတ်လာ၏။

''အောင်မာ ... မင်းက ... ဟုတ်ထိတယ်တွေ ဘာတွေ ပြောင် ပြောတတ်နေပါလား''

''သင်တန်းမှာ ပြောနေကြတဲ့စကားတွေ ကြားလို့ ရင်းနှီးနေ တာပါ''

''မင်း ... ကွန်ပျူတာတက်တာကော အဆင်ပြေရဲ့လား။ မမက အစ်ကိုကြီးကို အိမ်မှာ မင်းလေ့ကျင့်ဖို့ ကုမ္ပဏီက ကွန်ပျူတာ အဟောင်းတစ်လုံး ယူလာပေးပါလို့ ပြောထားတာ အစ်ကိုကြီးလည်း အလုပ်များလို့ထင်တယ် မေ့မေ့နေတယ်''

''ရပါတယ် ... မမ။ ဆရာကြီးကို စိတ်အနှောင့်အယှက်မပေး ပါနဲ့''

''မင်း အလုပ်မပြီးသေးဘူးလား။ မိုးချုပ်တော့မယ်။ နားတော့''

''ဟုတ်ကဲ့ ... ကျွန်တော် ရေသွားချိုးတော့မှာပါ''

''အေး ... သွား ... သွား ...''

ထိန်လင်းထွက်သွားသည်ကို ဖူးမွံ့လိုက်ကြည့်ရင်း ပြုံးနေမိ သည်။ ထိန်လင်း၏ 'ဆရာကြီးတော့ ဟုတ်ထိသွားမှာပဲ' ဟူသော အပြော စကားကြောင့် သဘောကျနေမိခြင်းလည်း ပါမည်ထင်သည်။ စိတ်ထဲ မှာ ပျော်၍ ပေါ့ပါးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ...ဒေါ်ဝိုင်းတို့၊ မောင်ထိန်တို့တောင် ငါကိုလှတယ်လို့ သတိပြုမိနေကြတာ။ အစ်ကိုကြီးကော ဘာပြောမလဲမသိဘူး"

ထိုစဉ်မှာပင် ဦးကုံလုံက ခြံထဲဝင်လာသည်။ တိုက်ရှေ့ဆင်ဝင်အောက်မှာ ရပ်လိုက်သည်နှင့် ဖူးမွှံက ဦးကုံလုံကို ဆင်း၍ကြိုသည်။ ဦးကုံလုံ၏လက်ထဲမှ အတက်ချိုကေ့စ်ကို လှမ်းယူကာ ပြုံးပြလိုက်သည်။ ဦးကုံလုံမျက်နှာကြီးက မအီမသာနှင့်။ မှုန်ကုပ်ကုပ်ဖြစ်၍ နေသည်။

ပြန်၍ပင် ပြုံးမပြ။

ရှေ့မှ တိုက်ထဲသို့ဝင်သွားရာ ဖူးမွှံနောက်မှ တိတ်ဆိတ်စွာ လိုက်ပါသွားသည်။

အိပ်ခန်းထဲရောက်၍ ဦးကုံလုံအား အဝတ်များလဲပေးရန် ပြင်ဆင်ပေးနေတော့လည်း ဦးကုံလုံထံမှ ဖူးမွှံ၏အလှကို အသိအမှတ်ပြုခြင်းမခံရ။ အစ်ကိုကြီးသည် ဖူးမွှံ၏အလှကို မြင်မှမြင်ပါ၏လော။

"အစ်ကိုကြီး အလုပ်မှာ အဆင်ပြေရဲ့လား"

ဖူးမွှံက စိုးရိမ်စိတ်ဖြင့် မေးမိ၏။

"အင်း ..."

'အင်း' ဟုသာပြောသည်။ မျက်နှာက မကြည်လင်။ အစ်ကိုကြီးမှာ တစ်ခုခု ပြဿနာရှိနေပုံပေါ်သည်။ တစ်လောကကြားရသော သူ၏အစ်ကို ဦးပြည့်စုံ၏ပြဿနာကြောင့် ဖြစ်မည်ထင်၏။

"အန်ကယ်ဦးပြည့်စုံကိစ္စ အဆင်ပြေသွားပြီးလား"

ဦးကုံလုံ သက်ပြင်းချသည်။ မော၍ချခြင်းမျှမက မကျေနပ်ခြင်းအရိပ်များပါ တွေ့ရသည်။

"မပြေဘူး။ ထောင်ကျမှာပဲ"

"အစ်ကိုကြီး ...မလိုက်ဘူးလား"





"လိုက်တယ်။ ဒါပေမဲ့ ရဲအုပ်ကော ရှေ့နေမကော သံမဏိနှလုံးသားတွေ ဖြစ်နေတယ်လေ"

"ကဲ ...အဲဒါတွေ ခေါင်းထဲက ဖယ်ထားပါ။ ခဏနားပြီး ရေချိုး။ ပြီးရင် ထမင်းစားကြမယ်။ ဖူးမွှံက အစ်ကိုကြီး အမောပြေအောင် အလှပြင်ထားတာတောင် အစ်ကိုကြီးက အမောမပြေဘူး"

ဖူးမွှံက သူမ၏အလှကို ဦးကုံလုံသတိပြုမိစေရန် သွယ်ဝိုက်၍ပြောသည်။

ဦးကုံလုံဘာမှ ပြန်မပြော။

အိပ်ရာပေါ်ပစ်လှဲကာ စန့်စန့်ကြီး မျက်လုံးမှိတ်၍ ငြိမ်နေ၏။

ဖူးမွှံရင်ထဲမှ စောစောက အပျော်ကလေး လေတွင်လွင့်သွားသည်ကို ဖူးမွှံသိလိုက်သည်။

"ဟင်း ..."

သည်တစ်ခါ တိုးတိတ်စွာ သက်ပြင်းချသည်က ဖူးမွှံပါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၁၇ |

❑

ဈေးဒိုးနပ်ဆိုင်အတွင်းမှာ အအေးဓာတ်က စိမ့်စိမ့်လေးရှိနေသည်။ အပြင်က ပူပြင်းသောရာသီကို ပြောင်းပြန်လှန်၍ အတွင်းမှာ ရာသီတုကလေး ဖန်တီးထားသည့်သို့ ဖြစ်သည်။

စားပွဲခုံကလေးများမှာ လူက အပြည့်နီးပါးရှိနေ၏။ တိုးတိုးတိတ်တိတ်စွာ စကားပြောဆိုနေကြသံများကို ဟိုနေရာသည်နေရာမှ ပေါ်ထွက်လျက်ရှိသည်။

ကိုနေသော်က နက်စ်ကော်ဖီနှင့်မုန့်များ ထည့်ထားသောဗန်းကိုကိုင်၍ ယူလာကာ မေစံရှားထိုင်နေသော စားပွဲခုံမှာ ပြန်လာ၍ထိုင်သည်။





"ဟိုညက ရှားကို လိုက်အန္တရာယ်ပေးတဲ့လူတွေဟာ ဦးကုံလုံ ဆက်ချက်ပဲလို့ ကိုကိုထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှားရဲ့အခန်းမှာ စားလာပြောတုန်းက အဆင်မပြေလို့ သူပြောသွားတဲ့စကားနဲ့ လေသံဟန်ပန်က အခဲမကျေတဲ့ပုံပဲ ..."

ကော်ဖီပန်းကန်ကို မေစံရှားရှေ့သို့ ချပေးရင်းပြောသည်။

မေစံရှားက သက်ပြင်းချရင်း ...

"လူတွေမှာ ဘာကြောင့်ဒီလောက် အတ္တများရတာလဲမသိဘူးနော်။ ကိုယ်က မဟုတ်မမှန်တာ လုပ်တယ်၊ မဟုတ်မမှန်တာ လုပ်တာပေါ်လာတော့ ကိုယ့်အပြစ်ကိုယ်မခံဘဲ ဖုံးဖို့ဖိဖို့ကြိုးစားတယ်။ ကိုယ်လုပ်ချင်တာလုပ်လို့ မရပြန်တော့ ရန်ရှာတယ်။ ကြောက်စရာ ကောင်းလိုက်တာနော်"

ခပ်ညည်းညည်းကလေး ဆိုသည်။

ကိုနေသော်က မေစံရှားလက်ကို လှမ်း၍ ဆုပ်ကိုင်ပြီး ...

"ပစ္စည်းရှိတဲ့သူက ပစ္စည်းနဲ့အတ္တပေါင်းတယ်။ အခွင့်အာဏာရှိတဲ့သူက အခွင့်အာဏာနဲ့ အတ္တပေါင်းတယ်။ အရှိန်အဝါအားကြီးသူက အရှိန်အဝါနဲ့ အတ္တပေါင်းတယ်။ အတ္တကို မီးလောင်ရာလေပင့်ပေးတဲ့ အကောင်စာတွေ ရှိနေတာကိုး။ ဦးကုံလုံက ငွေကြေးရေး အရှိန်အဝါကြီးသူ။ ပြီးတော့ သူပြောခဲ့သလို သူ့ဘဝမှာ မဖြစ်ဘူးဆိုတာ မရှိခဲ့ဘူးဆိုတဲ့ လူစားမျိုးလေ။ ခေါက်ထားလိုက်ပါ ရှားရယ်။ ရှားအဖို့ ဒါမျိုးတွေ ရှိနေပြီပဲဟာ"

နှစ်သိမ့်စကားဖြင့် နွေးထွေးစွာ အားပေးသည်။

မေစံရှားက ခေါင်းညိတ်ပြီး ...

"ရှားအဖို့ဘာမှ ကြောက်စရာမရှိပါဘူး။ လူတွေရဲ့ သဘော



www.burmeseclassic.com

www.burmeseclassic.com



သဘာဝကို သုံးသပ်ကြည့်တာပါ ...''

''ရဲအုပ်သီဟက ဘာပြောသေးလဲ''

''ဒီလိုနှောင့်ယှက်တဲ့ လူနှစ်ယောက်ဟာ ဦးကုံလုံရဲ့လူ ဖြစ်နိုင်တာမို့ ရှေ့ကိုဆက်ပြီး သတိထားပါလို့ပြောတယ်''

''အမှုကကော''

''ရုံးတင်ဖို့ လုပ်နေပါပြီ''

''ရှားက ကြူကြူ့ဘက်က လိုက်ပေးရဦးမှာပေါ့နော်''

''ဆိုပါတော့''

''ကိုကိုတစ်ခု သတိပြုမိတာပြောမယ်''

''ဘာများလဲ ...''

မေစံရှားက စိတ်ဝင်စားစွာ မျက်လုံးဖြင့် ကိုနေသော်ကိုကြည့် သည်။

''ကိုကို့အထင် မှားရင်လည်း မှားမယ်ပေါ့နော်။ ဒါပေမဲ့ မှား ဘူးလို့တော့ထင်တယ်။ ကိုကိုဆက်ဆံနေရတဲ့ လူတွေထဲမှာ မရူးဘူး ပြောနိုင်ပေမဲ့ သာမန် (normal) မဟုတ်တဲ့သူတွေ တွေ့ဖူးတယ်။ သူ့ မှာ စိတ်ရောဂါတစ်ခုခုရှိနေတယ်။ ညင်သာတော့ အရမ်းညင်သာတယ်။ အဲဒီလိုမျိုး ဦးကုံလုံရဲ့မျက်လုံးတွေထဲမှာ တွေ့ရတယ်လို့ ကိုကိုထင်တယ်''

မေစံရှားက လက်ခံပြုံး ပြုံးသည်။

''ရှားလည်း အဲဒါပြောမလို့ပါပဲ။ ဦးကုံလုံ (abnormal) ပဲ ဖြိုနေကတည်းက ရှားတွေးမိတယ်။ သူ့ရဲ့မသိစိတ်က တစ်စုံတစ် ပြဿနာရှိနေပုံပဲ။ စိတ်စွဲ ကိုယ်ရည်ကိုယ်သွေးရှိတဲ့ လက္ခဏာမျိုး။ စိတ် အစွဲကြီးတယ်၊ ယုံမှားသံသယများတယ်၊ အဓိပ္ပာယ်ကောက် လွဲတတ် တယ်။ စံလွဲ ကိုယ်ရည်ကိုယ်သွေးပေါ့။ အဲဒီလိုလူမျိုးဟာ အန္တရာယ်ကြီး





တယ်''

''ကဲ ... ကော်ဖီသောက်ဦး။ မုန့်လည်းစား။ မေ့ထားလို့ရနိုင် တာတွေ အခု ခဏမေ့ထားလိုက်ပါဦး။ ကိုကိုနဲ့တွေ့တဲ့အချိန်လေးမှာ (Stress) တွေ လျော့မှဖြစ်မယ်''

ကိုနေသော် မုန့်ကမ်းပေးသည်ကို မေစံရှားကယူရင်း အပြုံး ဖြင့် တုံ့ပြန်သည်။

''ကိုကိုရှိနေလို့ ရှားက အမြဲအားရှိနေတာ''

''ဒါဆိုလည်း လက်ထပ်ကြတော့မယ်လေ''

''ဟော ... လာပြန်ပြီ။ ကိုကိုကတော့ အကွက်ဝင်လာတာနဲ့ ဒီနိဂုံးချုပ်ကိုပဲ ရောက်အောင်ဆွဲတော့တာပဲ။ နံတယ်နော်''

ကိုနေသော်ကော မေစံရှားပါ ပြိုင်တူရယ်လိုက်မိကြ၏။

''ဟော ... မမရှားတို့ပါလား''

အသံနှင့်အတူ အနားသို့ရောက်လာသော အရိပ်များကြောင့် မေစံရှားမော့ကြည့်မိသည်။

''ကြွေဥ''

လှပချောမောသော၊ ခေတ်မီသောအဆင်အပြင်များဖြင့် ကြွရွ နေသော၊ ကြွေရုပ်ကလေးနှင့်တူသော ကြွေဥ။ ဘေးမှာက ရွယ်တူ မိန်းကလေးနှစ်ဦး။ ပြီးတော့ ခေါင်းတုံးဆံပင်နှင့် လူငယ်တစ်ဦး။

''ကြွေဥ ... ကွန်ပျူတာသင်တန်း တက်နေတယ်လေ။ အဲဒါ နားချိန်ရတုန်း ကော်ဖီလာသောက်တာ။ ဒါကြွေဥ သူငယ်ချင်းတွေ''

မေစံရှားက ခေါင်းညိတ်အသိအမှတ်ပြုရင်း ...

''ကြွေဥကတော့ မမရဲ့ညီမလေးအတွေးဆုံးလို့ ပြောရမယ်။ ကြွေဥလိုပဲ မမကိုခင်မင်ကြပါ''



www.burmeseclassic.com

www.burmeseclassic.com



"ညီမတို့က မမရှားအကြောင်း ကြားလည်း ကြားဖူးတယ်၊ ဝတ္ထုဇာတ်လမ်းတွေလည်း ဖတ်ဖူးတယ်။ မမရှားကိုမမြင်ဖူးပေမဲ့ ချစ်နေကြတဲ့သူတွေပါ"

အသွက်မလေးတစ်ဦးက ဝင်ပြောသည်။

မေစံရှားကရယ်၍ . . .

"မမက ဒီလောက်မတော်ပါဘူးကွယ်။ ဒဟာဒီပုဂ္ဂိုလ်ကြီးက ကိုယ့်ငါးချဉ်ကိုယ်ချဉ်ပြီး လူတွေအထင်ကြီးအောင် လျှောက်ရေးနေလို့ပါ"

ကိုနေသော်ကို မေးဆတ်ပြကာ ပြောသည်။

ကြွေဥတို့တစ်တွေ ရယ်လိုက်ကြသည်။

"ဟို . . . ဒါ . . . ဒါဆို . . . ကျွန်တော်ကြည့်ရတဲ့ ရွှေနေမလေး မေစံရှား ဗီဒီယိုတွေက စိတ်ကူးယဉ်မဟုတ်ဘဲ ပေါ်ဒီ ဒကာမကြီးရဲ့ အကြောင်းပေါ့နော်"

လူငယ်က ဝင်ပြော၏။ လူငယ့်စကားထဲက 'ဒကာမကြီး' ဟူသော အသုံးအနှုန်းကြောင့် မေစံရှားတို့ကြောင်ကာ လူငယ်ကို ကြည့်မိစဉ် . . .

"အော . . . ကိုထိန်တို့ကတော့ လုပ်ချလိုက်ပြန်ပြီ။ ဒီလို မမရှားရေ၊ သူ့နာမည်က ကိုထိန်လင်းတဲ့။ ကြွေဥတို့အုပ်စုက ရယ်ချင်လို့ သူ့ကို ဘော်ဒါဖွဲ့ထားတာ။ သူက. ဘုန်းကြီးလူထွက် မမရှားရဲ့"

ကြွေဥက ဝင်ရှင်းသည်။

"ဟုတ်ပါတယ်။ ကျွန်တော် ကိုရင်လူထွက်ပါ။ လူဖြစ်တာ မကြာသေးဘူး။ စကားက သတိထားတဲ့ကြားက မှားတတ်သေးတယ်ဗျ"





"အင်း . . . မမရှားတို့ကို နှောင့်ယှက်သလိုဖြစ်နေပြီ။ ကြွေဥတို့ကို ခွင့်ပြုဦး။ အစ်ကိုကြီး . . . သွားပြီ"

ကြွေဥ မေစံရှားကော ကိုနေသော်ကိုပါ နှုတ်ဆက်ကာ အခြားစားပွဲသို့ ကူးသွားသည်။ မလှမ်းမကမ်းရှိ စားပွဲမှာ သူတို့ဝင်ထိုင်ကြသည်။

"ကဲ . . . ကိုယ်တော်က ဘာဘုဉ်းပေးမလဲ"

ကြွေဥ၏ နှုတ်နောက်နောက်အသံကို ကြားလိုက်ရ၍ မေစံရှား ပြုံးမိ၏။

"ကြွေဥက အရမ်းရိုးစင်းပွင့်လင်းတယ်၊ ကူညီတတ်တယ်။ ဦးလေးတို့က အငယ်ဆုံးသမီးဆိုတော့ အလိုလည်း လိုက်ထားတာ။ ဘာမဆို ရစေဖြစ်စေသတည်းပဲ"

"ဟိုကောင်လေးကြည့်ရတာ တောသားပုံလေးပုံနော်။ တကယ့်နှာရိုးလေး။ ခင်ဖို့ကောင်းတယ်"

"ဒါကြောင့်လည်း ကြွေဥက ဘော်ဒါဖွဲ့ထားတာနေမှာပေါ့။ ကဲ ကိုကို ရှားတို့ ရုံးပြန်မှထင်တယ်။ ရှားချိန်းထားတဲ့ အမှုသည်တစ်ဦး နှံခန်းကို လာဖို့ရှိတယ်"

"ဒါဆို သွားတာပေါ့။ ရှားကို ကိုကိုလိုက်ပို့မယ်။ ပြီးမှ ကိုကို ဘာ မဂ္ဂဇင်းတိုက်သွားမယ်"

မေစံရှားနှင့် ကိုနေသော်စားပွဲမှ ထလိုက်စဉ် ကြွေဥတို့ဝိုင်းမှ ဝေါခနဲရယ်သံ ကြားရ၏။ ထိန်လင်းကို ဝိုင်းရယ်လိုက်ကြပုံဖြစ်သည်။ ထိန်လင်းက မျက်နှာနီနီကလေးဖြင့် ရှက်နေပုံရသည်ကို မေစံရှားသတိပြုမိ၏။

"ကြွေဥတို့နဲ့ မိတ်ဆွေလာဖြစ်တာ အဲဒီကောင်လေးတော့



www.burmeseclassic.com

www.burmeseclassic.com



ကံဆိုးတာပဲ။ ကြာရင် ရူးသွားနိုင်တယ်”

ကိုနေသော်က ရယ်၍ မှတ်ချက်ချသည်။

ကျေဒိုးနှစ်မှ ထွက်လိုက်သည်နှင့် အပြင်ကအပူချိန်က ကိုယ်ကိုလာ၍ ဟပ်သည်။ အအေးခန်းထဲမှာ ဖိမ်ကျနေသူတွေ အပြင်က အပူကို ဘယ်သိမလဲဟု စာရေးဆရာ ကိုနေသော်က တွေးနေပုံပေါ်သည်။

လူတွေ၊ ဘဝတွေနှင့် လောကကြီးကို အဖုအထစ်၊ အနိမ့်အမြင့်မရှိသော လှပသည့် ဘုံဗိမာန်တစ်ခုဖြစ်စေချင်သော စာတစ်ပုဒ်သူရေးတော့မည်ဟု ချစ်သူကို နားလည်စွာကြည့်ရင်း မေစံရှား သဘောပေါက်လိုက်သည်။

✿ ✿ ✿

| ၁၈ |

❑

ဦးကံ့လုံက သူ့စားပွဲရှေ့တွင် ရပ်လာသော တပည့်ကျော်မော်ကြီးကို မော့ကြည့်လိုက်သည်။

“ဘယ်လိုလဲ။ ငါစုံစမ်းခိုင်းလိုက်တာ”

မော်ကြီးက ရင်ကိုကော့ကာ . . .

“ဆရာ့တပည့်ပါ ဆရာရယ်။ ဆရာ တိတိကျကျကြိုက်လို့ ကျွန်တော်က တိတိကျကျကို စုံစမ်းလာခဲ့တာပါ။ တိတိကျကျပြောပြရမယ်ဆိုရင် ကျွန်တော် ရှာကို မနေ့က နေ့လယ်(၁၂)နာရီမှာ ရောက်ပါတယ်။ ကျွန်တော့်အသိထမင်းဆိုင်မှာ တည်းပါတယ်။ မနေ့က ညနေပိုင်းမှာ အသိနဲ့အတူ ရွာထဲမှာ လှည့်ပြီးစုံစမ်းပါတယ်။ ကျွန်တော် ဒီတိုင်းတွေ့ သိလိုက်ရတာက . . .”



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... လိုရင်းတိုရှင်းပြောစမ်း။ မင်းအခုပြောနေတာတွေက ဘာမှအရေးမပါဘူး။ မလိုတာတွေ ပေရှည်နေတယ်။ အချိန်မရှိဘူး"

"လိုရင်းတိုရှင်း ပြောရမယ်ဆိုရင်တော့ လိုရင်းက ထိန်လင်းဆိုတဲ့ကောင်လေး။ တိုရှင်းက ဆရာကတော် ..."

"အဲဒါ ဘာဖြစ်လဲ"

"တိတိကျကျပြောရမယ်ဆိုရင် အဲ ... လိုရင်းတိုရှင်း ပြောရမယ်ဆိုရင် ထိန်လင်းဟာ ဆရာကတော်နဲ့ အမျိုးမတော်ဘူး"

"ဟေ ..."

ဦးကံ့လုံ၏မျက်ခုံးများ ပင့်တက်သွားသည်။ အာမေဋိတ်သံက အံ့ဩခြင်း၏ သင်္ကေတ။

"ထိန်လင်းက ဘုန်းကြီးကျောင်းက ကိုရင်လူထွက်။ ဆရာကတော်က မိဘမဲ့ထိန်လင်းကို ကိုရင်ဝတ်ပေးပြီးထားတာ။ အခုကိုရင်လူထွက်တော့ ဆရာတော်ရဲ့ဒကာရင်း ဦးမင်းကျော်က မြို့ကိုခေါ်လာတာ။ တိတိကျကျ လိုရင်းတိုရှင်းပြောရရင် ဦးမင်းကျော်နဲ့လည်း အမျိုးမတော်ဘူး။ ဆရာကတော်နဲ့လည်း အမျိုးမတော်ပါဘူး"

"သေချာလား မော်ကြီး"

"သေချာပါတယ် ဆရာ။ အတိအကျပါ။ လိုရင်းတိုရှင်းနဲ့ တိတိကျကျပြောရရင် ..."

"မော်ကြီး ... မပြောနဲ့တော့။ လိုရှင်းတိုရှင်းနဲ့ တိတိကျကျနဲ့ပဲ စကားက ရှာလည်နေတယ်။ မင်းပြောတာသေချာတယ်ဆိုရင် ပြီးပြီ"

"အတိအကျ ပြောရမယ်ဆိုရင်"





"ဟော့ ... တော်ပြီ။ သွားတော့။ ငါ လိုရင်းတိုရှင်းနဲ့ တိတိကျကျပြောတာ သွားတော့"

"ဟုတ် ... ဟုတ်ကဲ့"

မော်ကြီး ကြောက်ကြောက်ရွံ့ရွံ့နှင့် လှည့်ထွက်သည်။

"နေဦး ..."

အမိန့်သံစူးစူးကြောင့် မော်ကြီးခြေလှမ်းတွေ ရပ်တန့်လိုက်သည်။

"ဒီအကြောင်းတွေ ဘယ်သူ့ကိုမှ မပြောနဲ့"

"တိတိကျကျ လိုက်နာပါ့မယ် ဆရာ"

မော်ကြီး ရှေ့ကိုဆက်၍ ခြေလှမ်းလိုက်စဉ် ...

"နေဦး ..."

မော်ကြီး နေရာတွင်ရပ်ကာ ပြန်လှည့်ကြည့်၏။

"အမျိုးမတော်ဘဲနဲ့ အမျိုးတော်တယ်လို့ ပြောရတဲ့အကြောင်းရင်းက ဘာလဲ။ ဒီကောင် ကိုရင်ဘဝနဲ့တုန်းက ဖူးမွံ့နဲ့ ရင်းရင်းနှီးနှီး နေခဲ့လား"

"တိတိကျကျ ပြောရမယ်ဆိုရင်"

"အေး ... ပြော ..."

"ကျွန်တော်မသိပါဘူး ဆရာ"

"ဟာ ... ခွေးကောင် ..."

"ဆရာက စုံစမ်းခိုင်းတာ ကျွန်တော်တိတိကျကျ စုံစမ်းခဲ့ပြီးပါပြီ။ အဲဒါကို တိတိကျကျကော လိုရင်းတိုရှင်းကော ပြောပြီးပါပြီ။ အရင်ကအကြောင်းတွေကို စုံစမ်းပါလို့ ဆရာက တိတိကျကျမပြောခဲ့လို့ ကျွန်တော် တိတိကျကျပဲ မစုံစမ်းခဲ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းကွာ။ မင်းကို ခိုင်းရတာ ပေါက် ညောင်ချောင်းလွှတ်ဆိုသလိုပဲ။ ဘာမှ တိတိကျကျကိုမရှိဘူး"

"လိုရင်းတိုရှင်းပဲ ပြောပါ့မယ်။ ဒီတစ်ခါတော့ ကျွန်တော်တကယ်သွားပြီနော် ဆရာ။ ဆရာပြန်မခေါ်နဲ့တော့"

"အေး ...သွား ...သွား ...။ သချိုင်းကုန်းထိသွား"

မော်ကြီး ထွက်သွားသည်။

"အလကား ကောင်"

ဦးကံ့လုံ မကျေမနပ် ရေရွတ်ပြီးမှ နဖူးရှုံ့လိုက်မိသည်။

"အင်း ...အမျိုးမတော်ဘဲနဲ့ အမျိုးတော်တယ်လို့ပြောတာ အကြောင်းရှိရမယ်။ ပြီးတော့ အမျိုးမတော်ဘူးဆိုတော့ သူတို့ကို သတိထားရတော့မယ်။ ဖူးမွှံလေးက လှတယ် တော်ကြာ ..."

✿ ✿ ✿

[ ၁၉ ]

❑

ကွန်ပျူတာသင်တန်းမှပေးလိုက်သော စာစီစာရိုက်လက်ကွက်နှင့်စာအုပ်ကို ရှေ့တွင်ချကာ ထိန်လင်းငေးနေစဉ် အိမ်ပေါ်သို့ ဒေါ်ဝိုင်းဆက်လာသည်။

"ဟဲ့ ...မောင်ထိန်"

"ဗျာ ...ဒေါ်ကြီးဝိုင်း"

"နှင် ဘာလုပ်နေတာလဲ"

"စာ ...စာဖတ်နေတာပါ။ ဒေါ်ကြီးဝိုင်း ဘာခိုင်းစရာရှိလို့လဲ"

"ငါ ခိုင်းစရာမရှိပါဘူး။ မမလေး ခိုင်းလိုက်တာရှိလို့"

"ဘာလုပ်ရမှာလဲ ဒေါ်ကြီးဝိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"တိုက်ဘေးက သရက်ပင်ကိုင်းက မှန်တံခါးကို လာထိပြီး လေတိုက်ရင် တဂွပ်ဂွပ်နဲ့ ရိုက်နေလို့တဲ့။ ကြာရင် မှန်ကွဲကုန်လိမ့်မယ်တဲ့။ အဲဒါ အဲဒီကိုင်းကို တက်ခုတ်ပေးပါတဲ့"

"အခုလား"

"အခုအားရင် အခုလုပ်ပေါ့ဟာ။ အခုမအားရင်လည်း အားတဲ့အချိန်ပေါ့။ လုပ်ဖြစ်အောင်တော့လုပ်လိုက်။ ကြားလား"

"မထူးပါဘူး။ လုပ်ရမယ့်ဟာ စောစောလုပ်လိုက်တာပဲ ကောင်းပါတယ်။ အခုပဲ လုပ်လိုက်ပါမယ်"

ဒေါ်ဝိုင်း ပြန်ထွက်သွားသည်နှင့် ထိန်လင်းသည်လည်း ထိုင်နေရာမှ ထလိုက်ရသည်။ အတွင်းဝင်ကာ ဓားမရှာပြီး အိမ်ရှေ့သို့ထွက်လာခဲ့သည်။

သရက်ပင်က တိုက်နှင့် သိပ်မကပ်လှသော်လည်း အပင်ကြီးကတော့ ကိုင်းများဖြာထွက်ကာ အပေါ်ထပ်မှန်တံခါးတစ်ချပ်ကို ကိုင်းတစ်ကိုင်းက ထောက်လျက်ရှိသည်ကို တွေ့ရ၏။

ထိန်လင်းသည် ပုဆိုးကိုချွတ်၍ ဘောင်းဘီတိုနှင့် ဓားမကိုခါးကြားထိုးကာ သရက်ပင်ကို တွယ်တက်လိုက်သည်။ ပြီး သရက်ကိုင်းတစ်ကိုင်းမှတစ်ကိုင်းသို့ မျောက်တစ်ကောင်လို ကျင်လည်စွာ ကူး၍ တက်လိုက်သည်။

တောသားပေပဲ။

သရက်ပင်တက်သည့် ကိစ္စလောက်ကတော့ ထမင်းစား ရေသောက်ပါ။ ဘုန်းကြီးကျောင်းမှာ သရက်သီးရှူးချိန်ရောက်လျှင် တာဝန်ယူရသည်က ကိုရင်ထိန်လင်း မဟုတ်ပါလား။

ပင်စည်မှနေ၍ ခုတ်ရမည့်အကိုင်းကို ခွထိုင်ကာ မည်သည့်





နေရာမှဖြတ်လျှင် ကောင်းမည်လဲဟု ချိန်ဆကြည့်လိုက်သည်။ ကိုင်းဖျားပိုင်းက မှန်တံခါးကို ထောက်နေသည်ဆိုတော့ ...

"ဟာ ..."

ထိန်လင်း ပါးစပ်ဟောင်းလောင်း ဖြစ်သွားသည်။ မျက်လုံးအစွ ပုစွန်မျက်လုံးလို ပြူးထွက်လာသည်။

မြင်ကွင်း။

မြင်ကွင်းက ထိန်လင်းကို ဖမ်းစားလိုက်သည်။

ရင်တွေ တဒိုင်းဒိုင်း ခုန်သွားသည်။ မျက်နှာပေါ် သွေးပူတွေ ဖြန်းခနဲ ခုန်တက်လာသည်။ တစ်ကိုယ်လုံး မှုထူသွားသည်။ ကိုင်ထားသော ဓားမသည်ပင် ယောင်ယမ်း၍ လက်မှအောက်သို့ လွတ်ကျသွားသည်။

မမဖူးမွှံ။

သရက်ကိုင်းအဖျားတိုက်နေသော မှန်ပြတင်းက မမဖူးမွှံတို့၏ ရေချိုးခန်းပါတကား။

သရက်ပင်၏ အရွက်အခက်များကြားမှ ထိန်လင်း မြင်လိုက်ရသည်က ရေချိုးနေသော မမဖူးမွှံ။

ရေပန်းရေမွှား ရေမှုန်များအောက်မှာ လွတ်လပ်စွာ သီချင်းအေးအေးဖြင့် ရေချိုးနေသော မမဖူးမွှံ။

ရေချိုးခန်းအတွင်းပေမို့ မိမွေးတိုင်း ဖမွေးတိုင်း ဝတ်လစ်စလစ်ရေချိုးနေသော မမဖူးမွှံ၏ ဝင်းဝင်းပြက်ပြက် အဖုအထစ်အကွေ့အကောက်အလှတရားတွေကို မှန်ပြတင်းဖြတ်လျက် ထိန်လင်း တွေ့မြင်လိုက်ရသည့် ခဏတွင် ...

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၂၀ |

❑

မေစံရှား ရုံးခန်းကိုပြန်ရောက်တော့ ကိုနေသော်စောင့်နေသည်ကို တွေ့ရ၏။

ထိုင်ခုံမှာ မောလျစွာခင်ထိုင်ရင်း သက်ပြင်းမောကို မှုတ်ထုတ်သော မေစံရှားအား ကိုနေသော်က ကရုဏာအကြည့် အေးမြမြနှင့် ကြည့်သည်။

ပြီး အပြုံးတစ်ပွင့်နှင့်အတူ ရေသန့်တစ်ခွက် ထည့်ပေးသည်။

"အမောပြေသောက်လိုက်ဦး"

"ကျေးဇူးပဲ ကိုကို"

မေစံရှားက ကိုနေသော်ခပ်ပေးသောရေကို တစ်ကြိမ်တည်း မော့သောက်ပစ်လိုက်သည်။ ရင်ထဲတွင်အေးမြကာ အမောတွေပြေသွားသည်ဟု ခံစားရ၏။





"အမောပြေသွားပြီမဟုတ်လား။ ဒါ ရိုးရိုးရေမှ မဟုတ်တာ။ ...ဘွာတွေထည့်ထားတဲ့ ရေလေ"

ကိုနေသော်က စကားဖြင့်လည်း အမောထပ်မံ ဖြေပေးပြန်...ည်။ ချစ်သူကိုကို ကိုလေးစားတပ်မက်စွာ ကြည့်လျက် ...

"ရှားကို ပိုင်ဆိုင်ပြီးရင်ရော ဒီလိုပဲ ကြင်နာမှာလား"

မေးလိုက်သည်။

"ဟာ ... ဒီထက်ပိုမှာပါ။ စိတ်ချ"

ကိုနေသော်က အမြူးရွှင်ပျအသောလှလှနှင့် စကားပြန်၏။

"ကိုကိုက စာရေးဆရာဆိုတော့ စကားပြောတော့ ကောင်း...ပေါ့။ အပြောကောင်းတိုင်း ယုံရရင်ခက်ရချည်ရဲ့"

မေစံရှား၏ အနွဲ့စကား။

အမှုပိုပိုနှင့်ကြည့်သော မေစံရှားကို ကိုနေသော်က ရယ်ပြုံး...သာ နှုတ်ခမ်းတွန့်ကွေးကွေးဖြင့် ပြန်ကြည့်ကာ ...

"လက်တွေ့စမ်းသပ်နည်းတွေ ရှိသားပဲ ရှားရဲ့။ သိပ်ပြီး သိပ္ပံ...ည်းကျတာ။ မယုံရင် စမ်းလိုက်လေ"

"ပြောပါဦး ... အဲဒီနည်းက ..."

"ကိုကို့ကို လက်ထပ်ကြည့်တဲ့နည်းလေ"

မေစံရှားက နှုတ်ခမ်းကို လက်နှင့်ကွယ်ကာ တခစ်ခစ်ရယ်...သည်။ ပြီးမှ ...

"သိပ်ကောင်းတဲ့နည်းပဲနော်။ ဒီတစ်ခါ ဟာသရုပ်ရှင်ကားကြီး...ည်ညွှန်းရေးရင် ဒီအကွက်လေးပါ ထည့်ရေးနော်။ သိပ်ရယ်ရတော...

"မောလာတဲ့ချစ်သူကို အမောပြေအောင် ကိုကိုက ဟာဒယ



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဆေးတိုက်ကျွေးတာပါ ရှားရယ်။ ကဲ . . . ပြောပါဦး။ ဒီနေ့ တရားရုံး
အတွေ့အကြုံ''

''ကြူကြူနဲ့ ဦးပြည့်စုံအမှုကို စပြီးစစ်ဆေးပြီလေ။ ဦးပြည့်
ကတော့ ရှားကိုကြည့်တာ နဂါးမျက်လုံးမျိုးနဲ့ပဲ။ ရှားတော့ ပြာကျသွား
တောင်ထင်ရတယ်''

''ဦးပြည့်စုံဇနီးနဲ့ သမီးလာလား''

''အန်တီဒေါ်တင်နွဲ့လည်း မလာဘူး။ သမီးသဇင်လည်း မလာ
ဘူး''

''အင်းပေါ့ . . .။ သူတို့က ရှက်နေမှာပေါ့''

''လာတာကတော့ ဦးကံ့လုံပဲ''

''ဦးပြည့်စုံရဲ့ညီ မဟုတ်လား။ ဟိုတစ်ခါ ရှားဆီလာသွားတဲ့
လူ''

''ဟုတ်တယ် . . . ချစ်မိတ်ဆွေကြီးလေ''

''အမှုအခြေအနေက . . .''

''အမှုအခြေအနေက ရှင်းနေတာပဲ။ ရဲအုပ်သီဟတို့ဘက်က
လည်း သေသေချာချာ အမှုကို တည်ဆောက်ပြီးမှ တင်လာတဲ့အမှု
လေ။ ဦးပြည့်စုံဘက်ကလိုက်တဲ့ ရှေ့နေက ဝါရင့်ရှေ့နေကြီးတစ်ဦး
ရှားတို့လေးစားရတဲ့သူပါ။ ဒါပေမဲ့ ရှေ့နေ ဘယ်လောက်တော်တော်
အမည်းကို အဖြူလုပ်လို့ မရပါဘူး''

''ဒါဆို ဦးပြည့်စုံ ပြစ်ဒဏ်ကျဖို့ သေချာတယ်ပေါ့''

''သေချာနေတာပဲ''

''ဦးကံ့လုံက ရှားကို ဘာပြောသေးလဲ''

''မပြောပါဘူး။ ရဲအုပ်သီဟကတော့ ပြောတယ်။ ဦးကံ့လုံ



ဆီကို လာညှိတယ်တဲ့။ လာညှိတယ်ဆိုတာ ကိုကိုသိပါတယ်။ ရှားဆီ
လာသလိုမျိုးပေါ့။ ဒါပေမဲ့ ရဲအုပ်သီဟကလည်း နာမည်နဲ့ဂုဏ်
သိက္ခာကို ငွေနဲ့ ဘယ်လိုမှမလဲတဲ့ သံမဏိလူသားပဲလေ။ ဦးကံ့လုံ တပ်
ခေါက်ပြန်သွားရတယ်တဲ့။ မျက်နှာကြီးမည်းလို့တဲ့''

''ဒီလိုပဲ ဖြစ်မှာပေါ့။ ငွေကြေးဥစ္စာ အရှိန်အဝါကြီးတဲ့သူတွေ
က ငွေကြေးဥစ္စာ အရှိန်အဝါမဲ့တဲ့သူတွေထက် အတ္တပိုကြီးတာပဲလေ''

ကိုနေသော်က အတွေးအမြင် စကားပြောသည်။

မေစံရှားက ပြုံး၍ . . .

''ဒါပေမဲ့ ရှားနားလည်ထားတာ တစ်ခုရှိတယ် ကိုကို''

''ဘာလဲရှား''

''လောကမှာ အင်အားကြီးတဲ့သူတွေက ကျန်ခဲ့တာ မဟုတ်
ဘူး။ ကျန်ခဲ့တဲ့သူတွေကသာ အင်အားကြီးတာပဲ ဆိုတာလေ''

''အဟား . . . ရှားစကားက နက်ရှိုင်းလိုက်တာ''

''စာရေးဆရာရဲ့ ချစ်သူပဲလေ။ ဒီလောက်တော့ ရှိရမှာပေါ့''

''လေးစားပါတယ် ဒေါ်မေစံရှား''

ကိုနေသော်က အလေးပြုဟန်လုပ်လိုက်သဖြင့် မေစံရှားက
သဘောကျစွာ ရယ်လိုက်သည်။ အရယ်ရပ်မှ . . .

''ဒါနဲ့ ပြောစရာ မယ့် သတင်းရှိသေးတယ်''

စကားစပြန်သည်။

''ဘာများလဲ''

''ဒီနေ့ တရားရုံးမှာ အငြိမ်းစားရဲအရာရှိ ဦးအောင်မြင့်နဲ့
တွေ့တယ်။ ရှားလေးစားရတဲ့ ရဲအရာရှိကြီးပေါ့။ သူကလည်း ရှားကို
ခင်တယ်။ တရားရုံးမှာ ဦးပြည့်စုံရဲ့အမှုပြီးတော့ ရှားထွက်လာတဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မြင့်က လာနှုတ်ဆက်တယ်။ သူ့ဆီကနေ ဦးပြည့်စုံရဲ့ညီ ဦးကံ့လုံနဲ့ပတ်သက်တဲ့ အချက်အလက်အချို့ သိခဲ့ရတယ်''

ကိုနေသော် စိတ်ဝင်စားပုံပေါ်သည်။

''ဘာများလဲ ရှား။ ဦးကံ့လုံက တရားမဝင်နည်းတွေနဲ့ စီးပွားရှာနေတာမျိုးလား''

မေးခွန်းတစ်ခုပြန်မေးသည်။ မေစံရှားက ခေါင်းခါလိုက်ပြီး–

''မဟုတ်ဘူး ကိုကို၊ အဲဒါပြောတာမဟုတ်ဘူး။ သူစီးပွားရှာတာကတော့ ဥပဒေနဲ့ ညီညွတ်ပါတယ်။ ပြဿနာမရှိပါဘူး။ ဒါပေမဲ့ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ဦးကံ့လုံရဲ့ဇနီး ပျောက်သွားဖူးတယ်။ သတင်းအရတော့ ဦးကံ့လုံရဲ့ဇနီးက ငယ်ငယ်ချောချောပဲတဲ့။

သူ့အိမ်က ဒရိုင်ဘာနဲ့ လိုက်ပြေးသွားတာလို့ ဆိုတယ်။ အဲဒါကို ဦးကံ့လုံရဲ့ ပျောက်ဆုံးသွားတဲ့ဇနီးဘက်က ဆွေမျိုးတချို့က သံသယရှိတယ်။ အဲဒါကို ဦးအောင်မြင့်ဆီမှာ လာပြီးတိုင်ပင်ကြတယ်။ လူပျောက်မှုပေါ့။ ခက်တာက ဦးကံ့လုံရဲ့ဇနီးဟာ အဲဒီဒရိုင်ဘာနဲ့ ဖောက်ပြန်နေတာကို ပြနိုင်တဲ့ လူသက်သေ၊ ပစ္စည်းသက်သေတွေ ရှိရုံမက ဦးကံ့လုံကိုယ်တိုင်က လူပျောက်မှုနဲ့ ရဲစခန်းမှာလာပြီး အမှုဖွင့်ထားတာ။ မယားနိုးမှုနဲ့ပါ စွဲမယ်ပေါ့။ ဒါပေမဲ့ အမှုမဖြစ်ခဲ့ဘူး။

ဘာဖြစ်လို့လဲဆိုတော့ အဲဒီဇနီးနဲ့ ဒရိုင်ဘာကို ခုထိ ပြန်မတွေ့လို့ပဲ။ သတင်းတွေကတော့ သူတို့နှစ်ယောက် ထိုင်းဘက်အထိ ထွက်ပြေးကြတဲ့သဘောကို ပြတယ်။ အဲဒီဇာတ်လမ်းလေးကို ဦးအောင်မြင့်က ပြောပြတာ''

''ဦးကံ့လုံ တော်တော်ခံစားလိုက်ရမှာပေါ့''

''အင်း ... ဆိုပါတော့။ ဦးကံ့လုံက ကြီးမှ အိမ်ထောင်ကျ





တာ။ ဇနီးကငယ်တယ်။ ပြီးတော့ ဦးကံ့လုံက စီးပွားရေးမှာပဲ အာရုံများနေတော့ ဇနီးသည်နဲ့ သဟဇာတ သိပ်မဖြစ်ဘူးထင်ပါရဲ့။ ဇနီးက ဒရိုင်ဘာနဲ့လိုက်ပြေးတော့ ရှက်တာရော၊ ယူကျုံးမရတာရော ရောပြီး ခံစားခဲ့ရတယ်လို့ ဆိုတယ်။ စိတ်ကျန်းမာရေးဆရာဝန်ကြီး ဦးနေဝင်းနဲ့တောင် ကုရသလိုလို ကြားတယ်တဲ့''

ကိုနေသော် တွေသွားသည်။

''ဒါဖြင့် ကိုကိုတို့ တစ်ခါသုံးသဝ်ဖူးတဲ့ ဦးကံ့လုံဟာ စံလွဲကိုယ်ရည်ကိုယ်သွေးရှိနေတယ်ဆိုတဲ့ ကိစ္စဟာ သူ့ဇနီးဖောက်ပြန်သွားတဲ့အကြောင်းကြောင့်များ ဖြစ်လာသလား''

''ဖြစ်နိုင်ပါတယ်။ ဇနီးဖောက်ပြန်ချက်ကြောင့် ဦးကံ့လုံဟာ ဘယ်သူ့ကိုမှမယုံတော့ဘဲ ယုံမှားသံသယများတဲ့ စိတ်စွဲ ကိုယ်ရည်ကိုယ်သွေးမျိုး ဖြစ်လာတာဖြစ်နိုင်ပါတယ်။ အဲ ... ဒါပေမဲ့ ...''

မေစံရှားက ရုတ်တရက် အဖြေမပေးသေးဘဲ မျက်ခုံးနက်နက်လေးကို တွန့်ခေါက်သည်အထိ လေးလေးနက်နက်တွေးနေသည်။ ကိုနေသော်က မေစံရှား၏အမူအရာကို ထူးခြားသည်ဟုထင်မိသဖြင့် ကြည့်နေ၏။

စက္ကန့်အတော်များများ ကြေလွင့်သွားပြီးမှ မေစံရှားထံမှ အသံတချို့ လေးလေးတွဲ့တွဲ့ ထွက်လာသည်။

''စောစောက ကိုကိုနဲ့ရှားတွေ့တဲ့ ဖြစ်နိုင်တယ်ဆိုတဲ့ အချက်ပြောင်းပြန်ပေါ့။ ဦးကံ့လုံမှာ နဂိုကတည်းက စိတ်စွဲကိုယ်ရည်ကိုယ်သွေးရှိနေခဲ့ပြီး ဇနီးနဲ့ဒရိုင်ဘာကို ထင်ယောင်ထင်မှား ဖြစ်ခဲ့တာလား။ ရှားက ပြန်တွေးကြည့်တော့ အဲဒီလိုသာမှန်ခဲ့ရင် ဦးကံ့လုံရဲ့ဇနီးနဲ့ ဒရိုင်ဘာဟာ ပျောက်သွားတာမှ ဟုတ်ရဲ့လားလို့ သံသယပွားစရာပဲ။

www.burmeseclassic.com



ကြည့်လေ ...။ ဦးပြည့်စုံကိစ္စနဲ့ပတ်သက်ပြီး ရှားကို အန္တရာယ်ပြုခဲ့တာ။ သူ့စိတ်ကို ခန့်မှန်းရခက်တယ်"

"အင်း ... ဆရာဝန်ကြီး ဦးနေဝင်းနဲ့ အခါအခွင့်သင့်လို့ တွေ့ရရင် မေးစမ်းကြည့်ချင်တယ်။ ပြီးတော့ အဲဒီနှစ်ပိုင်းက မှခင်းသတင်း ဂျာနယ်တွေရရင်ပြန်ပြီး ဖတ်ကြည့်ချင်တယ်။ ဒီကိစ္စမှုခင်းသတင်းထဲမှာများ ပါလေမလားလို့"

"ရှားဖတ်ချင်ရင် ကိုကိုရှာပေးမယ်။ ကိုကိုတို့တိုက်က မှုခင်းသတင်းဂျာနယ်ထုတ်တာပဲလေ။ တာဝန်ခံအယ်ဒီတာ ဆရာဦးယဉ်ကျော်ကို အကူအညီတောင်းရင် သူ့ဂျာနယ်မှတ်တမ်းစာအုပ်ကြီးကို ရနိုင်တာပေါ့"

"ကောင်းတယ် ကိုကို။ အဲဒါလေးကြုံရင် တောင်းထားပေးပါလား"

"အို ... ဘယ်ကကြုံရင် ဖြစ်ရမှာလဲ။ ရှားအတွက်ဆို အမြဲပထမ ဦးစားပေးဖြစ်ရမှာ။ အမြန်ဆုံးဖြစ်ရစေမယ်။ စိတ်ချ"

ကိုနေသော်က ရင်ကော့၍ ရဲရဲဝံ့ဝံ့ အာမခံစကားကိုဆိုသည်။ မေစံရှားက ကိုနေသော့်အပြောကို ကြည်နူးပီတိဖြစ်စွာဖြင့် ...

"ကိုကိုကတော့ အမှတ်ဝင်ယူနေပြန်ပြီနော်"

ပြုးမြမြဖြင့် ပြန်ပြောလိုက်လေသည်။

အပြင်မှာက မိုးမှုန်ကြမ်းကြမ်းနှင့် လေရမ်းရမ်းက မိုးဦးကို နိဒါန်းပျိုးလျက်။

✿ ✿ ✿

[ ၂၀ ]

❑

ဖူးမွံက ခရီးဆောင်အိတ်ကိုဆွဲ၍ ဦးကံ့လုံ၏နောက်မှ ပါလာသည်။ တိုက်လှေကားမှဆင်းကာ ကားနောက်ခန်းဘောနပ်ဖုံးကို ဖွင့်၍ အိတ်ကို ထည့်ပေးသည်။ ဦးကံ့လုံက ဖူးမွံ၏ပခုံးကိုဆုပ်ကိုင်ကာ ...

"အစ်ကိုကြီး အလွန်ဆုံး နှစ်ရက်သုံးရက်ပါပဲ"

ဟု ပြောသည်။ ဖူးမွံက မျက်နှာညှိုးညှိုးနှင့် မော့ကြည့်သည်။

"ဒေါ်ပိုင်းကလည်း အစ်ကိုကြီးနဲ့ကြုံတုန်း သူ့ရွာကို လိုက်ခဲ့မှာဆိုတော့ မွံလေးမှာ အဖော်မရှိတော့ဘူးလေ။ မွံလေးက ကြောက်တတ်တာ အစ်ကိုကြီးသိသားပဲ။ မွံလေးလိုက်မယ်ဆိုတော့လည်း အစ်ကိုကြီးက မခေါ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကိစ္စနဲ့ ဟိုသွားဒီသွားလုပ်ရမှာ။ မှုံလေးကို ဒုက္ခပေးသလိုဖြစ်နေမှာပေါ့။ နောက်ကျမှ မှုံလေးနဲ့အစ်ကိုကြီး သီးသန့်ခရီးထွက်မယ်လေ"

"အစ်ကိုကြီးက ပြောလိုက်ရင် နောက်ကျမှချည်းပဲ"

"စိတ်မကောက်ပါနဲ့ကွာ။ မှုံလေးကို အစ်ကိုကြီး ဘယ်လောက်ချစ်တယ်ဆိုတာ မှုံလေးသိတယ် မဟုတ်လား။ အခုလည်း ခရီးသွားရတယ် မှုံလေးကို မခွဲစဖူးခွဲရတော့ လွမ်းနေမှာပါ"

ဒေါ်ဝိုင်းက ခြင်းတစ်လုံးနှင့် ရောက်လာသည်။

"ဒေါ်ဝိုင်း အဆင်သင့်ဖြစ်ပြီလား"

ဦးကုံလုံက မေး၏။

"ဟုတ်ကဲ့ ဆရာကြီး"

"ကဲ ... ဒါဆိုသွားရအောင်။ ဒါနဲ့ မှုံလေးမောင်ရော"

"ခြံထဲမှာထင်တယ်။ ပန်းပင်တွေ ပေါင်းသင်ခိုင်းထားတယ်"

"ခေါ်လိုက်ပါဦး"

ဖူးမှုံလှည့်ထွက်မည်အပြု ဒေါ်ဝိုင်းက လက်ကာကာ ...

"ကျွန်မခေါ်လိုက်မယ် မမလေး"

ပြောပြောဆိုဆိုဖြင့် ထွက်သွားသည်။

"ထိန်လင်း ရှိနေတာပဲ။ မှုံလေး ဘာမှမကြောက်ပါနဲ့"

ဦးကုံလုံက ဖူးမှုံ၏နဖူးကို ငုံ့မွှေးရင်း တိုးတိုးပြောသည်။ ဖူးမှုံ မျက်ရည်တလဲ့လဲ့။ ဒေါ်ဝိုင်းနှင့်အတူ ထိန်လင်းရောက်လာသည်။

"ဆရာကြီး ကျွန်တော်ရောက်ပါပြီ"

ထိန်လင်းက စွပ်ကျယ်ချိုင်းပြတ်၊ ပုဆိုးတိုတိုနှင့်ဖြစ်၏။ လက်မှာ ရွှံ့များနှင့်။



"ဆရာကြီး ခေါ်တယ်ဆိုလို့"

"အေး ... ထိန်လင်း မင်းကို မှာစရာရှိလို့"

"ဟုတ်ကဲ့ပါ"

"ငါ ခရီးထွက်ရမယ်။ နှစ်ရက်သုံးရက်လောက် ကြာမယ်။ ဒေါ်ဝိုင်းကလည်း ရွာမပြန်ရတာကြာလို့ ပြန်မယ်။ ငါက လမ်းကြုံလို့ ခေါ်သွားမယ်။ ဒီတော့ အိမ်မှာ မင်းမမလေးပဲ ကျန်မယ်။ ညရေးညတာ ဂရုစိုက်ပါ။ မင်းမမကို အဖော်လုပ်ပေးပါ"

"ဟုတ်ကဲ့ပါ"

ထိန်လင်းက ရိုရိုကျိုးကျိုး ပြန်ပြောသည်။

"ကဲ ... မှုံလေး အစ်ကိုကြီးသွားမယ်"

"ဟုတ်ကဲ့"

ဦးကုံလုံနှင့် ဒေါ်ဝိုင်းတို့ကားပေါ်တက်ပြီးနောက် ဦးကုံလုံကိုယ်တိုင် ကားကိုမောင်းကာ ထွက်သွားသည်။ ဖူးမှုံက လက်ကလေးပြ၍ ကျန်ခဲ့၏။

ဖူးမှုံကိုငေးကြည့်နေသော ထိန်လင်းမှာ အကြည့်မလွှဲဖယ်မီ လှည့်လာသောဖူးမှုံနှင့် အကြည့်ချင်းဆုံသွား၏။ ထိန်းလင်းရင်မှာ ဒုတ်ခနဲ။

ဖူးမှုံရင်မှာလည်း ...

"ကဲ ... ကဲ ... မင်းအလုပ်မင်းသွားလုပ်တော့"

"ဟုတ် ... ဟုတ်ကဲ့ မမ"

နှစ်ဦးစလုံး အသံတွေ တုန်နေသည်။

အနောက်တောင်ဘက်က မိုးတွေညို့နေ၏။ သဲသဲမဲမဲရွာတော့မည့်ပုံ ပေါ်လာတော့သည်။

✿ ✿ ✿

www.burmeseclassic.com

[ ၂၂ ]

❑

တစ်မိုးလုံး အုံ့မှိုင်းနေသည်။ မိုးသားတို့က အလိပ်လိပ်။ ကြယ်တွေကိုမမြင်ရ။ လေထဲမှာ မိုးနံ့တွေ ရနေ၏။ ညနှင့် မိုးမှောင်ပေါင်းမိသောအခါ ဝန်းကျင်တစ်ခုလုံး ပြာပြာညို့ညို့မှိုင်းပုပု။

တစ်ခါတစ်ရံ လျှပ်ရောင်တွေ ဝင်းခနဲ ပြက်ခနဲ။

မကြာမီမိုးဖွဲလေးများ စတင်ကြွေကျလာ၏။

မေစံရှားက လှမ်းလာသော ခြေလှမ်း၏ မြန်နှုန်းကို မြှင့်လိုက်ရသည်။

သည်ညနေမှာအလုပ်က စောစောပြီးနေပါလျက် ညေ့သည်ရောက်လာသဖြင့် အချိန်က လင့်သွားသည်။ ညေ့သည်မှာ အခြားမဟုတ် ကြည်ပြာဖြစ်၏။

ကြည်ပြာလာရခြင်းအကြောင်းက ဦးပြည့်စုံ၏ဇနီး ဒေါ်တင်နှင့် သမီးဖြစ်သူသဇင်တို့ လွှတ်လိုက်၍ပင်။





"သူတို့က မေစံရှားကို အကူအညီပေးပါလို့ မေတ္တာရပ်ခံနိုင်းတယ်။ အဖြစ်အပျက်က တကယ်ဖြစ်ပေမဲ့ အမှုကနေ ဦးပြည့်စုံ ကွင်းလုံးကျွတ်လွတ်သွားရင် သူတို့ပတ်ဝန်းကျင်မှာ ခေါင်းဖော်လို့ရနိုင်တယ်တဲ့။ မဟုတ်ရင်တော့ သူတို့မိသားစုအဖို့ ကံဆိုးမိုးမှောင်ကျမယ်ပေါ့။

အဲဒါ ကြည်ပြာက မမရှားအကြောင်းသိပြီးသားမို့ ငြင်းပါသေးတယ်။ ဒါပေမဲ့ သူတို့က တအားဆန္ဒပြင်းပြနေတော့ ပြောကြည့်ပေးပါမယ်လို့ ကတိပေးပြီး ထွက်လာခဲ့ရတာ။ သူတို့ဆန္ဒကတော့ ဦးပြည့်စုံ အမှုကလွတ်မယ်ဆိုရင် မမရှားလိုချင်တာ အားလုံးဖြစ်ရပါစေမယ်တဲ့"

မေစံရှား ရင်မောရပါ၏။

"ပြုသူက မေစံရှားမဟုတ်သလို၊ အဆုံးအဖြတ်ပေးမယ့်သူလည်း မမရှားမဟုတ်ဘူးဆိုတာ ကြည်ပြာသိပါတယ်။ ပြီးတော့ ဒီကိစ္စမှာ တကယ်နစ်နာခဲ့ရသူကလည်း မမရှားတို့ခေါ်လာတဲ့ ကြူကြူ"

"ဟုတ်ပါတယ်။ အဲဒီကြူကြူကိုလည်း သူ နစ်နာတာနဲ့ ညီမျှအောင် လုပ်ပေးပါ့မယ်တဲ့"

ကြည်ပြာအား မေစံရှား ရှင်းပြရသည်မှာ တစ်ညနေကုန်သွားသည်။ မည်သို့မျှမဖြစ်နိုင်ကြောင်း၊ အားနာကြောင်း ပြန်ပြောပြပေးရန် အချက်အလက်များ အစုံအလင်နှင့် မှာကြားရသည်။ ကြည်ပြာက လက်ခံသည့်တိုင် ပြန်ပြောရမှာ ဝန်လေးနေမိပုံရှိ၏။ သို့သော် မေစံရှား မတတ်နိုင်။

အမှန်တရားကို ငွေနှင့်လဲ၍မရ။
သိက္ခာကို အဆုံးရှုံးမခံနိုင်။
လိပ်ပြာကို အရှက်မရစေသင့်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးကြည့်ပြာ၏ ကားနှင့် မေစံရှားလိုက်၍ ပြန်ခဲ့တော့ မိုးကချုပ်နေပြီ။

မှောင်ကလည်းမှောင်၊ မိုးကလည်း ရွာတော့မည့်ဟန်ရှိသဖြင့် ကြည့်ပြာအား အိမ်အရောက်မပို့စေတော့ဘဲ လမ်းမကြီးမှာပင် မေစံရှား ဆင်း၍ လမ်းလျှောက်လာခဲ့သည်။

သည်လမ်းက ပြန်နေကျ။

သို့သော် လမ်းသွယ်ဖြစ်သည်က တစ်ကြောင်း၊ အိမ်ခြံများနှင့် လူပြတ်သည်ကတစ်ကြောင်းမို့ သတိတော့ ထားရ၏။

ပြီးခဲ့သည့်တစ်ချိန်ကပင် လူနှစ်ဦး၏ရန်ပြုမှုကို မေစံရှား ကြုံခဲ့ရဖူးပြီ။

မိမိက မည်မျှရိုးဖြောင့်မှန်ကန်စွာ ရပ်တည်ပါစေ။ မရိုးမဖြောင့် မမှန်သူတို့က မလိုလားသည် ကေန်။ ပြီးတော့လောကမှာ မရိုးမဖြောင့် မမှန်သူက ရာခိုင်နှုန်းပိုများသည်လေ။

ဤနေရာမှာပေါ့။

မေစံရှားဖျတ်ခနဲ သတိရပြီး သတိကို ပို၍စုစည်းခံစားလိုက်မိ၏။

ပတ်ဝန်းကျင်ကိုလည်း မျက်စိလျင်လျင်နှင့် ကြည့်နေရင်း

မည်သည့်အန္တရာယ်မျှ မမြင်၍စိတ်လက်ပေါ့ပါးသွားကာ မိုးဖွဲဖွဲအောက်တွင် ထီးကိုဖွင့်လျက် ခြေလှမ်းကို စိပ်စိပ်မြန်မြန်လှမ်းခဲ့တော့သည်။

သို့သော် ...

နားထဲသို့ ဝင်လာသော ကားစက်သံညက်ညက်။

သတိကပ်ထားသော အာရုံတွင်း ဝင်လာသည်။





နောက်ဘက်ဆီမှ ဖြစ်၏။

ကားမီးရောင်က မလာ။

အဘယ်ကြောင့် ညမှောင်မှောင်မှာ မီးမထွန်းဘဲ မောင်းလာသနည်း။

ဒါက ပုံမှန်မဟုတ်။

အန္တရာယ်ဟု မီးနီပြလိုက်သည့် အချိန်မှာပင် ကားစက်သံညက်ညက်က ရုတ်တရက် ဝေါခနဲမြည်ဟိန်းကာ နောက်မှနေ၍ အရှိန်အဟုန်ပြင်းစွာ ပြေးလာပြီး မေစံရှားအား တိုက်ချသွားသည်။

မေစံရှား ကားလမ်းဘေးသို့ တလိမ့်ခေါက်ကွေး ကျသွား၏။

မလွတ်သော သတိတရားက မေစံရှားအသက်ကို ကယ်လိုက်နိုင်သလား။

တစ်စုံတစ်ယောက်သည် မေစံရှားကို လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားခဲ့ပြန်လေပြီ။

လဲကျနေရာမှ လူးလဲထကာ လှမ်းကြည့်တော့ အမှောင်ထဲမှ ကားက ပျောက်သွားခဲ့လေပြီ။ ကားအမျိုးအစား မသိလိုက်။ နံပါတ်ကား ဝေးစွ။

ထိုအချိန်မှာ မိုးကလည်း ဝေါခနဲ သည်းသည်းထန်ထန် ရွာချလိုက်ပြန်၏။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဟု မဆိုနိုင်သော်လည်း အန္တရာယ်ပြုခံရချိန်မှာ မိုးလိုက်၍ရွာဟု အစားထိုးတွေးမိကာ မေစံရှား ပြုံးလိုက်မိ၏။ မချိပြုံးဟုအမည်တပ်ရမည့် ယဲ့ယဲ့မျှသော အမောပြုံး။

✿ ✿ ✿

www.burmeseclassic.com

| ၂၇ |

❑

တဝေါဝေါမိုးက အိုးကို သွန်မှောက်ချနေသည့်ပမာ။ လေ…
လည်း တဝုန်းဝုန်းပါသေး၏။ လျှပ်စီးတွေက တဝင်းဝင်းနှင့် မိုးချုန်း…
က တကျိမ်းကျိမ်း တဂျွမ်းဂျွမ်းကြားမှာ မိုးကြိုးပစ်သံကပါ ဆင့်လော…
လာပြန်တော့ အခန်းထဲမှာနေရသည့် ဖူးမုံ အိပ်မရတော့။

ငယ်စဉ်က ဖူးမုံမှာ အတွေ့အကြုံတစ်ခုရှိခဲ့သည်။ မိုးကြိုး…
ကြီးကျနေသောညမှာ မိမိတို့နေသောအိမ်ပေါ်သို့ ခြေရင်းမှ ကုက္ကို…
ကြီး ပြိုလဲကျခဲ့သည့်အဖြစ်။

အိမ်ပေါ်နေသူတွေ အသက်အန္တရာယ် မတွေ့ကြုံခဲ့ရ…
လည်း ဖူးမုံအကြောက်လွန်၍ သတိလစ်ခဲ့ရဖူးသည်။

ထိုကြောင့် စိတ်က မိုးသည်းသောညတိုင်း ဖူးမုံကို ခြောက်…
တတ်မြဲဖြစ်ခဲ့သည်။





ယခုညလည်း မိုးကြိုးလေကြီးက ကျပြန်ပြီ။

နေရသည့်တိုက်ကြီးမှာ အန္တရာယ်နှင့်ကင်းလျက် လုံခြုံမှုရှိ…
…သည့်တိုင် ဖူးမုံစိတ်ထဲမှာ ကြောက်စိတ်က မည်သို့မျှ အားတင်း၍
…

မှန်ပြတင်းမှ ဖြတ်၍မြင်နေရသော သစ်ပင်တွေ လေတိုက်၍
…ထိုးနေသည်မှာ တစ္ဆေသရဲတွေပမာ။

မိုးကြိုးပစ်သံနှင့် မိုးခြိမ်းသံက အသည်းတုန်အူတုန်စရာ။

ဖူးမုံအိပ်ရာမှ ထလိုက်ရ၏။

အားပြုပေးမည့် အဖော်တစ်ဦးဦးရှိမှ ဖြစ်ပေတော့မည်။ လူ…
…တဆတ်ဆတ်တုန်ကာ ရင်တွေခုန်နေသည်က ပေါက်ကွဲတော့မည်
…ဟု ထင်ရသည်။

''မောင်ထိန်ကို ခေါ်မှပဲ''

ထိုအချိန်တွင် ထိန်လင်းတစ်ယောက်မှာလည်း စာဖတ်ရင်းမှ
…ကြီးဆီသို့ မျှော်ကြည့်နေသည်။

ဖူးမုံ၏အခန်းမှ မီးရောင်ကို မြင်ရ၏။ ဆရာကြီးက မမဖူးမုံ
…အဖော်ပြုပေးဖို့ မှာထားခဲ့သဖြင့် ထိန်လင်း မမဖူးမုံထံသွားကာ
…ကြောက်ရန် အားပေးအဖော်ပြုသင့်သည်မှာ မှန်ပါ၏။

သို့သော် …

ထိန်လင်းမျက်ဝန်းမှာ မြင်နေရသည်က သရက်ကိုင်းတက်ခုတ်
…နေ့က မြင်ခဲ့ရသည့် ရေချိုးနေသော မမဖူးမုံ၏ ပကတိအရှိအလှ။

မျက်စိထဲကမထွက်သည့် ထိုအလှကြောင့် ရင်တွေပူ အာခေါ…
…ခြောက်ကာ နေမရထိုင်မရ ဖြစ်ခဲ့ရသည်မှာ မိမိဘာသာအသိ။

ယင်းကို တပ်မက်မှုဟု ခေါ်မလား။



www.burmeseclassic.com

www.burmeseclassic.com



တဏှာရာဂဟု ခေါ်မလား။

သန့်စင်အေးမြသော မေတ္တာတရားသက်သက်မျှ မဟုတ်သည်

ကို ထိန်လင်း သဘောပေါက်နေမိ၏။

ထိုသဘောပေါက်မှုကြောင့်ပင်လျှင် မမဖူးမွှံကို မတွေ့အော

ရှောင်နေရ၏။ မတတ်သာ၍ တွေ့ရလျှင် ရှောင်ထွက်ဖို့ ကြိုးစားရ

သို့တိုင်မနက်ကပင် မမဖူးမွှံကို ခိုးကြည့်မိခဲ့ပြန်သည်။

မမဖူးမွှံကို တွယ်ငြိနေမိသည်မှာ သေချာ၏။

နှလုံးသားက ပါမည်ဖြစ်သလို သွေးသားထဲက ပိုသည်

လည်း မညှာမတာဆင်ခြင်မိ၏။

ခက်သည်က မမဖူးမွှံက လူလွတ်မဟုတ်။ အိမ်ထောင်ရှ

ပြီးတော့ မိမိ၏ကျေးဇူးရှင်။

မမဖူးမွှံကို ပြစ်မှားမိက သူတစ်ပါးမယားကို ပြစ်မှားမိ

အပြစ်ကို ကျူးလွန်ခြင်းဖြစ်မည်သာမက အဆွေခင်ပွန်းကြီး ၁၀

ပြစ်မှားရာလည်း ရောက်လိမ့်မည်။

မဖြစ်။

အဖြစ်မခံနိုင်။

သို့သော် မိမိရင်တွင်းက ရာဂမီးသည် မဖြစ်စလောက်

အသိကလေးဟူသော ရေဖြင့် ငြိမ်း၍မရ။

ထို့ကြောင့်လည်း မိမိကိုယ်ကိုယ် မယုံနိုင်၊ မယုံရဲ၍

ကိုအဖော်ပြုဖို့ကိစ္စအား သိသိကြီးနှင့် ရှောင်တိမ်းနေမိခြင်းဖြစ်

ဖူးမွှံအဖို့မူကား ကြောက်စိတ်ကြောင့်ဘာကိုမျှမတွေးနိုင်

ခန်းမှထွက်ကာ နောက်ဖေးဘက် ထွက်လာသည်။ မီးဖိုဆောင်

အပြင်ထွက်သည့်တံခါးမကြီးကိုဖွင့်ကာ ထိန်လင်းကို အော်ခေါ်





"မောင်ထိန် ... မောင်ထိန် ..."

ဖူးမွှံအသံက မိုးသံနှင့် မိုးခြိမ်းသံကြားထဲမှ ပျောက်သွား၏။

တဝေါဝေါ၊ မိုးခြိမ်းသံက တကျိန်းကျိန်းမဟုတ်ပါလား။

ဖူးမွှံထပ်၍ အော်ခေါ်ပြန်၏။

"မောင်ထိန်ရေ ... မောင်ထိန် ..."

တုံ့ပြန်သံမကြားရ။ ထိန်လင်းမကြားသည်မှာ သေချာ၏။ မိုး

ကြောင့်လည်းဖြစ်နိုင်၏။ အိပ်ပျော်နေသည်လည်း ဖြစ်နိုင်၏။

ဘာလုပ်ရပါမည်နည်း။

မိုးကလည်း သည်းလိုက်သည်မှာ တစ်မိုးလုံး ပြိုကျနေသည်

ထိုအချိန်မှာ ...

"ကျိန်း ... ကျိန်း"

မိုးကြိုးပစ်သံတစ်ချက် ပေါ်လာပြန်၏။ နားထဲမှ ပွင့်ထွက်

သည်ဟုထင်မိပြီး တစ်ကိုယ်လုံးတုန်သွားသည်။

ယခုအတိုင်း နေ၍မဖြစ်တော့။

ဖူးမွှံ ဆုံးဖြတ်လိုက်သည်။

မိုးရေထဲသို့ဖြတ်ကာ ထိန်လင်းနေထိုင်ရာ အိမ်ကလေးဆီသို့

သည်။ ပြင်းထန်သော မိုးရေများက ဖူးမွှံပေါ်သို့ အလုအယက်ဆင်း

၏။ ခြေထောက်ရေအိုင်ထဲသို့ကျသဖြင့် လဲမလို ယိုင်သွားသည်

ထိန်းကာ အားကုန်ပြေး၍ ထိန်လင်းနေသည့် အိမ်ကလေး၏

ပေါ်သို့ ခုန်တက်လိုက်သည်။

"မောင်ထိန်ရေ .. မောင်ထိန် ..."

ခေါ်သံက ထိန်လင်းနားထဲသို့ ဝင်လာသည်။ မမဖူးမွှံ၏အသံ



www.burmeseclassic.com

www.burmeseclassic.com



ပေပဲ။ အသံက တိုက်အိမ်ကြီးဆီမှ လာခြင်းမဟုတ်။ မိမိအိမ်ဝမှ
သည်။

"မောင်ထိန် ... တံခါးဖွင့်ပါဦး"

မမဖူးမှုံ၏အသံများ တုန်နေသည်။ ကြောက်နေကြောင်း သိ
သာသာဖြစ်၏။ သူမအနေနှင့် အားကိုးတကြီး လာခေါ်ခြင်းဖြစ်သည်

ထိန်လင်းနေရာမှ ရုတ်ခြည်းထကာ တံခါးဆီသို့ သွား
လိုက်သည်။

အဝင်ဝမှာ ရေစွဲစွဲစိုလျက် ရပ်နေသည်က မမဖူးမှုံ။

ညဝတ်အင်္ကျီ ဖြူဖြူပါးပါးလေးမှာ မိုးရေစိုရွှဲနေသဖြင့် အသ
ကိုကပ်ကာ မမဖူးမှုံ၏ ကိုယ်ခန္ဓာအလှကို ပြနေသည့်ပမာ။ ကော
ကြောင်းတွေ၊ အမို့အမောက် အဝန်းအဝိုက်တွေ၊ ဝင်းဝင်းမွတ်မွတ်
ညက်ညက်နုနု၊ ဖူးဖူးရွရွတွေ။

"မမဖူးမှုံ"

ထိန်လင်း အလန့်တကြားရေအရွတ် ...

"မောင်လေး ... မမကြောက်တယ်"

ဖူးမှုံက ရပ်နေရာမှပြေးဝင်လာကာ ထိန်လင်းကို တအ
ကျုံး၍ဖက်လိုက်သည်။ ခန္ဓာကိုယ်နှစ်ခု ပူးကပ်သွားသည်။

ထိန်လင်းတစ်ကိုယ်လုံး တောင့်တင်းသွား၏။

အပြင်မှာအေးနေသော်လည်း ထိန်လင်းကိုယ်ပေါ်မှာ မီးတေ
ပွင့်သွားသည်။

"မမဖူးမှုံ"

"မောင်လေး"

"ကျွန်း ... ဂျလိန်း"





မိုးကြိုးပစ်သံ။ တုန်ယင်နေသော ဖူးမှုံ၏အသံ။ နွေးထွေးအိ
ညှိသော အထိအတွေ့။ ဖိုနှင့်မ၏ တောင်။

အပြင်ကအတွေ့။

အတွင်းက ရှိနေနှင့်သော တစ်မက်မှု။

အခါက ည။ ဆိတ်ကွယ်ရာ။

ကမ္ဘာလောကကြီး ထက်အောက်ပြောင်းပြန်ဖြစ်သွားသည်ဟု
ထင်လိုက်၏။ အသိတရားတွေ ရေစီးထဲ မျောပါသွား၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂၄ ]

❑

မေစံရှားက နှစ်အလိုက်ချုပ်ထားသော မှုခင်းသတင်းဂျာနယ် အုပ်ထူကြီးကို ဖတ်နေ၏။ တစ်ရွက်ပြီး တစ်ရွက်လှန်လျက် သူမလိုချင်သောသတင်းကို ရှာနေသည်။

ကိုနေသော်ယူလာပေးသော မှုခင်းသတင်းဂျာနယ်ဟောင်းများထဲမှ လွန်ခဲ့သော ငါးနှစ်တာကာလသတင်းကို ပြန်ရှာနေခြင်းဖြစ်၏။

ဟော ... တွေ့ပါပြီ။ သူမ ရှာဖွေနေသောသတင်း။

**"တအားတိုး ချစ်ခဲ့တဲ့မယား အခိုးခံရလို့ အသည်းတစ်ခြမ်းနဲ့ရဲစခန်းမှာ လာတိုင်တဲ့သူ"** ခေါင်းစဉ်က ဤသို့ဖြစ်သည်။

ဂျာနယ်ပါ သတင်း၏အကျဉ်းကို ဖော်ပြရသော် ...





"ဦးကံ့လုံက ရဲစခန်းကို လာရောက်တိုင်ကြားသည်မှာ မိမိ အိမ်နီးမြမာလာ အိမ်မှပျောက်သွားကြောင်း၊ အိမ်တွင်အလုပ်လုပ်ခဲ့သည့် ဒရိုင်ဘာမောင်လှမှာလည်း ပျောက်နေကြောင်း၊ မြမာလာနှင့်အတူ လက်ဝတ်လက်စားများ၊ ငွေများလည်း ပျောက်ဆုံးနေကြောင်း၊ မကြာခင်က မြမာလာနှင့်မောင်လှတို့ ငြိစွန်းနေသည်ကို ဦးကံ့လုံတွေ့ရှိရသဖြင့် ဇနီးဖြစ်သူကို သတိပေးပြီး မောင်လှကို အလုပ်မှ ထုတ်ပယ်ခဲ့ကြောင်း၊ ယခု မြမာလာပျောက်ဆုံးနေသဖြင့် မောင်လှကိုသွားရှာရာ မောင်လှကိုလည်း မတွေ့ရကြောင်း၊ ပတ်ဝန်းကျင်က မောင်လှခရီးထွက်သွားသည်ဟုပြောကြောင်း၊ ဖြစ်နိုင်သည်မှာ မြမာလာနှင့်မောင်လှ စိတ်တူသဘောတူ ထွက်ပြေးကြခြင်း ဖြစ်ဟန်ရှိကြောင်း၊ ထို့ကြောင့် ဦးကံ့လုံက လူပျောက်မှုနှင့် မယားခိုးမှုဖွင့်ပေးပါရန် ရဲစခန်းအား တိုင်ကြားခဲ့ကြောင်း၊ ရဲစခန်းမှ ရှာဖွေစုံစမ်းလျက်ရှိကြောင်း။

နောက်ထပ်ဂျာနယ်များ ...

တစ်လ နှစ်လမှသည် နှစ်နှင့်ချီ၍ရှာပါသော်လည်း ဦးကံ့လုံ၊ သတင်း၊ မြမာလာနှင့် မောင်လှသတင်းကို မတွေ့ရတော့။

ရဲအရာရှိဦးအောင်မြင့်ပြောခဲ့သလို မြမာလာနှင့် မောင်လှကို မိ၍ ရှာမတွေ့ခြင်းဖြစ်နိုင်၏။ သတင်းစကားထဲကလို မြမာလာနှင့် မောင်လှတို့ တစ်ဖက်နိုင်ငံသို့တိုင် ထွက်ပြေးလေသလော။

မြမာလာနှင့် မောင်လှကိစ္စကြောင့် ဦးကံ့လုံမှာ ယုံမှားသံသယများသော စံလွဲကိုယ်ရည်သွေး ဖြစ်လာသလော။

မူလက စိတ်စွဲကိုယ်ရည်ကိုယ်သွေးကြောင့် မငြိစွန်းခဲ့သော မြမာလာနှင့် မောင်လှအပေါ် ယုံမှားသံသယဖြစ်ခဲ့တာလား။

သို့ဆိုလျှင် မြမာလာ ဘယ်ရောက်သွားသနည်း။



www.burmeseclassic.com

www.burmeseclassic.com



မေစံရှားအား ပြစ်တင်ကြိမ်းမောင်းပြောဆိုခဲ့ပြီး မကြာမီ မေစံရှားအား လူနှစ်ယောက်က ဓားနှင့်လုပ်ကြံမှု၊ ကားနှင့်တိုက်သတ်မှု နှစ်ကြိမ်ကြုံခဲ့ရသည်ဖြစ်ရာ ဦးကုံလုံလက်ချက်ပေလား။

ဦးကုံလုံလက်ချက်မှန်ပါမူ ဦးကုံလုံသည် ကြောက်မယ်ဖွယ် စံလွဲကိုယ်ရည်ကိုယ်သွေး ရှိနေသည်မှာ သေချာပေပြီ။

မေစံရှားသည် သူမ၏ဆောင်ရွက်ရန်ဟူသော မှတ်တမ်း၌ ..

၁။ ဆရာဝန်ကြီး ဦးနေဝင်းနှင့်တွေ့ရန်၊

၂။ မြမာလာ ဆွေမျိုးများကို စုံစမ်းရှာဖွေရန်၊

၃။ ရဲအရာရှိ ဦးအောင်မြင့်နှင့် တွေ့ဆုံရန်ဟူ၍ ရေးမှတ်လိုက်သည်။

မေစံရှားလည်း ခေါင်းထဲမှ သံသယတစ်ခုသည် အမှန်တရားတစ်ခုအဖြစ် ပေါ်ပေါက်လာလေမလား။

✿ ✿ ✿

| ၂၅ |

❑

ကော်ဖီဆိုင်ထဲမှာက ထုံးစံအတိုင်း လူက အပြည့်နီပါးရှိနေ၏။ လေအေးပေးစက်ကြောင့် ဆိုင်အတွင်းမှာ အေးမြမြရှိနေသည်။ မှန်လုံခန်းဖြစ်သောကြောင့် စကားသံများက လှိုင်နေ၏။

ထိန်လင်းက ကိုင်လာသောကော်ဖီဇွန်းကို စားပွဲပေါ်ချလိုက်တော့ ကြွေဥနှင့် သူငယ်ချင်းဖြစ်သူနီနီက ...

"မှန့်ကော ပါရဲ့လား"

ဟုမေးသည်။

"ပါပါတယ်"

ဟု ထိန်လင်းက ကော်ဖီပန်းကန်များချပေးရင်း ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ရွာမှာတုန်းက မုန့်လက်ကောက်တွေမျိုးပေါ့ ကြွေဥရယ်"

ဟု မုန့်ပန်းကန်များကိုချပေးရင်း ထိန်လင်းက ထပ်ပြော၏။

"အခု Basic သင်တန်းက ပြီးပြီဆိုတော့ ကြွေဥတို့က ဆက်တက်ဦးမှာ။ စာရင်းကိုင်သင်တန်းလေ။ ကိုထိန်လင်းရော တက်မှာလား"

"တက်တော့တက်မယ်"

"တက်တော့ တက်မယ်ဆိုတာက မသေချာတဲ့သဘော ဖြစ်နေပါလား။ အဆင်မပြေလို့လား"

ကြွေဥက စာနာသောမျက်လုံးဖြင့် ကြည့်သည်။ ထိုမျက်လုံးကရုဏာပါ၏။ ထိုထက် အတွင်းကိုနှိုက်သော် သံယောဇဉ်ပါ၏။

နီနီကမူ ဘာမျှမပြောဘဲ ကော်ဖီသောက်ရင်း နားထောင်နေသည်။

ထိန်လင်းက ကြည်လင်ဝင်းပလျက် နုနယ်ပျို့မျစ်မှုပေါ်တွင် ပြစ်မျိုးမှည့်မထင်သော အလှဆင့်ပေါင်းထားသည့် ကြွေဥ၏မျက်နှာကို စူးစိုက်ကြည့်မိသည်။ အလှက အပြစ်ကင်းသလို နှလုံးကလည်း အပြစ်ကင်းလှသူဟု ထိန်လင်းတွေးမိ၏။ မိမိလို သူတစ်ပါးအိမ်တွင် ကပ်နေရသူကို နှိမ့်ချခြင်းမပါ၊ တန်းတူရည်မျှ ဆက်ဆံလျက် ခင်မင်စွာပေါင်းသော သူငယ်ချင်းကောင်းကြွေဥသည် ချစ်သူကောင်းတစ်ယောက်ဖြစ်လာနိုင်၏။

သို့သော် …

ကြွေဥသည် ကြွေဥသာဖြစ်၍ ထိန်လင်းရင်ကို လျှောင်တစ်ချပမာ လှုပ်ခါစေနိုင်စွမ်းသူတော့မဟုတ်။

ထိန်လင်းရင်ကို တုန်ခါစေသူက မမဖူးမွံ့၊ မမဖူးမွံ့၏အလှ။

ဖျတ်ခနဲ ထိုတစ်ညကို ပြေးမြင်သည်။





မိုးသည်းည …

ထိုမိုးသည်းညမှာ ထိုလှကေရီ မမဖူးမွံ့နှင့် ထိန်လင်းတို့ ပန်းဝင်လယ်မှာ ပျော်မောစွာ ကူးခတ်ခဲ့ကြ၏။

မည်သူမှားသည်ဟု ဝေဖန်ခွဲခြားဖို့မလို။

မမဖူးမွံ့ရော ထိန်လင်းပါ အပြစ်ရှိကြသည်သာဖြစ်၏။

အသိတရားကို ရာဂတရားက အနိုင်ယူသွားသောည။

ဦးနှောက်ကို အသွေးအသားက နင်းခြေသွားသောည။

"ဟင် … ကြွေဥမေးတာလည်း မဖြေဘူး။ ဘာတွေတွေးနေတာလဲ"

ကြွေဥ၏အသံကြားမှ အတွေးထဲမှာ ထိန်လင်းရုန်းထွက်လိုက်ရ၏။ သက်ပြင်းမှုဉ်းမှုဉ်းကို ကြွေဥမသိအောင် ရှိုက်ရင်း …

"တွေးစရာတစ်ခုပေါ်လာလို့ပါ"

ဟု ပြီးစလွယ် ဖြေရှင်းလိုက်၏။ ကြွေဥက ထိုအဖြေနှင့် ကျေနပ်ပုံမရ။

"ဘာတွေးစရာရှိလို့လဲ"

"ကျွန်တော် လောလောဆယ် ရွာပြန်ဦးမယ်ကြွေဥ"

"ဘာဖြစ်လို့"

"ရွာက ကျွန်တော့်ရဲ့ဆရာတော် မကျန်းမာဘူးလို့ သတင်းရသို့ပါ။ ဆရာတော်က ကျွန်တော့်ကို တွေ့ချင်နေတယ်လို့ ဆိုလို့ပါ"

ကိုရင်ဝတ်ခဲ့သည့် အကြောင်းများ၊ ဆရာတော်က ကျွေးမွေးစောင့်ရှောက်ခဲ့သည်များကို ပြောပြဖူးသဖြင့် သိထားသောကြွေဥက–

"ဒါဆိုရင်တော့ သွားသင့်တာပေါ့။ ဘယ်တော့သွားမှာလဲ"

"မနက်ဖြန်ပါ"

www.burmeseclassic.com



ဦးကိုလုံက ခရီးထွက်ရာမှ ပြန်မရောက်သေးပါ။ ဒေါ်ဝိုင်းက လည်း ပြန်မလာသေးပါ။ ဆရာတော့်သတင်းကိုယူလာသူက ဦးကိုလုံ ၏တပည့် ကိုမော်ကြီးဖြစ်သည်။

ကိုမော်ကြီးက ရုံးသို့ဖုန်းလာ၍ မမဖူးမွံ့ကို ပြောပြသည်။ ဦးလေးဦးမင်းကျော်က ဖုန်းဆက်ပြောတာတဲ့။ မမဖူးမွံ့ကတစ်ဆင့် ထိန်လင်းကို ပြန်ပြောပြခြင်းဖြစ်သည်။ ထိုအကြောင်းများကို ကြွေဥအား ပြောပြပြီး ...

"သိပ်တော့မကြာပါဘူး ကြွေဥရယ်။ အလွန်ဆုံး တစ်ပတ်ပေါ့။ ရှေ့တစ်ပတ်ဆို လကုန်ပြီပဲဟာ။ လဆန်းပြန်ရောက်မှာပါ။ ပြန်လာရင် ကြွေဥတို့နဲ့အတူတူ နောက်သင်တန်းကို တက်မှာပါ"

"ကြွေဥတို့ကတော့ ကိုထိန်လင်းမရှိရင် ပျင်းနေမှာပဲ။ ကိုထိန်လင်းရှိတော့ စဟာယ်နောက်ဟာယ်နဲ့ ပျော်ရတယ်"

ကြွေဥအပြောနှင့် တစ်ဆက်တည်း ...

"ဟုတ်တယ်။ ရွှေမင်းသမီးလေးက လူပြက်ကလေးမောင်ရွှေရိုးမရှိရင် နေတတ်မှာ မဟုတ်ဘူး"

ဟု နီနီက ဝင်၍ပြည့်စွက်ကာ နောက်ပြောင်စကားဆိုသည်။

"နင်ကလည်း ..."

ကြွေဥက ပန်းနုရောင်နှင်းဆီခင်း ပါးမှာပျိုးလျက် နီနီကိုလှည့်၍ ဟန့်သည်။ ရှက်သွားသည်ထင့်၊ ရှက်မျက်နှာလေးက ပိုလှသည်ဟု ထင်ရ၏။

သို့သော် မမဖူးမွံ့နေရာကိုကား ကြွေဥက မလုနိုင်။

"ကျွန်တော် ဟိုရောက်ရင် ဖုန်းဆက်ပြီး ရယ်စရာတွေ လှမ်းပြောပါ့မယ်။ ကြွေဥရဲ့ လက်ကိုင်ဖုန်းနံပါတ် ပေးလိုက်ပေါ့။ ကျွန်တော်





ဖုန်းဆက်တဲ့ အခါကြွေဥက စချင်ရင် စလို့ရတယ်။ နောက်ချင်ရင်လည်း နောက်လို့ရပါတယ်"

ထိန်လင်းအပြောကြောင့် နီနီကရယ်၏။ ကြွေဥကမူ စာရွက်ကလေးတစ်ရွက်တွင် သူမ၏ ဖုန်းနံပါတ်ကိုရေးကာ ထိန်လင်းကိုပေး၏။

"ဆက်ဆက် ဖုန်းဆက်ပါ"

"ဟုတ်ကဲ့။ ရွာကလက်ဆောင်တွေလည်း ယူလာပါမယ်။ ကောက်ညှင်းထုပ်တော့ ပါမှာသေချာတယ်"

"ကြွေဥက ကောက်ညှင်းထုပ်ကို ချေဒိုးနှစ်ထက် ပိုကြိုက်တယ် ကိုထိန်လင်းရဲ့"

"ကိုထိန်လင်း ဘက်တော့မလိုက်နဲ့နော်။ ကြွေဥဖို့တော့ လက်ဆောင်ယူလာပြီး နီနီ့ဖို့တော့ မပါလာရင်သိမယ်။ သတင်းစာထဲမှာကြော်ငြာပြီး ဖွလိုက်မယ်"

"နီနီနော်"

ကြွေဥက ဟန့်ပြန်၏။

ထိန်လင်းကတော့ ရယ်ကျဲကျဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၂၆ |

❑

မှတ်စုစာအုပ်တွင် ရရှိခဲ့သည့် သတင်းအချက်အလက်များကို ချရေးနေခိုက် ရုံးခန်းအတွင်းသို့ ကိုနေသော်ဝင်လာသည်။

မေစံရှားက ရေးခြင်းကို ရပ်လိုက်ကာ ...

"ကိုကို ဘယ်ကလှည့်လာလဲ"

ဟုမေးသည်။

"ရှားဆီကိုပဲ လာတာပါ"

ကိုနေသော်က ပြေရင်းထိုင်ခုံတစ်ခုမှာ ဝင်ထိုင်သည်။

"ကိစ္စရှိလား"

"ရှိတယ်"





"အရေးကြီးလား"

"အရေးကြီးတယ်"

"ဒါဆိုပြောပါဦး"

မေစံရှားက ကိုနေသော့်မျက်နှာကိုကြည့်၍ မေး၏။ ကိုနေသော်က ပြုံးတုံ့တုံ့ဖြင့် ...

"ဟောဒီမျက်နှာလေးကို မြင်ချင်တဲ့ကိစ္စ"

ပြောပြီး ခပ်သောသောရယ်သည်။

ထိုအခါမှ မေစံရှား သူမအငိုက်မိသွားကြောင်း သဘောပေါက်ဦး လိုက်၍ရယ်မိ၏။

"ကိုကိုကတော့ တကယ်ပဲ"

"ဒီလို မပြောနဲ့လေ။ ဒီနှစ်ရက်သုံးရက်အတွင်းမှာ ကိုကိုလာတိုင်း တစ်ခါမှ ရှားကို မတွေ့ရဘူး"

"ဖုန်းကြိုဆက်ရောပေါ့"

"ဆက်ပါတယ်ဗျာ။ ဆက်လိုက်ရင် ဖုန်းပိတ်ထားတာနဲ့ တိုးတာချည်းပဲ။ ဒီတော့ စိတ်မပူဘဲနေမလား"

မေစံရှားက ချစ်သူကို မြတ်နိုးစွာနှင့် အားနာစွာကြည့်သည်။

"ရှား အရေးကြီးကိစ္စလေးတွေ လိုက်နေလို့ပါ။ ရှားတွေ့ချင်တဲ့သူတွေနဲ့တွေ့ပြီး စကားပြောနေတုန်းမှာ ရှားက ဖုန်းကို ပိတ်ထားတယ်လေ"

"ဘာတွေလိုက်နေလို့လဲ"

"အရင်တစ်ခါရှားပြောတဲ့ ဦးကုံလုံကိစ္စလေ။ ကိုကိုယူလာပေးတဲ့ ရှင်းသတင်းဂျာနယ်ဟောင်းကိုဖတ်ပြီး ရှားရင်ထဲမှာ သံသယရှိတာတယ်။ ဒါကြောင့် ဆရာဝန်ကြီး ဦးအောင်မြင့်ရယ်၊ ဦးကုံလုံရဲ့ဇနီး



www.burmeseclassic.com

www.burmeseclassic.com



ဟောင်း မြမာလာရဲ့အစ်မ မြသီတာရယ်ကို သွားတွေ့တာ''

ကိုနေသော်၏ ကိုယ်မတ်သွား၏။ စိတ်ဝင်စားစွာ ရှေ့ကိုတိုး လာ၏။

''အဲဒါ ဘာထူးလဲ။ ပြောစမ်းပါဦး''

''ဆရာဝန်ကြီး ဦးနေဝင်းကိုတော့ ရှားက မသိဘူးလေ။ ရှား ဆရာဦးကျော်ဇေယျကတစ်ဆင့် မိတ်ဆက်ပြီး သွားတွေ့ရတာ။ ဆရာ ကြီးက မှတ်တမ်းမှတ်ရာတွေ အပြည့်အစုံထားတဲ့သူမို့လို့ တော်သေး တာပေါ့။ သူ့ရဲ့မှတ်တမ်းတွေပြန်ရှာပြီး တော်တော်ပြန်စဉ်းစားယူရတယ် ကြာတာက ကြာခဲ့ပြီလေ၊ ဆရာဝန်ကြီး ဦးနေဝင်းပြောတာက ...

''ဦးကုံလုံမှာ သမီးထင်ထားတဲ့အတိုင်း စံလွဲကိုယ်ရည်ကိုယ် သွေး ရှိနေတယ်။ ယုံမှားသံသယတွေများတဲ့ စိတ်စွဲကိုယ်ရည်ကိုယ် သွေးဝေဒနာပေါ့။ အပြင်ပန်းအားဖြင့်တော့ ဒီရောဂါက မသိသာဘူး အန်ကယ်က သူ့ရောဂါကို ကုသပေးခဲ့တယ်။ လွန်ခဲ့တဲ့ခြောက်နှစ်ကျော် ခုနစ်နှစ်က ဆိုပါတော့''

''ဟင် ... လွန်ခဲ့တဲ့ ခြောက်နှစ်ကျော် ခုနစ်နှစ်ကလား''

''ဟုတ်တယ် ...။ သူ့ဝန်ထမ်းတစ်ဦးကို ရိုက်နှက်မှုတဲ့ ကိစ္စ နဲ့ပတ်သက်ပြီး အမှုသဘောမျိုးဖြစ်တယ်။ အဲဒီမှာ သူ့အစ်ကိုပြည်း က အန်ကယ့်ဆီခေါ်လာတာ။ စစ်ဆေးစမ်းသပ်ကြည့်တော့ သူ့မှာစိတ်စွဲ ကိုယ်ရည်ကိုယ်သွေး ရှိနေတာတွေ့ရတယ်။ ဒါကြောင့် အန်ကယ်က သူ့ကို ဆေးကုပေးရတယ်။ ဒါပေမဲ့ တစ်ခါနှစ်ခါလာပြီး နောက်ပိုင်း သူမလာပါဘူး''

''ကျွန်မထင်တာက လွန်ခဲ့တဲ့ငါးနှစ်က သူ့ဇနီးနဲ့ သူ့အစ်ကို ဘာ လိုက်သွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး စိတ်ဝေဒနာဖြစ်ခဲ့တယ် ထင်တာ





ဆရာကြီးရဲ့''

''အဲဒါက ဒုတိယအကြိမ်ပါ။ သူ့စိတ်တွေ သူ့ဇနီးကိစ္စနဲ့ပတ် သက်ပြီး အတော်ယောက်ယက်ခတ်သွားလို့ အန်ကယ့်ဆီ သူရောက် လာပြန်တယ်။ ဒါလည်း ဦးပြည့်စုံက ခေါ်လာတာပဲ''

''သူ့မှာ အဲဒီ စံလွဲကိုယ်ရည်ကိုယ်သွေး၊ ဆရာကြီးပြောတဲ့ စိတ်စွဲကိုယ်ရည်ကိုယ်သွေးရှိနေတာ သေချာတာပေါ့နော်''

''သေချာတာပေါ့။ ဒီစိတ်စွဲကိုယ်ရည်ကိုယ်သွေးက မထင်ရ ပေမဲ့ အန္တရာယ်ရှိနိုင်တဲ့ရောဂါမျိုး။ သူ့ကိုသေသေချာချာ ကုသဖို့လိုတယ်။ ဒါပေမဲ့ ခက်နေတာက သူက အလုပ်များတာရယ်၊ သူ့ဘာသာ ရောဂါ မရှိဘူးလို့ ထင်နေတာရယ်ကြောင့် သေသေချာချာကုသမှု မခံယူတာ

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

“ဆရာဝန်ကြီးပြောတဲ့အတိုင်းဆိုရင် ဦးကံ့လုံ့ဟာ ကြေ စရာကောင်းတဲ့ အကွင်းစိတ်ဝေဒနာ ရှိနေတာပေါ့နော်”

“ဟုတ်တယ် ကိုကို။ ဒီအတွက် မြမာလာပျောက်မှုဟာ သံသယဝင်စရာကောင်းလာတယ်။ သူ ဒီရောဂါစဖြစ်နေတာ မြမာ ပျောက်မသွားခင်ကတည်းကပဲ။ မြမာလာပျောက်သွားတာက လွန်ခဲ့ ငါးနှစ်။ ဆရာဝန်ကြီးဆီကို ပထမအကြိမ်ရောက်လာဖူးတာက လွ တဲ့ ခြောက်နှစ်ကျော် ခုနစ်နှစ်ကလေ”

“မြမာလာရဲ့အစ်မကို ဘယ်လိုရှာတွေ့လဲ”

“အဲဒါက ရဲအရာရှိဦးအောင်မြင့်ကို အကူအညီတောင်းရ ဦးအောင်မြင့်က ကောင်းကောင်းမှတ်မိနေတဲ့အမှုမို့ သူ့ဆီကိုလာ တဲ့ မြမာလာရဲ့အစ်မ မြသီတာကို လမ်းညွှန်နိုင်ခဲ့တာ”

“မြသီတာက ဘာပြောလဲ”

✿ ✿ ✿

❑

“ကိုယ့်ညီမမို့ ကိုယ်လိမ်ညာပြောတာမဟုတ်ပါဘူး ညီမရယ်။ လာနဲ့မမက တစ်ဦးကိုတစ်ဦး မဖုံးမကွယ်တမ်း ကိုယ့်ကိစ္စကို ပွင့် င်းလင်း ဖွင့်ပြောတိုင်ပင်လေ့ရှိကြတဲ့ သူတွေပါ။ ဒရိုင်ဘာမောင်လှ အလုပ်ထုတ်ချိန်က မြမာလာနဲ့အထင်လွဲတဲ့ကိစ္စကို မမက မြမာလာ ခဲ့တယ်။ မြမာလာက လုံးဝဖောက်ပြန်မှုမရှိကြောင်း သစ္စာဆိုခဲ့ ပြောခဲ့တယ်။

ဦးကံ့လုံ့ဟာ မြမာလာထက် အသက်အများကြီး ကြီးတယ် သူ့မိန်းမကို စိတ်မချတာရယ်၊ ဒရိုင်ဘာမောင်လှနဲ့ မြမာလာက တူဖြစ်နေတာရယ်၊ မောင်လှက နောက်နောက်ပြောင်ပြောင်နေတတ် မြမာလာနဲ့ ခင်နေတာရယ်၊ မြမာလာက မောင်လှကို ဒရိုင်ဘာပဲရယ် နိမ့်ချမဆက်ဆံဘဲ ရင်းရင်းနှီးနှီးဆက်ဆံတာရယ်။ အဲဒါတွေကြောင့် လုံ့က သံသယပွားပြီး ပြဿနာဖြစ်ခဲ့တာပဲ”

“ဒါဆို မောင်လှကို အလုပ်ထုတ်ပြီးနောက်ပိုင်း မြမာလာ လုံ့ ပြဿနာထပ်မဖြစ်ဘဲ ဆက်လက်ပေါင်းသင်းနေခဲ့တယ်ပေါ့



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ... ဆက်ပေါင်းနေတာပါ။ မောင်လှကလည်း တခြားမှာ အလုပ်ရသွားတာပါ။ အဲဒီပြဿနာဖြစ်ပြီး သုံးလလောက်ကြာမှ မြမာလာပျောက်သွားတာ။ မမအထင်ပြောရရင် မြမာလာဟာ မောင်လှနဲ့ နိုးရာလိုက်ပြေးတာ လုံးဝမဟုတ်ဘူး။ အဲဒီလိုလည်း ကိုယ်ကျင့်တရားပျက်ပြားတဲ့ မိန်းကလေးမဟုတ်ဘူး။ မမထက်တောင် ဘာသာတရားကိုင်းရှိုင်းတဲ့ မိန်းကလေးပါ။

နောက်ဆုံး ကုန်ကုန်ပြောမယ်ကွာ။ မောင်လှနဲ့လိုက်ပြေးတာမှန်ရင် မမ သိကိုသိရမယ်။ မမကို မြမာလာ ဖွင့်ပြောမှာပဲ။ ဖြန်းခနဲ ဖွင့်မပြောခဲ့ရင်တောင် သူ တခြားတစ်နေရာမှာရောက်နေတာ မမ ကို ဆက်သွယ်မှာပဲ"

"အခုထိ အဆက်အသွယ်မရဘူးလား"

"မရဘူး"

"ဦးကံ့လုံက ရဲစခန်းမှာ လူပျောက်နဲ့ မယားနိုးမှု ဖွင့်တယ် ဆို"

"ဟုတ်တယ် ...။ မောင်လှပါ ပျောက်နေတာကိုး။ မောင်လှ ပျောက်တဲ့ရက်နဲ့ မြမာလာပျောက်တဲ့ရက်က တစ်ချိန်တည်းပဲလေ"

"ရဲက စုံစမ်းခဲ့မှာပေါ့"

"စုံစမ်းတယ်။ ဒါပေမဲ့ ဘာမှစုံစမ်းလို့မရဘူး"

"မမက အဲဒီကိစ္စကို ဘယ်လိုထင်လဲ"

"ဦးကံ့လုံက မြမာလာကိုသတ်ပြီး ဖျောက်ဖျက်ပစ်သလားလို့ ထင်တာပဲ"

✿ ✿ ✿



"မြသီတာအထင်ကတော့ ကြောက်စရာကြီးပဲ။ ဦးကံ့လုံက အဓိဝတ်မှုကြီးကို ကျူးလွန်ခဲ့တဲ့ သဘောဖြစ်နေတယ်။ ရဲတွေက စုံစမ်းခဲ့တာဆိုတော့ ဦးကံ့လုံကျူးလွန်ခဲ့တာမှန်ရင် ပေါ်မှာပေါ့"

"ရဲတွေစုံစမ်းတာက ဦးကံ့လုံရဲ့တိုင်ချက်ပေါ်မှာ မူတည်ပြီး စုံစမ်းကြရတာလေ။ ဦးကံ့လုံက မြမာလာနဲ့မောင်လှငြိစွန်းလို့ မောင်လှကို အလုပ်ထုတ်ခဲ့ကြောင်း သက်သေပြပြီး မြမာလာ မောင်လှနဲ့လိုက်ပြေးကြောင်း တိုင်ချက်ဖွင့်ခဲ့တာလေ"

"ရဲအရာရှိရဲ့ အမြင်ကရော"

"ရဲအရာရှိရဲ့အမြင်ကလား၊ မြသီတာနဲ့ဆင်တူတယ်။ ဦးကံ့လုံကို သံသယရှိတယ်။ ဒါပေမဲ့ စုံစမ်းလို့မရခဲ့ဘူး"

"ဒါဆို ရှား ဘယ်လိုလုပ်ချင်တာလဲ

"ရှား ... ဘယ်လိုမှ လုပ်လို့မရဘူး။ အမှုက ရဲက ကိုင်တွယ်ခဲ့တဲ့အမှု၊ ရှားနဲ့မဆိုင်ဘူး။ ရှားက လိုက်စုံစမ်းဖော်ထုတ်ဖို့ ဘယ်သူကမှလည်း အမှုအပ်တာမဟုတ်ဘူး။ ဆက်စပ်ပြီးတွေးမိလို့ ရှားစိတ်ဝင်စားတာပဲရှိတာ။ ဒါပေမဲ့ ရှားခေါင်းထဲထည့်ပြီး အခွင့်သင့်ရင် စုံစမ်းကြည့်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုနေသော်က မေစံရှားကို ကြည့်၍ ခေါင်းယမ်းသည်။

"ကိုကိုကတော့ အဲဒါကို ခေါင်းထဲက ဖယ်ထုတ်ထားစေချင်တယ်။ ရှားမှာ လုပ်စရာတွေအများကြီး။ ပြီးတော့ မြမာလာကိုစွတ်မြွသီတာပြောခဲ့တာ အမှန်ပဲလို့ ရှား တရားသေယူလို့ ဘယ်ရမလဲ"

"မှန်ပါတယ်။ ရှားက သူများအပြောကို ဘယ်တုန်းက တရားသေအမှန်လို့ လက်ခံဖူးလို့လဲ။ ရှား ခေါင်းနဲ့ ချင့်ချိန်ဦးမှာပါ"

"ကဲ . . . ဒါဆို ခေါင်းဆေးရအောင်။ တစ်ခုခုသွားသောက်ကြမယ်"

"ကိုကို ဒကာခံရမှာနော်။ ရှေ့နေမလေးက ခုတစ်လော ဝင်ငွေမရှိဘဲ အိတ်ချည်းစိုက်နေရတာ"

"သိပါတယ်။ ဒီလိုပုံစံနဲ့ ရှေ့နေလုပ်နေရင်တော့ ဝတ်မှာပဲ ပိုက်ဆံရတဲ့ အမှုမှမလိုက်တာ။ ပိုက်ဆံကုန်မယ့်အမှုချည်း လိုက်နေတာ"

မေစံရှားရယ်သည်။ ရယ်နေစဉ် မျက်လုံးတွေက တောက်ပနေ၏။ စိန်ပွင့်လေးတွေပမာ။

"ဒါကြောင့် ကိုကိုက တစ်သက်လုံးကျွေးပါရစေဆိုပြီး တောင်းဆိုနေရတာပေါ့။ အဲဒါတောင်မှ အချိန်က ဆွဲလို့ကိုမပြီးဘူး"

"ဟော . . . နောက်ဆုံးတော့ ရထားက ဒီဘူတာပဲဆိုက်တာပဲ"

မေစံရှားက ထိုင်ရာမှ ပေါ့ပါးသွက်လက်စွာထလိုက်ရင်း ပြောသည်။ ကိုနေသော်က မေစံရှား၏လက်ကို လှမ်းဆွဲသည်။

✿ ✿ ✿

| ၂၇ |

❑

ည . . . .

အပြင်မှာ မှောင်နေ၏။ ညကလည်း မှောင်။ မိုးကလည်း မှောင်။

ထို့အတူ အထဲမှာလည်း မှောင်နေ၏။

ဖူးမှုံကလည်း မှောင်။ ထိန်လင်းကလည်း မှောင်။

ထိန်လင်းရင်ခွင်မှာ မေ့မြောသက်ရင်း ရင်ခုန်သံမငြိမ်သက်သေးသည့် ဖူးမှုံ။

ဖူးမှုံကို ရင်ခွင်တွင်းထားရင်း ဆုံရှုံးပြီးသွားသည့်သွေးများကို ပြန်လည်လျော့ချကာ အလှဝင်းပြက်ပြက်ကို တမက်မောမော တစိမ့်စိမ့်ခံစားနေသည့် ထိန်လင်း။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး"

"ဗျာ ... မမဖူးမှုံ"

"အစ်ကိုကြီး ဒီအကြောင်းတွေသိသွားရင် မိုးမီးလောင်မယ် ထင်တယ်နော်"

"အခုလည်း ကျွန်တော့်ရင်ထဲမှာ မီးလောင်နေသလိုပါပဲ"

"ဘာဖြစ်လို့"

"မမဖူးမှုံရဲ့ အလှတရားတွေကြောင့်လေ"

သူ့လက်ချောင်းလေးနှင့် တို့ထိကာ ပြလိုက်သည်။ ဖူးမှုံ၏ အိအိစက်စက်အလှ ...။

✿ ✿ ✿

[ ၂၈ ]

❑

ဂီတာသံစဥ်လေးတစ်ခုက အကြားအာရုံမှာ ရိုက်ခတ်လာသည်။ ဘောင်းဘီအိတ်ထဲမှ ဟမ်းဖုန်းကိုထုတ်၍ ဖွင့်လိုက်သည်။

နံပါတ်က နံပါတ်စိမ်း။

မည်သူ ဆက်တာပါလိမ့်။

"ဟယ်လို ... ကြွေဥပြောနေပါတယ်ရှင်"

"ကြွေဥ ... ကျွန်တော်ပါ။ ထိန်လင်း"

"ဟင် ... ကိုထိန်လင်း"

သူ ရှာပြန်မည်ဟု ပြောသွားသည်မှာ လေးရက်ရှိခဲ့ပြီ။ ယနေ့ ဖုန်းဆက်လာသည်။ သူ့ကို သတိတရရှိနေဆဲ သူ့ထံမှ ဖုန်းလာခြင်းဖြစ်၍ ကြွေဥရင်မှာ အပျော်လှိုင်းတွေ တလိမ့်လိမ့်တဖျတ်ဖျတ်။



www.burmeseclassic.com

www.burmeseclassic.com



"သတိရနေလို့ ဖုန်းဆက်လိုက်တာ"

"ကြွေဥလည်း သတိရပါတယ်။ စောစောကတင် နီနီနဲ့ ကိုထိန်လင်းအကြောင်းပြောနေတာ။ ကိုထိန်လင်းမရှိတော့ ပျင်းတယ်လို့"

တစ်ဖက်မှ ရယ်သံကြားရသည်။

"ကျွန်တော်က ကြွေဥအတွက် ပျော်တော်ဆက် လူရွှင်တော်လေးပေါ့နော်"

"အဲဒီလိုမဟုတ်ပါဘူး ကိုထိန်လင်းရယ်။ ကြွေဥက အဲဒီလိုမျိုး ကိုထိန်လင်းကို သဘောထားတာမဟုတ်ဘူးဆိုတာ ကိုထိန်လင်းသိပါတယ်။ တကယ်တော့ ဘယ်လိုပြောရမလဲ။ ကိုထိန်လင်းဟာ ကြွေဥအဖို့ မိတ်ဆွေကောင်းပါ"

"အခု ကြွေဥ ဘာလုပ်နေလဲ"

"ဟိုနေ့ကတွေ့တဲ့ ဂျေအိုးနပ်ဆိုင်ထဲမှာ ကော်ဖီသောက်နေတာ။ နီနီအပြင်ထွက်သွားလို့ စောင့်နေတာ"

"ပျင်းနေရင် ဖုန်းထဲကနေ ကပြရမလား"

"အဟင်း ... ပြောပြီရယ်စရာ ခစ်ခစ် ..."

"ဟော ... ကြွေဥ ရယ်သွားပြီနော်။ ကျွန်တော်က ကြွေဥပျော်အောင် ဖုန်းဆက်လိုက်တာပါ"

"ဆရာတော် ကျန်းမာရေးကောင်းလား"

"ကောင်းတယ် ကြွေဥ။ ဆရာတော်နေမကောင်းဖြစ်တာက သာမန်ပါ။ ပြီးတော့ ..."

"ပြီးတော့ ဘာဖြစ်လဲ"

"ဆရာတော်က ကျွန်တော့်ကို မမှာဘူး"

"ဟင်း ... ဆရာတော်က တွေ့ချင်တယ်လို့ မှာတယ်ဆိုပြီး





ကိုထိန်လင်းရဲ့ဦးလေး ဦးရှင်ကြီးက ဖုန်းဆက်တာဆို"

"ဦးလေးက ဦးမင်းကျော်ပါကြွေဥရယ်။ ကြွေဥကမှ ရယ်စရာပြောတတ်တာ"

"ဆောရီး ... ဆောရီး ... နတ်နာမည်ပဲရယ်လို့ ကြွေဥက မှတ်ထားတာ။ အမှတ်လွဲသွားလို့"

"ဦးလေးဦးမင်းကျော်ကလည်း ဖုန်းမဆက်ဘူးတဲ့"

"ဟင် ... အဲဒါဆို ဘယ်လိုဖြစ် ..."

"ဦးကုံလုံရဲ့တပည့် ကိုမော်ကြီးက လာပြောတာဆိုတော့ ကိုမော်ကြီးကာပဲ မဟုတ်ဘဲပြောသလား မသိဘူး"

"မဟုတ်ဘဲ ပြောရအောင်ဆိုတာက ဘာရည်ရွယ်ချက်ရှိမလဲ"

"အဲဒါတော့ ကျွန်တော်မသိဘူး။ နောက်တစ်ခုက ဒီအကြောင်းတွေပြောချင်လို့ ကျွန်တော် မမဖူးမွှံဆီကိုဖုန်းဆက်တာ ဆက်လို့မရဘူး"

"ဖုန်းမကိုင်တာလား"

"ဟုတ်တယ်။ ခေါ်တော့ ခေါ်နေတယ် မကိုင်တာ"

"တစ်နေရာရာ သွားလို့နေမှာပေါ့။ ထပ်ခေါ်ကြည့်ပါလား"

"ခေါ်နေတာ မနက်ရောညရောပဲ။ လေးခါရှိပြီ"

"ဟမ်းဖုန်းရှိရင် ဟမ်းဖုန်းကို ဆက်ကြည့်ပါလား"

"ဆက်တယ်။ လုံးဝခေါ်မရဘူး။ ဖုန်းပိတ်ထားတယ်တဲ့"

"ဖြစ်နိုင်တာက ခရီးတစ်ခုခု သွားတာနေမှာပါ။ ဒါနဲ့ ကိုထိန်လင်း ဘယ်တော့ပြန်လာမှာလဲ"

"မနက်ဖြန်"

"ဟုတ်လား ...။ ကြွေဥဖို့ ဘာလက်ဆောင်ပါလာမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကောက်ညှင်းထုပ်"

"နီနီဖို့လည်း ဝယ်ခဲ့နော်။ မဟုတ်ရင် ပြောလို့ဆုံးမှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ပါ။ ဒါဆို ရန်ကုန်ရောက်မှတွေ့မယ်"

"ရန်ကုန်ပြန်ရောက်ရင် ဖုန်းဆက်လိုက်လေ"

"ဆက်မယ် ... ဆက်မယ်"

"ဒါဆို ... ဒါပဲနော်"

"ဟုတ်"

ဖုန်းပိတ်ပြီးချလိုက်တော့ ရင်က ပေါ့ပါးမြူးကြွနေလိုက်တာ။ သူပြန်လာတော့မယ်တဲ့။

"ဟဲ့ ... မိကြွေဥ၊ ပြုံးဖြီးဖြီးကြီးနဲ့ ငုတ်တုတ်မှေ့နေပါလား။ ဘာဖြစ်နေတာလဲ။ ဦးနှောက်ထဲ ငှက်ဖျားပိုးဝင်သွားတာလား"

အနားသို့ ပြန်ရောက်လာသော နီနီက ကြွေဥ၏လက်မောင်းသားနုနုကို ဖတ်ခနဲရိုက်ကာ ပြောသည်။ နီနီ့အကြည့်က စူးစမ်းကြည့်။

"ဖုန်းပြောနေတာဟဲ့။ နင့် ကိုရင်လူထွက်ဆက်တာ။ မနက်ဖြန် ပြန်လာတော့မယ်တဲ့"

"အံမာ ... ဘာငါ့ကိုရင်လူထွက်လဲ။ နင့် ကိုရင်လူထွက်ကိုများ။ သြော် ... ဒါကြောင့် မျက်နှာကြီးက ကျောက်ကျောကို သကြားရည်လောင်းပြီး ပေါ်လစ်တိုက်ထားသလို ဖြစ်နေတာကိုး"

"နင့်စကားကလည်းဟယ်"

"ငါပြောတဲ့ ဦးနှောက်ထဲ ငှက်ဖျားပိုးဝင်သွားတာလားဆိုတာ မှားသွားပြီ။ နှလုံးသားထဲ အချစ်ပိုးဝင်သွားတာ။ ကျွတ် ... ကျွတ် သနားစရာကောင်းလိုက်တာနော်"





ကြွေဥမေးစေ့ကိုကိုင်ကာ ရယ်ကျဲကျဲနှင့် နောက်နေသော နီနီ့ကို ပြန်လည်မချေပမိ။ ပြန်လည်မချေပနိုင်တာလည်းဖြစ်ပြီး ပြန်လည် ချေပချင်တာလည်း ဖြစ်သည်။

ဘာတဲ့ ...

ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းမည်၏ ... ဆိုသတဲ့လား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂၉ ]

❑

"ရှားရေ ... အရေးကြီးတာတစ်ခု ပြောမလို့"

ဖုန်းကိုကိုင်လိုက်သည်နှင့် ကိုကို ကိုနေသော့်အသံက တိုး
လာ၏။ ဘာများပါလိမ့်။ မေစံရှား စိတ်ဝင်စားသွားသည်။

"ပြော ... ကိုကို၊ ဘာအရေးကြီးတာလဲ။ ဦးကုံလုံအကြောင်း
လား၊ ဦးပြည့်စုံရဲ့ အကြောင်းလား၊ မြသီတာအကြောင်းလား"

"တစ်ခုမှမဟုတ်ဘူး"

"ဟင် ..."

"ကိုကို့သူငယ်ချင်း အင်ဂျင်နီယာတစ်ယောက်က သူတာ
ယူဆောက်လုပ်တဲ့ အိမ်ရာတစ်ခုမှာ သူယူထားတဲ့အခန်းတစ်ခု
ရောင်းချင်လို့တဲ့။ အဲဒါ ကိုကိုနဲ့ရှား လက်ထပ်ပြီးရင် အတူနေရအော
ယူထားမလားလို့"





မေစံရှား ဟက်ဟက်ပက်ပက် ရယ်မိပါလေသည်။

"ကိုကိုကတော့လေ"

"မရယ်နဲ့ ရှား။ ကိုကို့အဖို့ အရေးကြီးဆုံးက ရှားပဲ"

"ယုံပါတယ် ကိုကိုရယ်"

"ကဲ ... ယုံရင်ပြော၊ ယူမလား။ ရှားနဲ့ကိုကို သွားကြည့်ရ
အောင်။ အခန်းဖွဲ့စည်းပုံ၊ အကျယ်အဝန်းရော၊ တည်နေရာရော ကိုကို
တော့ သဘောကျတယ်။ ပြီးတော့ သူငယ်ချင်းမို့ တချို့တစ်ဝက်
ချန်ထားလို့ရတယ်"

တကယ့်ကို အမှန်အကန်စိတ်ဝင်တစား ထက်သန်စွာ ပြော
သော ချစ်သူ၏ အဆိုပြုမှုကို လွယ်လွယ်ကူကူ ပယ်မချရက်တော့
။ သူ့ဘက်က အလေးအနက်ထားနေသည်ကို မိမိဘက်ကလည်း တုံ့
နည်လေ။

"ကောင်းသားပဲ ကိုကို။ ကိုကိုလာခေါ်မလား။ သွားကြည့်
ညို"

"အိုကေ ..."

မြူးကြွနေသည့် ကိုနေသော့်အသံမှာ မုန့်ရသည့်ကလေးပမာ။

မကြာလိုက်ပါ။

ကိုကို ရုံးခန်းထဲရောက်လာသည်။

"ဟင် ... မြန်လှချည်လား"

"မြန်ဆို တက္ကစီငှားလာတာကိုး။ အောက်မှာ ကားကိုစောင့်
ခိုင်းထားတယ်။ ရုံးခန်းတံခါးပိတ် သွားကြရအောင်"

သည်မျှတက်ကြွနေသော ကိုနေသော့်အလိုကို မေစံရှားမလိုက်
လျောဘဲ ဘယ်မှာ နေ၍ရပါမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးများပိတ်ကာ ကိုနေသော့် နောက်သို့လိုက်ခဲ့ပါ
၏။

ကိုနေသော် ငှားလာသောတက္ကစီ ကားဖြင့် ကိုနေသော့်သူငယ်
ချင်း အင်ဂျင်နီယာရဲနီဦးဆီသို့ရောက်ကာ ရဲနီဦးက သူ့အခန်းကိုလိုက်
ပြသည်။

အိမ်ရာ၏ တည်နေရာက အချက်အချာကျပြီး အခန်း၏ကျယ်
ဝန်းမှု၊ ဖွဲ့စည်းမှုကောင်းမှုတို့ကြောင့် ကိုနေသော်သဘောကျသလို မေ
ရှားလည်း သဘောကျမိ၏။

သို့သော် မေ့ရှားက ...

"ကိုကိုနဲ့တိုင်ပင်ပြီး အကြောင်းပြန်ပါ့မယ်"

ဟု မယုတ်မလွန်ပြောသည်ကို ရဲနီဦးက ...

"လုံးချင်းတိုက်တွေ လိုချင်လို့လား မမေစံရှား။ ကျွန်တော်
တို့ကုမ္ပဏီက ဆောက်ထားတာတွေရှိတယ်။ ကျွန်တော်ကိုယ်တိုင် ပုံဆွဲ
ပြီး စိတ်တိုင်းကျဆောက်ထားတဲ့ လုံးချင်းတွေ"

ဟုဆိုကာ လုံးချင်းအဆောက်အအုံများကိုပါ ထုတ်ပြသည်။

ဒီဇိုင်းများက ဆန်း၍ လှပသည်မို့ ကိုနေသော်က သဘောကျ
သည်။

"ဈေးက များလွန်းလို့သာ။ အဲဒါမျိုးလိုချင်တာ"

ကိုနေသော်၏ ရင်တွင်းဆန္ဒ။

"ရှားတို့အဖို့ အဲဒီလောက်မလိုပါဘူး ကိုကိုရယ်။ လုံခြုံပြီး
စိတ်အေးလက်အေးနေလို့ရရင် တော်ပါပြီ"

မေစံရှားကလည်း သူ၏သဘောထားကို ထုတ်ဖော်ပြော၏
ထို့ကြောင့်ပင်ထင့်။

စိတ်ကူးသစ်စာပေ



"မမေစံရှားက လောဘနည်းမယ့်ပုံပဲ"

ဟု ရဲနီဦးက မှတ်ချက်ချသည်။

"လောဘနည်းတာတော့ မပြောနဲ့သူငယ်ချင်းရေ။ ရှားက အဓွ
ကိုမရှိသလောက်ပဲ။ သူ့စိတ်ထဲမှာရှိတာ ပရဆိုတဲ့ အများအတွက်ပဲ။
အကောင် အဲလောက်နေရာမရဘူး"

ကိုနေသော်က အခွင့်ရခိုက် ဝင်၍ ခနဲ့စကားဆိုသည်။

"ဒါကတော့ ကိုကိုပိုတာပါ။ ကိုကို့ကို ရှားကိုယ်ထက် ပိုပြီး
ချစ်ထားပါတယ်"

"ဒါဆို ကိုကို ဗိုက်စာရိုက်ဖို့ စီစဉ်လိုက်လို့ ရပြီလား"

မေစံရှား နှစ်နှစ်ခြိုက်ခြိုက် ပြုံးမိလေ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၃၀ |

❑

ထိန်လင်းပြန်ရောက်သောအခါ အိမ်တွင် ဆရာကြီး ဦးကုံလုံ ကိုသာတွေ့ရပြီး မမဖူးမွှုံကို မတွေ့ရ။

ဒေါ်ပိုင်းကလည်း ပြန်မရောက်သေး။

မမဖူးမွှုံ ဘယ်သွားသနည်း။

ထိန်လင်းစိတ်တွင် သိချင်စိတ် ပြင်းပြနေသော်လည်း ဦးကုံလုံ ကိုမေးဖို့ရာမှ မဝံ့ရဲ။

သို့သော် ထမင်းစားပွဲတွင် ဆုံသောအခါ ဦးကုံလုံက အကြောင်းနှင့်ပတ်သက်၍ စောင့်ပြောသည်။





"မောင်ထိန်ရေ . . . မင်းအစ်မကတော့ အနိကယ်ပြန်ရောက် ဦးနေမှာ ခရီးထွက်သွားတယ်ကွ"

"ဘုရားဖူးလား ဆရာကြီး"

"ဟုတ်တယ်။ မြန်မာပြည်အနှံ့ဆိုတော့ ကြာဦးမယ်ထင်တယ်။ ...တော့ ပျင်းနေမှာပဲ"

"ဘယ်ဘုရားဖူးကားနဲ့လဲ"

"ရွှေကုသိုလ်"

ဦးကုံလုံပြောနေသည်က သတင်းတစ်ပုဒ်ကို ကြေညာနေသည့် ...ပင်။ ခါတိုင်း မွှုံလေး . . . မွှုံလေးနှင့် အသည်းအသန်ဖြစ်ခဲ့ပုံများ ... မတွေ့ရ။ မမဖူးမွှုံအပေါ် ဦးကုံလုံ အချစ်လျော့ခဲ့လေပြီလား။

ရုတ်တရက်မေးချင်သော စကားတစ်ခွန်းပေါ်လာသည်။

"ဆရာကြီးကို ကျွန်တော်တစ်ခုမေးချင်လို့ပါ ခင်ဗျာ"

ဦးကုံလုံက ထိန်လင်းကို စူးစမ်းမျက်လုံးဖြင့် ကြည့်သည်။

"ဘာများလဲ"

"ကျွန်တော့်ကို ဆရာတော်ကမှာတယ်ဆိုလို့ ကျွန်တော်ရှာပြန် ...တော့ ဆရာတော်က မမှာပါဘူး။ ပြီးတော့ ဆရာတော်မကျန်းမာ ...ဆိုတာလည်း မဟုတ်ဘူး"

"ဟုတ်လား"

"ကျွန်တော့်ကိုလာပြောတာက ကိုမော်ကြီးပါ။ ဦးလေး ဦးမင်း ...က ဖုန်းဆက်ပြောတာတဲ့"

"အဲဒီတော့ . . ."

"ဦးလေး ဦးမင်းကျော်ကလည်း ဖုန်းမဆက်ဘူးလို့ ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ရွာက တခြားတစ်ယောက်က ဦးမင်းကျော်နာမည်ဖုန်းဆက်တာ နေမှာပေါ့ကွာ။ ခေါင်းစားမနေပါနဲ့။ ရွာပြန်ရတာ အမြန်လို့ သဘောထားလိုက်ပါ"

"ဟုတ်ကဲ့"

ရင်ထဲတွင် ဘဝင်မကျသော်လည်း ခုခံအငြင်းစကား မဆိုတော့ဘဲ စိတ်ကို လျှော့ချပစ်လိုက်သည်။ အဲဒါထားလိုက်ပါတော့။

လောလောဆယ် မမဖူးမွံ့ကို မတွေ့ရခြင်းအတွက်တော့ ရင်ထဲမှာ ဟာတာတာဖြစ်နေသည်။

မတွေ့မမြင်ရမှ ပိုလွမ်းသည်ဟု ပြောရမလား။

အဲဒါအချစ်ဟု ပြောရမလား။

"အစ်ကိုကြီး ဒီအကြောင်းတွေသိသွားရင် မိုးမီးလောင်ယမယ်ထင်တယ်နော်"

မမဖူးမွံ့ပြောခဲ့သောစကားကို ကြားယောင်၏။

ဦးကုံလုံကမူ ထိန်လင်းနှင့် မမဖူးမွံ့အကြောင်းကို သိခဲ့ပုံမပေါ်။ ဦးကုံလုံမျက်နှာ၌ ထိန်လင်းအပေါ် မလိုမုန်းထားအကြည့်များ မတွေ့ရဟု ထင်သည်။

"မင်း မမဖူးမွံ့မရှိတော့ မင်းလည်း ပျင်းနေမှာပဲ။ ငါလည်းပျင်းတယ်ကွ။ ညနေကျရင် မင်းနဲ့ငါ ဘီယာလေးဘာလေး သွားချရအောင်"

"ဟုတ်ကဲ့"

ဘီယာကို တစ်ကြိမ်မှမသောက်ဖူးပါ။ ဦးကုံလုံကို မဆန့်ကျင်လိုသဖြင့် ခေါင်းညိတ် ကတိပေးလိုက်ရ၏။

အခန်းထဲဝင်ခဲ့ပြီးမှ အိပ်ရာပေါ်လှဲရင်း ကြွေဥကို သတိရ၏





ရန်ကုန်ပြန်ရောက်လျှင် သူမထံဖုန်းဆက်ပါဟု မှာထားသည်ကို အမှတ်ရသဖြင့် အခန်းထဲမှ ပြန်ထွက်ခဲ့ရသည်။

ဦးကုံလုံ ကုမ္ပဏီသို့ထွက်သွား၍ အိမ်မှဖုန်းဖြင့် ကြွေဥထံဖုန်းဆက်လိုက်ရ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃၁ ]

❑

တရားရုံးတွင် အမှုတစ်ခုကို လျှောက်လဲပြီးနောက် ရုံးခန်း
ကို မေစံရှားပြန်လာသောအခါ ရုံးခန်းဝတွင် ရပ်စောင့်နေသူတစ်ဦးကို
တွေ့ရသည်။ မေစံရှား မျှော်လင့်မထားသောသူ။

ကြွေဥ ...။

"ကြွေဥ ... ညီမလေး ဘာကိစ္စလဲ။ တရားရုံးမှာ လက်မှတ်
ထိုးမယ့်ကိစ္စများ ရှိနေပြီလား"

မေစံရှားက အသောစွက်၍ မေးမိသည်ကို ကြွေဥက ယုံကြည်
မှုသောအပြုံးဖြင့် တုံ့ပြန်သည်။





"မမရှားနဲ့ တိုင်ပင်ချင်လို့။ မမရှားကို အကူအညီတောင်းချင်
တာရှိလို့"

ကြွေဥစကားသံမှာ တစ်စုံတစ်ခု မှုပန်သောကများ ပါဝင်နေ
သည်ဟု မေစံရှားတွေးမိ၏။

"ကဲ ... ဒါဆို လာ။ အေးအေးပြောကြတာပေါ့"

"မမရှား အချိန်ရလို့လား"

"ရပါတယ်။ ဒီနေ့ ရုံးချိန်းတွေပြီးပါပြီ။ ပြီးတော့ ညီမလေး
ကြွေဥအတွက်ဆို မမရှားက အချိန်မရရအောင်ပေးရမှာပေါ့. မဟုတ်
ဘူးလား"

ရုံးခန်း၏ဆက်တိမှာ ထိုင်ပြီးပြီးချင်း ...

"မမရှားတို့နဲ့ ကြွေဥတို့နဲ့ ဂျေဒိုးနပ်မှာ တစ်ခါဆုံဖူးကြတယ်
လေ။ အဲဒီတုန်းက စကားပြောရင်း မမရှားကို ဒကာမကြီးလို့ ထည့်
ပြောတဲ့တစ်ယောက်ကို မှတ်မိလား"

ကြွေဥက မေးသည်။

"မှတ်မိတယ်။ အဲဒီတုန်းက ခေါင်းတုံးဆံပင်နဲ့လေ။ ကြွေဥ
အတောင် ဘုန်းကြီးလူထွက်လို့ ပြောသေးတယ်လေ။ အဲဒီကောင်လေး
ကို ပြောတာမဟုတ်လား"

"ဟုတ်တယ် မမရှား။ သူ့နာမည်က ကိုထိန်လင်းတဲ့"

"ဟုတ်ပါပြီ ပြောပါဦး။ ထိန်လင်းနဲ့ပတ်သက်တဲ့အကြောင်း
က ဘာများလဲ"

"ပြောရတာတော့ ခပ်ခက်ခက်ပဲ။ ဒါပေမဲ့ ကြွေဥစိတ်ထဲမှာ
ဆင့်နေလို့ မမရှားရဲ့၊ ဘယ်လိုပြောရမလဲ။ သူ တစ်ခုခုများ ဖြစ်နေ
သလားလို့"



www.burmeseclassic.com

www.burmeseclassic.com



ကြွေဥမျက်နှာ၌ အမှန်တကယ် စိုးရိမ်စိတ်များ အုပ်မိုးနေသည်ကို မေစံရှားတွေ့ရ၏။

"ဘယ်လိုကြောင့်လဲ"

"တစ်လောက သူရွာပြန်သွားတယ်။ နောက် ပြန်ရောက်လာတယ်။ ရွာပြန်တုန်းက ကြွေဥဆီ တစ်ခါလှမ်းပြီး ဖုန်းဆက်တယ်။ ရန်ကုန်ပြန်လာတော့လည်း တစ်ခါဖုန်းဆက်တယ်။ သာ ပြောစကားအရဆိုရင် ရန်ကုန်ပြန်ရောက်တဲ့နေ့ပဲ ဖုန်းဆက်တာ။ မနက်ဖြန်သူ ကြွေဥတို့နဲ့လာတွေ့မယ်တဲ့။ ကွန်ပျူတာသင်တန်းတက်ဖို့ သူရည်ရွယ်ထားတယ်တဲ့။ ဒါပေမဲ့ ချိန်းတဲ့နေ့မှာ သူရောက်မလာဘူး"

"အကြောင်းတစ်ခုခုရှိလို့ မလာနိုင်တာ နေမှာပေါ့"

"ကြွေဥကသိချင်လို့ သူ့အိမ်ကို ဖုန်းဆက်တယ်။ ကိုထိန်လင်းနဲ့ စကားပြောချင်လို့ပါဆိုတော့ ထိန်လင်းရွာပြန်သွားတာ ပြန်မရောက်သေးဘူးလို့ ပြန်ပြောတယ်။ အဲဒါက သူနေတဲ့အိမ်က သူ့ကို ကွန်ပျူတာသင်ဖို့ထောက်ပံ့ပေးတဲ့ သူဌေးဦးကုံလုံပဲ"

"ဦးကုံလုံ ..."

မေစံရှား၏ရင်တွင် လှုပ်ရှားသွားသလို မေစံရှား၏ဦးနှောက်ထဲတွင် မီးဝါတွေ၊ မီးနီတွေ တဖျတ်ဖျတ်လင်းသွားသည်။

သည်နာမည်မျိုးက ရှားလှပါဘိခြင်း။

နာမည်တူ မရှိနိုင်။

မေစံရှားသိခဲ့သော ဦးကုံလုံပင်ဖြစ်ရမည်။ ထိုဦးကုံလုံနှင့် ကြွေဥပြောနေသော ထိန်လင်း မည်သို့ပတ်သက်နေသနည်း။

"ဒီအကြောင်းတွေ မမရှားနားလည်အောင် ကိုထိန်လင်းအကြောင်း နည်းနည်းပြောမှ ဖြစ်လိမ့်မယ်ထင်တယ်"





"မှန်တာပေါ့"

"ကိုထိန်လင်းက ဒေးစွန်ပါနောက် ရွာတစ်ရွာက။ မိဘတွေမရှိတော့ဘူး။ ကိုရင်ဘဝနဲ့နေလာခဲ့တာ အသက် ၂၀ ထိ။ ရဟန်းဘောင်တက်ဖို့ သူ့ကို ကျွေးမွေးစောင့်ရှောက်ထားတဲ့ ဆရာတော်ကပြောတော့ ရဟန်းမဝတ်ဖြစ်ဘဲ လူထွက်ပြီး ရန်ကုန်ရောက်လာတာ"

"ရန်ကုန်က ဦးကုံလုံအိမ်မှာ နေတာလား။ ဘယ်လိုအဆက်အသွယ်နဲ့လဲ"

"ဒေးစွန်ပါမှာပန်းရောင်းတဲ့ ဖွားမုံဆိုတဲ့အမျိုးသမီးကို ဦးကုံလုံက သဘောကျပြီး တရားဝင်ဇနီးမယားအဖြစ် လက်ထပ်ယူခဲ့တယ်။ ဖွားမုံရဲ့ဦးလေးက ကိုထိန်လင်းရဲ့ဆရာတော်ကို ကိုးကွယ်တာ။ အဲဒီဦးလေးက ဖွားမုံဆီကိုပို့ပေးတာ။ ဖွားမုံက သူ့မောင်လေးဝမ်းကွဲပါဆိုတော့ ဦးကုံလုံက လက်ခံပြီး ကွန်ပျူတာသင်ပေးတယ်"

"မောင်လေးဝမ်းကွဲပါဆိုတော့ ဆိုတာက တကယ့်မောင်လေးဝမ်းကွဲ မဟုတ်ဘူးလား"

မေစံရှားက အရေးကြီးသော မေးခွန်းတစ်ခုမေးသည်။

"မှန်ပါတယ်။ ဖွားမုံနဲ့ကိုထိန်လင်းက ဘာမှမတော်စပ်ပါဘူး"

ကြွေဥအဖြေကြောင့် မေစံရှားရင်ထဲက အမောစတင်ဖြစ်တည်လာသည်။

"မမရှားတစ်ခု မေးချင်သေးတယ်။ ထိန်လင်းနဲ့ကြွေဥရဲ့ အနေအထားက"

ကြွေဥ မျက်လွှာချသွားသည်။

"ကြွေဥနဲ့သူနဲ့က သူငယ်ချင်းပါ မမရှား"

"ဒီထက်မပိုဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းပါပဲ"

"ထိန်လင်းအတွက်စိတ်ပူပြီး ရောက်လာတဲ့ကြေဦးဟာ သူငယ်ချင်းအတိုင်းအတာထက် ပိုနေတယ်လို့ မမရှားပြောရင် ကြေဦးငြင်းမှာလား"

"မမရှားကလည်း"

ကြေဦး အတိအကျမဖြေသော်လည်း အဖြေက ရှင်းနေပါပေ။ မေစံရှားက ပြုံး၍ ...

"ကြေဦးအပေါ် ကိုထိန်လင်းကရော"

"သူငယ်ချင်းလိုပါပဲ"

"ထိန်လင်းအကြောင်း ကြေဦးဆက်ပြောပါဦး"

"သူ့စကားအသွားအလာထဲမှာတော့ ဖူးမွှံက သူ့ကို အရေးပေးပုံရှိတယ် မမရှား"

"ဖူးမွှံနဲ့ထိန်လင်း ငြိတွယ်မှုရှိတယ်လို့ ဆိုချင်တာလား"

"သေချာတော့ မပြောတတ်ဘူး"

"ထင်တော့ ထင်တယ်ပေါ့"

ကြေဦး ခေါင်းညိတ်သည်။

"ခုကိစ္စနဲ့ဆက်စပ်ပြီး မမရှားစဉ်းစားနိုင်အောင် ပြောတာပါ။ ဟုတ်ချင်မှဟုတ်မှာပါ"

"အခု မမရှားကို ကြေဦးလာပြောနေတာက ထိန်လင်းပျောက်နေတယ်ထင်လို့လား"

"ဟုတ်တယ် မမရှား။ ကိုထိန်လင်းက ရန်ကုန်ပြန်ရောက်နေပြီလို့ ကိုယ်တိုင်ဖုန်းဆက်တယ်။ သူဆက်တဲ့ဖုန်းက သူတို့အိမ်ဖုန်းပဲ။ ကြေဦးက အဲဒီဖုန်းကိုဆက်မေးတော့ ကိုထိန်လင်း ပြန်မရောက်သေး





ဘူးဆိုတော့ ဒါက တစ်ခုခုလွဲမှားနေပြီဆိုတာပြတယ် မဟုတ်လား"

"မှန်တယ် ကြေဦး"

"ကြေဦးစိတ်ထဲမှာ ကိုထိန်လင်း ဒုက္ခရောက်နေပြီလို့ ခံစားရတယ်။ ညဘက်ဆို အိပ်မက်ထဲမှာ ကိုထိန်လင်းက သူ့ကို လာကယ်ဖို့ ပြောတယ်။ သူသေရပါတော့မယ်တဲ့။ အဲ ... အဲဒါ မမရှားစုံစမ်းပေးပါ"

"ကြေဦး အဲဒီလိုခံစားရအောင် အဲဒီအတွေးမျိုးဝင်လာအောင် တိုက်ဆိုင်နေတဲ့အချက်တွေ ရှိနေဦးမှာပေါ့။ အဲဒါတွေ ပြောပြပါလား။ ဒါမှ မမရှား စဉ်းစားအဖြေရှာလို့ရမှာ"

ကြေဦးထံမှ စကားသံပြန်ထွက်မလာ။

ကြေဦး ငိုနေသည်လေ။

အပြစ်ကင်းစင် နုနယ်ပျိုမျစ်သည့် ကြေဦး၏ပါးပြင်ပေါ်မှ မျက်ရည်များသည် သူမ၏နှလုံးသားမှ ထုတ်ဖော်ဝန်ခံချက်များဟု မေစံရှားက ကောက်ချက်ဆွဲမိ၏။

စာနာနားလည်ခြင်းများဖြင့် မေစံရှားသည် ကြေဦး၏လက်ကို အသာအယာလှမ်း၍ ဆုပ်ကိုင်လိုက်ပြီး ...

"ကြေဦးပူပန်တဲ့ကိစ္စမျိုး ဖြစ်ချင်မှဖြစ်မှာပါ ကြေဦးရယ်။ ခုချိန်မှာ ကြေဦးအဖို့ စက္ကန့်မိနစ်နဲ့အမျှ သူ့ကိုကယ်တင်ဖို့ ကူညီဖို့ ဆန္ဒပြင်းပြနေတယ်မဟုတ်လား။ မမရှား ကိုယ်ချင်းစာပါတယ်။ ဒီတော့ မမရှားတို့ တစ်ချက်ချင်းပြန်တွေးရအောင်"

ဟုနှစ်သိမ့်ရင်း စကားပြန်ကြောင်းရသည်။

"ဟုတ်ကဲ့"

"မမရှားသိချင်တာက စမေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ထိန်လင်း ရွာပြန်တယ်ဆိုတဲ့နေ့ကစပြီး ကြွေဥနဲ့ လူချင်း မတွေ့ရတာနော်"

"ဟုတ်ကဲ့"

"ဒါပေမဲ့ အဲဒီနောက်ပိုင်း ဖုန်းနဲ့တော့ စကားပြောဖြစ်တယ် နော်"

"မှန်ပါတယ်"

"အဲဒါ ထိန်လင်းရော ဟုတ်ရဲ့လား"

"ဟုတ်တယ် မမရှား။ အဲဒါတော့ သေချာတယ်"

"ကြွေဥနဲ့ ဖုန်းပြောတာ ဘယ်နှစ်ခါလဲ"

"နှစ်ခါပါ။ ရွာပြန်ရောက်ပြီး ဆက်တာတစ်ခါ၊ ရန်ကုန်ပြန် ရောက်ပြီးဆက်တာ တစ်ခါ"

"ဒါဆိုရင် ထိန်လင်းပျောက်နေတာ ရွာမှာမဟုတ်ဘူး။ ရန်ကုန် ပြန်ရောက်ပြီးမှဆိုတဲ့ သဘောပေါ့"

"မှန်ပါတယ် မမရှား"

"ရန်ကုန်ပြန်ရောက်ပြီးမှ ဖုန်းဆက်တယ်လို့ ပြောနိုင်တာက ဘာကြောင့်လဲ"

"သူ့ဆက်တဲ့ဖုန်းက သူနေတဲ့အိမ်က ဖုန်းဖြစ်နေတာကြောင့် ရယ်၊ သူကိုယ်တိုင် ပြောစကားထဲမှာ ရန်ကုန်ပြန်ရောက်နေကြောင်း အိမ်ကဖုန်းနဲ့ဆက်တာဖြစ်ကြောင်းနဲ့ ကြွေဥတို့သင်တန်းကို မနက်ဖြန် လာမယ်လို့ ပြောတဲ့စကားတွေကြောင့်ပါ"

"သူ ရောက်မလာဘူးပေါ့"

"ဟုတ်ပါတယ်။ သူ့စကားအရဆိုရင် မနေ့ကလာရမှာပေါ့။





မနေ့ကမလာပါဘူး။ မလာလို့ ကြွေဥက သူ့အိမ်ကိုဖုန်းဆက်တော့ သူနေတဲ့အိမ်က သူ့ဒွေးဦးကုံလုံက ပြန်ပြောတာ။ ထိန်လင်းရွာပြန်သွား တာ ပြန်မရောက်သေးဘူးတဲ့"

"ပြီးစလွယ်ပြောလိုက်တာလည်း ဖြစ်နိုင်ပါတယ်။ ပြီးတော့ ပြဿနာတစ်ခုခုကြောင့် ထိန်လင်းအိမ်က ပြန်ထွက်သွားတာလည်း ဖြစ် နိုင်ပါတယ်"

"ကြွေဥက သူ့ အန္တရာယ်တစ်ခုခုနဲ့ ..."

ကြွေဥ ငိုသံပါနှင့်ပြောရင်း စကားကို အဆုံးမသတ်နိုင်ဘဲ ရှိုက်နေပြန်လေသည်။

မေစံရှားက တွေးတွေးဆဆနှင့် ...

"ထိန်လင်း ရွာပြန်ရတဲ့အကြောင်းရင်းက ဘာလဲ"

မေးခွန်းထုတ်သည်။

"ရွာက သူ့ကိုပြုစုစောင့်ရှောက်ခဲ့တဲ့ ဆရာတော်က နေ မကောင်းဖြစ်ပြီး သူ့ကိုတွေ့ချင်တယ်လို့ ဖုန်းဆက်လို့ပါ"

"ဘယ်သူဆက်တာတဲ့လဲ"

"သူ့ကို ရန်ကုန်ပို့ပေးတဲ့ မမဖူးမွှံ့ရဲ့ဦးလေး ဦးမင်းကျော်လို့ ပြောပါတယ်။ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ရွာကနေပြန်ပြီး ကြွေဥဆီဖုန်းဆက်တော့ ဦးလေးဦးမင်းကျော် က သူ့ဆီဖုန်းမဆက်ဘူးတဲ့။ ဆရာတော်လည်း မကျန်းမာတာမဟုတ် ဘူးတဲ့"

မေစံရှား အံ့အားသင့်သွားသည်။

"ဘယ်သူကမှ ဖုန်းမဆက်ဘူးဆိုတော့ ဒီမှာတုန်းက ဖုန်းကို



www.burmeseclassic.com

www.burmeseclassic.com



ထိန်လင်းနားထောင်တာ မဟုတ်ဘူးလား''

''မဟုတ်ဘူး။ ဦးကုံလုံရဲ့တပည့် ကိုမော်ကြီးက သူတို့ကုမ္ပဏီကိုဖုန်းဆက်တာလို့ လာပြောတာ''

စဉ်းစားဖွယ်အချက်များ ရှိလာ၏။

* ဖုန်းက ထိန်လင်းဆီ တိုက်ရိုက်လာသောဖုန်းမဟုတ်။
* ထိန်လင်းနေသောအိမ်တွင် ဖုန်းရှိပါလျက် ကုမ္ပဏီကို ဖုန်းဆက်ခြင်းက မည်သည့် သဘောနည်း။
* ဆက်သူမှာ ဦးမင်းကျော်ဟု ကိုမော်ကြီးက ပြောပါလျက် ဦးမင်းကျော်က သူမဆက်ပါဟုဆိုသည်။
* ဆရာတော်က ကျန်းမာရေးမကောင်းခြင်းမဟုတ်။

သို့ဆိုလျှင် ဖုန်းဆက်သောကိစ္စက လိမ်ဆင်ကြီးဖြစ်နေ၏။ အဘယ်ကြောင့်နည်း၊ အကြောင်းရင်း မည်သို့နည်း။

မည်သူက ဤလိမ်ဆင်ကို ပြုသနည်း။ ကိုမော်ကြီးကပြုသည်ဆိုလျှင် ကိုမော်ကြီးနှင့်ထိန်လင်း မည်သို့ ပတ်သက်သနည်း။

''အဲဒီ ကိုမော်ကြီးအကြောင်း ထိန်လင်းဘာပြောဖူးလဲ၊ သူနဲ့ ပြဿနာတစ်ခုခု ရှိဖူးတယ်၊ ဘာညာ စသဖြင့်ပေါ့''

''ဟင့်အင်း ... ဘာမှမပြောဖူးဘူး''

ကိုမော်ကြီးနှင့် မပတ်သက်လျှင် ကိုမော်ကြီးကို တစ်စုံတစ်ယောက်က ခိုင်းစေခြင်းကြောင့်လား။

မည်သူနည်း။

ဖူးမွှံလား ...၊ ဦးကုံလုံလား ...။

ဘာကြောင့် ခိုင်းသနည်း။

တစ်ခုတည်းသောဖြစ်နိုင်ခြေမှာ ထိန်လင်းအား ရွာကိုပြန်စေ





လိုခြင်းဖြစ်၏။ အဘယ်ကြောင့် ပြန်စေလိုသနည်း။

''ထိန်လင်း ပြန်မရောက်သေးဘူးလို့ပြောတာ ဦးကုံလုံ သေချာတယ်နော်''

''သေချာပါတယ်။ ကြွေဥကဖုန်းပြောတော့ အခုစကားပြောနေတာ ဘယ်သူပါလဲရှင်လို့မေးတော့ ဦးကုံလုံပါ။ ထိန်လင်းရဲ့အစ်ကိုကြီးပါလို့ ပြောတယ်လေ''

''ဖူးမွှံနဲ့ စကားမပြောရဘူးလား။ အိမ်မှာ ဖူးမွှံရှိနိုင်တာပေါ့။ ဖူးမွှံနဲ့ ဆက်သွယ်ကြည့်ရင်ကော''

''မမဖူးမွှံမရှိဘူးလို့ ထိန်လင်းဖုန်းဆက်တုန်းက ပြောတယ်။ သူ့ရွာကပြန်ရောက်တော့ မမဖူးမွှံကို မတွေ့ရဘူးတဲ့။ မမဖူးမွှံ မြန်မာပြည်အနှံ့ ဘုရားဖူးသွားတယ်တဲ့''

''ဖူးမွှံနဲ့မတွေ့ဘဲ ဘုရားဖူးသွားနေတယ်လို့ ပြောတာဆိုတော့ ဦးကုံလုံက ပြောတာနေမှာပေါ့''

''ဟုတ်တယ်။ ဦးကုံလုံပြောတာတဲ့''

စဉ်းစားစရာတစ်ခု ဖြစ်ရပြန်၏။

ဖူးမွှံ တကယ်ပဲ မြန်မာပြည်အနှံ့ ဘုရားဖူးသွားတာမှ ဟုတ်ပါ့မလား။

''နေပါဦး။ မမရှား တစ်ခုပြန်မေးဦးမယ် ကြွေဥ။ စောစောက ကြွေဥပြောတဲ့အထဲမှာပါတယ်''

''ဟုတ်ကဲ့''

''ထိန်လင်းနဲ့ဖူးမွှံက မောင်နှမတော်တာ မဟုတ်ဘူးနော်''

''မတော်ပါဘူး။ ကိုထိန်လင်းကိုထားလို့ရအောင် ဦးကုံလုံကို မောင်နှမဝမ်းကွဲလို့ ပြောထားတာပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဖူးမွံ့နဲ့ထိန်လင်း ကင်းရှင်းရဲ့လား"

ကြွေဥမျက်နှာ ညှိုးခနဲဖြစ်သွားသည်။ မျက်ရည်များဝိုင်း သောမျက်ဝန်းဖြင့် မေစံရှားကို ဆတ်ခနဲ မော့ကြည့်သည်။

"မမရှား ဘာကြောင့်မေးတာလဲ"

"အကြောင်းရှိလို့ပါ"

"ကြွေဥ သေချာမသိပါဘူး။ ဒါပေမဲ့ မမဖူးမွံ့က ကိုထိန်လင်းကို အရေးပေးတယ်လို့ ပြောဖူးပါတယ်။ ပြီးတော့ ကိုထိန်လင်းရဲ့စကား ထဲမှာ မမဖူးမွံ့အကြောင်း မကြာခဏပါတတ်တယ်။ စကတည်းက သူတို့ ကင်းရှင်းမှ ကင်းရှင်းရဲ့လားလို့ ကြွေဥ တွေးခဲ့ဖူးပါတယ်"

ဆက်စပ် စဉ်းစားစရာဖြစ်လာပြီ။

* ဖူးမွံ့ ဘုရားဖူးသွားနေသတဲ့။ အိမ်တွင်မရှိ။

* ထိန်လင်းပျောက်နေသည်။

* မြသီတာနှင့်မောင်လှ ပျောက်ဆုံးခဲ့ခြင်း တစ်ကျော့ပြန် လာလေသလား။

မေစံရှားရင်ထဲတွင် မီးစနှင့်အထိုးခံရသလို ပူခနဲဖြစ်သွားသည်။ ထိုင်ရာမှလည်း ရုတ်ခနဲထလိုက်မိ၏။

မေစံရှား၏အပြုအမူကြောင့် ကြွေဥပင် နားမလည်သလို မော့ ကြည့်၏။

"ရဲအုပ်သီဟဆီ သွားကြရအောင် ကြွေဥ"

မေစံရှားက တိုတိုပြတ်ပြတ်ပြောလိုက်ပြီး ခြေလှမ်းကို စနှင်း သည်။ အချိန်က စက္ကန့်နှင့်အမျှ အရေးကြီးလာခဲ့ပြီ။

✿ ✿ ✿

| ၃၂ |

❑

အဖြစ်အပျက်တွေက မယုံနိုင်စရာဖြစ်နေ၏။

မျက်စိနှင့် တပ်အပ်သေချာ မြင်ရခြင်းမဟုတ်လျှင် အမှန်ဟု [illegible]ဆိုရန်ပင် ခက်လှသည်။

ဒါ ဘယ်နေရာလဲ။

သတိပြန်ရလာချိန်၌ ထိန်လင်း ဤနေရာကို ရောက်နေခြင်း [illegible]

နံရံလေးဖက်စလုံး အုတ်နံရံများဖြစ်သည်။ အလင်းရောင် [illegible]ပေါက်မရှိ။ လေဝင်ပေါက်မရှိ။

မှိန်ပျပျ မီးလုံးကလေးတစ်လုံးကြောင့်သာ အခန်းတွင်းကို [illegible]နေနိုင်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကလည်း တမင်ထွန်းပေးထားသော မီးလုံးဖြစ်နိုင်၏။

အခန်းတွင်းကို မြင်နိုင်စေရန်။

အခန်းက အလုံပိတ်ဖြစ်လျက် စိုထိုင်းနေ၏။ မှောင်နေ လှေကားထစ်က အပေါ်မှဆင်းလာခြင်းဖြစ်သောကြောင့် မြေအောက် ခန်းတစ်ခုဖြစ်နိုင်သည်ဟု ထိန်လင်း တွက်ဆမိသည်။

မြေအောက်ခန်းပဲ ထားပါစို့။

အဘယ်ကြောင့် ထိန်လင်း မြေအောက်ခန်းထဲ ရောက်နေ သနည်း။

ခေါင်းကွဲအုံခဲ မူးနောက်နေသည်ကို ပြန်တွေးတော့မှ ည ဦးကုံလုံက သူ့ကို ဘီယာတိုက်သည်ကို အမှတ်ရ၏။

တစ်ခါမှမသောက်ဖူးသော ဘီယာ။

ကိုရင်ဘဝကလာခဲ့၍ သူရာမေရိယကံပုဒ်ကို တစ်ကြိမ် မကျူးလွန်ဖူးခဲ့။

သို့ပါလျက် ဦးကုံလုံက ...

"မင်းရဲ့မမဖူးမွံ့မရှိတော့ မင်းလည်း ပျင်းနေမှာပဲ။ ငါလည် ပျင်းတယ်ကွ။ ညကျရင် ဘီယာလေးဘာလေး ချကြရအောင်"

ဟု အတင်းခေါ်သဖြင့် ထိန်လင်း သောက်ခဲ့ရခြင်းဖြစ်သည်

ဦးကုံလုံကျွေးသော အမြည်းတွေစား။

ဦးကုံလုံတိုက်သော ဘီယာကိုသောက်၊

အချိန်ကာလ တိုတိုအတွင်းမှာပင် ထိန်လင်း မူးဝေနောက် ကာ အသိပျောက်သွားခဲ့သည်။

မူးခြင်းသက်သက်မှ ဟုတ်ပါလေစ။

ဘီယာထဲမှာ အခြားအရာတစ်ခုခု ပါခဲ့လေသလားမသိ။





ထိန်လင်း ခေါင်းမထောင်နိုင်အောင်မူးပြီး မှောက်လုဆဲဆဲ ာ ဦးကုံလုံ ရယ်မောလိုက်သံကို ကြားခဲ့ရ၏။

"ဟား ...ဟား ...ဟား ...ထိန်လင်း ...ထိန်လင်း သနားကျွန်ုပ်ထိန်လင်း။ ခုတော့ မင်းသွားရမယ့်အလှည့် ရောက်ပြီပေါ့ ။ မင်းတပ်မက်တဲ့ မမဖူးမွံ့ကိုတွေ့ချင်ရင် တွေ့ခွင့်ရအောင် ပို့ပေး ပေါ့"

ထိုကဲ့သို့ ကြားခဲ့ရသည်ဟုထင်သည်။

အသံများဝေးကာ တိုးကာတိုးကာ ပျောက်သွားချိန်မှာ ထိန် င်းလည်း အမှောင်ထဲသို့ တိုးကျသွားသလိုပင်။

ထိန်လင်း သတိပြန်ရလာတော့ ဤအခန်းထဲမှာ ရောက်နေ သည်။

ထွန်းထားသော မှိန်ပျပျမီးရောင်အောင်မှာ မြင်လိုက်ရသည် သွေးပျက်ချောက်ချားဖွယ်။

အရိုးစုက နှစ်စု။

အလောင်းကတစ်လောင်း။

အရိုးစုနှစ်စုမှာ ကြာခဲ့ပြီဖြစ်ဟန်ရှိ၏။ မည်သူတွေ၏အရိုးဟု ထိန်လင်းမသိ။ ယောကျ်ားလား ...မိန်းမလား ...ထိန်လင်းမသိ။

သို့သော် ...

ထိန်လင်းသိရသည်က အလောင်း။

မကြာသေးမီကမှ သေဆုံးခဲ့သောအလောင်း။

ဝတ်လစ်စလစ်ဖြစ်နေသော မိန်းမတစ်ယောက်၏အလောင်း။

အတိအကျဆိုရသော် မမဖူးမွံ့၏အလောင်း။

ဖူးမွံ့၏အလောင်းကို မြင်လိုက်ရရချင်း ထိန်လင်းတစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



တဆတ်ဆတ်တုန်ကာ ရင်တွေပွင့်ထွက်သွားသည်ဟု ထင်လိုက်သည်။

"မမဖူးမွှံ ..."

နှုတ်မှ ကယောင်ကတမ်းမြည်တမ်းလျက် လဲကျနေရာကြ ပြင်မှ မမဖူးမွှံဆီသို့ပြေးသွားကာ အလျင်စလို ပွေ့ယူလိုက်သောအခ

နှာခေါင်းထဲသို့ တိုးဝင်လာသော အပုပ်နံ့။

ထိတွေ့လိုက်ရသည်က ရိရွဲပုပ်အဲ့နေသော အသားများ။

မျက်တွင်းက ဟောက်ပက်။

ထိန်လင်း မမဖူးမွှံကို အလန့်တကြား ပြန်ချလိုက်မိ၏။

တစ်ချိန်က မိမိမက်မက်မောမော ဖက်တွယ်ခဲ့ဖူးသော မမဖူ ၏ခန္ဓာကိုယ်ကို ထိန်လင်း ယခုတော့ ချက်ချင်းပြန်ချကာ နောက်ဆုတ်လိုက်မိသည်။

"ဖြစ်ရလေ မမဖူးမွှံရယ်"

မမဖူးမွှံသည်လည်း မိမိလိုပင် ဤအလုံပိတ် မြေအောက်ခန်းထဲ ရောက်လာကာ သေဆုံးခဲ့ရှာဟန်ရှိ၏။

ဦးကံ့လုံပြောခဲ့သော မြန်မာပြည်အနှံ့ ဘုရားဖူးဆိုသော စကားမှာ အလိမ်အညာစကား။

တကယ်တော့ မမဖူးမွှံကို ဦးကံ့လုံသတ်ခဲ့ခြင်းဖြစ်မည်။

ယခု မိမိအလှည့်။

"ဟား ...ဟား ...ဟား ...တဏှာကျွန် ထိန်လင်း ခုတော့ မင်းသွားရမယ့် အလှည့်ရောက်ပြီပေါ့ကွာ။ မင်းတပ်မက်တဲ့ ဖူးမွှံကိုတွေ့ချင်ရင် တွေ့ခွင့်ရအောင် ပို့ပေးရမှာပေါ့"

ထိန်လင်း နောက်ဆုံးကြားခဲ့ရသည့်စကား။

ထိန်လင်း သဘောပေါက်သွားပြီ။





ဦးကံ့လုံသည် မိမိနှင့် မမဖူးမွှံတို့အကြောင်းကို တစ်နည်းနည်းဖြင့် သိသွားခဲ့မည်။

ထို့ကြောင့် မိမိကို လှည့်ကွက်ဖြင့် ရွာသို့ ခေတ္တပြန်ပို့သည်။ မိမိမရှိခိုက် မိမိကို ယခုလုပ်သလို မမဖူးမွှံကိုလုပ်ကာ သတ်ခဲ့ခြင်းဖြစ်မည်။

မိမိပြန်ရောက်လာတော့ မမဖူးမွှံ ဘုရားဖူးသွားသည်ဟုပြောသည်။

ပတ်ဝန်းကျင်ကိုလည်း ထိုသို့ပင် သတင်းလွှင့်ထားမှာ သေချာသည်။

ဒုတိယပစ်မှတ်အနေဖြင့် ...

မိမိကို ဘီယာတိုက်မည်။ ဆေးထည့်မည်။ ပြီးတော့ မြေအောက်သို့ပို့မည်။

သေနှင့်ပြီးသော မမဖူးမွှံကိုမြင်စေကာ မမဖူးမွှံနှင့်အတူ မိမိကိုသေအောင် စီရင်ခြင်းဖြစ်မည်။

"အရှုးကြီး ...အရှုးကြီး ...ခုချက်ချင်း ကျုပ်ကိုလွှတ်ပေး"

သို့သော် အသံက အခန်းထဲမှာသာ လှိုင်သွားသည်။ အပြင်ကကြားရဟန်မရှိ။

ထိန်လင်းတစ်ယောက် အခံရခက်ခြင်း၊ သေရမှာကြောက်ခြင်းများကို နောင်တရခြင်းတို့ဖြင့် မျက်နှာကို လက်ဝါးဖြင့်အုပ်အာ ချုံးပွဲချ ငိုကြွေးလိုက်မိ၏။

"ဦးကံ့လုံပြောခဲ့သလို ငါ တဏှာကျွန်ဖြစ်ခဲ့တာ။ သူမပိုင်ရှိတဲ့ မမဖူးမွှံနဲ့ ငါဖောက်ပြန်ခဲ့တာ။ ငါ့အမှား။ ငါ့မိုက်ပြစ်။ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



တမလွန်မရောက်မီ ခုဘဝကပဲ ငါအပြစ်ဒဏ်ခံရပြီ''

ဖျတ်ခနဲဝင်လာသော အသိ။

လက်ခနဲရလာသော နောင်တ။

သို့သော် ...

နောင်တက နှောင်းခဲ့လေပြီ။ နောင်တဆိုမှတော့ နောင်မှ သည် မဟုတ်လားလေ။

အဘယ်မှာ ပြင်ဆင်ချိန်ရပါတော့မည်နည်း။

မကြာမီကာလအတွင်း ...

မိမိသည် မမဖူးမွှံလိုပင် အသေဆိုးနှင့်သေရတော့မည်မှာ အသေအချာပင်။

✿ ✿ ✿

# [ ၃၃ ]

❑

ရဲအုပ်သီဟက မေစံရှားပြောသမျှကို နားစိုက်ထောင်နေ၏။ ထောင်ရင်းလည်း ချိန်ဆတွေးတောနေပုံရ၏။ မရှင်းသည်များ သိ သည်များကို တစ်ချက်တစ်ချက် ထောက်၍မေးသည်။

အဖြစ်အပျက်နှင့်တကွ ...

မေစံရှား၏ ထင်မြင်သုံးသပ်ချက်များ ပြီးဆုံးချိန်တွင် ရဲအုပ် သီဟ၏မျက်နှာတွင် မြူမည့်မိုးသို့ အုံ့ပျှိုင်းညို့နေတော့၏။

ဖူးခနဲ သက်ပြင်းမောကြီးနှင့်။

''ဒါဆို နှင့်ယှဉ်ဆချက်က ဒါ ရာဇဝတ်မှု၊ လုပ်ကြံမှုပေါ့ ဟုတ် [illegible]''



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးသည်။ မယုံကြည်သည့် သဘောမဟုတ်။ သေချာလို သည့်သဘောဖြစ်သည်။

"ဟုတ်တယ် သူငယ်ချင်း။ နင့်အမြင်ကရော"

ဘေးမှာအတူရှိနေသည့် ကြေဦကတော့ တအင့်အင့်ငိုလျက်။

ကြေဦအဖို့ မျှော်လင့်ချက်မဲ့နေပြီတည်း။

"အချက်အလက်တွေက လက်ဆုပ်လက်ကိုင် ဘာကိုမှမပြ နိုင်တာမှန်ပေမဲ့ နင့်ယူဆချက်နဲ့ ငါ့အမြင် ထပ်တူကျပါတယ်။ ဒါတော ဦးကုံလုံက အရင်ဇနီးဟောင်း မြသီတာနဲ့မောင်လှလို ဖူးမွံ့နဲ့ထိန်လင်း ကို ကြံစည်ခဲ့ပုံပဲ။ ငါက မြသီတာတို့အမှုကို မမီလိုက်ဘူး။ အခု နင်ပြော မှသိရတာ။ ပြီးတော့ ဦးကုံလုံမှာ စိတ်စွဲကိုယ်ရည်ကိုယ်သွေးရှိတာလည်း ငါမသိဘူး။ ဒီလူကြီးဟာ အတ္တကြီးတယ်။ အရှိန်အဝါကြီးတယ်ပဲ[illegible] တာ။

သူ့အစ်ကိုဦးပြည့်စုံကိုစွမှာ ငါ့ကို ငွေနဲ့ပေါက်ဖို့ကြိုးစားခဲ့[illegible] သူ။ နင့်ကို အမှောင်ထဲနေ ဒုက္ခပေးဖို့ ကြံစည်တဲ့သူ။ ဟုတ်ပြီလေ ငါတို့ လိုက်ကြည့်ကြတာပေါ့။ နင်လည်း နင့်နည်းနင့်ဟန်နဲ့လုပ်။ ငါ လည်း ငါ့နည်းငါ့ဟန်နဲ့လုပ်မယ်။ တွေ့တာ သိတာတွေ ငါတို့ [illegible] ပေါင်းကြမယ်။ ဟုတ်ပြီလား"

ရဲအုပ်သီဟ၏ စကား။

"ငါ့အထင်တော့ ငါတို့ ဖူးမွံ့နဲ့ ထိန်းလင်းကို ကယ်ချင်တာ[illegible] နိုင်လိမ့်မယ်။ ဖူးမွံ့ကိုမမီရင်တောင် ထိန်လင်းကိုတော့ မီနိုင်တယ်လို့ ယူဆတယ်"

"ကြိုးစားရမှာပေါ့ဟာ"

မေစံရှားနှင့် ရဲအုပ်သီဟ လိုအပ်သမျှကို ညှိနှိုင်းပြီးနောက်





မေစံရှားနှင့် ကြေဦတို့ မေစံရှားရုံးခန်းသို့ ပြန်လာသည်။

မေစံရှားရုံးခန်းသို့ အရောက်တွင် ကိုနေသော်နှင့် ညှိသည် တစ်ဦး ရောက်နေသည်ကို တွေ့ရ၏။ အခန်းဝ၌ သူတို့စောင့်နေကြ သည်။

"ကိုကို ရောက်နေတာ ကြာပြီလား"

"ခုလေးတင်ပဲ။ ရှားဘယ်သွားတာလဲ"

ကိုနေသော်က မေစံရှားဘေးမှ ကြေဦကိုကြည့်ရင်း မေးသည်။ ကြေဦက မျက်နှာငယ်နှင့်။ မျက်ရည်တွေနှင့် ခေါင်းကလေးတင့်ငုံ့။

"ရဲစခန်းသွားတာ ကိုကို။ ကဲ … အထဲဝင်။ အထဲရောက် မှ ပြောကြတာပေါ့"

မေစံရှားက အခန်းတံခါးဖွင့်ကာ ကိုနေသော်နှင့် အတူပါလာ သူကို တလေးတစား နေရာချထားပေးသည်။ ထိုသူမှာ အသက်အရွယ် ငါးဆယ်ကျော် ခြောက်ဆယ်ဝန်းကျင်ဖြစ်လျက် အသားညိုညို၊ ထောင် ထောင်မောင်းမောင်းနှင့် တောသူတောင်သားပုံပင်ဖြစ်သည်။

အလုပ်စားပွဲ၌ ထိုင်ကြပြီးနောက် ကိုနေသော်က မိတ်ဆက် ပေးသည်။

"ရှားရေ … ရှားဆီပြေးလာရတာ အကြောင်းရှိတယ်။ ဒီက ဦးလေးက အကူအညီတောင်းချင်တယ်ဆိုလို့။ ကိုကိုတို့ရုံးကို လာလာ နေတဲ့ ပဲရှူးက သတင်းထောက်တစ်ယောက် စာရေးပြီးလွှတ်လိုက်တာ။ နာမည်က ဦးမင်းကျော်တဲ့။ ဒေးစွန်ပါတောင်နောက်ကျောက ရွာသ[illegible]

ဦးမင်းကျော် …။

ဒေးစွန်ပါ …။



www.burmeseclassic.com

www.burmeseclassic.com



မေစံရှားရော ကြွေဥပါ မျက်လုံးပြူးသွားကြပြီး တစ်ဦးကို တစ်ဦး ကြည့်လိုက်မိကြ၏။

"ပြောပါဦး ကိုစွက ..."

မေစံရှားက အလောတကြီး မေးလိုက်သည်။

ထိန်လင်းကို ရန်ကုန်ပို့ပေးခဲ့သူ ဖူးမွံ၏ ဦးလေးများလားဟု သောအတွေးကို ထုတ်မမေးဖြစ်သေး။

"သူ့တူနဲ့ တူမ ပျောက်နေတယ်ထင်လို့တဲ့ ရှား"

"တူနဲ့တူမပျောက်နေတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

ဦးမင်းကျော်က ဝင်ပြောသည်။ ပထမဆုံးစကား။ သူ့မျက်နှာမှာ စိုးရိမ်ပူပန်မှုများဖြင့်။

"ဦးလေးပြောတာ ထိန်လင်းနဲ့ဖူးမွံကို ပြောတာလား"

မေစံရှား ထုတ်မေးလိုက်သည်။

မေစံရှားအမေးကြောင့် ကိုနေသော်နှင့် ဦးမင်းကျော် အံ့အား သင့်သွားကြသည်။ မျက်လုံးဝိုင်းကြီးများဖြင့် ကြည့်ကြ၏။

"ရှားက ဖူးမွံနဲ့ ထိန်လင်းကို သိလို့လား"

ကိုနေသော့်အမေး။

"ကိုကိုကလည်း မေ့တတ်လိုက်တာ။ တစ်ခါ ဂျေဒိုးနစ်မှာ ဟောဒီကြွေဥနဲ့ဆုံကြရင်း ဒဏ်ရာမကြီးလို့ ရှားကိုခေါ်ခဲ့တာ ထိန်လင်း ပေါ့။ ကြွေဥရဲ့သူငယ်ချင်းလေ"

"ဟာ ... ဟုတ်ပြီ၊ ကိုကိုမှတ်မိပြီ။ ဆံပင်တိုတိုနဲ့ အသား ညိုညိုကောင်လေး"

"ဟုတ်တယ် ... သူပဲပေါ့။ အခု ကြွေဥကလည်း ထိန်လင်း





ပျောက်နေတယ်ထင်လို့ ရှားဆီပြေးပြီး သူသံသယရှိတာတွေ ပြောပြ တယ်။ ဒါကြောင့် ရဲအုပ်သီဟဆီသွားပြီး သတင်းပို့ရင်း တိုင်ပင်တာ"

"ကြွေဥက သိနေတယ်လား"

ကိုနေသော့် အမေး။

ကြွေဥပြောပြသော အကြောင်းများကို မေစံရှားက ပြောပြ လိုက်သည်။ မေစံရှား စကားဆုံးသည်နှင့် ...

"ဟုတ်တယ်။ ဦးလေးလာတာလည်း ဒီလိုကြောင့်ပဲ"

ဦးမင်းကျော်က ဝင်ပြောသည်။

"ဦးလေးသိတာတွေ ပြောပြပါဦး"

"ဒီလိုကွယ့်။ ထိန်လင်း ရွာကိုပြန်ရောက်လာတော့ ဦးလေး ရော၊ ဆရာတော်ရော အံ့သြသွားကြတယ်။ ဘာကြောင့် ပြန်လာတာ လဲပေါ့။ ဦးကံ့လုံနဲ့ အဆင်မပြေဖြစ်လာသလားလို့ပေါ့။ ဒါပေမဲ့ ထိန်လင်း က မဟုတ်ဘူး။ ဦးလေးဖုန်းဆက်လို့ ပြန်လာတာလို့ပြောတော့ ဦးလေး နောက်တစ်မျိုး အံ့သြရပြန်တယ်။ ဖုန်းမဆက်ပါဘူး။ ဆရာတော်က လည်း ကျန်းမာပါတယ်ပေါ့။ အဲဒါနဲ့ ထိန်လင်း ရွာမှာ ရက်ပိုင်းပဲနေပြီး ပြန်သွားတာ။

ထိန်လင်းပြန်တော့ ဆရာတော်က ကျောင်းနဲ့စေတီအတွက် ဆက်လေးလိုချင်လို့ စုံစမ်းပေးဖို့ မှာလိုက်တယ်။ အဲဒါကြောင့် ထိန် လင်းဆီက အကြောင်းပြန်တာ စောင့်နေတာ။ ထိန်လင်းက ဖုန်းမဆက် ဘူး။ သူမဆက်တာနဲ့ ဦးလေးက သူ့အိမ်ကိုဖုန်းဆက်တော့ ဦးကံ့လုံ က ထိန်လင်းပြန်ရောက်မလာဘူးလို့ ပြန်ပြောတယ်။ ဒါကြောင့် လမ်း မှာ တစ်ခုခုဖြစ်သလားလို့ စိတ်ပူသွားတယ်"

"တူမကိုစွကရော ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့ ဦးလေးက ထိန်လင်းမရှိရင် ဖူးမွံ့နဲ့ စကားပြောချင်တယ်ပြောတော့ ဖူးမွံ့လည်း မရှိဘူး။ ဘုရားဖူးသွားတယ်လို့ ပြောပြီး ဖုန်းချသွားတယ်။ ဦးလေးစိတ်ထဲ တစ်မျိုးဖြစ်သွားတယ်။ ဦးကံ့လုံပြောတဲ့လေသံက ပုံမှန်မဟုတ်ဘူး။ နောက်တစ်ခုစိုးရိမ်တာက ဖူးမွံ့နဲ့ထိန်လင်းများ မပြောကောင်းမဆိုကောင်း လိုက်ပြေးသလားလို့"

"အဲဒီလို မဖြစ်နိုင်ပါဘူး"

ကြေဥက ဝင်ပြောသည်။

"ဒီက ကလေးမပြောတဲ့ အလိုအရဆိုရင်တော့ ထိန်လင်း ဒီအိမ်ကိုပြန်ရောက်တာ သေချာနေတာပဲ။ အဲဒါကို ဘာကြောင့် ဦးကံ့လုံက ပြန်မရောက်ဘူးလို့ ပြောရတာလဲ"

"မှန်တယ်။ အဲဒါ စဉ်းစားစရာဖြစ်နေတယ်"

"တခြား စဉ်းစားလို့ရနိုင်တာ ဘာများရှိကြသေးလဲ။ ဦးလေး သိထားတာထဲကလေ။ ပြန်တွေးကြည့်ပါဦး"

မေစံရှားက ဦးမင်းကျော်ထံမှနောက်ထပ် အချက်အလက်ရလိုရငြား စူးစမ်းသည်။

ဦးမင်းကျော်တွေး၍ တစ်ခဏအကြာ စဉ်းစားပြီးမှ ...

"အင်း ...တစ်ခုတော့ရှိသေးတယ်။ ပြီးခဲ့တဲ့လထဲမှာတုန်းက ဦးကံ့လုံရဲ့တပည့် မော်ကြီးဆိုတဲ့လူ ဒေးစွန်ပါကိုရောက်လာပြီး ဖူးမွံ့အကြောင်းစုံစမ်းသွားတယ်လို့ သိရတယ်။ ဈေးသည်ကလေးတွေဆီက တစ်ဆင့် ပြန်သိရတာ။ သူစုံစမ်းတဲ့ကိစ္စမှာ ထိန်လင်းနဲ့ဖူးမွံ့ မောင်နှမ ဟုတ်မဟုတ်ဆိုတဲ့ အကြောင်းပါတယ်တဲ့"

ပြောသည်။

"ဦးလေးပြောသလိုဆိုရင် မော်ကြီးစုံစမ်းတယ်ဆိုတာ ဦးကံ့





လုံရဲ့ခိုင်းစေချက်ဆိုတာ သေချာတယ်။ ဖူးမွံ့နဲ့ထိန်လင်း မောင်နှမဟုတ်မဟုတ် စုံစမ်းတာဆိုတာကြောင့် ဖူးမွံ့နဲ့ထိန်လင်းကို ဦးကံ့လုံ တစ်မျိုးတစ်မည် သံသယရှိနေပုံရှိတယ်လို့ ယူဆနိုင်တယ်"

မေစံရှားက သုံးသပ်ပြသည်။

"မှန်ပါတယ် ...။ အဲဒီသဘောပါပဲ"

"ကိုကိုရေ ...အဲဒီသဘောဆိုရင်တော့ ဦးကံ့လုံရဲ့ ပထမ နှိမ့်ပြသိတာနဲ့ မောင်လှဇာတ်လမ်းမျိုး ဖြစ်လာနိုင်တယ်လို့ မထင်ဘူးလား"

"သိပ်ဖြစ်နိုင်တာပေါ့"

ကိုနေသော်နှင့် မေစံရှားတို့၏စကားကိုမူ ဦးမင်းကျော်နှင့် ကြေဥ နားလည်ပုံမရ။

"ဒီတစ်ခေါက် ထိန်လင်းကို ရွာကဦးလေး ဖုန်းဆက်တယ်လို့ ဘာပြောတာကလည်း ကိုမော်ကြီးဆိုတော့ကာ ထိန်လင်းကို တမင် ဘတ်သက် ရွာပြန်လွှတ်တဲ့သဘောဖြစ်တယ်။ ဒါက တစ်ခုခု အကြံအစည် ရှိလို့ပဲ။ ဖြစ်နိုင်တာက ထိန်လင်းမရှိခိုက်မှာ ဖူးမွံ့ကို ဦးကံ့လုံတစ်နည်း နည်းနဲ့ အန္တရာယ်ပေးချင်လို့ ဖြစ်ရမယ်။ ဒါကြောင့် ထိန်လင်းပြန်လာတော့ ဖူးမွံ့ကိုမတွေ့တာ။ တစ်ခါ ထိန်လင်းပြန်ရောက်လာတာ မှန်ပေမဲ့ ပျောက်နေပြန်တယ်။ ဒီတော့ ရှားအာရုံမှာတော့ စိတ်စွဲကိုယ်ရည် သွေးရှိတဲ့ ဦးကံ့လုံဟာ ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# | ၃၄ |

❑

နေ့လား ညလားလည်း ထိန်လင်းမသိ။

အလုံပိတ်မြေအောက်ခန်းထဲမှာမို့ အပြင်က အလင်းရောင်ကိုမရ။ ဖွင့်ပေးထားသော မီးလုံးအရောင်ကလေးဖြင့် နေနေရသည်။ ထို့ကြောင့် ဤအခန်းထဲတွင် မိမိရောက်နေသည်မှာ မည်မျှကြာသွားပြီလည်း မသိနိုင်။

ဤအခန်းထဲမှာတော့ အမှိုးစုနစ်စု။

ပုပ်ပွစပြုနေသည့် အလောင်းတစ်လောင်း။

မိမိ။

မကြာမီတွင် ဤအမှိုးစုများနှင့် ဤအလောင်းနှင့် မိမိရော ရှိမည်ကော။





သည်အတိုင်းမနေနိုင်၍ ထွက်ပြေးလွတ်မြောက်ဖို့ လမ်းစကို ကြည့်မိ၏။

နံရံတွေမှာ ထွက်ပေါက်ရနိုင်မလား ကြည့်တော့လည်း ဘာမှ မြင်။

မြေအောက်ခန်းသို့ဆင်းရာ တံခါးကို ဖွင့်ဖို့ကြိုးစားတော့လည်း ည်းနိုး။

အပြင်က ကယ်တင်မည့်သူ ကြားလိုကြားငြား အသံကုန် လည်း လည်ချောင်းသာနာ၏။ အရာမထင်။

ကြမ်းပြင်မှာ ခြေပစ်လက်ပစ်ထိုင်ချပြီး လက်လျှော့လိုက်မိ တော့ လောလောလတ်လတ်ဒုက္ခများက မိမိကို နှိပ်စက်ပြန်၏။

ပထမဆုံးက သေရမှာကို ကြောက်သည့်ဒုက္ခ။

မိမိမသေချင်သေး။ ယခုမှ အသက် ၂၀။ မိမိဖြတ်သန်းရ ဘဝက အရှည်အလျားကျန်နေသေးသည်။ မိမိချစ်ခင်မည့်သူကို ည်း မခွဲခွာချင်သေး။

"ဒါ သမုဒယပဲကွ။ သမုဒယရှိနေလို့ ဒုက္ခရှိရတာ။ အကြောင်း လွှာကြောင့် အကျိုးတစ်လွှာဖြစ်ရတာလေ"

ဆရာတော်၏အသံကို ကြားသယောင် ထင်လိုက်ရ၏။

ဒုတိယက အလုံပိတ်အခန်းထဲမှာနေရခြင်းကို ကြောက်သည့် ။ ငယ်စဉ်က ဆရာတော်၏ကျောင်းတွင်ရှိစဉ် ကျက်သရေခန်း၌ ောင်းသားကြီးများ၏ နောက်ပြောင်ပိတ်လှောင်ခြင်း ခံရဖူးသည်။ စဉ်ကတည်းက အလုံပိတ်အခန်း၌နေရခြင်းကို ကြောက်တတ်ခဲ့သည်။ မိမိကြောက်တတ်သော အလုံပိတ်မြေအောက်ခန်း၌ မိမိရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စိတ်ကြောင့် မွန်းကျပ်ပြီး အသက်က ရှူ၍မ

တဝီယက ဗိုက်ထဲက တကြုတ်ကြုတ်မည်အောင် ဆာ ခြင်းဖြစ်၏။

ဆာသော်လည်း စားစရာမရှိ။ အာခေါင်တွေ ခြောက် လည်း သောက်စရာရေကမရှိ။ အစာငတ်ရေငတ်ဖြင့် ဘဝနိဂုံး မည့်ဘဝ။ မမဖူးမွှံသည်လည်း မိမိလိုပင် ဘဝဆုံးခဲ့ရပြီမဟုတ်လ

စတုတ္ထက အနံ့ဆိုးဖြစ်သည်။

ပိတ်လှောင်မွန်းကျပ်နေသော အခန်းထဲတွင် မမဖူး အလောင်းမှထွက်လာသော အပုပ်နံ့လှိုင်နေ၏။ အသက်ရှူလိုက် အဆုတ်ထဲထိ တိုးဝင်လာသော အပုပ်နံ့။ ရောင်၍မရ၊ ရှာ၍ နှာခေါင်းပိတ်ထား၍မရ။ အလွန်ဆိုးဝါးလှသောအနံ့။

ပဥ္စမက အလောင်းကြီးနှင့် အရိုးစုများကို မြင်နေရခြင် ၏။ အခန်းတွင်းတွင် အခြားကြည့်စရာ ရှုစရာ ဘာမှမရှိ။ ထိုအလေ နှင့် အရိုးစုများသာ။ အမြင်အာရုံတွင် ထင်ထင်ရှားရှား။ ပြေးချင် လည်း ပြေး၍မရ။ မမြင်ချင်၍လည်း မနေရ။

ဒုက္ခပေါင်းစုံသည် ထိန်လင်းကို နှိပ်စက်နေ၏။

"လူယုတ်မာကြီး ... ကျုပ်လွတ်လာလို့ကတော့ ခင်ဗျ သတ်မယ်။ အရှင်မထားဘူး"

ဒေါသ မောဟတို့ဖြင့်၊ နာကျင်ခံပြင်းခြင်းများဖြင့် ကြေ ခြင်းတို့ဖြင့် ထိန်လင်း ကျုံးအော်နေ၏။

ဝင်စစ်အော်သာအော်သော်လည်း ဦးကံ့လုံကကြားမည်မဟု မိမိကရော လွတ်နိုင်ပါမည်လား။

✿ ✿ ✿

| ၃၅ |

မေစံရှား၊ ကိုနေသော်နှင့် ဦးမင်းကျော်တို့ ဦးကံ့လုံ၏တိုက် ရှိရာ ခြံဝင်းကျယ်ကြီးရှေ့သို့ရောက်ချိန်တွင် ဦးကံ့လုံ၏ကားကလေး ခြံတံခါးဝသို့ရပ်လာ၏။ ဦးကံ့လုံအပြင်မှ ပြန်လာဟန်တူသည်။

ကားပေါ်မှ ဦးကံ့လုံဆင်းလာပြီး ကိုယ်တိုင် တံခါးကိုဖွင့်သည်။ စောင့်ရှိပုံမရ။ သို့မဟုတ် ခြံစောင့်ကို ရှင်းထုတ်ထားခြင်းဖြစ်နိုင်၏။

မေစံရှားတို့ကိုမမြင်ဘဲ ဦးကံ့လုံသည် ကားပေါ်ပြန်တက်ကာ ခြံတွင်းသို့ ကားကို မောင်းဝင်သွားသည်။ တိုက်ရှေ့မှာ ကားကိုရပ် သည်။

"အရင် ဦးလေးလာတုန်းက ခြံစောင့်ကြီးရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းကျော်က ပြော၏။

မေစံရှားတို့ ပွင့်နေသောတံခါးမှ ခြံထဲသို့ ဝင်လာခဲ့ကြသည်။ ဦးကံ့လုံက ခြံတံခါးပိတ်ရန် ကားပေါ်မှပြန်ဆင်းလာရာ မေစံရှားတို့ကို မြင်လျှင် အံ့အားသင့်သွားသည်။

"မင်း ...မင်း ဘာလာလုပ်နေတာလဲ"

ဦးမင်းကျော်ကို သတိမပြုမိသေးဘဲ မေစံရှားကိုမြင်သဖြင့် ဦးကံ့လုံက မျက်နှာတင်းသွားပြီး ခပ်ဆတ်ဆတ်မေးသည်။ မေစံရှား ဦးပြည့်စုံ အမှုကိစ္စနှင့်ပတ်သက်၍ ဦးကံ့လုံသိနေသည်လေ။

မေစံရှားက ပြုံး၍ ...

"ဒီက ဦးလေးဦးမင်းကျော်နဲ့ အဖော်လိုက်လာတာပါ"

ကြိုတင်ပြင်ဆင်ထားခဲ့သော စကားကို ချိုချိုမြမြ ပြောလိုက်သည်။

ကိုနေသော်ကမူ ဘေးမှ အေးဆေးစွာ။

ဦးမင်းကျော်ကိုမြင်တော့ ဦးကံ့လုံမျက်နှာ တစ်မျိုးဖြစ်သွားသည်။ အံ့ဩခြင်း၊ အထိတ်တလန့်ဖြစ်ခြင်းတို့ဖြင့် ရောပွမ်းသော မျက်နှာ။ ထို့မှတစ်ဆင့် တင်းမာသောမျက်နှာ။

ဦးမင်းကျော်က ...

"ရန်ကုန်ကို ဆရာတော်ခိုင်းလိုက်တဲ့ ကိစ္စရှိလို့လာရင်း မေ့မေ့လေးနဲ့ တူလေးဆီကို လှည့်ဝင်လာတာပါ"

ဟု ပြောလိုက်သည်။

မေစံရှားက ဦးကံ့လုံ၏တိုက်ကြီးနှင့်ခြံဝင်းကို မသိမသာ မျက်စိဝေ့ကစားလိုက်သလို ကိုနေသော်ကလည်း အကဲခတ်နေသည်။

"ခင်ဗျားတူနဲ့ တူမအကြောင်း ပြောချင်နေတာနဲ့ ခင်ဗျား





ရောက်လာတာ အတော်ပဲ"

ဦးကံ့လုံ၏ တင်းမာသောစကား။

"တူမလေးဖူးမွှံ ဘုရားဖူးက ပြန်ရောက်ပြီလား"

ဦးမင်းကျော်က ထပ်မေးသည်။ ဦးကံ့လုံ၏မဲ့ပြုံးကို မြင်ရ၏။

"ထိန်လင်းလည်း ရွာက ပြန်သွားပြီ။ ဒီကို မရောက်သေးဘူးဆိုလို့ ကျွန်တော်က စိတ်ပူနေတာ"

ဦးမင်းကျော်က ထပ်ဆင့်ပြောသည်။ မေစံရှား သင်ပေးခဲ့သလို ဦးမင်းကျော်က ပြောခြင်းဖြစ်၏။

"သူတို့နဲ့ပတ်သက်လို့ ကျုပ် ခုပဲ ရဲစခန်းကပြန်လာတာ"

ဦးကံ့လုံက အိမ်ထဲသို့ပင် မဖိတ်ခေါ်ဘဲ စကားရပ်ပြောနေ၏။ ရဲစခန်းကပြန်လာတာဟူသော စကားကြောင့် မေစံရှားနှင့် ကိုနေသော် အကြည့်ချင်းဆုံသွားကြသည်။ ဦးကံ့လုံက တစ်ကွက်ထပ်၍တက်တိုက်ပြီဟူသော သဘောကို နားလည်လိုက်ကြခြင်းဖြစ်၏။

"ရဲစခန်း ဟုတ်လား။ သူတို့ ဘာဖြစ်လို့လဲ"

ဦးမင်းကျော်၏အမေး။ အံ့အားတသင့်ဟန်။

"ဘာဖြစ်ရမလဲ။ ကျုပ်က ထိန်လင်းပြန်မရောက်တာ ခင်ဗျားဆီဆက်တုန်းက ပြောဖူးတယ်။ ဖူးမွှံဘုရားဖူးသွားတာလည်း ပြောဖူးသည်။ ခုတော့ ဖူးမွှံရဲ့ ဘုရားဖူးခရီးစဉ်က ပြန်ရောက်လာပြီ။ ဖူးမွှံ ပါမလာဘူး။ မေးတော့ လမ်းမှာဆင်းနေခဲ့တယ်တဲ့"

"ဘယ်မှာ ဆင်းနေခဲ့တာတဲ့"

"ပုဂံမှာတဲ့"

"ဘာဖြစ်လို့ ဆင်းနေခဲ့တာတဲ့လဲ"

"အကြံနဲ့ပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ..."

မေစံရှားကမူ အံ့သြခြင်းမရှိ။ အာရုံစိုက် နားထောင်နေပြီး မိမိတို့တွေးဆထားသလို ကွက်တိဖြစ်၍လာခဲ့ပြီ။

"ကျုပ်တာပည့်မော်ကြီးကို ကျုပ်က ကုမ္ပဏီကိစ္စနဲ့ နိုင်ငံခြား လွှတ်လို့ မန္တလေးကို ဒီကောင်သွားတယ်။ မန္တလေးမှာ ဖူးမွှံကို တွေ့လိုက်တယ်တဲ့။ ထိန်လင်းနဲ့တဲ့"

"ဗျာ ..."

ဦးမင်းကျော်၏ ထပ်ဆင့်အာမေဍိတ်စကား။

"အဲဒါ သူတို့နှစ်ယောက် လိုက်ပြေးသွားကြတာပဲဗျ။ ဒီသတင်းရမှ ကျုပ်အိမ်မှာ ဖူးမွှံရဲ့ပစ္စည်းတွေကို ပြန်စစ်တော့ အဝတ်အစားတွေမရှိတော့ဘူး။ ကျုပ်ဆင်ပေးထားတဲ့ လက်ဝတ်ရတနာတွေရော ကျုပ်သိမ်းထားတဲ့ ငွေဆယ့်နှစ်သိန်းပါ မရှိတော့တာတွေ့ရတယ်။ အောက်တန်းကျတဲ့လူတွေပဲဗျ။ ကျုပ်ရဲ့ယုံကြည်မှုတွေကို အလွဲသုံးစားလုပ်ပြီး ထွက်ပြေးသွားကြတာပဲ။ မောင်နှမတဲ့။ ဟင်း ... မပြောလိုက်ချင်ဘူး။ ဘာမောင်နှမလဲ"

ဦးကုံလုံက ဒေါသဖြင့် ခက်ထန်တင်းမာစွာပြောသည်။ စကားအဆုံးမှာ တောက်တစ်ချက်ကို ခေါက်လိုက်သေးသည်။ မျက်နှာမှာ မည်းညို့မှိုင်းပျလျက်။

ဦးမင်းကျော် ဘာပြောရမှန်းမသိဖြစ်သွားကာ မေစံရှားကိုကြည့်သည်။ ကိုနေသော်က မေစံရှားအားထင်ထားတဲ့ အတိုင်းပါပဲဟူသော သဘောဖြင့် ခေါင်းကိုဆတ်ပြ၏။

"ဒါဆို အန်ကယ်ရဲ့စခန်းသွားတာက လူပျောက်သွားတိုင်တာပေါ့။ ဟုတ်လား"





မေစံရှားက သွေးတိုးစမ်းစကားဖြင့် မေးခွန်းထုတ်သည်။

"ဘယ်က လူပျောက်မှုဖြစ်ရမှာလဲ။ ထိန်လင်းကို မယားခိုးမှု၊ ဖူးမွှံကို အလွဲသုံးစားလုပ်မှုရော ဖွင့်ခဲ့တယ်"

"သူတို့လိုက်ပြေးတာ သေချာလို့လား အန်ကယ်"

"ကျုပ်တာပည့်မော်ကြီး မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ။ မန္တလေး တည်းခိုခန်းတစ်ခုမှာ"

"ဘယ်တည်းခိုခန်းလဲ"

"Dream City ဆိုလား ဘာလား။ အင်္ဂလိပ်နာမည်နဲ့ တည်းခိုခန်းပဲ။ မော်ကြီးတော့ သေချာသိတယ်"

"ဖူးမွှံက ဘယ်ဘုရားဖူးအဖွဲ့နဲ့ သွားတာလဲ"

"ရွှေကုသိုလ်အဖွဲ့နဲ့"

"ရဲစခန်းက ဘာပြောလဲ"

"ဘာမှမပြောဘူး။ အမှုဖွင့်ထားပေးတယ်။ တောက် ... ကိုယ်ကို အရှက်ခွဲတာဗျာ။ ကျုပ်ဝန်းကျင်မှာမျက်နှာ ဘယ်လိုပြရတော့မလဲ။ မယားက သူ့မောင်နဲ့လိုက်ပြေးတယ်ဆိုတာ အရမ်းကို အောက်တန်းကျတာပဲ"

အောက်တန်းကျစကားကို ဦးကုံလုံ ဒုတိယအကြိမ်ထည့်ပြောပြီ။

"သူတို့ ထွက်ပြေးတာမဟုတ်ဘဲ အကြောင်းတစ်ခုခုကြောင့် ပျောက်နေတာများလား အန်ကယ်ရယ်။ အန်ကယ်ပြောသလို ဖြစ်နိုင်ပါ့မလား"

မေစံရှားစကားက ဦးကုံလုံ၏စိတ်ကို ဆွပေးလိုက်သည်။ ပါးရိုက်ပုံ ရှုံ့ရှုံ့ရွှားရွှားဖြစ်သွားပြီးမှ စိတ်ကို ပြန်လည်ထိန်းဟန်ဖြင့်—

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာကိုဆိုလိုချင်တာလဲ"

"အခြားတစ်ယောက်ယောက်ကများ ဖူးမှုံတို့ကို အန္တရာ
ပေးတာများ ဖြစ်နေမလားလို့ပါ"

"မဖြစ်နိုင်ပါဘူး။ သူတို့လိုက်ပြေးတာ သေချာပါတယ်။
ကျုပ်လည်း စိတ်တွေထွေပြီး ညစ်နေပြီဗျာ။ ဘာစကားမှ မပြော
တော့ဘူး။ ပြန်ကြတော့။ ဦးမင်းကျော် ဒီအကြောင်းတွေ ကျုပ်ဆီ
တော့မှလာမမေးနဲ့။ ခင်ဗျားမျက်နှာကိုလည်း ကျုပ်မမြင်ချင်တော့ဘူ"

ဦးကံ့လုံက စကားကိုဖြတ်၍ ဒေါနှင့်မောနှင့်ပြောကာ တို
ထဲသို့ ပြန်လှည့်ဝင်သွားသည်။

ဦးမင်းကျော်က မေစံရှားနားတိုးကပ်ကာ ...

"တူမရေ .. ဘယ်လိုလုပ်ကြမလဲ"

တိုးတိုးမေးသည်။

"လောလောဆယ်တော့ ပြန်ကြရုံပဲရှိတာပေါ့။ လုပ်စရာ
ကတော့ အများကြီးဖြစ်လာပြီ။ သူ့အိမ်ထဲမှာလည်း လက်ခံချင်ပုံမ
တော့ ဘာတတ်နိုင်မှာလဲ။ ရှားတို့ ရုံးခန်းပြန်ပြီး အစီအစဉ်ဆွဲကြ
ပေါ့"

မေစံရှားကလည်း တိုးတိုးပြန်ပြောသည်။

ဦးကံ့လုံက တိုက်ရှေ့မှ တစ်ချက်လှမ်း၍ ကြည့်သည်ကို
ပြုမိလိုက်ကြပြီး မေစံရှားတို့ ပြန်ထွက်ခဲ့ကြသည်။

"ကိုကို ... ဦးကံ့လုံနဲ့တိုက်ကို သေသေချာချာမှတ်မိအော
ကြည့်ထားခဲ့နော်"

✿ ✿ ✿

| ၃၆ |

❑

ရုံးခန်းသို့ ပြန်ရောက်သောအခါ ပထမဆုံး မေစံရှားလုပ်ရသည်မှာ ရဲအုပ်သီဟထံသို့ ဖုန်းဆက်ရခြင်းဖြစ်သည်။

ရဲအုပ်သီဟက မေစံရှားပြောပြချက်များကို နားထောင်ပြီး ...

"ဟုတ်တယ်ဟ။ ဦးကံ့လုံက စခန်းမှာ အမှုလာဖွင့်သွားပြီ"

ဟုပြန်ဖြေသည်။

"နင် ဘယ်လိုယူဆလဲ"

"ဟိုတစ်နေ့က နင်ပြောသလို ဦးကံ့လုံက သူ့မိန်းမဟောင်း မြသီတာနဲ့ မောင်လှပုံစံမျိုးထပ်ပြီး ဖန်တီးတာပဲလို့ ယူဆတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပထမအကြိမ်တုန်းက ဝိဝိရိရိနဲ့ အောင်မြင်ခဲ့တာမို့ ဒုတိယအကြိမ်မှာ ပထမလမ်းကြောင်းအတိုင်း ထပ်လိုက်တာပဲ သီဟာ။ အရေးကြီးတာက တစ်ကြိမ်တည်း တစ်ခါတည်း နှစ်ယောက်စလုံးကို သူအစဖျောက်တာလား။ တစ်ယောက်ပြီးမှတစ်ယောက်ကို အစဖျောက်တာလား။ ဘယ်မှာ အစဖျောက်သလဲ။ အဲဒါသိဖို့ ကြိုးစားရမယ်။ ရည်ရွယ်ချက်ကတော့ ဟိုနှစ်ယောက်ကို တတ်နိုင်သမျှ မိကောင်ကယ်ဖို့ပဲ"

"မှန်ပါတယ်။ ဖြစ်နိုင်ရင် အသက်ကယ်ရမယ်။ ဒါပေမဲ့ ငါ့အထင်တော့ ဦးကုံလုံက ကိစ္စပြတ်လုပ်မယ့်ပုံပဲ။ လုပ်တာကလည်း တခြားဝေးဝေးတစ်နေရာမှာ ဖြစ်နိုင်ခြေရှိတယ်။ ဘာကြောင့်လဲဆိုတော့ သူကငွေရှိတယ်။ တပည့်တပန်းများတယ်လေ"

"ဒါပေမဲ့ သီဟာ"

"ဘာလဲ . . . နင် ဘာတွေးမိလို့လဲ"

"ငါတို့သတိထားရမှာက ဦးကုံလုံဟာ တော်ရုံလူမဟုတ်ဘူး။ ငွေကြေးအရှိန်အဝါ၊ ဩဇာနဲ့ နောက်ခံတောင့်တင်းတဲ့လူပဲ။ မပိုင်ဘဲကိုင်လို့မရဘူးနော်။ မြွေပွေးကို တို့ရုံထိရုံလောက်ဆိုရင် မလွယ်ဘူး"

"ငါသိတယ်"

"နောက်တစ်ခုက ဦးကုံလုံအနေနဲ့ အခုလိုကိစ္စမျိုးမှာ တပည့်တပန်းတွေနဲ့ နိုင်းစေတာမျိုး၊ ငွေကြေးပေးခိုင်းတာမျိုးထက် တစ်ယောက်တည်း လူမသိသူမသိ ကိုယ်တိုင်စီစဉ်တာမျိုးဖြစ်နိုင်တယ်လို့ ငါတွေးမိတယ်။ ဘာကြောင့်လဲဆိုတော့ ဦးကုံလုံဟာ အကွက်ကြိုမြင်တဲ့ စီးပွားရေးသမားလေ"

"ဖြစ်နိုင်တယ်"

"ဒီတော့ ငါတို့အမြန်ဆုံးလှုပ်ရှားမှဖြစ်မယ် သီဟာ။ ငါကတော့





ဖူးမှုံတို့ကို ကယ်နိုင်မလား မျှော်လင့်တယ်"

"ငါတော့ သိပ်မထင်ဘူး။ သူတို့ပျောက်တာ မနေ့တစ်နေ့က မဟုတ်ဘူး။ ဒီထက်စောရင် စောနေမှာ။ ဘာပဲဖြစ်ဖြစ် ငါခုကစပြီး လှုပ်ရှားမယ်။ မြို့နယ်မှူးနဲ့ စခန်းမှူးကို တင်ပြပြီး ငါစလိုက်မယ်"

"နင် ဘယ်ကနေစပြီး အစဆွဲထုတ်မယ် စိတ်ကူးလဲ"

"သူ့တပည့်မော်ကြီးကို အရင်ဆုံးစစ်ဆေးရမယ်"

"ကောင်းတယ် သီဟာ။ နင့်ဆီက သတင်းကိုစောင့်ရင်း နင့်ကိုအထောက်အကူပြုနိုင်မှာတွေ ငါစဉ်းစားမယ်"

"အိုကေ"

မေစံရှားဖုန်းကို ချလိုက်သောအခါ ကိုနေသော်နှင့် ဦးမင်းကျော်က သိချင်ဇောဖြင့် စောင့်နေကြသည်ကို တွေ့ရ၏။

"ဘယ်လိုတဲ့လဲ တူမ"

"ရဲအုပ်သီဟာကတော့ အခုပဲစပြီး လိုက်လိမ့်မယ်။ သူ ပထမဆုံးပစ်မှတ်ပြုထားတာ ဦးကုံလုံရဲ့တပည့် မော်ကြီးပဲ"

"မော်ကြီးကို ဦးကုံလုံက အပိုင်ကိုင်ထားမှာဆိုတော့ မော်ကြီးဆီက သဲလွန်စရနိုင်ပါ့မလား။ ပြီးတော့ မော်ကြီးကရော ဦးကုံလုံခြေလှမ်းကို အကုန်သိပါ့မလား"

ကိုနေသော်က တွေးတွေးဆဆပြောသည်။

"ကိုကိုပြောတာ မှန်ပါတယ်။ ရှားအထင်တော့ မော်ကြီးဆီကလိုချင်တာ အလွယ်တကူရနိုင်ဖွယ်မရှိဘူး။ သူတို့ဘက်က ကြိုတင်ပြင်ဆင်ထားမှာလေ။ ဒါပေမဲ့ ရှားတို့ကလည်း ရဲအုပ်သီဟာကို ကူညီနိုင်အောင် ကြိုးစားရမယ်"

"တူမရယ် အမြန်ဆုံးဝိုင်းပြီး ကူညီပေးလိုက်ပါ။ ထိန်လင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ဖူးမွံ့အတွက် ဦးလေး ရင်တွေပူနေတယ်"

ဦးမင်းကျော်က မျက်နှာအပျက်ပျက်နှင့် ဝင်ပြောသည်။ အသံတွေပင် တုန်နေရှာ၏။

"စိတ်ချပါ ဦးလေး။ ကျွန်မတို့ ဝိုင်းကြိုးစားပါ့မယ်။ ကိုကို"

"ပြော ... ရှား"

"ကိုကိုနဲ့ရှားတို့လည်း အခုကစပြီး လိမ့်ကြရလိမ့်မယ်။ ဦးလေးကတော့ ရွာမှာပဲပြန်နားပါ။ အဲဒီကနေ ထူးခြားတဲ့သတင်းရရင် ကျွန်မတို့ဆီကို ဆက်သွယ်ပေးပါ"

"ကောင်းပါပြီကွယ်"

"ကိုကို ... ရှားသွားချင်တာက ရွှေကုသိုလ်ဘုရားဖူးအဖွဲ့ဆီကို။ ပြီးတော့ ကိုကို့သူငယ်ချင်း အင်ဂျင်နီယာဆီကို"

"Let's go."

✿ ✿ ✿

| ၃၇ |

❑

"မင်းနာမည် မော်ကြီးနော်"

"ဟုတ်ကဲ့"

"မင်း ဦးကံ့လုံဆီမှာ အလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ"

"လေးနှစ်ရှိပါပြီ"

လေးနှစ်ဟုဆိုသောကြောင့် မြသီတာနှင့် မောင်လုဇာတ်လမ်းကိုမမီလိုက်ဟု ရဲအုပ်သီဟ တွေးသည်။ မြသီတာတို့ပျောက်သွားသောဇာတ်လမ်းပြီးမှ မော်ကြီးရောက်လာပုံရ၏။

"အခု ... ငါတို့က မင်းဆရာ တိုင်ချက်ဖွင့်ထားတဲ့အတိုင်း မယားခိုးထိန်လင်းနဲ့ အတူပါသွားသူ ဖူးမွံ့ကို ရှာဖွေဖမ်းဆီးရမှာမို့ မင်းဆီက အထောက်အကူရအောင် ခေါ်မေးခြင်းဖြစ်တယ်။ မင်းဆရာ တိုင်ချက်ဖွင့်ထားတာ မင်းသိတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ သိပါတယ်"

မော်ကြီးအား ရဲအုပ်သီဟက လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ခေါ်၍ စကားပြောခြင်းဖြစ်သည်။

ဦးကံ့လုံကိစ္စကို စုံစမ်းရမှာက ပညာပါဖို့လို၏။ ဦးကံ့လုံ၏ တိုင်ကြားချက်က လောလောဆယ် တရားဝင်ဖြစ်နေပြီ။ ဦးကံ့လုံအပေါ် မသင်္ကာမှုက သံသယအဆင့်မှာပဲရှိနေရ၏။ ထိုသံသယကို ဦးကံ့လုံ သိသွား၍မဖြစ်။ ဦးကံ့လုံ၏အလိုကျ စုံစမ်းစစ်ဆေးပေးရန် လမ်းကြောင်း ပြပြီး ဦးကံ့လုံကို ပြန်လည်စုံစမ်းရမည်ဖြစ်သည်။

"ဖူးမွှံတို့ကို မင်းမန္တလေးမှာ တွေ့ခဲ့တယ်ဆို"

"ဟုတ်ပါတယ်"

"ဘယ်နေ့ကလဲ"

"ဆရာဦးကံ့လုံနိုင်းလို့ လွှန်ခဲ့တဲ့ လေးရက်လောက်က မန္တလေး တက်တာပါ။ မန္တလေးမှာ တစ်ညပဲအိပ်ပါတယ်။ အလုပ်ကိစ္စပြီးတာနဲ့ ပြန်လာတာ။ အဲဒီမှာ တွေ့ခဲ့တာပါ"

"ဘယ်မှာတွေ့တာလဲ"

"Dream City တည်းခိုခန်းမှာပါ။ သူတို့ကို ကျွန်တော်တွေ့လို့ တည်းခိုခန်းကထွက်ပြီး ဦးကံ့လုံဆီကို ဖုန်းဆက်ပါတယ်။ ဖုန်းဆက်ပြီးပြန်လာတော့ သူတို့ကို မတွေ့ရတော့ပါဘူး။ ကျွန်တော်ရောက်မှန်း သိလို့ ရှောင်သွားပုံပါပဲ"

"နောက်ထပ် မတွေ့တော့ဘူးလား။ မင်းကရော လိုက်မရှာ လား"

"ရှာပါတယ်။ မတွေ့တော့တာပါ"

"ဒါဆို သူတို့ မန္တလေး၊ ဒါမှမဟုတ် အနီးတစ်ဝိုက်မှာ ရှိနိုင်





တာပေါ့"

"ဟုတ်ပါတယ်"

"မင်းက ဖူးမွှံအကြောင်း ရွာမှာသွားပြီ စုံစမ်းဖူးတယ်ဆို"

"ခင်ဗျာ ... ဆရာ့ကို ဘယ်သူပြောလဲ"

"မင်းဆရာဦးကံ့လုံပဲ ပြောတာလေ"

"ဟုတ်ပါတယ်။ ဖူးမွှံနဲ့ထိန်လင်း မောင်နှမဟုတ်မဟုတ် ဆရာ က စုံစမ်းခိုင်းလို့ပါ"

ရဲအုပ်သီဟ ကျိတ်၍ပြုံးသည်။ တစ်ချက်ရပြီ။

"ဖူးမွှံနဲ့ထိန်လင်းက မောင်နှမ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး ဆရာ။ ဘာမှမတော်ပါဘူး"

"ဒါဆိုရင်တော့ သူတို့ငြိတာ ဖြစ်နိုင်တာပေါ့။ နေပါဦး ... ထိန်လင်း ရွာပြန်သေးတယ်ဆို"

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့ ပြန်တာလဲကွ"

"သူ့ဆရာတော် နေမကောင်းဘူးဆိုပြီး ဖုန်းဆက်လို့ပါ"

"မင်းကို မင်းဆရာ ပြောတာလား"

"ကျွန်တော်တို့ရုံးကို ဖုန်းလာလို့သိတာပါ။ သူ့ဦးလေး ဦးမင်း ကျော်ဆက်တာပါ"

ရဲအုပ်သီဟ ကျိတ်၍ပြုံးမိပြန်သည်။ နောက်တစ်ချက်ရပြီ။

မော်ကြီးစကားက ဦးကံ့လုံစကားနှင့်ညီသည်။ သူတို့ ဆရာ တပည့် ဖတ်တိုက်ထားပုံရသည်။ တကယ်က ရွာမှနေ၍ ဦးမင်းကျော် ဖုန်းမဆက်။

"ဖူးမွှံက ဘုရားဖူးသွားတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ ဘုရားဖူးသွားမယ်လို့ အကြောင်းပြပြီး ထိန်လင်းနဲ့ ချိန်းထွက်သွားတာနေမှာပါ"

"အေးကွာ ...။ မင်းဆရာ ဦးကိုလုံသနားစရာပါပဲ။ ဇနီးငယ်ငယ်ချောချောယူထားမိတာ ဇနီးကမငြိမ်တော့ ဒုက္ခများတာပေါ့။ ငါသာ မင်းဆရာနေရာမှာဆိုရင် အဲဒီမိန်းမကို သတ်ပစ်မိမှာပဲ"

ရဲအုပ်သီဟက ထိုစကားကိုပြောရင်း မော်ကြီးကို အကဲခတ်သည်။ မော်ကြီးက တစ်ချက်ကြည့်ပြီး အကြည့်လွှဲသွားသည်။ ဘာမှပြန်မပြော။ ဝေဖန်ချက်မပေး။

"မင်းဆရာက အဲဒီလို သူ့မိန်းမဖောက်ပြန်နေတာကို စောစောက မသိဘူးလား"

"ရိပ်မိပုံတော့ ရပါတယ်။ ရိပ်မိလို့ ကျွန်တော့်ကို ရှာမှာ စုံစမ်းခိုင်းတာနေမှာပါ"

"အေးကွာ ...။ စကားအရ ငါတို့ မန္တလေးနဲ့ အနီးဝန်းကျင် ရဲစခန်းတွေကို အကြောင်းကြားပြီး ဖူးမှုံတို့ကို ရှာခိုင်းရမှာပဲ"

"အမြန်ဆုံးရှာပေးလိုက်ပါ ဆရာရယ်။ ကျွန်တော့်ဆရာက အရူးတစ်ပိုင်းဖြစ်နေပုံပါပဲ"

"အေးပါ ... အေးပါ။ မင်းဆရာကို စိတ်အေးအေးထားဖို့ ပြောပါ"

"ဒါဆို ... ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး ဆရာ"

"ကောင်းပါပြီ"

မော်ကြီးထွက်သွားပြီးနောက် ရဲအုပ်သီဟ မိမိဖုန်းကို ထုတ်ယူကာ ဖွင့်သည်။ နံပါတ်များကို နှိပ်သည်။

✿ ✿ ✿

[ ၃၈ ]

❑

"ကျွန်တော်တို့က ဘုရားဖူးလိုက်ပါမယ့်သူများကို အပတ်စဉ်စာရင်းပြုစုထားတာပါ။ လွန်ခဲ့တဲ့နှစ်ပတ်ကနဲ့ ပြီးခဲ့တဲ့အပတ်က ဘုရားဖူးများစာရင်းတော့ အခုမြင်တဲ့အတိုင်းပါပဲ။ ခင်ဗျားတို့မေးတဲ့နာမည်မပါဘူး"

"ဟုတ်ပါတယ်ရှင်။ ကျွန်မတို့က ညီမလေး ဘုရားဖူးသွားမယ်ပြောသွားပြီး အခုပြန်မရောက်လို့ စုံစမ်းကြည့်ရတာပါ"

"တခြားဘုရားဖူးအဖွဲ့တွေနဲ့များ ပါသွားတာလား"

"မဖြစ်နိုင်ပါဘူး။ သူ့ခင်ပွန်းပြောတာက ရွှေကူသိုလ်ဘုရားဖူးအဖွဲ့လို့ သေသေချာချာ ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေကုသိုလ်ဘုရားဖူးအဖွဲ့နှင့် ဖူးမှုံ လိုက်ပါသွားခြင်းမရှိသည်က သေချာသွားသည်။

ထို့ကြောင့် ရွှေကုသိုလ်ဘုရားဖူးအဖွဲ့၏ရုံးခန်းမှ ထွက်လာပြီးနောက် မေစံရှားက ရဲအုပ်သီဟထံ သတင်းပို့ဖို့ သတိရသည်။ ဖုန်းဆက်လိုက်စဉ်မှာ ရဲအုပ်သီဟထံမှ ဖုန်းဝင်လာသည်။ ကိုနေသော်ထောဘေးမှနေ၍ လှမ်းကြည့်သည်။

"မေစံရှားလား ငါပါ။ သီဟပါ"

"မော်ကြီးနဲ့ တွေ့ပြီးပြီလား"

"တွေ့ပြီးပြီ။ ငါတို့သိတဲ့ဟာတွေပဲ သူပြောတယ်။ ကြည့်ရတာဆရာတပည့် စည်းဝါးကိုက်ထားပုံပဲ"

"ဒါဆို အမှန်အတိုင်းသိဖို့လို့ မေးတာပေါ့ဟုတ်လား"

"အင်း . . . ဒါပေမဲ့ ငါက ဒီထက်ပိုပြီး မေးလို့စစ်လို့မကောင်းဘူး ဖြစ်နေတယ်ဟ"

"သိပါပြီ . . .။ ဒါဆို ငါ့နည်းငါ့ဟန်နဲ့ မော်ကြီးဆီက သတင်းရအောင် လုပ်ပေးရမလား"

"နင့်မှာ နည်းလမ်းရှိလို့လား"

"တစ်ယောက်ယောက်ကို အကူအညီတောင်းရမှာပေါ့"

"ဘယ်သူလဲ"

"အဲဒါတော့ နင်မသိချင်ပါနဲ့"

"ကောင်းပြီလေ . . . လုပ်ပါ။ ထူးခြားရင် ငါ့ကိုပြောပါ"

"အခု ငါ ရွှေကုသိုလ်ဘုရားဖူးအဖွဲ့ဆီမှာ စုံစမ်းပြီး ပြန်လာတာ"

"ဘာသိရမလဲ"





"ဖူးမှုံ အဲဒီအဖွဲ့နဲ့ ဘုရားဖူးမသွားတာ သေချာတယ်။ စာရင်းမှာ ဖူးမှုံအမည်မတွေ့ရဘူး"

"ဒါဆို ဒါဟာ ဦးကံ့လုံရဲ့ လှည့်ကွက်ပဲဆိုတာ သေချာသွားပြီ"

"သီဟ"

"ဟင်"

"ငါ့စိတ်ထဲမှာ ဖူးမှုံနဲ့ထိန်လင်း ဝေးဝေးမရောက်သေးဘူးလို့ ထင်နေတယ်"

"ဘာကြောင့်လဲ"

"ဦးကံ့လုံက သူ့ခြံစောင်ကြီးကို အလုပ်ထုတ်ပစ်တာရယ်၊ သူ့အိမ်ဖော်မကြီးကို ရှာပြန်လွှတ်တာရယ်ဟာ တွေးစရာမဟုတ်လား"

"နင်ပြောသလိုဆို ဦးကံ့လုံဟာ ဖူးမှုံနဲ့ထိန်လင်းကို သူ့ခြံထဲမှာ အစဖျောက်ထားတဲ့ သဘောလား"

"အထင်ပါ။ ဦးကံ့လုံခြံက အကျယ်ကြီး။ အိမ်ကြီးကလည်း ဆောက်မိနေတယ်လေ။ အဲဒီမှာများ . . ."

"ခြံထဲမှာ တစ်ခုခုသံသယဖြစ်စရာ ရှိမလားဆိုတာ ငါဦးကံ့လုံ မသိအောင် သွားကြည့်မယ်"

"အဲဒါ ကောင်းတယ် သီဟ။ အမြန်ဆုံးကြည့်ကြည့်ပါ။ ငါက အခုတစ်နေရာကို သွားရမယ်"

"ဘယ်ကိုလဲ"

"အင်ဂျင်နီယာတစ်ယောက်ဆီကို"

"ဘာအတွက်လဲ။ လက်ထပ်ပြီး နင်တို့နေဖို့ အိမ်ဝယ်မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ်သီဟက ရယ်၍ မေးသည်။

"ငါတို့မှာ အဲဒီလောက် ပိုက်ဆံစုထားတာ မရှိပါဘူးဟာ ငါတို့သွားမှာ ဦးကုံလုံကိစ္စပါ"

"ဟော ..."

"ကဲ ... ဒါပဲနော်။ ပြီးမှ နင်နဲ့ငါပြန်ဆုံမယ်"

"အိုကေ"

ဖုန်းပိတ်လိုက်ပြီးနောက် မေစံရှားက ကိုနေသော့လက်ကို လှမ်း၍ဆွဲသည်။

"သွားစို့ကိုကို"

"အိမ်မဝယ်ဘဲနဲ့ ကိုကို့သူငယ်ချင်းကို ဒုက္ခပေးမလို့လား ရှား ကိုကိုတော့ မျက်နှာပူတယ်"

"သူ ကူသိလ်ရမယ့်အလုပ်ပါ ကိုကိုရယ်"

✿ ✿ ✿

| ၃၉ |

❑

ကြွေဥ အိပ်မပျော်။

အိပ်ချင်စိတ်တို့အား ထိန်လင်းက နုတ်ယူသွားခဲ့ပြီဖြစ်၏။

ထိန်လင်းအတွက် ပူပန်စိတ်က ရင်တစ်ခုလုံး ပြောင်းဆန်အောင် မွှေနှောက်လျက်ရှိနေသည်။

သူ ဘယ်ရောက်နေသနည်း။

သူ ဘာဖြစ်နေသနည်း။

မမမေစံရှားထံသို့ ဖုန်းဆက်၍ သတင်းစုံစမ်းစဉ်က ...

"ဦးကုံလုံက ရဲစခန်းမှာ တိုင်ချက်ဖွင့်ထားတယ်။ ထိန်လင်း ထိုးမှုကိုပေါ့။ ထိန်လင်းက ဖူးမွံ့ကို ခိုးပြေးတယ်။ ဖူးမွံ့က ဦးကုံလုံ ဆင်ပေးထားတဲ့ ရတနာတွေနဲ့ ငွေသယ်နှစ်သိန်းကို ယူသွားတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကို မန္တလေးမှာတွေ့လိုက်တယ်လို့ ဦးကံ့လုံတပည့် ပြောသတဲ့။ ဒီတော့ ကြွေဥသိပ်စိတ်မပူပါနဲ့။ ထိန်လင်း အန္တရာယ်တစ်ခု ရှိမနေနိုင်ပါဘူး''

ဟု မမမေစံရှားက ပြောသည်။

ဒါ တကယ်ပဲလား။

ထိန်လင်းက ဖူးမှံ့ကို တကယ်ခိုးသွားတာလား။

ထိန်လင်းနှင့်ဖူးမှံ့ ချစ်နေကြတာလား။

ဖူးမှံ့က ဦးကံ့လုံဟူသော ကာမပိုင်ရှိနေပါလျက် သူတို့ချစ်နေကြသည်ဆိုလျှင် ဖောက်ပြန်မှုပဲမဟုတ်လား။

ကိုရင်လူထွက်ထိန်လင်းသည် ဘာသာတရားအဆုံးအမကို မေ့လျော့နေသူလား။

သို့မဟုတ် အရိုင်းဖြစ်သောထိန်လင်းသည် အတွေ့အကြုံရှိသော ဖူးမှံ့၏ မာယာကျော့ကွင်းတွင် မိနေခဲ့ခြင်းလား။

ကြွေဥ၏ ခင်မင်တွယ်တာမှုကို မမြင်နိုင်အောင် ရုမှက်နှံ့တွင် သူနစ်နေခဲ့တာလား။

ကြွေဥကိုနှိပ်စက်နေသော အတွေးများ။

ပင့်သက်အခါခါ ချရသည်။

မျက်ရည်အခါခါ သုတ်ရသည်။

ဘာပဲဖြစ်ခဲ့ ဖြစ်ခဲ့။

ထိန်လင်း ဘေးမသီရန်မခပါစေနှင့်ဟုလည်း ကြွေဥ အခါခါ ဆုတောင်းရပါသည်။

အချစ်ဆိုသည်မှာ ဤသို့လား ...။

✿ ✿ ✿



[ ၄၀ ]

❑

ကြည့်ရင်းကြည့်ရင်းမှာပင် ...

မမဖူးမှံ့၏ အသားအရေများက ပိုမိုပုပ်ပွကာ အပုပ်ရည်များ စီးထွက်လာသည်။

ကြည့်ရင်းကြည့်ရင်းမှာပင် ...

အပုပ်နံ့များက ပို၍ပို၍ ဆိုးရွားနံဟောင်လာသည်။

ဘယ်မှာလဲ မမဖူးမှံ့၏ အလှများ။

ဘယ်မှာလဲ မမဖူးမှံ့၏ တစ်မက်ဖွယ်များ။

ယခင်က ...



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့ချောမွေ့လျက် ထိမိလျှင် ရှိန်းခနဲဖိန်းခနဲ ဖြစ်စေလောက်ခဲ့သော အသားအရေတို့သည် ယခု တို့ထိချင်စရာမရှိတော့ဘဲ မသတီစရာ အော့အန်ချင်စရာများ ဖြစ်နေခဲ့ပြီ။

ယခင်က ...

ရှုရှိုက်လိုက်တိုင်း ရင်ကိုလှုပ်ခတ်စေခဲ့သော သဘာဝကိုယ်သင်းရနံ့တို့သည် ယခုမူ အနားကပ်ချင်စရာ မရှိတော့လောက်အောင် ပုပ်ဟောင်နံစော်ခြင်းသို့ ပြောင်းလဲခဲ့ပြီ။

ယခင်က ...

စိန်ပွင့်လေးများလို ကြယ်ကလေးများလို တောက်ပပြီး ရင်ကို တဒိန်းဒိန်းခုန်စေနိုင်ခဲ့သော မျက်လုံးတို့သည် ယခုမူ ပြူးကြောင်ကြောင်နှင့် အသက်ဝိညာဉ်မဲ့၍ နေခဲ့ပြီ။

ယခင်က ...

သန္တာရောင် ပတ္တမြားရောင်သန်းလျက် စိုရွှန်းနုညက်ခဲ့ပြီး အတွေ့အထိစွဲမက်စရာဖြစ်ခဲ့သော နှုတ်ခမ်းအစုံသည် ယခုမူ ညိုညစ်မည်းမှောင်လျက် ကြောက်မက်ဖွယ်အသွင် ဖြစ်နေခဲ့ပြီ။

ယခင်က ...

ပွတ်သပ်ထိတွေ့လိုက်လျှင် သွေးများကို တဖျင်းဖျင်း နိုးကြွစေလျက် သွေးခုန်နှုန်းကို တဒိန်းဒိန်းဖြစ်စေခဲ့သော ခန္ဓာကိုယ်၏ အစုအထစ်၊ အဖောင်းအကြွတို့သည် ယခုအခါ တို့ထိပွတ်သပ်ဖို့ ဝေးစွ။ ထိရမှာကိုပင် ရွံရှာအော့နှလုံးနာဖွယ်အသွင် ဖြစ်နေခဲ့ပြီ။

အလှဆိုသည်မှာ အဘယ်မှာနည်း။

အလှဆိုသည်မှာ အဘယ်သို့သော အပြောင်းအလဲများဖြင့် ရှိနေသည့် တရားများနည်း။





စင်စစ် ...

မမဖူးမွှံ၏ အလှသည် နိစ္စလား၊ အနိစ္စလား။

မမဖူးမွှံ၏ အလှသည် အတ္တလား၊ အနတ္တလား။

သို့ဆိုလျှင် ...

မမဖူးမွှံနှင့် မိမိဖြစ်ပျက်ခဲ့သမျှသည် သာယာမှုဟုထင်ခဲ့သော်လည်း ထိုတပ်မက်မှုသည် ယခု ဘယ်သို့ပျောက်ဆုံးသွားသနည်း။

ကြည့်စမ်း ...

ရုပ်ခန္ဓာလည်း မမြဲ ...

စိတ်ခံစားမှုလည်း မမြဲ ...

သို့ပါလျက် ...

မိမိနှင့် မမဖူးမွှံ ပျော်ရွှင်ခဲ့ဖူးသည်။

မိမိနှင့် မမဖူးမွှံ နစ်မျောနေခဲ့ဖူးသည်။

မရှိကို အရှိထင်လျက် ...

မဟုတ်ကို အဟုတ်ထင်လျက် ...

မမှန်ကို အမှန်ထင်လျက် ...

မောဟဟူသော ကန့်လန့်ကာအတွင်း၌ မိမိတို့ မျက်စိကန်းနေခဲ့ကြခြင်းသာတည်း။ မျက်ကန်းတစ္ဆေမကြောက် ရှိနေခဲ့ကြခြင်းသာတည်း။

အသေအချာပြန်တွေးသော် ...

မမဖူးမွှံသည်လည်း ရာဂအလိုကို လိုက်၍ ဖောက်ပြန်ခဲ့သူ၊

မိမိသည်လည်း တဏှာအလိုကို လိုက်၍ ဖောက်ပြန်ခဲ့သူ၊

တရားသဘောအရ ...

ကာမေသုမိစ္ဆာစာရကံကို ချိုးဖောက်ကျူးလွန်ခဲ့သည်သာ



www.burmeseclassic.com

www.burmeseclassic.com



တည်။

နောင်ဘဝတွင် ငရဲ။

ယခုဘဝတွင်ပင် ဒုက္ခငရဲက ဒိဋ္ဌဓမ္မ။

"အား ..."

ထိန်လင်း ခေါင်းကို ယမ်းခါပစ်လိုက်သည်။

အချိန်အခိုက်အတန့်မျှ မှောင်မိုက်နေခဲ့သော အသိဉာဏ်သည် ယခင်က ကျင်လည်ဖြတ်သန်း နာကြားခဲ့ရသည့် တရားအဆုံးအစ အလင်းရောင်ဖြင့် အလင်းပြန်ပွင့်လာခဲ့သည်။

"တပည့်တော် မှားပါပြီ ဘုရား"

ဆရာတော်အားရည်မှန်း၍ လက်အုပ်ချီ ကန်တော့လိုက်သည်။ ခွင့်လွှတ်သည့်တိုင် မိမိအပြစ်များက ကျေပျက်ပျောက်ကွယ်ပါ့မလား။

ထိန်လင်းမသိ။

ထိန်လင်းမသိ။

✿ ✿ ✿

## | ၄၁ |

မျက်နှာဖုံးစွပ်၍ထားသောကြောင့် သမာဓိမောင်ရှင်ကို မော်ကြီးသိမည်မဟုတ်။ မောင်ရှင်၏မျက်နှာကို မော်ကြီးမမြင်ရ။

မေစံရှား၏အကူအညီတောင်းမှုကြောင့် သမာဓိမောင်ရှင် လျှို့ရှားခဲ့ရခြင်းဖြစ်သည်။

"အဲဒီအခက်အခဲတွေ မမရှားတို့ဆီမှာ ရှိနေတယ်။ ရဲအဖွဲ့ တို့ သူတို့က ပိပိရိရိလိမ်ညာနေတယ်။ မပိုင်ဘဲနဲ့လည်း ရဲက ကိုင်တွယ်လို့မရတဲ့အခြေအနေမှာရှိတယ်။ ဦးကံ့လုံက အန္တရာယ်ကြီးတဲ့သူ။ ဆက်ရေးလည်း တော်တယ်။ သူ့ကြောင့် တစ်ချိန်က သူ့ဇနီးဖြစ်သူတာနဲ့မောင်လှ ပျောက်ဆုံးခဲ့ရပြီ။ ယခုလည်း သူ့ဇနီးမူးမူးနဲ့ ထိန်လင်း ပျောက်ဆုံးနေပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မမရှားနဲ့ ရဲအဖွဲ့ရဲ့ဆန္ဒကတော့ ဖူးမွှံနဲ့ထိန်လင်း အရင်ကယ်ချင်တယ်။ မမရှား လေ့လာရသလောက်နဲ့ မမရှားအယူအဆကိုပြောရရင် ဖူးမွှံနဲ့ထိန်လင်းတို့ တစ်နေရာရာမှာ ရှိနေနိုင်တယ်။ အဲဒါကို ခန့်မှန်းလို့ရပေမယ့် မသေချာဘူးဖြစ်နေတယ်။ ဒါကြောင့် သူ့တပည့်မော်ကြီးကို ရဲကခေါ်မေးတော့ မော်ကြီးက ဖုံးကွယ်နေတယ်။

ဒါပေမဲ့ မော်ကြီးဆီက သတင်းအချက်အလက်အမှန်ကို သိရရင် မမရှားတို့ အမြန်ဆုံးလှုပ်ရှားပြီး ဟိုနှစ်ယောက်ကို ကယ်တင်နိုင်မယ်လို့ မမရှားယုံကြည်တယ်။ အဲဒါ မောင်ရှင်က မမရှားကို ကူညီပါ။ မော်ကြီးဆီက သတင်းအချက်အလက်အမှန်ကို လိုချင်တယ်။ ဒါပေမဲ့ မမရှား တစ်ခုတော့ မှာပါရစေ။ မင်းအတွက် ပြစ်မှုတော့ မဖြစ်ပါစေနဲ့''

မေစံရှား ပြောခဲ့သောစကား။

အမှန်တရားကို ဆောင်ရွက်ရာ၌ ဥပဒေဖြင့် ရိုးရိုးရှင်းရှင်း ဖြောင့်ဖြောင့်စင်းစင်း ဆောင်ရွက်၍မရသော ဂျင်ပေါ်ကထုံး၊ ကြောင်သူတော် ကြွက်သူခိုးကို ပညာပေးရာ၌ ဝါသနာထုံလှသည့် မောင်ရှင်အဖို့ အခွင့်အရေးတစ်ခုဟုဆိုရမည်။

(သမာဓိမောင်ရှင်အကြောင်းကို 'ရှေ့နေမလေး မေစံရှားနှင့် သမာဓိမောင်ရှင်' ဟူသောအမည်ဖြင့် ရေးသားဖော်ပြပြီးဖြစ်သည်။)

မောင်ရှင် လက်မနှေးခဲ့ပါ။

ဦးကုံလုံ၏တပည့် မော်ကြီးကို ညအိပ်အပြန် ခေါင်းကို ခပ်ဆဆရိုက်ကာ ကားနှင့်တင်ခေါ်လာခဲ့သည်။

ယခုတော့ မော်ကြီး မောင်ရှင့်လက်ထဲမှာ။

သတိရလာလာချင်း မော်ကြီး သူ၏အခြေအနေကို သဘော





ပေါက်သွားခဲ့ပြီဖြစ်သည်။ ဘယ်နေရာမှန်းမသိရသော တိုက်ပျက်ကြီးတစ်ခုထဲမှာ။ မျက်နှာဖုံးစွပ်နှင့် လူတစ်ယောက်က စားမြှောင်ကိုကိုင်လျက် သူ့လည်မျိုအားထောက်ထားသည်ကို တွေ့ရ၏။ လက်နှစ်ဖက်က လက်ပြန်ကြိုးတုပ်လျက်။ သူသည် သားကောင်။

''ကျွန် ... ကျွန်တော့်ကို ... ဘာ ... ဘာလုပ်မလို့လဲ''

မော်ကြီးထံမှ ကြောက်ကြောက်ရွံ့ရွံ့ထွက်လာသော မေးခွန်းစကား။

လူတွေက သည်လိုပဲဖြစ်သည်။ မိမိက အပေါ်စီးမှာရှိနေစဉ် မျက်နှာနှင့်လေသံက တင်းမာလျက်။ မိမိက အောက်ရောက်သွားပြီဆိုလျှင် သွေးပျက်သွားတတ်ကြသည်လေ။

''မင်းကို ... သတ် ...''

''ခင် ... ခင်ဗျာ ... မသတ်ပါနဲ့။ တောင်း ... တောင်းပန်ပါတယ်''

မောင်ရှင်က သဘောကျစွာ တဟားဟား အော်ရယ်လိုက်သည်။

''မင်းကို သတ်မယ်လို့ မပြောပါဘူးကွာ။ ဒီလောက်လည်း မကြောက်ပါနဲ့''

ထိုအခါမှ မော်ကြီး သက်ပြင်းချလိုက်သည်ကို တွေ့ရ၏။ စိတ်အနည်းငယ် သက်သာသွားဟန်ရှိသည်။

''ဒါပေမဲ့ ငါမေးတာ မှန်မှန်ဖြေရမယ်။ မဖြေရင်တော့ မင်းသွားချင်တဲ့လမ်းကို ပို့ရမှာပဲ''

မောင်ရှင်၏ ပြတ်သားသောစကားကြောင့် မော်ကြီး တုန်သွားပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . . ဘာဖြေရမှာလဲ။ ဖြေပို့ . . ."

"ငါက အမှန်ကိုပဲ သိချင်တာ။ မင်းဆရာ ဦးကံ့လှံက မင်းကို ခိုင်းတဲ့အကြောင်းတွေ သိချင်တာ"

"ခင် . . . ခင်ဗျားက ရဲလား"

"မဟုတ်ဘူး . . . ရဲမဟုတ်ဘူး။ ရဲဆိုရင် ဒီလိုမျက်နှာသုံးစွပ်ထားမလားကွ။ ဒါပေမဲ့ ငါက အမှန်တရားဘက်တော်သား။ မဟုတ်တာလုပ်တဲ့လူတွေကို ဥပဒေအရ အရေးမယူနိုင်ရင် အရေးယူပေးတာ"

မော်ကြီး ပြူးကြောင်ကြောင် ကြည့်နေ၏။

"ကဲ . . . ငါ တစ်ခုချင်းမေးမယ်။ ရွာကနေ ထိန်လင်းဆီကို ဆရာတော်နေမကောင်းဘူး၊ ပြန်လာခဲ့လို့ ဖုန်းဆက်တယ်လို့ မင်းပြောခဲ့တယ်။ တကယ်ပဲ ဖုန်းဆက်သလား"

"ခင်ဗျာ . . ."

"မှန်မှန်ဖြေတာပဲ လိုချင်တယ်နော်"

မောင်ရှင်က ဓားဦးဖြင့် သူ၏လည်မျိုကို ဖိဖိကလေးထောက်ထားလိုက်သည်။

"မ . . . မဟုတ်ပါဘူး"

"မဟုတ်ဘဲနဲ့ ဘာကြောင့် အဲဒီလို လုပ်ရတာလဲ"

"ဆရာ . . . ဆရာဦးကံ့လှံ ခိုင်းလို့ပါ"

"သေချာတယ်နော်"

"သေချာတယ်နော်"

"ဦးကံ့လှံက ဘာကြောင့် အဲဒီလိုခိုင်းတာလဲ"

"အဲဒါတော့ ကျွန်တော်မသိပါဘူး။ ဆရာကလည်း မပြောပြပါဘူး"





မောင်ရှင်က ဓားဦးကို နည်းနည်းဖိလိုက်ပြန်သည်။

"မော်ကြီး"

"အား . . . အားမလုပ်ပါနဲ့။ ကျွန်တော် အမှန်ပြောတာပါ"

"မင်းဆရာကမပြောရင် သူဘာလို့ အဲဒီလိုခိုင်းတာလဲဆိုတဲ့ မင်းအထင်ကိုပြော"

မော်ကြီး မျက်လုံးပေကလတ်ပေကလတ်နှင့် စဉ်းစားပြီး . . .

"ထိန်လင်းကို ရွာပြန်လွှတ်ချင်လို့ ဖြစ်ပါလိမ့်မယ်"

"ဟုတ်ပြီ . . . ။ အရင်တစ်ခါကလည်း မင်းရွာကိုသွားပြီး ဖူးမွံနဲ့ထိန်လင်းအကြောင်း စုံစမ်းတယ်ဆို"

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့လဲ"

"အဲဒါလည်း ဆရာဦးကံ့လှံခိုင်းလို့ပါ"

"အခု ဖူးမွံနဲ့ထိန်လင်း ပျောက်နေတယ်။ အဲဒါနဲ့ပတ်သက်လို့ မင်းဘာသိလဲ"

"အဲ . . . အဲဒါ ကျွန်တော် ဘာမှမသိပါဘူး"

"မင်းပဲ သူတို့ကို မန္တလေးက Dream City တည်းခိုခန်းမှာ တွေ့ခဲ့တယ်ဆို"

"မ . . . မတွေ့ပါဘူး"

"မတွေ့ဘဲနဲ့ တွေ့တယ်လို့ မင်းဘာကြောင့်ပြောရလဲ။ ရဲစခန်းမှာလည်း မင်း ဒီလိုပြောခဲ့တာပဲ မဟုတ်လား"

"ဟုတ် . . . ဟုတ်ပါတယ်"

"မင်းက ရဲကိုတောင် လိမ်တဲ့ကောင်ပဲ။ ငါ . . . တဲ့"

"မ . . . မလုပ်ပါနဲ့။ ကျွန်တော် လိမ်ပြောခဲ့မိပါတယ်။ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဆရာ ဦးကံ့လုံက အဲဒီလိုပြောခိုင်းလို့ပါ''

''ဒါဖြင့် မင်း မန္တလေးသွားတယ်ဆိုတာက ...''

''မ ... မသွားပါဘူး''

''ဒါဖြင့် ဒီစကားက လိမ်ဆင်ကြီးပဲ။ ဘာကြောင့် ဒီလိမ်ဆင်ကို လုပ်ရတာလဲ''

''မ ... မသိပါဘူး''

မောင်ရှင်က စားဦးကို တိုး၍ ဖိလိုက်ပြန်သည်။

''မော်ကြီး''

''အား ... ကြောက်ပါတယ်ဗျာ။ ခင်ဗျားစားကြီး ဖယ်ပါ ... ဖယ်ပါ။ ကျွန်တော် အမှန်ကို ပြောနေတာပါ။ တကယ် ... မ ... မသိလို့ပါ''

''မင်းဆရာက မင်းကိုပြောမပြဘူးလား။ ဘာကြောင့် မင်းကို ဒီလိုလိမ်ခိုင်းရတာလဲ''

''အဲဒါ ကျွန်တော် ... ဘာ ... ဘာမှမသိပါဘူးခင်ဗျာ။ ဆရာက ... ဒီ ... ဒီလိုပြောဆိုလို့ ပြောရတာပါ''

''ဒါဖြင့် ငါမေးမယ်။ ဖူးမွံ့နဲ့ထိန်လင်း တကယ်ပဲ ထွက်ပြေးကြတာလား''

''မ ... မသိပါဘူး''

''မင်း ဘယ်လိုထင်လဲ''

''မထင်တတ်ပါဘူး''

''ဦးကံ့လုံက မင်းကို တခြား ဘာတွေခိုင်းသေးလဲ''

''ဘာမှမခိုင်းပါဘူး''

''သေချာတယ်နော်''





''သေချာပါတယ်''

''ဒါဆို မင်း ငါပြောတာ သေသေချာချာနားထောင်။ အခု ငါမေးတာကို မင်းဆရာကို ဘာမှပြန်မပြောရဘူး။ ပြီးတော့ မင်းအခု ပြောတာတွေ ငါထပ်ပြီးစုံစမ်းမယ်။ မင်းလိမ်ပြောတာဆိုရင်တော့ မင်းကို ငါ အရှင်မထားဘူး။ မင်းနောက်မှာ ငါအမြဲတမ်းရှိနေတယ်လို့ မင်းမှတ်ထား။ ဟုတ်ပြီလား''

''ဟုတ် ... ဟုတ်ကဲ့''

''ပြီးတော့ မင်းဆရာမင်းကို ဘာထပ်ခိုင်းလိုက်တယ်ဆိုတာ ငါထပ်သိချင်တယ်။ ဒီတော့ မင်းကို ငါစောင့်ကြည့်နေမယ်။ နောက်တစ်ခါ ရဲကမေးရင် အမှန်အတိုင်းပြောရမယ်''

''ပြော ... ပြောပါ့မယ်''

''ကောင်းပြီ ...။ ဒါဆို မင်းကိုငါ ပြန်ပို့ပေးမယ်''

''ခွပ်''

''အား''

မော်ကြီး မေ့သွားပြန်လေပြီ။

သမားဓိမောင်ရှင်က မော်ကြီးကိုပြန်ပို့ဖို့ အစီအစဉ်ဆွဲရ၏။ သူ့အိမ်အရောက်ပို့ရမည်။ သူ၏ လက်အချိန်အဆအရ တစ်နာရီကျော်ကျော်တော့ မော်ကြီးတစ်ယောက် လူ့လောကနှင့် အဆက်ပြတ်နေဦးမှာ သေချာသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၄၂ |

❑

"ကျေးဇူးပဲ မောင်ရှင်။ မင်းဆီကရတဲ့သတင်းက အင်မတန် အဖိုးတန်ပါတယ်။ မမရှားနဲ့ ရဲအုပ်သီဟ ယူဆထားတဲ့အတိုင်းပါပဲ ဒါဆိုရင် ထိန်လင်းနဲ့ဖူးမွံ့ကို ကယ်နိုင်လိမ့်မယ်လို့ မျှော်လင့်တယ်။ နောက် ထပ် သတင်းထူးရရင် မမရှားဆီကို ထပ်ပြီးဆက်သွယ်ပေးပါ"

"ဟုတ်ကဲ့ မမရှား"

ဖုန်းကိုပိတ်လိုက်ပြီး မေစံရှား ကျေနပ်စွာ ပြုံးသည်။

ဘေးမှာရှိနေသော ကိုနေသော်က ...

"မောင်ရှင်က ဘာပြောလဲ"





"မော်ကြီး မန္တလေးမသွားဘူး။ ဖူးမွံ့တို့ကို မန္တလေးမှာ တွေ့ တယ်ဆိုတာ မဟုတ်ဘူး။ ပြီးတော့ ရွာကနေ ဦးမင်းကျော် ဖုန်းဆက် တယ်ဆိုတာလည်း မဟုတ်ဘူး။ အဲဒါတွေအားလုံးက ဦးကုံလုံခိုင်းလို့ ခိုင်းတဲ့တိုင်းပြောရတာ"

"ဒါဆို ဦးကုံလုံက တခြား ဘာတွေခိုင်းသေးလဲ"

"မခိုင်းပါဘူး။ ရှားထင်တဲ့အတိုင်းပါပဲ။ ဦးကုံလုံက လိုတာ လောက်ကို မော်ကြီးကိုခိုင်းပြီး အရေးကြီးတာတွေကို ဘာမှပေးမသိ ဘူး။ ဒီတော့ ဦးကုံလုံက သူ့ဘာသာ လျှို့လျှို့ဝှက်ဝှက် လှုပ်ရှားပုံရှိ တယ်။ ဒါကိုထောက်ရင် Scope က ကျဉ်းသွားပြီ။ ဦးကုံလုံက ဘယ်သူ့ ကိုမှ ယုံကြည်ပြီးမခိုင်းတာ သေချာတယ်။ ဦးကုံလုံအနေနဲ့ သူ့လက်နဲ့ သူသတ်ရလောက်အောင်လည်း သတ္တိရှိပုံမပေါ်ဘူး။ ထိန်လင်းတို့ အသက်ရှင်လျက် ရှိနေနိုင်သေးတယ်"

"ရှားက ဦးကုံလုံက သူတို့ကို တစ်နေရာရာမှာ ဖမ်းချုပ်ထား တယ်လို့ ယူဆလို့လား"

"ဖမ်းချုပ်ထားရုံသက်သက်လောက်တော့ မဖြစ်နိုင်ပြန်ဘူး ကို။ ဘာကြောင့်လဲဆိုတော့ မြသီတာနဲ့မောင်လှက အပြီးတိုင် ပျောက် သွားတာကိုး။ ဒါကြောင့် အစဖျောက်တဲ့နည်းတစ်နည်းကို ဦးကုံလုံ သုံး ခဲ့တယ်"

"အဲဒါ ဘာဖြစ်မလဲ"

"ရဲအုပ်သီဟနဲ့ တိုင်ပင်ကြည့်ကြတာပေါ့။ ရှားကတော့ အဖြေ ထင်တာပဲ။ အမြန်ဆုံးလှုပ်ရှားကြဖို့ပဲ ရှိတော့တယ်"

"ဒါဆို ရဲစခန်းသွားကြမလား"

"ခုပဲ သွားကြစို့။ နေဦး။ ရှားတို့လာမယ်ဆိုတာ ရဲအုပ်သီဟ



www.burmeseclassic.com

www.burmeseclassic.com



ဆီကို လှမ်းပြီး သတင်းပို့လိုက်ဦးမယ်"

မေစံရှားက သူမ၏ ဟမ်းဖုန်းခလုတ်များကို နှိပ်နေပြန်လေသည်။ ကိုနေသော်ကမူ နေရာမှထပြီး ဖြစ်နေ၏။

ဖူးမွံ့နှင့်ထိန်လင်းတို့ကို ကယ်နိုင်ပါ့မလား။

သူ စိတ်စောနေသည်။

ရင်ခုန်သံက ပိုမြန်လာသည်။

✿ ✿ ✿

| ၄၃ |

▢

ထိန်လင်း ကိုရင်ဘဝက ဆရာတော်နှင့်အတူလိုက်ပြီး အဲသုဘဥဿာန်း ထိုင်ခဲ့ဖူးသည်။ ထိုစဉ်ကတော့ ဆရာတော်ခေါ်၍ ကြောက်ကြောက်နှင့် ပါခဲ့ရခြင်းသာ။ ဘာတရားမျှ မရခဲ့။

ယခု ...

လက်တွေ့ အသုဘကမ္မဋ္ဌာန်းရှုရပြီ။

ပုပ်အဲ့နံ့ဟောင်ကာ အရိအရွဲများ ကျဲစပြုနေပြီဖြစ်သော မမ၏အလောင်းကို မျက်တောင်မခတ်စိုက်ကြည့်ကာ ထိန်လင်း ရှုမှတ်နေသည်။

အနိစ္စသည် ဝိဝိပြင်ပြင်။

www.burmeseclassic.com



ထိန်လင်းကိုယ်တိုင်မှာမူ အာဟာရနှင့်ရေ ပြတ်လပ်သဖြင့် ဆာလောင်မွတ်သိပ်မှုက တရားလွန်ဖြစ်ခဲ့၏။ သို့သော် ဆာလောင်မွတ် သိပ်မှုကို ဖြည့်တင်းစရာ ဘာမှမရှိ။ ကြာတော့ အားပြတ်လာသည်။ ယခုတော့ လှုတစ်ကိုယ်လုံးနုံးခွေကာ မလှုပ်နိုင်မရှားနိုင်ဖြစ်နေပြီ။

မကြာမီကာလအတွင်း မမဖူးမှုံလိုပင် အသေဆိုးနှင့် သေ တော့မည်။ အချိန်ကာလ မည်သို့မျှမကြာတော့။

သည်တော့ ဒုက္ခလည်း ပီပီပြင်ပြင်။

မမဖူးမှုံသည်လည်း သူမ၏အလုပ်တရားတို့ကို အကြောင်းပြ ဈေးသည်ဘဝမှ သူဌေးကတော် ဖြစ်လာခဲ့ရ၏။ ထိုအလုပ်တရားကြောင့် ပင် ဖောက်ပြန်မှုတွေဖြစ်ကာ ဘဝဆုံးခဲ့ရ၏။ ယခုတော့ သူမ၏အ တရားက ဘယ်မှာမှမရှိပြီ။ အလုပ်တရားကလည်း အစိုးမရ။ စည်း ချမ်းသာလည်း အစိုးမရ။

ထို့ကြောင့် အနတ္တကလည်း ပီပီပြင်ပြင်။

ထိန်လင်းသည် အားအင်ပြတ်လပ်မှုကြောင့် နားတွေအူ လေတွေထွက်ကာ နုံးခွေမူးနောက်ကာဖြင့် လဲပြိုကျတော့မည် အ အထားမျိုးများကြားမှ ရရှိလာသော အသိတရားနှင့် သတိကို စု ကာ နောက်ဆုံးကျန်ရှိသော အချိန်ကလေးအတွင်း တရားကိုအရ အရှုံးကို အမြတ်ဖြစ်အောင်လုပ်ရမည်ဟု ဆုံးဖြတ်နိုင်ခဲ့ပြီ။

ထို့ကြောင့် မမဖူးမှုံ၏အလောင်းရှေ့မှာ တင်ပျဉ်ခွေထိုင်၊ ပေါ်လက်ယှက်တင်၊ မျက်စိကိုမှိတ်လျက် ထွက်သက်ဝင်သက်ကို ကပ်၍ ထားလိုက်သည်။ အာနာပါန။

နှာသီးဖျားအား လေအဝင်အထွက်တိုးထိသည်ကို အာ လျက် စိတ်က တည်ငြိမ်လာပြီးနောက် သမာဓိကို ထူထောင်ရသည်





စက္ကန့်၊ မိနစ်မှ နာရီပိုင်းကို ကူးလာတော့ မိမိ၏ခန္ဓာကိုယ် က နာကျင်ကိုက်ခဲ ဖောက်ပြန်လာသည်။ ဒုက္ခက ပြလာသည်။ သို့သော် ခွဲကိုမလျှော့နိုင်တော့။ သေဖို့ရာ သေချာနေသော လူတစ်ယောက်အဖို့ လက်လျှော့စရာလည်း အကြောင်းမရှိတော့။

ထို့ကြောင့် ခန္ဓာကိုယ်၏ဖြစ်ပျက်တွေကို ဆက်၍ရှုမှတ်သည်။

တလှုပ်လှုပ်တရွရွ ဖြစ်ပျက်နေသည်များကို ထင်သာမြင်သာ ဖြစ်လာ၏။ ဝေဒနာမှတစ်ဆင့် တရားသဘောကို ရေးရေးမျှမြင်လာ၏။

မဝေးတော့ပြီ ...။

တရားသည် မဝေးတော့ပြီ။

ထို့အတူ မိမိအသက်သည်လည်း ဆက်လက်တည်ရှိမည့်အနေ အထားမှ ကွယ်ပျောက်ခြင်းအနေအထားသို့ ကူးပြောင်းဖို့ မဝေးတော့ပြီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၄၄ |

❏

အပြင်မှာ ညသည် မှောင်မည်းတိတ်ဆိတ်နေ၏။ ထို့အ… ဦးကုံလုံ၏ရင်ထဲမှာလည်း မှောင်မည်းတိတ်ဆိတ်နေသည်။

အထီးကျန်ဝေဒနာ။

ခုတင်ပေါ်မှာ လှဲလျက်ရှိနေသော်လည်း အိပ်မရ။

စင်စစ် အိပ်မရခဲ့သည့် ညတွေကလည်း များခဲ့ပြီ။ ကာ… ရှည်လျားခဲ့ပြီ။

ယခုတော့ ဘဝကို အခါခါ ပြန်သုံးသပ်ကြည့်နေမိ၏။

မိမိတွင်ရှိခဲ့သော စည်းစိမ်ဥစ္စာ၊ အရှိန်အဝါ၊ ဩဇာအာ… များသည် အဓိပ္ပာယ်ရှိပါ၏လော။ ထိုစည်းစိမ်ဥစ္စာအရှိန်အဝါ၊ ဩ…





အာဏာများက ဘဝ၏ပျော်ရွှင်မှုဟူသည်တို့ကို အမှန်တကယ် ဖော်ဆောင်ဖန်တီးပေးနိုင်ပါ၏လော။

တစ်ချိန်က …။

မိမိသည် စည်းစိမ်ချမ်းသာကို အာသာငမ်းငမ်း ရှာဖွေရင်းလောကတွင် လက်မထောင်နိုင်ခဲ့သည်။ လိုအပ်သောကွက်လပ်ကိုဖြည့်ရန် မြသီတာဟူသော အချောအလှလေးကို လက်ထပ်ယူခဲ့သည်။ မြသီတာကို ရွှေပေါ်မြတင်ထားပါလျက် ထိုမြသီတာက အိမ်က ဒရိုင်ဘာမောင်လှနှင့် ဖောက်ပြန်သည်။

သူတို့နှစ်ယောက် ဖောက်ပြန်နေသည်ကို မျက်စိဖြင့် တပ်အပ်မြင်ရတော့ အသည်းမှာ ဆတ်ဆတ်နာသည်။ ဒေါသမီးက ရင်မှာလောင်မြိုက်သည်။ မြသီတာ အမိုက်မ။ ရွှေငွေစည်းစိမ် ဘာတစ်ခုမျှ ဆိုလေသေးမရှိ ပြည့်စုံအောင်ထားခဲ့ပါလျက် တဏှာရမ္မက်အလိုကို လိုက်ခဲ့သူ။ ဟိုကောင်မောင်လှကလည်း အချောင်သမား။

ထို့ကြောင့် သူတို့နှစ်ယောက်ကို အပြစ်ဒဏ်ခတ်ဖို့ မိမိစီစဉ်ခဲ့သည်။ သွားပေရော့ အမိုက်ဖောက်ကခဲ့သူတို့၏လမ်း။ မပြန်လမ်း။

ဤသို့ဖြင့် နှစ်ကာလအချို့ ဖြတ်သန်းခဲ့ပြီးနောက် ဖူးမွံ့ကို တွေ့ခဲ့သည်။

မြသီတာနှင့်တုန်းက လူကြီးတွေစီစဉ်သဖြင့် လက်ထပ်ခဲ့ခြင်းဖြစ်ပြီး ယခု ဖူးမွံ့နှင့်တွေ့သောအခါ မိမိက ချစ်ခင်မြတ်နိုးမိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လက်ထပ်ယူခဲ့သည်။ ဆင်းရဲသောဖူးမွံ့ကို သူဌေးကတော် ဖြစ်စေခဲ့သည်။ ဖူးမွံ့၏အလှ၊ ဖူးမွံ့၏ဘဝကို ပိုင်ဆိုင်ရတော့ ဦးကုံလုံ၏ဘဝမှာ ပြီးပြည့်စုံသည်ဟု မှတ်ယူခဲ့သည်။

သို့သော် မိမိကလည်း အလုပ်နှင့် စီးပွားရေးမှာ အာရုံများ



www.burmeseclassic.com

သည့်သူ။

ပြီးတော့ မိမိက ဖူးမွံ့၏ အသက်နှစ်ဆမျှရှိသူ။

ထို့ကြောင့် ဖူးမွံ့၏စိတ်ဆန္ဒကို မိမိအပြည့်အဝ မပေးနိုင်ခဲ့သည်ကို ဦးကံ့လုံ သဘောပေါက်သည်။

မြသီတာတုန်းကလို ဖြစ်မှာစိုး၍ အိမ်တွင် ဒရိုင်ဘာမထားခဲ့။ သို့ပါလျက် ကြမ္မာက ဝင်လာသည်။ ထိန်လင်း ရောက်လာသည်။ မောင်နှမဖြစ်သည်ဆိုသောကြောင့် ယုံမှတ်ကာ လက်ခံထားခဲ့မိ၏။ တကယ်တမ်းမှာ ထိန်လင်းနှင့်ဖူးမွံ့က မောင်နှမမဟုတ်။

ငယ်ရွယ်နုပျိုသော ဖူးမွံ့က သက်ကြီးရွယ်အို မိမိအပေါ်မှာ ရင်မခုန်ဘဲ သက်တူရွယ်တူ ထိန်လင်းအပေါ်မှာ စိတ်ဝင်စား အချစ်ဝင်ခဲ့ပုံရသည်။ မိမိအဖို့ မြသီတာတုန်းကလို အူနုကျွဲခတ်ခံခဲ့ရပြန်သည်။

သည်လိုတော့ ဦးကံ့လုံကို စမ်း၍မရ။

ဦးကံ့လုံဆိုသည်က မိမိအဘိဓာန်တွင် အရှုံးပေးသည်ဟူသော ဝေါဟာရကို ပယ်ဖျက်ထားခဲ့သူ။ မိမိ၏ ဥစ္စာဓန၊ အရှိန်အဝါ၊ ဩဇာတို့ဖြင့် အရာရာကို အောင်နိုင်စေခဲ့သူ။

ဘာကြောင့် ငြိမ်ခံရမည်နည်း။

မိမိကိုလာထိလျှင် မလွတ်တမ်းပေါက်လိုက်ရမှာ မြွေပွေး၏အလုပ်။

သို့သော် အစ်ကိုဖြစ်သူ ဦးပြည့်စုံက သူ၏အိမ်ဖော်မလေး ကြူကြူကို ခြေတော်တင်၍ ပြဿနာပေါ်ခဲ့စဉ်တုန်းက မိမိတစ်ကြိမ်တော့ ရှုံးနိမ့်ခဲ့ရဖူးသည်။ မိမိပေါက်ခဲ့သော ငွေဆိပ်၊ အရှိန်အဝါဆိပ်၊ ဩဇာအာဏာ အဆိပ်တို့သည် ရှေ့နေမလေး မေစံရှားကိုမူ မထိခဲ့၊ မပေါက်နိုင်ခဲ့။





ဦးပြည့်စုံ ထောင်ကျသွားခဲ့ရသည်။

ရှိစေတော့ . . .။

မိမိအလှည့်မှာ ဥပဒေကို ကောင်းကောင်းလှည့်စားရမည်။ မြသီတာတို့တုန်းက ဥပဒေသည် မိမိကို မယှဉ်နိုင်ခဲ့။ အန်မတုနိုင်ခဲ့။

ယခုလည်း ဖူးမွံ့တို့ကို မြသီတာတို့အား ပို့သည့်လမ်းကိုသာ ပို့ရမည်။ ထိုလမ်းသည် မိမိ၏အောင်ပွဲလမ်း။

ထို့ကြောင့် အစီအစဉ်တွေအကွက်ချကာ စနစ်တကျ ပြင်ဆင်ပြီး လုပ်ခဲ့သည်။ အားလုံးကွက်တိ။

ယခုလောက်ဆိုလျှင် ဖူးမွံ့ရော ထိန်လင်းပါ ငရဲရောက်နေလောက်ပြီ။

သို့သော် . . .

ဦးကံ့လုံစိတ်ထဲမှာ ဟာနေသည်။ ဖူးမွံ့ကို ချစ်မိခဲ့သောအချစ်က မိမိကို နှိပ်စက်ကလူပြုခဲ့၏။ ဖူးမွံ့ကို နမြောနေသည်။ ဖူးမွံ့ကို ပြန်လိုချင်နေသည်။ ပြန်မရနိုင်တော့မှန်း သိပါလျက်နှင့်။

ပြီးတော့ ဖူးမွံ့ ဘေးမှာမရှိသည့် အိပ်ရာထက်မှာ အိပ်ရသည်မှာ ဝေဒနာတစ်ခုဖြစ်သည်။ အခါများစွာ ဖူးမွံ့ကို အိပ်မက်မက်သည်။ မိမိစိတ်တို့က ဂနာမငြိမ်စွာ ခြောက်လှန့်နေသည်လား။

သည်ကြားမှာ . . .

တပည့်ကျော်မော်ကြီးက ယနေ့ အလုပ်မှ ထွက်ခွင့်တောင်းသည်။ သူ့ခေါင်းမှာလည်း ပတ်တီးနှင့်။ ဘာကြောင့်လဲမေးတော့ သူပေးသည့်အဖြေတွေက ယုတ္တိမရှိ။ သူ တစ်ခုခုကြောက်နေပုံရသည်။

မိမိခိုင်းစေခဲ့သော အလုပ်နှင့်ပတ်သက်၍ သူတစ်ခုခုတစ်ခု လန့်ထိတ်နေလေသလားမသိ။

www.burmeseclassic.com



"ဒို ..ရေ ..မီ ..ဖာ .. ဆို ..လာ ...တီ ...တို"

အမှတ်မထင် ပေါ်ထွက်လာသော မိမိ၏ဖုန်းသံက ရင်ကို ဒိတ်ခနဲ ခုန်သွားစေသည်။

"ဒီအချိန်ကြီးကျမှ ဘယ်ကဖုန်းလဲ"

ခုတင်မှထကာ စားပွဲခုံပေါ်တင်ထားသောဟမ်းဖုန်းကို ကောက်ယူလိုက်ရသည်။ ဖုန်းကိုဖွင့်နေကာ နားမှာကပ်လိုက်သည်။

"ဟဲလို ..."

"အစ်ကိုကြီး"

နှလုံးက ရုတ်တရက်ဆောင့်ခုန်ကာ တစ်ကိုယ်လုံး တုန်ခါသွားသည်။ အံ့အားသင့်ကာ လူက ကြက်သေသေသလို ဖြစ်သွားသည်။

အသံ ...ဖုန်းထဲက အသံ။

အစ်ကိုကြီးတဲ့။

"ဒါ ဖူးမွှံရဲ့ အသံပဲ"

"မဟုတ်ဘူး ...မဟုတ်ဘူး။ ဖူးမွှံမဖြစ်နိုင်ဘူး"

ဦးကံ့လုံ့ရင်ထဲမှာ စက္ကန့်ပိုင်းအတွင်း အပြင်းအထန် လွန်ဆွဲမှု ဖြစ်သွားသည်။ မယုံကြည်ချင် ...။

"ဟဲလို ..."

ဖုန်းကိုကပ်ကာ ထပ်မံထူးလိုက်သည်။ ဦးကံ့လုံ့အသံတွေ ထိန်းမရအောင် တုန်နေသည်။

"အစ်ကိုကြီး ..."

ဖူးမွှံပဲ ....ဖူးမွှံအသံပဲ။ ဖူးမွှံခေါ်သလိုပဲ။

ဦးကံ့လုံ့ လန့်ဖျပ်ကာ ဖုန်းကို နားမှခွာ၍ ပိတ်လိုက်သည်။

ဘယ်လိုဖြစ်တာလဲ။ ဖူးမွှံက မရှိတော့ဘူးပဲ။ ဖူးမွှံက ဘယ်လို





ဖုန်းဆက်နိုင်မှာလဲ။

"ဒို ...ရေ ...မီ ...ဖာ ...ဆို ...လာ ...တီ ...တို"

ဖုန်းက ထပ်မံမြည်လာသည်။

ဖုန်းကိုကြည့်ရင်း ရင်တွေပြောင်းဆန်အောင် လှုပ်ရှားလာ၏။ ဒါ ဖူးမွှံမဟုတ်လျှင် တစ္ဆေပဲလား။

ဦးကံ့လုံ့ ဖုန်း၏ပါဝါခလုတ်ကို ပိတ်ထားလိုက်သည်။ ပြီးလျှင် ဖုန်းကို စားပွဲပေါ် ပစ်တင်ထားလိုက်သည်။ ခုတင်ပေါ်မှာ ပြန်ထိုင်လိုက်မိသည်က ခြေပစ်လက်ပစ်။

ဖူးမွှံ သေသွားပြီ။

ဖူးမွှံသေသွား၍ သူ့ဝိညာဉ်က လာခြောက်လေသလား။

"ကလင် ...ကလင် ...ကလင်"

ဟော ...အိမ်ရှေ့ဧည့်ခန်းဆီက ဖုန်းမြည်သံ။

ဖူးမွှံပဲလား။ သွားမကိုင်လျှင်ကောင်းမည်ဟု တွေးမိပြီး ဆက်ထိုင်နေသော်လည်း ဖုန်းက အဆက်မပြတ်မြည်နေ၏။ တိတ်ဆိတ်သော ညမှာ ဖုန်းခေါ်သံက ချောက်ချားစရာ။

"ကလင် ...ကလင် ...ကလင်"

ကုမ္ပဏီကဆက်တာလား။ ဖွစ္စည်းသို့လှောင်သည့် ဂိုဒေါင်တွေက ဆက်တာလား။ အရေးတကြီးအလုပ်ကိစ္စ ဖြစ်ချင်ဖြစ်မည်။ ထို အတွေးကြောင့် နားထောင်ကြည့်တာကောင်းမည်ဟု တွေးမိပြန်ကာ အိပ်ခန်းမှထွက်လာခဲ့ပြီး ဖုန်းရှိရာလာခဲ့၏။ ဧည့်ခန်းမီးကို ဖွင့်လိုက်ချိန်တွင် ဖုန်းက အသံတိတ်သွားသည်။

"ဒါလည်း ပြီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အတွေးနှင့် ပြန်လှည့်မည်အပြု ဖုန်းက ထပ်မြည်လာပြန်သည်။ ဖုန်းကို ခဏစိုက်ကြည့်နေပြီးမှ ခုန်နေသော ရင်ကိုထိန်းကာ ဖုန်းခွက်ကို မယူလိုက်မိ၏။

နားနှင့်ဖုန်းခွက်ကို ထိလိုက်လျှင် ...

"ဟဲလို ... ဆရာကြီးလား"

"ဟာ ..."

ကြားလိုက်ရသော အသံကြောင့်လန့်ဖျပ်ကာ ဖုန်းကို ချက်ချင်းပင် ဖုန်းခွက်ပေါ် ခွပ်ခနဲ ပြန်ချလိုက်မိ၏။

ဆရာကြီး ... တဲ့။

ဒါ ထိန်လင်းခေါ်ပုံမျိုး။

ဒါ ထိန်လင်းအသံ။

"ဟုတ်ရဲ့လား။ ကုမ္ပဏီက ဝန်ထမ်းအချို့လည်း ဒီလိုခေါ်တတ်ပါတယ်"

ဦးကုံလုံ ပြန်တွေးသည်။

"ကလင် ... ကလင် ... ကလင်"

ဖုန်းက ထပ်မံမြည်လာပြန်သည်။

သေချာအောင် နာမည်မေးလိုက်တာကောင်းမည်ဟု စိတ်မှာ တွေးကာ ဖုန်းကို ပြန်ကိုင်သည်။ လက်တွေက တုန်နေ၏။

"ဟဲလို ... ဘယ်သူလဲ"

"ကျွန်တော်ပါ ဆရာကြီး။ ထိန်လင်းပါ"

"ဘာ ..."

သည်တစ်ခါ ဖုန်းချလိုက်မိသည်က ကယောင်ချောက်ချားအပြုအမူမျိုးဖြစ်သည်။ ရင်တွေက တဒိုင်းဒိုင်းခုန်နေဆဲ။ ခန္ဓာကိုယ်က လျှောင်





လှုပ်နေသလို။

ထိန်လင်း ... ထိန်လင်း ဆိုပါလား။

မဖြစ်နိုင်ပါ။ ထိန်လင်းက .... ထိန်လင်းက မည်သို့ ဖုန်းဆက်နိုင်မည်နည်း။ ယခုလောက်ဆို ထိန်လင်းသေနေပြီ။

နေရာတွင် မတ်မတ်တောင့်တောင့်ကြီး ရပ်နေသော်လည်း ဒူးတွေက မခိုင်ချင်။ လူက ယိမ်းထိုးနေသည်လား၊ မြင်နေရသည်တွေက လှုပ်နေသလား။

"ကလင် ... ကလင် ... ကလင်"

ဖုန်းက ထပ်မြည်လာပြန်သည်။ ဖုန်းမြည်သံက ကြောက်စိတ်ကို ပို၍ ခြောက်လှန့်လိုက်သည်နှင့်တူသည်။ ဖုန်းကို တစ္ဆေတစ်ကောင်လိုကြည့်ကာ ဒေါသတကြီးနှင့် ဦးကုံလုံ ဖုန်းကြိုးကို ဆွဲဖြုတ်လိုက်သည်။

ကဲ ... ပြီးပြီ။ ဘာတတ်နိုင်သေးလဲ။

ထိန်လင်းတစ္ဆေ မင်းဘာလုပ်မလဲ။

"တင် ... တောင် ... တင် ... တောင်"

"ဟာ ... ဒါဘာလဲ"

ရုတ်တရက်ပေါ်လာပြန်သော အသံ။ လူခေါ်ခေါင်းလောင်းသံဖြစ်သည်။ အိမ်အတွင်း ကျယ်လောင်စွာ မြည်ဟည်းထွက်ပေါ်လာခြင်းဖြစ်သည်။

ဘယ်သူလဲ ... ဒီအချိန်ကြီးမှာ။

လူမှ ဟုတ်ကောဟုတ်ရဲ့လား။

"တင် ... တောင် ... တင် ... တောင်"

"တင် ... တောင် ... တင် ... တောင်"



www.burmeseclassic.com

www.burmeseclassic.com



လှုစေါ်ခေါင်းလောင်းသံက အဆက်မပြတ် မြည်နေ၏။ တံခါး မဖွင့်လျှင် အသံကရပ်မည်မဟုတ်။ ဘယ်သူက ဆက်တိုက်တီးနေတာလဲ။

ဦးကံ့လို သက်ပြင်းရှိုက်ကာ တံခါးဆီသို့ ခြေကိုရွှေ့ရ၏။ လေးလံသော ဖင့်နွှဲသော ခြေလှမ်းများဖြင့် တံခါးဆီသို့ ချဉ်းကပ်သွားရာ တံခါးနှင့်နီးလာလေလေ ရင်ခုန်သံက ပို၍ပြင်းလာလေလေ။

တံခါးရွက်၏ သော့ကိုလှည့်ကာ ဖွင့်နေချိန်တွင် စိုးရိမ်ထိတ်လန့်မှုက အမြင့်ဆုံးအမှတ်သို့ ရောက်လာသည်။ မည်သူ့ကို တွေ့ရလေမလဲ။

"ကျွီ"

တံခါးက ပွင့်သွားသည်။

"ဟာ ..."

အပြင်တွင် မည်သူမှရှိမနေ။ ခြံဝမှထွန်းထားသော မီးရောင်၊ ဆင်ဝင်မှာထွန်းထားသော မီးရောင်ဖြင့် အားလုံးထင်သာမြင်သာ ရှိနေ၏။ မည်သူမျှ တံခါးဝတွင်မရှိ။

သို့ဖြစ်လျှင် ခေါင်းလောင်းကို မည်သူနှိပ်သနည်း။

တစ္ဆေလား။

တစ္ဆေဆိုလျှင် ဖူးမွံလား ... ထိန်လင်းလား။

ကျောက စိမ့်ခနဲ ဖြစ်သွားသည်။ ကြက်သီးတွေက ဖြန်းခနဲ ထသွားသည်။ တံခါးကို ကပျာကယာပိတ်လိုက်သည်။

မဖြစ်။ အိပ်ခန်းထဲမှာပြန်နေတာ ကောင်းမည်။

ဧည့်ခန်းမီးကိုပိတ်ကာ အိပ်ခန်းရှိရာသို့ ပြန်မည်အပြုတွင် ဧည့်ခန်းမှန်တံခါးအပြင်မှ သဏ္ဌာန်တစ်ခုကို တွေ့လိုက်ရသည်။





ယောကျ်ားတစ်ယောက်၏သဏ္ဌာန်ဖြစ်သည်။

"ဟင်"

ထိန်လင်း ... ထိန်လင်းဖြစ်သည်။

ဦးကံ့လိုအကြည့်ကို ချက်ချင်းလွှဲကာ နေရာမှ ပြေးထွက်ခဲ့ပြီး အိပ်ခန်းထဲသို့ ပြေးဝင်ခဲ့သည်။ တံခါးကို သေချာအောင်ဆွဲပိတ်ကာ တံခါးကို ကျောမှီ၍ ရပ်နေမိ၏။ မောလိုက်တာ။ မွန်းလိုက်တာ။

ဒါ ဘယ်လိုဖြစ်တာလဲ။

ထိန်လင်း တကယ်ပဲလား။

သူသေပြီး တစ္ဆေအဖြစ်နဲ့ လာတာလား။

ဖားဖိုကြီးတစ်ခုလို နိမ့်လိုက်မြင့်လိုက်ရှိနေကာ အသက်ကို ငြိမ်မှန်အောင်ရှူနေရာက ခုတင်ရှိရာသို့ ခြေအလှမ်းတွင် ...

"အမယ်လေး ..."

အိပ်ခန်းမှန်ပြတင်း အပြင်မှအရိပ်။ ဆံပင်ရှည်ရှည်တွေ လေတွင်လွင့်ဝဲလျက် မိန်းမတစ်ယောက်။

"ဟာ ... ဖူးမွံ"

ဖူးမွံဖြစ်သည်။ မှန်ကို သူမ၏မျက်နှာ ကပ်ကြည့်နေသည်။ မျက်လုံးကြီးတွေ ပြူး၍နေ၏။ ကြောက်စရာ။

"ဘုတ် ... ဘုတ် ... ဘုတ်"

"ဟင် ..."

သူမက မှန်တံခါးကိုလက်နှင့် ပုတ်လိုက်သည်။

မှန်ကိုဖြတ်၍ အသံမလာသော်လည်း သူ့ပါးစပ်က တစ်ခုခု ပြောလိုက်ပုံရှိသည်။ 'အစ်ကိုကြီး' ဟု ခေါ်လိုက်ပုံရှိသည်။

ဦးကံ့လိုတစ်ကိုယ်လုံး သွက်သွက်ခါအောင် တုန်နေပြီ။ နှလုံး



www.burmeseclassic.com

www.burmeseclassic.com



က ခံတွင်းမှ ပြန်ခုန်ထွက်လာတော့မတတ် မောနေပြီ။ လက်ဖျားခြေဖျားတွေ ရေခဲတုံးလို အေးစက်နေပြီ။

မဖြစ် ...မဖြစ်နိုင် ...။

ဖူးမွံ့က သေပြီပဲ။

ဟော ...ဖူးမွံ့နောက်မှာ နောက်အရိပ်တစ်ခု။ လက်ကြီးနှစ်ဖက်ကို ဆန့်တန်းလျက်။ ထိန်လင်း ...။

ဖူးမွံ့နှင့်ထိန်လင်း။

သူတို့နှစ်ယောက် ...

တစ္ဆေတွေလား ...

ဒါမှမဟုတ် သူတို့လွတ်မြောက်ပြီး မိမိထံရောက်လာတာလား။

တုန်လှုပ်ချောက်ချားစွာဖြင့် ဦးကံ့လုံ ထပ်မံကြည့်လိုက်သည်။

အရိပ်တွေမဟုတ်။ လူတွေနှင့်တူနေသည်။

သူတို့က တစ္ဆေမဟုတ်ဘဲ လူအစစ်တွေများလား။

ဟော ....ကြည့်ရင်းမှာပင် ပျောက်သွားပြန်သည်။

သူတို့ ဘယ်ရောက်သွားပြီလဲ။

မိမိအိပ်ခန်းထဲကို သူတို့ဝင်လာမလား။

ဦးကံ့လုံ ဆံပင်တွေထောင်လျက် ခေါင်း ပွပ်လောက်ကြီးသည် ထင်ရ၏။ ရုတ်တရက် သူ့အတွေးတွင် ...

သူတို့နှစ်ယောက် လွတ်မြောက်လာတာ ဖြစ်နိုင်မည်ဟု ပေါ်လာ၏။

ယခင်ညများက သည်သို့မဟုတ်ပါဘဲနှင့် ယခုညကျမှ ပေါ်လာသည်ဆိုတော့ ...

ပြီးတော့ ...





တစ္ဆေဆိုသည်က အရာဝတ္ထုတွေကို ထိကိုင်၍မရသော အငွေ့သာ။ ဒြပ်ဝတ္ထုမရှိဟု ကြားဖူးသည်။

သို့ဆိုလျှင် ...

ဖုန်းဆက်၍မရ ...။

လူခေါ်ခေါင်းလောင်းနှိပ်၍ မရ။

"သေချာတယ် ...။ သူတို့ လူတွေပဲ။ ဒါဖြင့် သူတို့ လွတ်လာသလား၊ ဘယ်လိုလွတ်လာသလဲ။ သေချာအောင် သွားကြည့်ရင်ကောင်းမယ်"

ဦးကံ့လုံ အားကိုတင်းလိုက်သည်။ ကြောက်စိတ်ကို မုန်းတီးစိတ်ဖြင့် ချေဖျက်လိုက်သည်။

"မသေသေးရင်တော့ အခုသေရမှာပေါ့ကွာ"

ဦးကံ့လုံ အသံထွက်၍ အော်ဟစ်လိုက်သည်။

ထို့နောက် စားပွဲပေါ်တွင်တင်ထားသော သော့တွဲကို လှမ်းယူသည်။ အခန်းဝမှ ထွက်လိုက်သည်။ ကော်ရစ်ဒါကိုဖြတ်သည်။ အခန်းတစ်ခန်းမှ ဂေါက်ရိုက်တံတစ်ခုကို ဆွဲယူသည်။ ပြီး အိမ်နောက်ဘက်ရှိရာသို့ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။ အိမ်နောက်ဘက်ခြမ်းက မှောင်နေသဖြင့် မီးကိုဖွင့်သည်။

စတိုခန်း။

စတိုခန်းတံခါးကို ဆွဲဖွင့်သည်။ အတွင်းကို ဝင်လိုက်သည်။ အခန်းမီးဖွင့်သည်။ မီးရောင်အောက်တွင် အရာရာသည် သူထားရှိသည့်အတိုင်း မပြောင်းမလဲ။

အခန်းထောင့်က ထင်းရှူးသေတ္တာကြီးက ခြေရာလက်ရာပျောက်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကုံလုံ အနည်းငယ် စိတ်အေးသွားသည်။

'ဘာမှ ပုံစံမပြောင်းပါဘူး။ ဒါဆိုရင် သူတို့လွတ်လာတာ မဖြစ်နိုင်ပါဘူး' အတွေးနှင့် ပြုံးလိုက်သည်။

သို့သော် ...

"အင်း ... အခြားတစ်နေရာကများ ထွက်ပေါက်ရှိနေသလား"

"သေချာအောင် ဖွင့်ကြည့်တာကောင်းမယ်"

ထပ်မံပေါ်လာသော အတွေး။

ဦးကုံလုံ ကြည့်ရှုည်အချိန်မဆွဲတော့။ အခန်းထောင့်က ထင်းရှူးသေတ္တာကြီးကို တွန်းရွှေ့လိုက်သည်။ အထဲတွင် ဘာမျှမရှိသောကြောင့် ပေါ့ပါးသော ထင်းရှူးသေတ္တာကြီးက အလွယ်တကူရွှေ့သွားသည်။

ထင်းရှူးသေတ္တာကြီးရွှေ့သွားလျှင် အောက်ရှိ ဖယောင်းပုဆိုးကို ဆွဲလှန်လိုက်သည်။

ကွန်ကရစ်ကြမ်းပြင်ပေါ်လာ၏။

ကြမ်းပြင်မှ လေးထောင့်သဏ္ဌာန်အရာကြီး။

ကြမ်းပြင်တွင် မြှုပ်ထားသော လက်ကိုင်ကွင်း။

ဦးကုံလုံက အခြေအနေကို ကျေနပ်စွာကြည့်ပြီးနောက် လက်ကိုင်ကွင်းကိုဆွဲကိုင်၍ မလိုက်သည်။ ကွန်ကရစ်ပုံစံလုပ်ထားသော သံပြားတံခါးက ကြွတက်လာ၏။

တံခါး လှန်လိုက်သည်။

အပုပ်နံ့က ထောင်းခနဲထွက်လာသည်။

မြေအောက်ခန်းတွင် ဖွင့်ထားသော မီးရောင်ဖြင့် ...

အောက်သို့ဆင်းရာ လှေကားထစ်များ။





အခန်းထဲမှ ပုပ်ပွနေသည့် ဖူးမုံ့၏အလောင်း။

ဖူးမုံ့၏အလောင်းရှေ့တွင် ငုတ်တုတ်ရှိသော ထိန်လင်း။

"ဟား ... ဟား ... ဟား ..."

ဦးကုံလုံ ကျေနပ်အားရစွာ အော်ရယ်လိုက်သည်။

"မင်းတို့ ငါထားတဲ့အတိုင်း ရှိနေတာပါပဲလားကွ။ ဟား ... ဟား ... ဟား"

ဦးကုံလုံ အော်ဟစ်ရယ်မောနေသည်မှာ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်မျှ။

ထိုအချိန်တွင် ...

နောက်မှနေ၍ အခန်းထဲသို့ လူများဝင်လာသည်။

"လက်မြှောက်ထားလိုက်ပါ ဦးကုံလုံ"

အမိန့်ပေးသံတစ်ခုက အောင်မြင်ထည်ဝါစွာ ပေါ်ထွက်လာသည်။

အမိန့်ပေးသူမှာ ရဲအုပ်သီဟ ဖြစ်သည်။

ရဲအုပ်သီဟဘေးမှာ ရဲသားသုံးဦး။

သူတို့နောက်မှာ ရပ်ကွက်လူကြီးနှစ်ဦး။

ရပ်ကွက်လူကြီးများ၏နောက်မှာ ကိုနေသော်နှင့် မေစံရှား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



"အရာအားလုံးကို မမမေစံရှား တွေးခေါ်စဥ်းစားပြီး အဖြေရှာခဲ့တာ။ အင်ကျင်နီယာဆီက ဦးကုံလုံရဲ့တိုက်ပုံစံကို ရခဲ့တယ်။ အဲဒီမှာ မြေအောက်ခန်းပါနေတော တွေ့ရတယ်လေ။ အဲဒါကြောင့် မမဖူးမွံ့နဲ့ ကိုထိန်လင်းတို့ အဲဒီထဲမှာရှိနေနိုင်တယ်လို့ တွက်ဆပြီး ရဲအရာရှိနဲ့ တိုင်ပင်စီစဥ်ခဲ့ကြတာပေါ့။ ကိုထိန်လင်းအဖို့ အသက်ယှဲ့ယှဲ့လေးပဲ ကျန်တော့တာ။ အချိန်မီ လက်မတင်လေး ကယ်နိုင်ခဲ့တာ မမမေစံရှား ကျေးဇူးပဲ"

မြေအောက်ခန်းထဲမှ လွတ်မြောက်လာပြီး မြော့မြော့သာရှိနေတော့သောထိန်လင်းကို ဆေးရုံသို့ပို့၍ ကုသပြီးနောက် ထိန်လင်းအသက်ပြန်ရှင်လာချိန်တွင် ကြေဥပြောခဲ့သောစကား။

"ကြေဥကိုလည်း ကျေးဇူးတင်ပါတယ်"

ထိန်လင်း ပြန်ပြောခဲ့သည်။

"ဦးကုံလုံက အရမ်းကြောက်ဖို့ကောင်းတဲ့ လူကြီးပဲနော်။ အရင်က ဒေါ်မြသီတာနဲ့ ဦးမောင်လှလည်း သူဒီလိုပဲ သတ်ခဲ့တာပဲ။ အခုလည်း မမဖူးမွံ့နဲ့ ကိုထိန်လင်းကို ဒီလိုပဲသတ်ဖို့ လုပ်ခဲ့တာပဲ။ မမဖူးမွံ့ကတော့ အသက်ဆုံးသွားရတယ်။ ကိုထိန်လင်းကတော့ ကံကောင်းလို့ လွတ်လာခဲ့တာ"

"ကျွန်တော်ကတော့ ဦးကုံလုံကိုသာမကဘူး။ ကျွန်တော့်ကိုယ်ကိုပါ ကြောက်သွားပါပြီ"

ထိန်လင်းပြောခဲ့သောစကားမှာ အဓိပ္ပာယ်နက်ရှိုင်းနေကြောင်း ကြေဥသိပါလိမ့်မည်။

ထိန်လင်းက ဆေးရုံသို့ရောက်လာပြီး သတင်းမေးသော မေစံရှား ကိုနေသော်နှင့် ရဲအရာရှိတို့ကို ရှိသေစွာကန်တော့ခဲ့သည်။



| ၅၅ |

❑

ရပ်နေရာ တောင်ကုန်းလေးပေါ်မှကြည့်လျှင် ဒေးစွန်ပါဝေ တော်မြတ်ကို ထင်ထင်ရှားရှား ဖူးတွေ့နေရသည်။

ထိန်လင်းဟူ၍ လူ့ဘဝကအမည်ရှိခဲ့သော ယခုဦးပဥ္စင်းလေး ဦးတိက္ခသည် စေတီတော်ရှိရာသို့ မှန်းမျှော်၍ ကြည့်နေသည်။ ဦးပဥ္စင်းလေး၏သင်္ကန်းတို့က လေတိုက်သဖြင့် တလူလူ လွင့်နေ၏။

ဦးပဥ္စင်းလေးအား မြေပြင်တွင်ဒူးတုပ်၍ ဝတ်ပြုရှိခိုးနေသူ ကြေဥဖြစ်သည်။ ဝတ်ပြုအပြီး မော့ကြည့်လိုက်သော ကြေဥ၏မျက်ဝန်း များ၌ မျက်ရည်တို့ သီသီဝေ့လျက်။ သို့သော် . . . သူမ၏မျက်နှာပြင် ကြည်လင်သန့်ရှင်းနေသည်။ ကျေနပ်ကြည်နူးမှုသည် ဝင်းဝင်းပ

www.burmeseclassic.com



"ကျွန်တော့်မိုက်ပြစ်တွေ ခဝါချဖို့ ဆရာတော့်ဆီကို ပြန်ခေါ်တော့မယ်"

ထိန်လင်းက ပြတ်သားစွာ ဆုံးဖြတ်ကြေညာခဲ့သည်။

ယခု ထိုဆုံးဖြတ်ချက်အတိုင်း လူ့ဘောင်ကိုကျောခိုင်းကာ သာသနာ့ဘောင်သို့ ဝင်ဖြစ်ခဲ့ပြီ။ သာသနာ့ဘောင်မှာ တကယ်ပဲ ပျော်မွေ့ပါတော့မည်။

"ဟော . . . အစ်ကိုနေသော်နဲ့ မမမေစံရှားတို့ လာကြပြီ"

ကြွေဥအသံ ထွက်လာ၏။

ဦးပဥ္စင်းလေးဦးတိက္ခ လှည့်ကြည့်သောအခါ ဆရာတော်အား ဖူးတွေ့ပြီး ထွက်လာကြသော ကိုနေသော်နှင့် မေစံရှားကို လှမ်းမြင်၏။

ကိုနေသော်နှင့်မေစံရှားက လက်အုပ်ချီလျက်။

"ဦးပဥ္စင်းဘုရား . . . ဦးပဥ္စင်းလိုအပ်တာရှိရင် တပည့်တော်တို့ကိုပြောပါ။ တပည့်တော်တို့ကို ပစ္စည်းလေးပါး ဒါယကာအဖြစ်လည်း မှတ်ယူတော်မူပါ"

လျှောက်တင်ကြသည်။

ဦးပဥ္စင်းလေးဦးတိက္ခက ရင့်ကျက်စွာပြုံး၍ ခေါင်းညိတ်သည်။

"ကျုပ်အဖို့ အားလုံးပြည့်စုံနေပါပြီ ဒကာမကြီး"

တည်ကြည်စွာ ပြောသည်။

"ဒီတစ်ခါ ဒကာမကြီးခေါ်တာက မှားပြီးခေါ်တာတော့ မဟုတ်ပါဘူးနော်"

ကြွေဥက လူငယ်ပီပီ ရင်းရင်းနှီးနှီး ရယ်စရာဝင်ပြော၏။ ဦးပဥ္စင်းလေးအပါအဝင် အားလုံး ပြုံးမိကြသည်။

စိတ်ကူးသစ်စာပေ



"ကဲ . . . ကဲ ညနေစောင်းနေပြီ။ ရန်ကုန်ကို ပြန်ကြရမှာဆိုတော့ နောက်ကျလို့မဖြစ်ဘူး။ အချိန်ရှိတုန်း ပြန်ကြပေတော့"

ဦးပဥ္စင်းလေး ဦးတိက္ခက မိန့်တော်မူ၏။

ကိုနေသော်၊ မေစံရှားနှင့်ကြွေဥတို့ ဦးပဥ္စင်းလေးကို ဦးချပြီးနောက် တောင်ကုန်းလေးထက်မှနေ၍ မြေလမ်းကလေးအတိုင်း တဖြည်းဖြည်း ပြန်ဆင်းသွားကြသည်။ ကြွေဥက တစ်ချက်လှည့်ကြည့်သည်။

ဦးပဥ္စင်းလေးက သိက္ခာဖြင့် ကျောင်းရှိရာသို့ပြန်ကြွရန် လှည့်လိုက်သည်။

ရဟန်းနှင့်လူသားတို့ ကျောခိုင်းပြီးဖြစ်သွား၏။

သံသရာမှာ လျှောက်သောလမ်းတို့လည်း မတူညီကြတော့ပြီ။

မိမိရွေးချယ်သောလမ်းအတိုင်း လျှောက်နေကြသည့် သံသရာခရီးသည်တို့အဖို့ တရားမမွှမ မသွေဖည်ဖို့တော့ အရေးကြီးလှသည်ဖြစ်ရာ နှလုံးသွင်းမှန်ကြပါစေဟု ဦးပဥ္စင်းလေးဦးတိက္ခက ရင်ထဲမှ တိုးတိုးလေး ဆုတောင်းလိုက်သည်။

ဖျော့တော့သည် ညနေ နေခြည်သည် ဒေးစွန်ပါစေတီတော်ကြီးကို ဖူးမြော်လျက်ရှိနေသည်။

ဆည်းလည်းသံလွင်လွင်သည် လေအသွဲ့တွင် လောကကိုလွှမ်းခြုံလိုက်လေသည်။ ။

နေဝိုးသော်